# လူမှုသိပ္ပံသင်ကြားရေး လုပ်ငန်းစဉ်များ

လူမှုသိပ္ပံသင်ကြားခြင်းအတွက် လုပ်ငန်းစဉ် (၁၂၀) ကျော်

**ပုံနှိပ်တိုက်အမည်**

ရွှေပုံနှိပ်တိုက် (မြ – ၀၀၂၁၀)
အမှတ် ၁၅၃/၁၅၅၊ သစ်တောအောက်လမ်း၊
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**

မုခ်ဦးစာပေ

အမှတ် (105-A)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ယာ၊
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း – ၀၉ ၇၈၀ ၃၀၃ ၈၂၃၊ ၀၉ ၂၆၂ ၆၅၆ ၉၄၉

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀
စက်တင်ဘာလ၊ ၂၀၁၉ ခုနှစ်

၃၇၁.၁

ဂျူလီယမ် ကေတီ၊ ကန်တာ ဆယ်လီ။
လူမှုသိပ္ပံသင်ကြားရေး လုပ်ငန်းစဉ်များ၊ လူမှုသိပ္ပံသင်ကြားခြင်းအတွက် လုပ်ငန်းစဉ် (၁၂၀) ကျော်
ကေတီဂျူလီယမ်၊ ဆယ်လီကန်တာ၊ ဘာသာပြန်သူ ကောင်းလှဖံ။
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၁၉။
၁၇၆ စာ၊ ၂၁ စင်တီ။
မူရင်းအမည် – Activities for Social Science Teaching, (Over 120 Activities for Myanmar Social Science Teachers)
(၁) ကေတီဂျူလီယမ်၊ ဆယ်လီကန်တာ
(၂) ကောင်းလှဖံ၊ ဘာသာပြန်သူ
(၃) လူမှုသိပ္ပံသင်ကြားရေး လုပ်ငန်းစဉ်များ၊ လူမှုသိပ္ပံသင်ကြားခြင်းအတွက် လုပ်ငန်းစဉ် (၁၂၀) ကျော်

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to Picture Acknowledgements at the back of the book.

# မာတိကာ


| | | |
|---|---|---|
| စာအုပ်အသုံးပြုပုံ | | ၂ |
| အခန်း(၁) | သင်ခန်းစာ ပြင်ဆင်ခြင်း | ၆ |
| အခန်း(၂) | မိတ်ဆက်ခြင်းနှင့် အချက်အလက် ခင်းကျင်းတင်ပြခြင်း လုပ်ငန်းစဉ်များ | ၁၅ |
| | ၂.၁ သင်ခန်းစာအကြို လုပ်ငန်းစဉ်များ | ၁၆ |
| | ၂.၂ ဝေါဟာရ လုပ်ငန်းစဉ်များ | ၂၅ |
| | ၂.၃ အချက်အလက်အသစ်များ ခင်းကျင်းတင်ပြခြင်း | ၃၁ |
| အခန်း(၃) | နားလည်သဘောပေါက်ခြင်း လုပ်ငန်းစဉ်များ | ၄၀ |
| အခန်း(၄) | မှား/မှန် ပိုင်းခြား စဉ်းစားခြင်း လုပ်ငန်းစဉ်များ | ၅၁ |
| | ၄.၁ တူညီမှု ကွဲပြားမှုများကို နှိုင်းယှဉ်ချိန်ထိုးခြင်း | ၅၂ |
| | ၄.၂ အကြောင်းရင်းခံ အကျိုးဆက် | ၆၂ |
| | ၄.၃ ကောက်ချက်ချခြင်း | ၇၂ |
| | ၄.၄ အချက်အလက်၊ ထင်မြင်ခံယူချက်၊ တွေးဆချက် | ၈၂ |
| အခန်း(၅) | လူမှုသိပ္ပံဘာသာရပ်များတွင် အသုံးပြုသော လေ့လာနည်းများ | ၁၀၆ |
| | ၅.၁ အချိန်ပြမျဉ်းများ | ၁၀၇ |
| | ၅.၂ စစ်တမ်း ရလဒ်များ | ၁၁၇ |
| | ၅.၃ ဇယားပုံများ၊ ဂရပ်ဖ်ပုံများ | ၁၂၉ |
| | ၅.၄ မြေပုံများ | ၁၃၉ |
| အခန်း(၆) | ပြန်လည်ဆန်းစစ် သုံးသပ်သော လုပ်ငန်းစဉ်များ | ၁၅၅ |
| | ၆.၁ ပြန်လည်မှတ်မိ ဆန်းစစ်ခြင်း | ၁၅၆ |
| | ၆.၂ ပြန်လည်သုံးသပ် ဝေဖန်ခြင်း | ၁၆၃ |
| နောက်ဆက်တွဲ – ဘလူးမ်၏ သင်ယူမှု အဆင့်များ | | ၁၆၉ |
| ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း | | ၁၇၁ |
| ကျေးဇူးတင်လွှာ (လက်ရှိစာအုပ် ပြီးစီးမှုအချိန်အထိ ပါဝင်သူများ) | | ၁၇၂ |
| မုခ်ဦးပညာရေးမှ ရရှိနိုင်သည့် စာအုပ်များ | | ၁၇၃ |
| အညွှန်း | | ၁၇၅ |

# စာအုပ်

## ဤစာအုပ်က မည်သည့် စာအုပ်မျိုး ဖြစ်ပါသနည်း

လူမှုသိပ္ပံသင်ကြားရေး လုပ်ငန်းစဉ်များဟူသည့် ဤစာအုပ်မှာ လူမှုသိပ္ပံသင်ကြားနေသော ဆရာ/မများအတွက် လုပ်ငန်းစဉ်များ စုစည်းပေးထားခြင်း ဖြစ်ပါသည်။ အလုပ်များသော ဆရာ/မများအတွက် အလွယ်တကူ ကိုးကားအသုံးချ၍ ရနိုင်သော ရင်းမြစ် စုစည်းမှုတစ်ခုအနေနှင့် ပြင်ဆင်ပေးထားခြင်း ဖြစ်ပါသည်။ ဆရာ/မများအနေနှင့် မိမိတို့သင်ခန်းစာ ပြင်ဆင်ရာတွင်လည်း အထောက်အကူပြုမည် ဖြစ်ပါသည်။

## စာအုပ်ကို မည်သို့ ဖွဲ့စည်းထားပါသနည်း

အခန်း (၆) ခန်း ခွဲထားပြီး တစ်ခန်းစီတွင် လူမှုသိပ္ပံဘာသာရပ်သင်ရိုးများမှ စာသားတစ်ခုစီကို ဥပမာပြပြီး အသုံးပြုနည်း လုပ်ငန်းစဉ်များကို ပြသပါသည်။

- အခန်း ၁ – သင်ခန်းစာ ပြင်ဆင်ခြင်း
- အခန်း ၂ – မိတ်ဆက်ခြင်းနှင့် အချက်အလက် ခင်းကျင်းတင်ပြခြင်း လုပ်ငန်းစဉ်များ
- အခန်း ၃ – နားလည်သဘောပေါက်ခြင်း လုပ်ငန်းစဉ်များ
- အခန်း ၄ – မှား/မှန် ပိုင်းခြားစဉ်းစားခြင်း လုပ်ငန်းစဉ်များ
- အခန်း ၅ – လူမှုသိပ္ပံဘာသာရပ်များတွင် အသုံးပြုရသော လေ့လာနည်းများ
- အခန်း ၆ – ပြန်လည်ဆန်းစစ်သုံးသပ်သော လုပ်ငန်းစဉ်များ

သင်ခန်းစာ ပြင်ဆင်ခြင်းကို စတင်လေ့လာလိုပါက သို့မဟုတ် ပြန်လည်မှတ်မိလိုပါက အခန်း ၁ မှ စတင်ပါ။ သို့မဟုတ်ပါကလည်း မိမိလိုအပ်သည့်အပိုင်းနှင့် ပတ်သက်ရာအခန်းမှ စတင်နိုင်ပါသည်။ ဥပမာ – မိမိကျောင်းသူ/သားများကို စိတ်ဝင်စားဖွယ် မေးခွန်းများ မေးမြန်းသင်ကြားလိုသည်ဆိုပါက အခန်း ၃ ကို စတင်လေ့လာနိုင်သည်။ လူမှုသိပ္ပံလေ့လာနည်းများထဲမှ ဂရပ်ဖ်များ အသုံးပြုပြီး လေ့လာနည်းများ သိလိုပါက အခန်း ၅ အပိုင်း ၃ ကို သွားရောက်ကြည့်ရှုနိုင်ပါသည်။

လုပ်ငန်းစဉ်များကို အဆင့်ဆင့်နေရာချ သင်ကြားခြင်းအကြောင်းကို သေချာစွာ မရှင်းလင်းသေးပါက အခန်း ၁ ကို ဦးစွာ လေ့လာသင့်ပါသည်။ ထိုအခန်းတွင် သင်ခန်းစာတစ်ခု၏ လုပ်ငန်းစဉ်အဆင့်ဆင့်အကြောင်းကို ရှင်းလင်းပြထားသည့်အပြင် သင်ခန်းစာပြင်ဆင်မှု ဥပမာအချို့ကိုလည်း ပြထားပါသည်။

## လုပ်ငန်းစဉ်တစ်ရပ်ဟူသည်မှာ အဘယ်နည်း

ကျောင်းသူ/သားများအနေနှင့် သင်ယူခြင်း အထောက်အကူဖြစ်အောင် လုပ်ဆောင်ရသည့်အရာမှန်သမျှကို လုပ်ငန်းစဉ်များဟု ဤစာအုပ်တွင် သုံးစွဲခေါ်ဝေါ်ပါသည်။

– လုပ်ငန်းစဉ်များကို တက်ကြွဆူညံစွာ လုပ်ဆောင်ရသည်လည်း ရှိနိုင်သည်။ ကျောင်းသူ/သားများက စာသင်ခန်းတွင်း ပြေးလွှားပြိုင်ဆိုင်ပြီး လုပ်ငန်းတစ်ခုကို ပြီးဆုံးအောင် ဆောင်ရွက်ခြင်းမျိုးဖြစ်သည်။ အချို့ကို ငြိမ်သက်တိတ်ဆိတ်စွာ လုပ်ဆောင်သည်လည်း ရှိနိုင်သည်။ ကျောင်းသူ/သားများက မိမိတို့ ထင်မြင်ချက်များကို တွေးတောချရေးနေခြင်းမျိုး ဖြစ်သည်။


# အသုံးပြုပုံ

- အချို့လုပ်ငန်းစဉ်များကို ကျောင်းသူ/သားများက တစ်ဦးချင်းစီ လုပ်ဆောင်ရသည်လည်းရှိမည်။ အချို့ကို နှစ်ဦးတွဲအလိုက် လုပ်ဆောင်ရမည်လည်းရှိသည်။ အချို့ကို အဖွဲ့လိုက် သို့မဟုတ် တစ်တန်းလုံးအနေနှင့် လုပ်ဆောင်ရမည်ဖြစ်သည်။
- လုပ်ငန်းစဉ်များကို ရိုးရှင်းစွာ ဆောင်ရွက်နိုင်ခြင်းလည်း ရှိနိုင်သည်။ ဥပမာ – စာပိုဒ်တစ်ပိုဒ်ကို ဖတ်ရှုခြင်း၊ စာပါအကြောင်းအရာကို ဆွေးနွေးကြခြင်း၊ သင်ပုန်းမှ ရေးချပေးထားသော မေးခွန်းများကို ဖြေကြရခြင်း စသည်တို့ဖြစ်သည်။ အချို့ လုပ်ငန်းစဉ်များမှာမူ ရှုပ်ထွေးခက်ခဲနိုင်သည်။ ပြင်ဆင်မှုများ များစွာပြုလုပ်ရခြင်းနှင့် အချိန်များစွာ ကြာမြင့်ခြင်းများ ရှိနိုင်သည်။
- ဤစာအုပ်တွင် ပစ္စည်းပစ္စယနှင့် အချိန်များစွာ လိုအပ်ခြင်း မရှိသော လုပ်ငန်းစဉ်များကိုသာ စုစိုက်တင်ပြထားသည်။ ထို့ပြင် လုပ်ငန်းစဉ်များမှာ လူမှုသိပ္ပံဘာသာရပ်များစွာ၊ အကြောင်းအရာများစွာအတွက် အသုံးချနိုင်သော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

## စာသားတစ်ခု ဆိုသည်မှာ အဘယ်နည်း

ဤစာအုပ်တွင် အရေးစာသားများကိုသာ လုပ်ငန်းစဉ် အခြေပြုရာအဖြစ် အသုံးချထားပါသည်။ သို့သော် အောက်ပါ ဥပမာများအတိုင်း အခြားသော စာသားနှင့် ရင်းမြစ်များကိုလည်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သုံးနိုင်ပါဦးမည်။

- ဟောပြောချက်
- ရေဒီယို အသံလွှင့်ချက်
- ရုပ်ပုံများ (ပန်းချီကား၊ သရုပ်ဖော်ပုံ၊ ဓာတ်ပုံ၊ ကာတွန်းပုံ)
- အင်တာနက် ဝက်ဘ်ဆိုက် စာမျက်နှာတစ်ခု
- သီချင်း
- ရုပ်ပြ ကာတွန်းကွက်များ
- ဆွေးနွေးပွဲ
- အကြောင်းအရာ အမည်တစ်ခု
- ရုပ်ရှင် သို့မဟုတ် မှတ်တမ်းရုပ်ရှင်၊ ရုပ်မြင်သံကြား သတင်းတစ်ရပ် စသည်ဖြင့် (ဥပမာတစ်ခုမှာ 'ချီဗချီရာကို ဘယ်သူသတ်သလဲ' ဟူသည့် မှတ်တမ်းရုပ်ရှင်မျိုး ဖြစ်သည်။ ထိုရုပ်ရှင်ကို မုခ်ဦးပညာရေးတွင် ရရှိနိုင်ပါသည်။)



# လူမှုသိပ္ပံ သင်ခန်းစာကောင်းများ

## စာအုပ်မှ ညွှန်ကြားချက်ကို နားလည်လိုက်နာခြင်း

ဤအကွက်က ဆရာ/မများကို လုပ်ငန်းစဉ်၏ ထိရောက်မှုအကြောင်းကို ရှင်းပြပါသည်။ လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် လိုအပ်မည့် အရာများနှင့် ကြိုတင်ပြင်ဆင်ချက်များကို လမ်းညွှန်ပေးပါသည်။ "ဘလူးမ်" ဟု ရေးထားသည်မှာ ဘလူးမ်၏ သင်ယူမှုအဆင့်များကို ညွှန်းခြင်းဖြစ်ပါသည်။ စာမျက်နှာ ၁၆၉ တွင် ရှိသော နောက်ဆက်တွဲ စာမျက်နှာတွင် ဘလူးမ်၏ သင်ယူမှုအဆင့်များကို တွေ့ရှိနိုင်ပါသည်။

ဤစာကြောင်းများမှာ လုပ်ငန်းစဉ်ကို မည်သို့ ဆောင်ရွက်ရမည် ဖြစ်ကြောင်း အဆင့်ဆင့် လမ်းညွှန်ချက်များဖြစ်သည်။


### ၃.၁.၅ အချက်အလက်များကို အစီအစဉ်တကျစီပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက်များကို အစီအစဉ်အလိုက် စီစဉ်ရမည်။
**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။
**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း။

ကျောင်းသူ/သားများကပေးသည့် စာပုဒ်ကို ဖတ်ရှုပြီးသည့်နောက် စာပါအချက်အလက်တို့ကို ဆွဲထုတ်ကာ အစီအစဉ်တကျ စီရမည်ဖြစ်သည်။ ဥပမာ –

- အကြိမ်အရေအတွက်အလိုက်စီခြင်း (အကြိမ်အရေအတွက် များများဖြစ်သည့်အရာကို အရင်စီခြင်း)
- ဖြစ်ပျက်သည့် ကာလအလိုက်စီစဉ်ခြင်း (အရင်ဖြစ်ပျက်ခဲ့သည့်အရာကို ရှေ့တွင်ထားပြီး အချိန်ကာလအလိုက်စီခြင်း)
- ငယ်စဉ်ကြီးလိုက်စီခြင်း (ဥပမာ – အနည်းဆုံးမှ အများဆုံး၊ လူကြိုက်အများဆုံးမှ လူသိအနည်းဆုံး၊ အဆင့်အနိမ့်ဆုံးမှ အဆင့်အမြင့်ဆုံး)

လုပ်ငန်းစဉ်ဆောင်ရွက်ပုံကို ဥပမာ ပြထားခြင်းဖြစ်သည်။




### လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများအချင်းချင်း သို့မဟုတ် အဖွဲ့အချင်းချင်းတို့က မိမိတို့အဖြေများကို နှိုင်းယှဉ်ပြီး အစီအစဉ်အမှန်ကို ရွေးချယ်ကြရမည်။

### မူကွဲ

**အချက်အလက်များကို အစီအစဉ်တကျစီစဉ်ခြင်း အဖွဲ့လိုက်ပြိုင်ပွဲတစ်ခု** ပြုလုပ်နိုင်သည်။ အချက်အလက်များကို စာရွက်ငယ်များပေါ်တွင် တစ်ခုစီရေးချပါ။ အဖွဲ့တစ်ဖွဲ့ကို အချက်အလက်များ ရေးသားထားသော စာရွက်တစ်စုံစီ ရှိနေစေရန် လုံလောက်စွာ ရေးသားထားပါ။

အဖွဲ့များကို စာရွက်ပိုင်းများပေးပါ။ အဖွဲ့ဝင်တစ်ဦးကို တစ်ခုစီပေးပါ။ အဖွဲ့က မိမိတို့ရရှိသည့် အချက်အလက်များ၏ အစီအစဉ်အတိုင်း တန်းစီမတ်တပ်ရပ်ရမည်။

လုပ်ငန်းစဉ် နောက်ဆက်တွဲများမှာ လုပ်ငန်းစဉ်အပြီးတွင် ထပ်မံဆောင်ရွက်နိုင်သည့်အရာတို့ကို ပြထားသော အကြံပြုချက်များ ဖြစ်သည်။

မူကွဲဆိုသည်မှာ ပေးထားသည့် မူလလုပ်ငန်းစဉ်ကို မည်သို့ ပြောင်းလဲနိုင်သည်၊ ပေါင်းစပ်နိုင်သည် စသဖြင့် အကြံပြုချက်များ ပေးထားခြင်း ဖြစ်ပါသည်။

# ထည့်သွင်းသင်ကြားနိုင်စေရန်

## ဥပမာ စာသားများ၊ မေးခွန်းများနှင့် အဖြေများ


အပိုင်းတစ်ပိုင်း စတင်တိုင်း **ဥပမာစာသားများ**ဘေးတွင် **မှတ်ချက်**ဟု ခေါင်းစဉ်တပ်ထားသော ဖော်ပြချက်တစ်ခုကို ဖော်ပြထားပါသည်။ ထိုမှတ်ချက်အတွင်းတွင် ဥပမာစာသားအကြောင်း အချက်အလက်များနှင့် အလားတူ အသုံးဝင်သော ဥပမာ စာသားများကို မည်သို့ ရှာဖွေရယူနိုင်ကြောင်းတို့ကို ဖော်ပြပေးထားသည်။ ပေးထားသည့် ဥပမာစာသားမှာ တိုက်ရိုက်ထုတ်နုတ်မှု သို့မဟုတ် ကောက်နုတ်ပြင်ဆင် ရေးသားထားမှု ဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။

ထို့ပြင် လုပ်ငန်းစဉ်တစ်ခုတိုင်းတွင် **ဥပမာစာသားကို အသုံးပြုထားသည့် အဖြေများ**ပါရှိပါသည်။ ထိုအဖြေများကိုကြည့်ပြီး လုပ်ငန်းစဉ်အသုံးကို ပိုမိုနားလည်နိုင်သကဲ့သို့ မိမိအသုံးပြုသော အခြားစာသားများနှင့်လည်း အလားတူဖြေဆိုနိုင်မှုရှိ၊ မရှိ မိမိအသုံးပြုသော အခြားစာသားများနှင့် ကိုက်ညီမှုရှိနိုင်၊ မရှိနိုင်ကို စဉ်းစားနိုင်ပါသည်။

### ပြန်ပြည့်မြဲစွမ်းအင်နှင့် ပြန်ပြည့်မြဲမဟုတ်သော စွမ်းအင်

ချက်ပြုတ်ခြင်း၊ အနွေးဓာတ်၊ အလင်းရောင်၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဖျော်ဖြေရေး အတွက် စွမ်းအင်သုံးစွဲရန် လိုအပ်သည်။ ပြန်ပြည့်မြဲမဟုတ်သော ရင်းမြစ်များမှ ရရှိသော စွမ်းအင်များမှာ များမကြာခင် ကုန်ဆုံးသွားတော့မည်ဖြစ်သည်။ ရင်းမြစ်များ အသစ်ဖြစ်ပေါ်သည့်နှုန်းက လူတို့သုံးစွဲနေသည့်နှုန်းကို အလျဉ်မမီနိုင် ဖြစ်နေသည်။ ပြန်ပြည့်မြဲစွမ်းအင်ရင်းမြစ်များမှာမူ ကုန်ဆုံးခြင်း ရပ်တန့်သွားခြင်းမျိုး မရှိပေ။

ပြန်ပြည့်မြဲမဟုတ်သော စွမ်းအင်ရင်းမြစ်များမှာ ရုပ်ကြွင်းလောင်စာများဖြစ်ကြသောကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ ဖြစ်ကြသည်။ ထိုရင်းမြစ်များဖြစ်ပေါ်လာရန် အတွက် အချိန်နှစ်သန်းပေါင်းများစွာ ကြာမြင့်သည်။ ထိုရင်းမြစ်များကို မြေအောက်မှ တူးဖော်ယူရသည်။ အနွေးဓာတ်ရရန်နှင့် ချက်ပြုတ်ရန် အသုံးပြုသော ထင်းများသည်လည်း ပြန်ပြည့်မြဲ မဟုတ်သော စွမ်းအင်ရင်းမြစ်ပင် ဖြစ်သည်။




ပြန်ပြည့်မြဲစွမ်းအင်များတွင် လေအားလျှပ်စစ်၊ နေစွမ်းအင်နှင့် ရေအားလျှပ်စစ်တို့ ပါဝင်သည်။

သိပ္ပံပညာရှင်တို့က နျူကလီးယားစွမ်းအင်မှာ ပြန်ပြည့်မြဲဟုတ်၊ မဟုတ်ကို ငြင်းခုံဆဲ ဖြစ်ပါသည်။

*Geography for EAL/ESL/E2L Students, OUP, 2010 မှ ကောက်နုတ် ပြုပြင်ထားပါသည်။*

**ဥပမာ စာပိုဒ်**

**မှတ်ချက်**

ဤစာသားမှာ ဘာသာစကားနှင့် ပထဝီဝင် ပူးတွဲသင်ကြားသည့် စာအုပ်တစ်အုပ်မှ ကောက်နုတ်ထားခြင်း ဖြစ်သည်။

ဘာသာရပ်နှင့် ဘာသာစကားကို ပူးတွဲသင်ကြားရန် ထုတ်လုပ်ထားသော အခြားအကြောင်းအရာ စာအုပ်များစွာ ရှိပါသည်။

**(က)ဂျပန်မှ ပြထားသော နိုင်ငံအားလုံးတွင် ပျမ်းမျှလူ့သက်တမ်း အမြင့်ဆုံးဖြစ်သည်။** (မှန်)

**(ခ) ပျမ်းမျှလူ့သက်တမ်းမှာ ၄၉ ဖြစ်ပါက လူအားလုံး ၄၉ တွင် သေဆုံးမည်ဖြစ်သည်။**

*(မှား) – အချို့မှာ ၄၉ မတိုင်မီ သေဆုံးခြင်း ရှိနိုင်ပြီး အချို့မှာ ၄၉ ထက် ပိုမိုနေရခြင်း ရှိနိုင်သည်။*




# အခန်း ၁ သင်ခန်းစာ ပြင်ဆင်ခြင်း

ဤအခန်းတွင် သင်ခန်းစာတစ်ခုအတွင်း အသုံးပြုရမည့် လုပ်ငန်းစဉ်အမျိုးမျိုးအကြောင်း၊ ၎င်းတို့ကို သုံးရသည့်အကြောင်းရင်းများနှင့် သုံးနိုင်သည့် နည်းလမ်းများအကြောင်းကို လေ့လာမည် ဖြစ်ပါသည်။

## (က) အသိ၊ ကျွမ်းကျင်မှုနှင့် တန်ဖိုးများ

လူမှုသိပ္ပံသင်ကြားရာတွင် အသိကိုလည်း သင်ကြားရသည် (အချက်အလက်အသစ်များ သိရှိစေခြင်း)။ ထို့အပြင် လုပ်ဆောင်ရမည့် ကျွမ်းကျင်မှုများနှင့် တန်ဖိုးစံနှုန်းများကိုပါရအောင် သင်ကြားရမည်ဖြစ်သည်။ ဤစာအုပ်တွင် သင်ကြားရမည့် ကျွမ်းကျင်မှုများကို အသုံးများသော ဘလူးမ်၏ သင်ယူမှုအဆင့်များနှင့် ချိန်ထိုး ရည်ညွှန်း ရေးသားထားပါသည်။




- **သိရှိမှတ်သားခြင်း** – ကျောင်းသူ/သားများမှာ အချက်အလက်များ၊ အခြေခံ အကြောင်းအရာများကို မှတ်မိနေသည်။
- **နားလည်သဘောပေါက်ခြင်း** – ကျောင်းသူ/ကျောင်းသားများမှာ အချက်အလက်များကို ပုံဖော်ပြောဆိုနိုင်သည်။ စီစဉ်စုစည်းနိုင်သည်။
- **အသုံးချခြင်း** – နားလည်ထားသည့် အချက်အလက်များကို အခြေအနေ သစ် နေရာသစ်များတွင် အသုံးချနိုင်သည်။
- **ခွဲခြမ်းစိတ်ဖြာခြင်း** – ကျောင်းသူ/သားများမှာ အချက်အလက်များ ကို ကြည့်ပြီး ကောက်ချက်ချနိုင်သည်။ ပေးထားသည့် အချက်အလက်များနှင့် အခြားဗဟုသုတများ ချိတ်ဆက် နားလည်သည်။ ဆက်စပ်မှုများကို မြင်သည်။
- **သုံးသပ်ဝေဖန်ခြင်း** – သက်သေအထောက်အထားများအပေါ် အခြေခံပြီး အချက်အလက်များကို ကောင်း၊ ဆိုး ဝေဖန် သုံးသပ် နိုင်သည်။
- **တီထွင်ဖန်တီးခြင်း –** အထက်ပါအရာများကို အသုံးချပြီး တစ်စုံတစ်ရာအသစ် ဖန်တီးနိုင်သည်။

မျှတစွာပါအောင် စီစဉ်ထားသော သင်ရိုးတစ်ခုတွင် အထက်ပါအဆင့်တစ်ခုတိုင်းကို စူးစိုက်လေ့ကျင့်သော လုပ်ငန်းစဉ်များ ညီညီမျှမျှ ပါဝင်မည်ဖြစ်သည်။ နောက်ဆက်တွဲ စာမျက်နှာ ၁၆၉ တွင် ဘလူးမ်၏ သင်ယူမှုအဆင့်များအကြောင်းကို အကျယ်ထပ်မံ ရှင်းလင်းပြထားပါသည်။

ထို့ပြင် ဤစာအုပ်ထဲမှ လုပ်ငန်းစဉ်များသည် ပညာရေးတွင် အရေးပါသော တန်ဖိုးအချို့တို့ကို အောက်ပါအတိုင်း ထည့်သွင်း လေ့ကျင့်ရန် ပြင်ဆင်ထားသော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

- **ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်း** – ရွေးချယ်မှုများ ပြုလုပ်ခြင်း၏ အရေးပါပုံနှင့်၊ မိမိတို့ ရွေးချယ်ချက်များက အခြားသူများအပေါ် မည်သို့ သက်ရောက်မှုရှိပုံ။
- **ညီညွတ်မှု** – ဘုံယူဆချက်တစ်ခုအပေါ် သဘောတူညီချက်နှင့် ထောက်ခံမှု။

- **ပူးပေါင်းဆောင်ရွက်မှု** – ဘုံရည်မှန်းချက်တစ်ခုသို့ ရောက်ရှိအောင်မြင်နိုင်ရန် ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် အချင်းချင်း ကူညီထောက်ပံ့ခြင်း။
- **ညှိနှိုင်းခြင်း** – သဘောတူညီမှု ဖော်ဆောင်ရန်အတွက် အဆင့်ဆင့်လုပ်ဆောင်ခြင်း။
- **ပါဝင်မှု** – ဖြစ်စဉ်တစ်ရပ်တွင် တက်ကြွစွာ ပါဝင်ခြင်းနှင့် အမြင်များ ထုတ်ဖော်တင်ပြခြင်း။
- **လွတ်လပ်စွာ လေ့လာသင်ယူခြင်း** – အကူအညီ စောင့်ဆိုင်းခြင်းမရှိဘဲ မိမိကိုယ်တိုင် လေ့လာသင်ယူခြင်း။
- **အလျှော့အတင်းနှင့် ညှိနှိုင်းခြင်း** – ပိုမိုအရေးပါသော ပန်းတိုင်တစ်ရပ်သို့ ရောက်ရှိနိုင်ရန်အတွက် အရာအချို့ကို စွန့်လွှတ်ခြင်း။
- **အဖွဲ့လိုက်ဆောင်ရွက်ခြင်း** – အဖွဲ့ငယ်များအတွင်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း။
- **ဆွေးနွေးပြောဆိုခြင်း** – ငြိမ်းချမ်းစွာ ဆက်သွယ်ပြောဆိုခြင်းနှင့် အမျိုးမျိုးကွဲပြားသော အယူအဆများကို ထုတ်ဖော်ပြောဆိုခြင်း။
- **ပြဿနာဖြေရှင်းခြင်း** – ခက်ခဲသော ကိစ္စရပ်များအတွက် ဖြေရှင်းနည်းများ ရှာဖွေခြင်း။
- **ရှာဖွေစုံစမ်းခြင်း** – ကိစ္စရပ်များကို ပိုမိုနက်နဲစွာ နားလည်လာအောင် စုံစမ်းခြင်းနှင့် ကောက်ချက်အသစ်များ ဆွဲနိုင်ရန် မေးခွန်းများ မေးမြန်းခြင်း။

---

## (ခ) ဒေသအခင်းအကျင်း

မိမိသင်တန်းထဲတွင် လေ့လာသော အကြောင်းအရာများသည် ကိုယ်ပိုင်ရပ်ရွာဒေသနှင့်သာ ပတ်သက်သည်လည်း ဖြစ်နိုင်သလို ကမ္ဘာနှင့် သက်ဆိုင်သော ကိစ္စရပ်များလည်း ဖြစ်နိုင်သည်။ ဆရာ/မများအနေနှင့် သင်ခန်းစာပါ အကြောင်းအရာများနှင့် ကျောင်းသူ/သားများ၏ လက်တွေ့ဘဝများ၊ ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းများနှင့် ချိတ်ဆက်ပေးကာ ထိုချိတ်ဆက်မှုမှတစ်ဆင့် ရပ်ရွာပြင်ပမှ ပိုမိုကျယ်ပြန့်သော ကမ္ဘာနှင့် ဆက်စပ်နားလည်အောင် အမြဲကြိုးစားပေးသင့်သည်။ ထိုသို့ ချိတ်ဆက်နားလည်ခြင်းဖြင့် ကျောင်းသူ/သားများသည် ၎င်းတို့၏ ပတ်ဝန်းကျင်ကို ပိုမိုနိုးကြား သတိပြုမိလာခြင်း၊ မိမိတို့၏ အခန်းကဏ္ဍများကို ပိုမိုနားလည်လာခြင်းနှင့် ရပ်ရွာများတွင် ပိုမိုတက်ကြွစွာ ပါဝင်လာနိုင်ခြင်းတို့ ဖြစ်လာပေမည်။

ဒေသအခင်းအကျင်း၊ အဖြစ်အပျက်၊ အခြေအနေများအပေါ် မူတည်ပြီး ဆွေးနွေးဖွယ်ကိစ္စရပ်များမှာ ကွာခြားနိုင်မည်။ အချို့သော ဥပမာ ကိစ္စရပ်များမှာ –

- ကြွယ်ဝမှုနှင့် ဆင်းရဲမွဲတေမှု
- အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရရှိခြင်း
- ပညာရေး လက်လှမ်းမီခြင်း
- သန့်ရှင်းသောရေ ရရှိခြင်း



- သဘာဝပတ်ဝန်းကျင် ပျက်စီးမှု
- ရွှေ့ပြောင်းနေထိုင်မှု
- လူ့အခွင့်အရေး
- ပြည်တွင်းပဋိပက္ခ
- ဘာသာရေးအချင်းချင်း အသိအမှတ်ပြုလက်ခံမှု ကင်းမဲ့ခြင်း စသည်တို့ ဖြစ်နိုင်ပါသည်။

## (ဂ) သင်ခန်းစာ ရည်ရွယ်ချက်

သင်ခန်းစာတစ်ခု ပြင်ဆင်သည့်အခါတွင် သင်ခန်းစာ၏ သင်ကြားရခြင်း ရည်ရွယ်ချက်ကို ဦးစွာသတ်မှတ်ရမည်။ ထိုရည်ရွယ်ချက်မှာ သင်ရိုးစာအုပ်တွင် သို့မဟုတ် သင်ခန်းစာ စာရွက်စာတမ်းတွင် ပါပြီးသည်လည်း ဖြစ်နိုင်ပါသည်။ တစ်ခါတစ်ရံတွင် သင်ကြားရသည့် ရည်ရွယ်ချက်ကို မိမိကိုယ်တိုင်သတ်မှတ်ရခြင်းလည်း ဖြစ်နိုင်ပါသည်။ သင်ခန်းစာများတွင် အသိတိုးစေရန် ရည်ရွယ်ချက်၊ ကျွမ်းကျင်မှု တိုးစေရန် ရည်ရွယ်ချက်များစွာ ရှိတတ်ကြသည်။ ဥပမာအချို့မှာ –





- ၁၉၆၂ အာဏာသိမ်းခြင်းအကြောင်းကို စုံစမ်းနားလည်စေရန်။
- စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရန် နည်းလမ်းများကို စာရင်းပြုစေရန်။
- မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ စီးပွားရေးစနစ်များကို နှိုင်းယှဉ်ကြည့်ရန်။
- လာမည့် ရွေးကောက်ပွဲ၏ ရလဒ်ကို ခန့်မှန်းနိုင်ရန်။
- အရာဝတ္ထုများကို သဘာဝနှင့် လူလုပ်အရာဝတ္ထုများအဖြစ် ခွဲခြားနိုင်ရန်။
- မြေပုံအသုံးပြုပြီး မြို့တော်တစ်ခုသို့သွားရန် လမ်းညွှန်ချက်များပေးနိုင်ရန်။

မိမိသင်ခန်းစာအတွက် ရည်ရွယ်ချက်များ သတ်မှတ်ပြီးပါက ကျောင်းသူ/သားများ ထိုရည်ရွယ်ချက်များသို့ ရောက်ရှိနိုင်ရန်အတွက် လုပ်ငန်းစဉ်များကို ပြင်ဆင်ခြင်းနှင့် အစီအစဉ်ကျ နေရာချခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

## (ဃ) သင်ခန်းစာအဆင့်ဆင့် လည်ပတ်ပုံ


အသုံးများသော သင်ခန်းစာ တည်ဆောက်ပုံတစ်မျိုးမှာ ဤသို့ ရှိနိုင်ပါသည်။

(က) သင်ခန်းစာပါ အကြောင်းအရာကို စတင်မိတ်ဆက်ခြင်း။

(ခ) အကြောင်းအရာနှင့် ပတ်သက်သော အချက်အလက်များ ခင်းကျင်း တင်ပြခြင်း။

(ဂ) သင်ခန်းစာအကြောင်းအရာနှင့် ကျောင်းသူ/သားများ၏ လက်တွေ့ ဘဝတို့ကို ချိတ်ဆက်ပေးနိုင်ရန်နှင့် ရရှိလာသော အချက်အလက်များ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက် အသုံးချတတ်ရန် ထောက်ပံ့ပေးသော လုပ်ငန်းစဉ်များ အစီအစဉ်ကျ တွဲဆက် လုပ်ဆောင် လေ့ကျင့်စေခြင်း။

(ဃ) ကျောင်းသူ/သားများအနေနှင့် အိမ်စာအဖြစ် ယူဆောင်ကာ လုပ်ဆောင်နိုင်သော လုပ်ငန်းစဉ်များ ဖြစ်နိုင်သည့် သင်ခန်းစာပါ အကြောင်းအရာသစ်များနှင့် ကျွမ်းကျင်မှုအသစ်များကို မှတ်မိ နေစေရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်သော လုပ်ငန်းစဉ် တစ်ခု။




ရံဖန်ရံခါတွင် အထက်ပါ အဆင့် ၄ ဆင့် ပြီးမြောက်ပြီးသည့်အခါ သင်ခန်းစာ ပြီးဆုံးပြည့်စုံနိုင်သည်။

ရံဖန်ရံခါတွင် မိမိတို့ သင်ခန်းစာတစ်ခုအတွင်းတွင် အထက်ပါအဆင့်များ အစအဆုံး လည်ပတ်မှုအကြိမ်ကြိမ် ဖြစ်ပေါ်ခြင်း ရှိနိုင်ပါသည်။ အထူးသဖြင့် သင်ခန်းစာအရှည်များ သင်ကြားသည့်အခါဖြစ်သည်။ ရံဖန်ရံခါတွင် အဆင့်တစ်ဆင့်အတွက် သင်ခန်းစာများစွာ သင်ကြားရခြင်းမျိုးလည်း ရှိနိုင်ပါသည်။ အထူးသဖြင့် ရှည်လျားသော လုပ်ငန်းစဉ်များကို ဆောင်ရွက်နေချိန်များ (ဥပမာ – သုတေသနပြု ရှာဖွေရခြင်း လုပ်ငန်းစဉ် ဆောင်ရွက်နေချိန်) မျိုးတွင် ထိုသို့ ရှိနိုင်ပါသည်။

သမိုင်းသင်ခန်းစာ လုပ်ငန်းစဉ်များ အစီအစဉ်ချထားပုံ ဥပမာ –

(က) နိဒါန်းပျိုး မိတ်ဆက်ခြင်း လုပ်ငန်းစဉ်

(ခ) အချက်အလက်များ ခင်းကျင်း တင်ပြခြင်း လုပ်ငန်းစဉ်

(ဂ) လေ့ကျင့်ခြင်း လုပ်ငန်းစဉ်များ

(ဃ) ပြန်လည်ဆန်းစစ် သုံးသပ်သော လုပ်ငန်းစဉ်များ

### ၁၉၆၂ စစ်တပ်က အာဏာသိမ်းရခြင်း အကြောင်းရင်းများ

၁။ ကျောင်းသားများက အဆိုပါ အာဏာသိမ်းခြင်းနှင့် ပတ်သက်ပြီး မည်သို့ ထင်မြင်ကြောင်းပြောဆို။

၂။ ဝေါဟာရသစ်များ ကြိုတင်သင်ကြားခြင်းပြုလုပ်။

၃။ ကျောင်းသူ/သားများက စာတစ်ပုဒ်ကို ဖတ်ရှု၊ (Histories of Burma ကျောင်းသားကိုင် စာအုပ်မှ (အခန်း ၈.၉, Document 61) ကို ကြည့်ပါ။

၄။ ကျောင်းသားများက မှတ်တမ်းရုပ်ရှင်တိုတစ်ခုကိုကြည့်ရှု။

၅။ စာနှင့် ရုပ်ရှင်မှ အကြောင်းအရာများကို အသုံးပြုထားသော မှား/မှန် ရွေးချယ်ခြင်း လေ့ကျင့်ခန်းဆောင်ရွက်။

၆။ အာဏာသိမ်းခြင်း၏ အကျိုးဆက်များ အကြောင်းရင်းများကို တစ်ခုချင်း မှန်ကန်စွာတွဲဆက်။

၇။ ထိုအချိန်က လူအမျိုးမျိုး တွေးထင်ခဲ့ကြမည့် အတွေးအမျိုးမျိုးကို ခန့်မှန်း ကောက်ချက်ချ။

၈။ ထိုလူအမျိုးမျိုးတို့ရှိခဲ့မည့် အတွေးအမြင်အမျိုးမျိုးတို့ကို တင်ပြရန်အတွက် ထိုလူအမျိုးမျိုးတို့ကို ကိုယ်စားပြုသည့် ဇာတ်ကောင်များပါသော ပြဇာတ် တစ်ခု ပြုလုပ်။

၉။ ၁၉၆၂ အာဏာသိမ်းမှုက ယနေ့ခေတ် မိမိတို့ဘဝကို မည်သို့ သက်ရောက်မှုရှိနေကြောင်း ကျောင်းသူ/သားများက စာတမ်းတိုတစ်ခု ရေးသား။

## (င) နိဒါန်းပျိုးမိတ်ဆက် လုပ်ငန်းစဉ်များနှင့် အချက်အလက် ခင်းကျင်းတင်ပြခြင်း လုပ်ငန်းစဉ်များ

နိဒါန်းပျိုးမိတ်ဆက်ခြင်း လုပ်ငန်းစဉ်များသည် ကျောင်းသူ/သားများ အချက်အလက်အသစ်များကို လေ့လာမှတ်မိရန် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးသည်။ ထိုလုပ်ငန်းစဉ်များတွင် ကျောင်းသူ/သားများ၏ နဂိုရှိပြီး နောက်ခံသုတများ၊ ရှိထားသည့် အတွေးထင်မြင်ချက်များကို ဖော်ထုတ်ခြင်း၊ စာပါအကြောင်းအရာကို နားလည်နိုင်ရန် လိုအပ်သည့်အခြေခံများ စတင်ပြင်ဆင်ခြင်းတို့ ပါဝင်သည်။

အချက်အလက် ခင်းကျင်းတင်ပြခြင်း လုပ်ငန်းစဉ်များတွင် ကျောင်းသားများကို သတင်းအချက်အလက်အသစ်များပေးခြင်း ပါဝင်သည်။ အများဆုံး မြင်တွေ့ရလေ့ရှိသည်များမှာ စာသားတစ်ခုခုကို ဖတ်ရှုစေခြင်း၊ ရုပ်ရှင်တစ်ခုကြည့်စေခြင်း၊ ကွန်ပျူတာအသုံးပြုသည့် ပြကွက်များနှင့် ဟောပြောခြင်းတစ်ခုခုကို နားထောင်ရခြင်းတို့ဖြစ်သည်။ သို့သော် ရုပ်ပုံကားတစ်ချပ်၊ သီချင်းတစ်ပုဒ်၊ ကာတွန်းတစ်ကွက်၊ ရုပ်ရှင်တစ်ကွက် စသည်တို့လည်း ဖြစ်နိုင်သည်။ သတင်းအချက်အလက်များကို ခင်းကျင်းပြသပေးနိုင်သည့် နည်းလမ်းများစွာ ရှိနိုင်ပါသည်။

အပိုင်း၂.၁ နှင့် ၂.၂ တို့တွင် နိဒါန်းပျိုးမိတ်ဆက်ခြင်း လုပ်ငန်းစဉ်များအကြောင်း ပိုမိုရှင်းလင်းထားပြီး အပိုင်း ၂.၃ တွင် အချက်အလက် ခင်းကျင်းတင်ပြခြင်း လုပ်ငန်းစဉ်များအကြောင်းကို အကျယ်တဝင့် တွေ့နိုင်ပါသည်။

---

## (စ) လေ့ကျင့်ခြင်း လုပ်ငန်းစဉ်များ



အကြောင်းအရာ အချက်အလက်အသစ်များကို ဖတ်ရှုပြီး၊ နားထောင်ပြီး၊ မြင်တွေ့ပြီးပါက ထိုအချက်အလက်များကို ကျောင်းသူ/သားများ နားလည်အောင်၊ အသုံးပြုနိုင်အောင် နှင့် အဘယ့်ကြောင့် လေ့လာရကြောင်း သဘောပေါက်လာအောင် ကူညီပေးရမည်ဖြစ်သည်။ လေ့ကျင့်ခြင်း လုပ်ငန်းစဉ်များကို မှန်/မှား ဖြေဆိုခြင်း သို့မဟုတ် အတန်းတွင်းတွင် ဝိုင်းဝန်းဆွေးနွေးကြခြင်းကဲ့သို့သော ရိုးရှင်းလှသည့် လုပ်ငန်းစဉ်များအဖြစ်အထိပါ တွေ့မြင်ရပါသည်။

ကျောင်းသူ/သားများအနေနှင့် အချက်အလက်အသစ်များ၊ ကျွမ်းကျင်မှုအသစ်များကို အသုံးပြုနိုင်ရန်အတွက် ဦးစွာ ပထမ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ထိန်းကျောင်းကန့်သတ်မှုပေးထားသော လုပ်ငန်းစဉ်များသည် အကြောင်းအရာအသစ်များကို အဆင့်ဆင့်လေ့လာနာယူခြင်းနှင့် နားလည်သဘောပေါက်ခြင်းတို့ကို အားပေးသော လုပ်ငန်းစဉ်များ ဖြစ်ကြသည်။ ထိန်းကျောင်းကန့်သတ်မှု မရှိသော လုပ်ငန်းစဉ်များသည် အကြောင်းအရာ အချက်အလက်အသစ်များ၊ ကျွမ်းကျင်မှုအသစ်များကို အသုံးပြုနိုင်အောင် အားပေးသော လုပ်ငန်းစဉ်များဖြစ်သည်။

ထိန်းကျောင်းကန့်သတ်ပေးမှုများသော လုပ်ငန်းစဉ်များတွင် ကျောင်းသူ/သားများမှာ အဖြေတစ်ခုတည်းသာ ပေးရသည်။ ဥပမာ –

*မလေးရှားနိုင်ငံ၏ မြို့တော်မှာ အဘယ်နည်း။*

ကွာလာလမ်ပူဟူသော အဖြေမှန် တစ်မျိုးတည်းသာရှိသော မေးခွန်းဖြစ်သည်။ အခြားအဖြေများမှာ အဖြေမှန် မဟုတ်ကြ။

ထိန်းကျောင်းကန့်သတ်ပေးမှုမရှိသော လုပ်ငန်းစဉ်များတွင် ကျောင်းသားများ၏ ကိုယ်ပိုင်အသိများ အတွေးအမြင်များကို ထုတ်အသုံးပြုရသည်။ အတိအကျ အဖြေမှန်ဟူ၍ မရှိပေ။ ဥပမာ –

*မလေးရှားနိုင်ငံအကြောင်း စာတစ်ပိုဒ်ရေးပါ။*

ကျောင်းသူ/သားများက အမျိုးမျိုးရေးသားဖြေဆိုကြမည်ဖြစ်သည်။ ရေးသားသော အချက်အလက်များ မှန်ကန်မှုရှိပါက အမှတ် ပိုမိုရမည်ဖြစ်သည်။ ၎င်းတို့ သင်ယူနေသည့် သင်ခန်းစာများအတွင်းမှ အကြောင်းအရာများကို နားလည်ကြောင်း ဖော်ပြနိုင်သည့် အဖြေများ အတွက်လည်း အမှတ်ရရှိမည်ဖြစ်ပြီး သင်ခန်းစာနှင့် ပတ်သက်သည့် မိမိကိုယ်ပိုင်အမြင်ကို ဖော်ပြခြင်းအတွက်လည်း အမှတ်ရရှိမည်ဖြစ်သည်။

| (က) အဖြစ်အပျက်များကို နေ့စွဲအလိုက် စီစဉ်ခြင်း | (ခ) အဖြေမှန် သုံးလေးခုမျှ ရှိသည့် ကွက်လပ်ဖြည့်ရခြင်း | (ဂ) ဆောင်းပါးတစ်ပုဒ်ကို အကျဉ်းချုပ်ခြင်း | (ဃ) အဖွဲ့အစည်း အမျိုးမျိုး၏ အတွေးအမြင်များကို နှိုင်းယှဉ်ပြခြင်း | (င) အခြေအနေတစ်ခု မည်သို့ ဆက်ဖြစ်ပျက်မည်ဟု ခန့်မှန်းသော ဟောပြောချက်တစ်ခု ပြင်ဆင်ဟောပြောခြင်း |
|---|---|---|---|---|

⟷

**ထိန်းကျောင်းကန့်သတ်ပေးမှု အပြည့်ရှိသော လုပ်ငန်းစဉ်များ** ... **ထိန်းကျောင်းကန့်သတ်ပေးမှု မရှိသော လုပ်ငန်းစဉ်များ**

(က) လုပ်ငန်းစဉ် 'က' သည် ထိန်းကျောင်းကန့်သတ်မှုအပြည့် ပေးထားသည်။ ဖြစ်ရပ်များ ဖြစ်ပျက်ခဲ့သည့် နေ့စွဲအလိုက်သာ စီစဉ်နိုင်မည် ဖြစ်ပြီး အခြားအဖြေမှန် မရှိနိုင်ချေ။

(ခ) လုပ်ငန်းစဉ် 'ခ' သည်လည်း ထိန်းကျောင်းကန့်သတ်မှု များနေသေးသည်။ အဖြေမှန် သုံး၊ လေးခုမျှအထက် ပိုမရှိနိုင်၍ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ် 'ဂ' တွင် ထိန်းကျောင်းကန့်သတ်မှု အလယ်အလတ်ခန့်သာရှိသည်။ ကျောင်းသားများအနေနှင့် ဆောင်းပါးတွင်းမှ အဓိက အချက်များကို ယူသုံးရမည်ဖြစ်သော်လည်း ထိုအချက်အလက်များကို မိမိတို့နည်းလမ်းအသွယ်သွယ်ဖြင့် တင်ပြနိုင်သေးသည်။

(ဃ) လုပ်ငန်းစဉ် 'ဃ' တွင် ထိန်းကျောင်းကန့်သတ်မှုအလွန် နည်းသွားသည်။ အကြောင်းအရာတစ်ခုတည်းကို ကျောင်းသူ/ သားများက ဝိုင်းဝန်းကြည့်ရှုသည် မှန်သော်လည်း ကျောင်းသူ/ သားအမျိုးမျိုးက ကောက်ချက်အမျိုးမျိုး လွတ်လပ်စွာ ဆွဲယူနိုင်ပေသည်။

(င) လုပ်ငန်းစဉ် 'င' သည် ထိန်းကျောင်းကန့်သတ်ပေးမှု မရှိသော လုပ်ငန်းစဉ်ဖြစ်သည်။ ကျောင်းသူ/ သားများအတွက် မှားသည် မှန်သည် အဖြေမရှိတော့။ မိမိတို့ ထင်မြင်ချက်များကို မိမိ မည်သို့ ဖော်ပြမည်ကို ကျောင်းသူ/ သားများက လွတ်လပ်စွာ ရွေးချယ်နိုင်သည်။

---

## (ဆ) လေ့ကျင့်ခြင်း လုပ်ငန်းစဉ်များ – ထိန်းကျောင်းကန့်သတ်ခြင်း အနည်း၊ အများ၏ ရည်ရွယ်ချက်များ

ထိန်းကျောင်းကန့်သတ်ခြင်း ပေးထားသော လုပ်ငန်းစဉ်များမှာ ကျောင်းသူ/ သားများ၏ နားလည်သဘောပေါက်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များ ဖြစ်ကြသည်။ ထိန်းကျောင်းကန့်သတ်ခြင်း မရှိသည့် လုပ်ငန်းစဉ်များမှာ ကျောင်းသူ/ သားများက အကြောင်းအရာ၊ ကျွမ်းကျင်မှုအသစ်များကို သုံးစွဲနိုင်ခြင်းရှိ၊ မရှိနှင့်ဆိုင်သည်။ လုပ်ငန်းစဉ်အားလုံးနီးပါးတွင် မိမိကျောင်းသူ/ သားများ၏ လိုအပ်ချက်နှင့် ကိုက်ညီမည့် ထိန်းကျောင်းကန့်သတ်ခြင်းအဆင့်များကို မိမိကိုယ်တိုင် ဆုံးဖြတ်ပြောင်းလဲနိုင်ပါသည်။ ဥပမာ – စာမျက်နှာ ၁၅၀ လုပ်ငန်းစဉ် ၅.၄.၇ အရပ်မျက်နှာရှာခြင်း လုပ်ငန်းစဉ်သည် ထိန်းကျောင်းကန့်သတ်မှုမြင့်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ ကျောင်းသူ/ သားများ အားလုံးက မြေပုံတစ်ခုကိုကြည့်ကာ ဖြေဆိုရမည့် လေ့ကျင့်ခန်းဖြစ်သည်။ (မြေပုံမှာ သင်ပုန်းပေါ်တွင်ဖြစ်စေ၊ ဖတ်စာအုပ်ထဲတွင်ဖြစ်စေ၊ ပေးဝေထားသည့် စာရွက်များပေါ်တွင်ဖြစ်စေ ပါစေမည်ဖြစ်သည်။

*(က) မြေပုံထဲမှ နေရာများအား သင်ပုန်းပေါ်တွင်ရေးပါ။ မြို့ကြီးများ၊ မြို့နယ်များ၊ တောင်များ စသည်ဖြင့်။*

*(ခ) နေရာ ၂ ခုကို ရွတ်ဆိုလိုက်ပါ။ ဥပမာ – (၁) မြစ်ကြီးနား၊ (၂) မန္တလေး*

*(ဂ) ကျောင်းသူ/သားများက ပထမနေရာသည် ဒုတိယနေရာ၏ မည်သည့်အရပ်မျက်နှာတွင်ရှိကြောင်း ဝိုင်းဝန်းပြောဆိုရမည်။ (မန္တလေးသည် မြစ်ကြီးနား၏ အနောက်တောင်ဘက်တွင်ရှိသည်။)*

အဖြေမှန်ဟူ၍ တစ်မျိုးတည်းသာရှိသည်။ ကျောင်းသူ/ သားများက အနောက်တောင် မဟုတ်သော အခြားအဖြေပေးပါက အဖြေမှားမည် ဖြစ်သည်။ သင်ခန်းစာ၏ ရည်ရွယ်ချက်မှာ ကျောင်းသူ/ သားများ (၁) သံလိုက်အိမ်မြှောင်အသုံးပြုခြင်းနှင့် (၂) နေရာတို့၏ တည်နေရာများကို နှိုင်းယှဉ်ပြောပြတတ်ရန်ဖြစ်သည်။

ထိန်းကျောင်းကန့်သတ်ပေးမှု အလယ်အလတ်ခန့်သာ ပေးထားရန်အတွက် ကွက်လပ်ဖြည့်ခြင်း လုပ်ငန်းစဉ်တစ်ခုပေးနိုင်သည်။ ကျောင်းသားများက အောက်ပါဥပမာကဲ့သို့ ဝါကျများမှ ကွက်လပ်များကိုဖြည့်နိုင်သည်။


*____________ သည် မော်လမြိုင်၏ အရှေ့မြောက်ဘက်တွင်ရှိသည်။*

ဖြစ်နိုင်သည့် အဖြေအနည်းငယ်ရှိပါသည်။ ဥပမာ – ရန်ကုန်၊ ပဲခူး၊ ဖလမ်း၊ စသည်တို့ဖြစ်မည်။ အောက်ပါအတိုင်း ကွက်လပ် ၂ ခု ပေးခြင်းအားဖြင့် ထိန်းကျောင်းကန့်သတ်ပေးမှုကို လျှော့ချပေးနိုင်သည်။

*____________ သည် ____________ ၏ အရှေ့မြောက်ဘက်တွင်ရှိသည်။*

ထိန်းကျောင်းကန့်သတ်ပေးမှု မရှိသည့် လုပ်ငန်းစဉ်တစ်ခုတွင် ကျောင်းသူ/သားများက မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများအကြောင်း ရှင်းပြခြင်းနှင့် တစ်မြို့နှင့် တစ်မြို့ မည်သို့ တည်ရှိနေကြသည်ကို ရှင်းပြခြင်းမျိုး ပါဝင်နိုင်သည်။

ကျောင်းသူ/သားများက အထက်ပါလုပ်ငန်းစဉ်အတွဲကို လုပ်ဆောင်ပြီးသွားပါက အရပ်မျက်နှာပြမြားများ အသုံးပြုခြင်းကို ကျွမ်းကျွမ်းကျင်ကျင်ဖြစ်လာပြီး ဒေသတည်ရာများကိုလည်း ချိတ်ဆက်ပြီး ပြောနိုင်လာပြီဖြစ်သည်။




| | | | |
|---|---|---|---|
| မည်သည့်ဘက်တွင် ထိုဒေသရှိ | ဒေသတစ်ခု တည်နေရာကို ကွက်လပ်ဖြည့်ပြော | ဒေသ ၂ ခု တည်နေရာကို ကွက်လပ်ဖြည့်ပြော | ဒေသတို့ မည်သည့် နေရာများတွင် ရှိကြောင်း ချိတ်ဆက်ရှင်းပြ |

**ထိန်းကျောင်းကန့်သတ်မှုအပြည့် ပေးထားခြင်း** ←→ **ထိန်းကျောင်းကန့်သတ်မှု မပေးထားခြင်း**

အခန်း ၃၊ ၄ နှင့် ၅ တို့တွင် လေ့ကျင့်ခြင်း လုပ်ငန်းစဉ်များပါသည်။ အခန်း ၃ က နားလည်သဘောပေါက်ခြင်း လုပ်ငန်းစဉ်များကို စူးစိုက်ဖော်ပြပြီး၊ အခန်း ၄ က ဝေဖန်တွေးတောခြင်း လုပ်ငန်းစဉ်များ အကြောင်းဖြစ်ကာ၊ အခန်း ၅ သည် လူမှုသိပ္ပံဘာသာရပ်များအတွက် အသုံးပြုသော နည်းလမ်းအထောက်အကူများ (ဥပမာ – မြေပုံများ၊ ဖြစ်စဉ်ပြမျဉ်းများ) အကြောင်းဖြစ်သည်။ အပိုင်းတစ်ပိုင်းစီတွင် ထိန်းကျောင်းကန့်သတ်မှုအပြည့် ပေးထားသော၊ အလယ်အလတ်ခန့် ပေးထားသော၊ ထိန်းကျောင်းကန့်သတ်မှု မပေးထားသော လုပ်ငန်းစဉ်များ ပါဝင်ပါသည်။ ထို့ပြင် လုပ်ငန်းစဉ် အားလုံးနီးပါးကို မိမိကိုယ်တိုင် ထိန်းကျောင်းကန့်သတ်မှုအမျိုးမျိုး အလျှော့အတင်း ပြောင်းလဲပေးပြီး အသုံးချနိုင်ပါသည်။

**ထိန်းကျောင်းကန့်သတ်မှု ပေးထားသော လုပ်ငန်းစဉ်**များသည် ပြင်ဆင်စီစဉ်ရန်ခက်သည်။ ဆရာ/မများအနေနှင့် အဖြေမှန်တစ်ခုတည်းဖြစ်အောင်ပြင်ပြီး အဖြေမှန်ကိုလည်း သိထားရမည်ဖြစ်သည်။ သို့သော် ထိုလုပ်ငန်းစဉ်တို့ကို အမှတ်ပေးရသည်မှာ လွယ်ကူသည်။

**ထိန်းကျောင်းကန့်သတ်မှု မပေးထားသော လုပ်ငန်းစဉ်**များသည် ပြင်ဆင်စီစဉ်ရန် လွယ်ကူသည်။ သို့သော် ဆရာ/မများအနေနှင့် ထိုလုပ်ငန်းစဉ်တို့ကို အမှတ်ပေးရန်ခက်ခဲပါသည်။ အမှတ်ပေးစည်းမျဉ်းများ သတ်မှတ်ဆွဲသားရန်လိုပြီး ကျောင်းသူ/သားတစ်ဦးချင်းစီ၏ လုပ်ငန်းစဉ်အပေါ် ထိုစည်းမျဉ်းများနှင့် ချိန်ထိုးအမှတ်ပေးရမည်လည်းဖြစ်သည်။

## (ဇ) ပြန်လည်ဆန်းစစ်သုံးသပ်သော လုပ်ငန်းစဉ်များ

ခေါင်းစဉ်အကြောင်းအရာတစ်ခုအပြီးတွင် ကျောင်းသူ/သားများ ၎င်းတို့ သင်ယူနေခဲ့ရသော အကြောင်းအရာများကို မှတ်မိနေသေးစေရန် လုပ်ဆောင်ရမည်။ အကြောင်းအရာတစ်ခု သင်ကြားပြီးတိုင်း သို့မဟုတ် သင်ခန်းစာတစ်ခုပြီးတိုင်းတွင် ပြန်လည်ကြည့်ရှုသော ဆန်းစစ်သုံးသပ်သော လုပ်ငန်းစဉ်အသေးစားတစ်ခု ခပ်သွက်သွက်လုပ်ခြင်းမှာ အမြဲအသုံးဝင်ပါသည်။ ပြန်လည်ဆန်းစစ်ခြင်း ပြုလုပ်ရန် နည်းလမ်းများစွာ ရှိမည်ဖြစ်ပြီး လုပ်ငန်းစဉ်အားလုံးနီးပါးကိုလည်း ပြန်လည်ဆန်းစစ်ခြင်း ရည်ရွယ်ချက်အတွက် အသုံးပြုနိုင်ပါသည်။

သင်ရိုးများစွာတွင် ပြန်လည်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ ပြုလုပ်ရန် သတ်မှတ်ထည့်သွင်းထားလေ့ရှိသည်။ ဥပမာ – လက်တွေ့ဆောင်ရွက်ခြင်းနှင့် သုတေသနပြုခြင်း လုပ်ငန်းစဉ်များ၊ လုပ်ငန်းဆောင်ရွက်ပြီး ပြန်လည်တင်ပြခြင်းများ၊ စာတမ်းရှည်များ ရေးသားခြင်း၊ စာမေးပွဲများ ဖြေဆိုခြင်း စသည်ဖြင့် ထည့်သွင်းထားလေ့ရှိပါသည်။

ပြန်လည်ဆန်းစစ်သုံးသပ်သော လုပ်ငန်းစဉ်များကြောင့် ကျောင်းသူ/သားများသည် –

- မိမိတို့ သင်ယူရရှိပြီးသည့်အရာများကို ပြန်လည်ဆင်ခြင် စဉ်းစားလာကြသည်။
- သင်ယူမှုအသစ် ရရှိပြီးနောက်တွင် မိမိတို့ တန်ဖိုးထားမှုများ အမြင်များ ပြောင်းလဲသွားခြင်းရှိ၊ မရှိ ကြည့်လာကြသည်။
- သင်ခန်းစာပါ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများကို အဘယ့်ကြောင့် သင်ယူနေရကြောင်း စဉ်းစားပြီး မိမိတို့ သင်ယူမှုများကို အသုံးချရန် နည်းလမ်းများ စဉ်းစားလာကြသည်။
- သင်ယူရရှိမှုကို မိမိတို့ လက်တွေ့ဘဝများ၊ မိမိတို့လူမှုအသိုင်းအဝိုင်းများ၊ လက်ရှိအခြေအနေများ စသည်တို့နှင့် ချိတ်ဆက်စဉ်းစားလာကြပါသည်။

အခန်း ၆ က ပြန်လည်ဆန်းစစ်သုံးသပ်သော လုပ်ငန်းစဉ်များအကြောင်း တင်ပြထားပါသည်။

---

## (ဈ) ရိုးရှင်းလွယ်ကူသော သင်ခန်းစာ အစီအစဉ်တစ်ခု ရေးဆွဲခြင်း

ပထဝီဝင် စာသင်ခန်းတစ်ခုမှ ရှင်းလင်းတိုတောင်းသော သင်ခန်းစာ အစီအစဉ်တစ်ခုပြထားပါသည်။ သင်ခန်းစာခေါင်းစဉ်မှာ 'မူလတန်းကျောင်း ကလေးများ ကျောင်းထွက်ရခြင်း အကြောင်းအရင်း' ဟူ၍ဖြစ်သည်။

၁။ ကျောင်းသူ/သားများကို ကလေးများ အဘယ့်ကြောင့် ကျောင်းထွက်သနည်းဟုမေးပါ။ ဖြေဆိုသည့် အဖြေများကို သင်ပုန်းပေါ်တွင် ရေးသားပါ။ **(လုပ်ငန်းစဉ် ၂.၁.၂ 'ခေါင်းစဉ်အကြောင်း ဆွေးနွေးပါ'။)**

၂။ ကျောင်းသူ/သားများက စာပိုဒ်နှင့် အချက်အလက်များကို ၎င်းတို့ ဖတ်စာအုပ်များမှ ဖတ်ရှုကြရမည်။

၃။ ကျောင်းသူ/သားများက စာပါအကြောင်းအရာ အချက်အလက်များကို အခြေခံပြီး မှန်/မှား ဖြေဆိုခြင်း လုပ်ငန်းစဉ်တစ်ခုကို ဆောင်ရွက်ကြရမည်။ **(လုပ်ငန်းစဉ် ၃.၁.၃ 'မှန်/မှား ရွေးပါ'။)**

၄။ ကျောင်းသူ/သားများက စာပိုဒ်တစ်ပိုဒ်ရေးသားပြီး ကျောင်းထွက်ရခြင်း အကြောင်းအရင်းများ၏ ယောကျာ်းကလေးနှင့် မိန်းကလေးတို့အကြား ကွာခြားချက်များကို အကျဉ်းချုပ်ဖော်ပြရမည်။ **(လုပ်ငန်းစဉ် ၆.၁.၁ 'အကျဉ်းချုပ်ပါ'။)**

သင်ခန်းစာ ရည်ရွယ်ချက်မှာ –

- သင်ခန်းစာအပြီးတွင် ကျောင်းသူ/သားများသည် မူလတန်းယောကျာ်းကလေးများနှင့် မိန်းကလေးများအကြား ကျောင်းထွက်ရခြင်း အကြောင်းအရင်းများ ကွာခြားချက်များကို နှိုင်းယှဉ်ပြနိုင်ပြီး ဘားဂရပ်ဖ်ပုံကို အဓိပ္ပာယ်ဖော်နိုင်ရန်ဖြစ်သည်။
  - ဖတ်စာအုပ်တွင် ကလေးငယ်များကို လူတွေ့မေးမြန်းခြင်းများ ပြုလုပ်ပြီး အဘယ့်ကြောင့် ကျောင်းထွက်ရသည်ကို မေးမြန်းထားသည့် မှတ်တမ်းများနှင့် ကျောင်းထွက်ရခြင်း အကြောင်းအရင်းများကို ဘားဂရပ်ဖ်ပုံနှင့် ပြသထားခြင်းများ ပါဝင်သည်။
  - သင်ခန်းစာတွင် ပါဝင်သည့် လုပ်ငန်းစဉ်တို့မှာ အကြောင်းအရာကို မိတ်ဆက်ခြင်းလုပ်ငန်းစဉ် (ခေါင်းစဉ်အကြောင်း ဆွေးနွေးပါ)၊ အချက်အလက် ခင်းကျင်းတင်ပြခြင်း လုပ်ငန်းစဉ် (ကျောင်းသူ/သားများက စာအုပ်ကိုဖတ်ခြင်း)၊ ထိန်းကျောင်းကန့်သတ်မှု ပေးထားသော လေ့ကျင့်ခြင်း အနည်းငယ် (မှား/မှန် ရွေးပါ) နှင့် ထိန်းကျောင်းကန့်သတ်မှု မပေးထားသော လုပ်ငန်းစဉ်အဖြစ်သော်လည်းကောင်း၊ ပြန်လည်ဆန်းစစ်သော လုပ်ငန်းစဉ်အဖြစ်သော်လည်းကောင်း အသုံးပြုထားသော (အကျဉ်းချုပ်ပါ) လုပ်ငန်းစဉ်တို့ ပါဝင်သည်။

## (ည)   သင်ခန်းစာအစီအစဉ် အသေးစိတ်ရေးဆွဲခြင်း

အချိန်ရမည်ဆိုလျှင်၊ မိမိကျောင်းသူ/သားများကို သင်ခန်းစာအကြောင်းကို ပိုမိုနက်နက်နဲနဲ သိနားလည်စေလိုလျှင်၊ သင်ခန်းစာပါ ကျွမ်းကျင်မှုများကို ပိုမိုလေ့ကျင့်စေလိုလျှင် ဤဉပမာကဲ့သို့သော သင်ခန်းစာတစ်ခု ပြုလုပ်နိုင်ပါသည်။

### မူလတန်းကျောင်း ထွက်ရခြင်း အကြောင်းအရင်းများ

မိတ်ဆက်ခြင်း လုပ်ငန်းစဉ်

၁။ ကျောင်းသူ/သားများ နဂိုသိထားပြီးသည်များကို ဖော်ထုတ်မေးမြန်းပါ။ ၎င်းတို့၏အဖြေများကို သင်ပုန်းပေါ်တွင်ချရေးထားပါ။ **(လုပ်ငန်းစဉ် ၂.၁.၁ အတွေးအိတ်သွန်)**

၂။ ကွက်လပ်ဖြည့်ခြင်း လေ့ကျင့်ခန်း အသုံးပြုကာ ဝေါဟာရများ ကြိုတင်သင်ကြားပါ။ **(လုပ်ငန်းစဉ် ၂.၂.၅ ကွက်လပ်ဖြည့်ပါ)**

အချက်အလက်များ ခင်းကျင်း တင်ပြခြင်း လုပ်ငန်းစဉ်

၃။ ကျောင်းသူ/သားများကို စာတစ်ပုဒ်ကို စာပိုဒ်အလိုက် တစ်ပိုင်းစီ ဖြတ်ထားသော အပိုင်းများကိုပေးပါ။ ကျောင်းသူ/သားများက ထိုစာရွက်အပိုင်းများကို အစီအစဉ်အတိုင်း ပြန်ဖြစ်သွားအောင် စီစဉ်ပေးရမည်။ **(လုပ်ငန်းစဉ် ၂.၃.၂ စာသားအမှန် ပြန်စီပါ)**

ထိန်းကျောင်းကန့်သတ်မှု ပေးထားသော လေ့ကျင့်ခြင်း လုပ်ငန်းစဉ်

၄။ စာသားတွင်းမှ မူလတန်းကျောင်းထွက်ရခြင်း အကြောင်းအရာများကို မိန်းကလေးများအပေါ် သက်ရောက်သည့် အကြောင်းအရာများနှင့် ယောကျ်ားလေးများအပေါ် သက်ရောက်သည့် အကြောင်းအရာများအဖြစ် ကျောင်းသူ/သားများက သီးသန့်ခွဲထုတ်ပေးရမည်။ **(လုပ်ငန်းစဉ် ၃.၁.၇ အချက်အလက်များကို အမျိုးအစားခွဲပါ)**

၅။ ကျောင်းသူ/သားများက စာသားတွင်းတွင်ပါသည့် ဇယားကွက်မှ အချက်အလက်များကို စာသားနှင့်ရေးရမည်။ **(လုပ်ငန်းစဉ် ၅.၂.၇ ကိန်းဂဏန်းမှ စာသားသို့)**

၆။ စာပါ အကြောင်းအရာများကို အချက်အလက်များ၊ စာရေးသူအမြင်များ၊ မှန်းဆချက်များအဖြစ် ခွဲထုတ်ပေးရမည်။ **(လုပ်ငန်းစဉ် ၄.၄.၁ အချက်အလက်၊ ထင်မြင်ယူဆချက်နှင့် တွေးဆချက်များကို ဖော်ထုတ်ပါ)**

ထိန်းကျောင်းကန့်သတ်မှု အလယ်အလတ် ပေးထားသော လေ့ကျင့်ခြင်း လုပ်ငန်းစဉ်

၇။ စာရေးသူ၏ ရေးသားချက်များမှတစ်ဆင့် စာရေးသူအမြင်များကို ကောက်နုတ်စဉ်းစားရမည်။ **(လုပ်ငန်းစဉ် ၄.၃.၄ စာရေးသူ၏ အမြင် ဖော်ထုတ်ပါ)**

၈။ ထို့နောက် မူလတန်းကျောင်း မပြီးဆုံးခြင်းနှင့် ပတ်သက်သည့်အမြင်များကို အခြားသူများထံမှ ကျောင်းသူ/သားများက စစ်တမ်းထုတ် ကောက်ယူရမည်။ **(လုပ်ငန်းစဉ် ၅.၂.၃ စစ်တမ်းပေါ်မှ ကိန်းဂဏန်းများ)**

ထိန်းကျောင်းကန့်သတ်မှု မပေးထားသော လေ့ကျင့်ခြင်း လုပ်ငန်းစဉ်

၉။ မူလတန်းကလေးငယ်များ ကျောင်းမထွက်အောင် ကာကွယ်နိုင်မည့် နည်းလမ်းများကို ကျောင်းသူ/သားများ အဖွဲ့လိုက် ဝိုင်းဝန်းစဉ်းစားကြရမည်ဖြစ်သည်။

၁၀။ စကားရည်လုပွဲတစ်ခု လုပ်ဆောင်ရမည်ဖြစ်သည်။ ခေါင်းစဉ်မှာ ယောကျ်ားလေးများထက် မိန်းကလေးငယ်များ ကျောင်းတက်ရန် ပိုအရေးကြီးသည်ဟူ၍ဖြစ်သည်။ **(လုပ်ငန်းစဉ် ၆.၁.၇ စကားရည်လုခြင်း)**

ပြန်လည်သုံးသပ်ချက်

၁၁။ အိမ်စာအနေနှင့် ကျောင်းသူ/သားများက မိမိတို့ ယနေ့ သင်ခန်းစာမှ ရရှိသင်ယူခဲ့ရသော အကြောင်းအရာများကို ပြန်လည်ဖော်ပြရေးသားရမည်ဖြစ်သည်။ **(လုပ်ငန်းစဉ် ၆.၂.၁ ဘာသင်ယူ ရရှိခဲ့သလဲ)**



# အခန်း ၂

# မိတ်ဆက်ခြင်းနှင့် အချက်အလက် ခင်းကျင်း တင်ပြခြင်း လုပ်ငန်းစဉ်များ

**ဤအပိုင်းတွင် အောက်ပါလုပ်ငန်းစဉ် အမျိုးအစား ၂ မျိုးကို လေ့လာသွားမည်ဖြစ်သည်။**

- သင်ခန်းစာ/ အချက်အလက်အသစ်များ ခင်းကျင်းတင်ပြခြင်းမပြုမီ လုပ်ဆောင်နိုင်သော လုပ်ငန်းစဉ်များ
- အချက်အလက်များကို နည်းလမ်းအမျိုးမျိုးနှင့် ခင်းကျင်းတင်ပြရန် ဆောင်ရွက်နိုင်သော လုပ်ငန်းစဉ်များ

**သင်ခန်းစာအကြို လုပ်ငန်းစဉ်**များသည် ကျောင်းသူ/ သားများအတွက် သင်ယူမှုဖြစ်ပေါ်နိုင်အောင် လုပ်ဆောင်ပေးသည်။ အချို့လုပ်ငန်းစဉ်များက ကျောင်းသူ/ သားများ၏ အာရုံစိုက်မှုကို သင်ခန်းစာအကြောင်းအရာဆီသို့ ဆွဲခေါ်နိုင်သည်။ အချို့က သင်ခန်းစာပါ အကြောင်းအရာများကို ခန့်မှန်းစဉ်းစားစေပြီး သင်ခန်းစာ စာသားကို ဖတ်ရှုလိုစိတ်၊ နားထောင်လိုစိတ် ပြင်းပြလာစေသည်။ အချို့လုပ်ငန်းစဉ်များကမူ ကျောင်းသူ/ သားများ၏ အခြေခံဗဟုသုတနှင့် သိရှိထင်မြင်ထားနှင့်ပြီးသော အသိအတွေးများကို အများနှင့် ပြောဆိုဆွေးနွေး ဝေမျှစေပါသည်။

**ဝေါဟာရနှင့် ပတ်သက်သော လုပ်ငန်းစဉ်များ**ကို များသောအားဖြင့် သင်ခန်းစာအကြို လုပ်ငန်းစဉ်များအဖြစ် အသုံးပြုကြသည်။ သင်ခန်းစာမစမီတွင် သင်ခန်းစာပါ ဝေါဟာရများကို သိရှိထားလျှင် အသုံးဝင်နိုင်သောကြောင့်ဖြစ်သည်။ သင်ခန်းစာအလယ်တွင် သို့မဟုတ် အခြားလေ့ကျင့်ခန်းတစ်ခု၏ အလယ်တွင်လည်း အသုံးပြုနိုင်သလို အကြောင်းအရာတစ်ခုကို ပြန်နွှေးရန် ပြန်လည်ဆန်းစစ်သုံးသပ်ရန် အတွက်လည်း အသုံးပြုနိုင်ပါသည်။ များသောအားဖြင့် ဒုတိယဘာသာစကားတစ်ခုခုနှင့် သင်ကြားသော သင်ခန်းစာများအတွက် အသုံးအဝင်ဆုံး ဖြစ်သော်လည်း မိခင်ဘာသာစကားနှင့် သင်ကြားသော သင်တန်းများတွင်လည်း ခက်ခဲသော အယူအဆများနှင့် ပညာရပ်ဝေါဟာရပ်များ သင်ကြားရန်အတွက် အသုံးဝင်နိုင်ပါသည်။

**အချက်အလက်အသစ်များ ခင်းကျင်းတင်ပြခြင်း**ကို နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ အသုံးအများဆုံး နည်းလမ်းမှာ ကျောင်းသူ/ သားများကို စာအုပ်တစ်အုပ်မှ စာသားတစ်ခုခု သို့မဟုတ် စာရွက်တစ်ခုခု သို့မဟုတ် သင်ပုန်းပေါ်တွင် ရေးထားသော စာသားတစ်ခုခုကို ဖတ်ရှုစေခြင်းပင်ဖြစ်သည်။ သို့သော် ထိုနည်းလမ်းအပြင် အသုံးပြုရန် ကောင်းမွန်သော အခြားနည်းလမ်းများစွာ ရှိနေသေးပါသည်။ စာသားအမျိုးအစားအလိုက် နည်းလမ်းအမျိုးမျိုးတို့က အသုံးဝင်မှု ကွဲပြားပါမည်။

ဖတ်ရှုရန် စာသားနှင့် ပတ်သက်ပြီး ထည့်သွင်းစဉ်းစားစရာ အချက်အလက်များမှာ –

- စာသား၏ အတိုအရှည်။
- ကျောင်းသူ/ သားများကို ထိုစာသား မိတ္တူပေးထားနိုင်မှုရှိ၊ မရှိ။
- ရေးထားသော ဘာသာစကားကို ကျောင်းသူ/ သားများ လွယ်ကူကျွမ်းကျင်စွာ ဖတ်နိုင်ခြင်းရှိ၊ မရှိ။
- ကျောင်းသူ/ သားများနှင့် စာပါ အကြောင်းအရာတို့ ရင်းနှီးကျွမ်းဝင်မှုရှိ၊ မရှိ။
- ရေးသားထားခြင်း၊ အသံသွင်းထားခြင်း၊ ရုပ်ရှင်ပြုလုပ်ထားခြင်း စသည့်တို့မှ မည်သည့် ပုံစံဖြင့် တင်ပြမည်ဖြစ်ကြောင်း စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

ဤအပိုင်းတွင် အချက်အလက်အသစ်များ ခင်းကျင်းတင်ပြရာတွင် အခြေအနေအမျိုးမျိုးတို့အတွက် အသုံးဝင်သော လုပ်ငန်းစဉ်များကို လေ့လာတင်ပြထားသည်။

# ၂.၁ သင်ခန်းစာအကြို လုပ်ငန်းစဉ်များ

## ဥပမာ စာပိုဒ်

**မှတ်ချက်**


ဤစာသားမှာ ဘာသာစကားနှင့် ပထဝီဝင် ပူးတွဲသင်ကြားသည့် စာအုပ်တစ်အုပ်မှ ကောက်နုတ်ထားခြင်း ဖြစ်သည်။

ဘာသာရပ်နှင့် ဘာသာစကားကို ပူးတွဲသင်ကြားရန် ထုတ်လုပ်ထားသော အခြားအကြောင်းအရာ စာအုပ်များစွာ ရှိပါသည်။

### ပြန်ပြည့်မြဲစွမ်းအင်နှင့် ပြန်ပြည့်မြဲမဟုတ်သော စွမ်းအင်

ချက်ပြုတ်ခြင်း၊ အနွေးဓာတ်၊ အလင်းရောင်၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဖျော်ဖြေရေးအတွက် စွမ်းအင်သုံးစွဲရန် လိုအပ်သည်။ ပြန်ပြည့်မြဲမဟုတ်သော ရင်းမြစ်များမှ ရရှိသော စွမ်းအင်များမှာ များမကြာခင် ကုန်ဆုံးသွားတော့မည်ဖြစ်သည်။ ရင်းမြစ်များ အသစ်ဖြစ်ပေါ်သည့်နှုန်းက လူတို့သုံးစွဲနေသည့်နှုန်းကို အလျဉ်မမီနိုင် ဖြစ်နေသည်။ ပြန်ပြည့်မြဲစွမ်းအင် ရင်းမြစ်များမှာမူ ကုန်ဆုံးခြင်း ရပ်တန့်သွားခြင်းမျိုး မရှိပေ။

ပြန်ပြည့်မြဲမဟုတ်သော စွမ်းအင်ရင်းမြစ်များမှာ ရုပ်ကြွင်းလောင်စာများ ဖြစ်ကြသော ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ ဖြစ်ကြသည်။ ထိုရင်းမြစ်များ ဖြစ်ပေါ်လာရန်အတွက် အချိန်နှစ်သန်းပေါင်းများစွာ ကြာမြင့်သည်။ ထိုရင်းမြစ်များကို မြေအောက်မှ တူးဖော်ယူရသည်။ အနွေးဓာတ်ရရန်နှင့် ချက်ပြုတ်ရန် အသုံးပြုသော ထင်းများသည်လည်း ပြန်ပြည့်မြဲမဟုတ်သော စွမ်းအင်ရင်းမြစ်ပင် ဖြစ်သည်။




ပြန်ပြည့်မြဲစွမ်းအင်များတွင် လေအားလျှပ်စစ်၊ နေစွမ်းအင်နှင့် ရေအားလျှပ်စစ်တို့ ပါဝင်သည်။

သိပ္ပံပညာရှင်တို့က နျူကလီးယားစွမ်းအင်မှာ ပြန်ပြည့်မြဲဟုတ်၊ မဟုတ်ကို ငြင်းခုံဆဲ ဖြစ်ပါသည်။

*Geography for EAL/ESL/E2L Students, OUP, 2010 မှ ကောက်နုတ် ပြုပြင်ထားပါသည်။*

# ၂.၁.၁ အတွေးအိတ်သွန်

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက မိမိတို့တွင် ရှိနှင့်ပြီးသော ဗဟုသုတများ၊ အယူအဆများကို စတင် သတိထား စဉ်းစားမိစေရန်။


**အခြေအနေ** – သင်ပုန်းအသုံးပြုပြီး တစ်တန်းလုံး ဆွေးနွေးပြောဆိုရန်။

**ဘလူးမ်** – သိရှိမှတ်သားခြင်း။

(က) ကျောင်းသူ/သားများကို သင်ခန်းစာခေါင်းစဉ်ပေးပါ။

(ခ) ထို့နောက် ၎င်းတို့က ထိုခေါင်းစဉ်နှင့် ပတ်သက်ပြီး မည်သို့ သိထားကြသည်၊ မည်သို့ ထင်မြင်ကြသည် စသည်ကို ဖော်ထုတ်မေးမြန်းပါ။ ကျောင်းသူ/သား များက ပြောပြ ဖြေပြသမျှကို မှန်သည်ဖြစ်စေ အချက်အလက်အရ မှားနေ လျှင်ပင်ဖြစ်စေ သင်ပုန်းပေါ်တွင် ရေးသားပါ။ ကျောင်းသူ/သားများ ဝိုင်းဝန်း စဉ်းစားရန် ဥပမာ အချို့မှာ –

- အမည်များကို စာရင်းကဲ့သို့ တန်းစီစဉ်းစားခြင်း။
- အခြေအနေတစ်ခုအကြောင်း သိသမျှ အချက်အလက်များ စဉ်းစားရခြင်း။
- ကိုယ်ပိုင်အမြင်များ၊ ဥပမာ – အကြောင်းတစ်စုံတစ်ခုအတွက် ထောက်ခံ/ကန့်ကွက်အမြင်များ။



# ၂.၁.၂ ခေါင်းစဉ်အကြောင်း ဆွေးနွေးပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ရှိနှင့်ပြီးသော ဗဟုသုတများ အယူအဆ ထင်မြင်ချက်များကို စတင် သတိထား စဉ်းစားမိစေရန်။

**အခြေအနေ** – တစ်တန်းလုံး ဆွေးနွေး ပြောဆိုရန်။

**ဘလူးမ်** – အသုံးချခြင်း၊ သုံးသပ် ဝေဖန်ခြင်း။

ဤလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် နည်းလမ်းအမျိုးမျိုး ရှိနိုင်ပါသည်။

- မိမိတို့အတွေ့အကြုံကို ပြောပြစေရန် ကျောင်းသူ/သားများကို မေးမြန်းပေးခြင်း။

  *ချက်ပြုတ်ဖို့ ဘာလောင်စာ သုံးကြသလဲကွယ်။*

  *ဒီဇယ်ဆီ သုံးဖူးလား၊ ဓာတ်ဆီရော သုံးဖူးလား၊ ဘယ်ဟာ ပိုကောင်းသလဲ။*

- ခေါင်းစဉ်နှင့် ပတ်သက်သော ကိုယ်တွေ့အဖြစ်အပျက်တစ်ခုခု ပြောပြစေခြင်း။

  *ကျွန်တော် စာတစ်စောင် ပရင့်ထုတ်ဖို့ လုပ်နေတုန်း မီးပျက်သွားတယ်၊ အဲ့ဒါနဲ့ ကျွန်တော် ဘာလုပ်ဖို့ကြိုးစားလဲဆိုတော့...*

- ခေါင်းစဉ်နှင့် ပတ်သက်ပြီး ကျောင်းသူ/သားများက ထင်မြင်ချက်ပေးသော စာကြောင်းများ ရေးစေခြင်း။ ၎င်းတို့၏ ထင်မြင်ချက်များကို ဖော်ထုတ်ပေးရမည်။




## မူကွဲ

လူများသော စာသင်ခန်းများတွင် အဖွဲ့ခွဲကာ ဆွေးနွေးစေနိုင်ပါသည်။

# ၂.၁.၃ ရုပ်ပုံထဲမှာ ပြောစရာ

(က) သင်ခန်းစာနှင့် သက်ဆိုင်သော ပုံတစ်ပုံပြပါ။


(ခ) ပုံ၊ သင်ခန်းစာ အကြောင်းအရာတို့နှင့် ပတ်သက်သော မေးခွန်းများ မေးပါ။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ရှိနှင့်ပြီးသော ဗဟုသုတများ အယူအဆများ ဝေါဟာရများကို စတင် သတိထား စဉ်းစားမိစေရန်။

**အခြေအနေ** – ကျောင်းသူ/သား အားလုံးက ပုံတစ်ပုံတည်းကို အတူတူ မြင်နိုင်ရန် လိုအပ်သည်။

**ပြင်ဆင်မှု** – သင်ခန်းစာ အကြောင်းအရာနှင့် ပတ်သက်သော ရုပ်ပုံတစ်ပုံ ရှာဖွေထားရန် သို့မဟုတ် သင်ပုန်းပေါ်တွင် ဆွဲသားထားရန်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။






# ၂.၁.၄ ကျွန်ုပ်နှင့် ___________

(က) သင်ခန်းစာအကြောင်းအရာ သို့မဟုတ် သင်ခန်းစာ၏ တစ်စိတ် တစ်ဒေသနှင့် ပတ်သက်ပြီး ကျောင်းသူ/သားများက မည်သို့ ဆက်စပ် တွေ့ကြုံဖူးကြောင်း ပြောပြစေရန် မေးမြန်းပါ။ ဥပမာ –

- ___________ ကို မိမိ ဘယ်လို အသုံးပြုသလဲ။
- ___________ သော လူတစ်ဦးဦးနှင့် တွေ့ဆုံဖူးပါသလား။
- ___________ ကို မိမိ မည်သို့ တွေ့ကြုံသိရှိဖူးပါသလဲ။

*ဥပမာ – စွမ်းအင်ကို မိမိ မည်သို့ အသုံးချပါသလဲ။*

(ခ) သင်ခန်းစာအကြောင်းအရာနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များကို ပိုမို အသေးစိတ်စွာ ရရှိနိုင်သည့် ပုံစံတစ်ခုကို ရွေးချယ်ပါ။ သို့မဟုတ် ကျောင်းသူ/သားများကို ရွေးချယ်ခိုင်းပါ။

**ရည်ရွယ်ချက်** – သင်ခန်းစာ အကြောင်းအရာနှင့် ပတ်သက်ပြီး ကျောင်းသူ/သားများ၏ ကိုယ်ပိုင် အတွေ့အကြုံများကို ဆက်စပ်ပြောပြ စေရန်။

**အခြေအနေ** – တစ်ဦးချင်း စတင် ဆောင်ရွက်ပြီးနောက် အတွဲလိုက် ထို့နောက် တစ်တန်းလုံးအနေနှင့် လုပ်ဆောင်ရန်။

**ပြင်ဆင်မှု** – သင်ခန်းစာ အကြောင်းအရာ နှင့် ပတ်သက်ပြီး ကျောင်းသူ/သားများ၏ ကိုယ်ပိုင်အတွေ့အကြုံကို မေးမြန်း ဖော်ထုတ်ရန် မေးခွန်းတစ်ခု စဉ်းစားထား ရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း။

**မိမိအိမ်တွင် စွမ်းအင်နေ့စဉ် အသုံးပြုပုံအမျိုးမျိုးကို မှတ်တမ်းပြုစုပါ။ အသုံးပြုပုံ တစ်ခုစီအတွက် အသုံးပြုသည့် အကြိမ်ရေနှင့် ကြာချိန်များကိုပါ မှတ်သားပါ။**

| စွမ်းအင် အသုံးပြုပုံ | တစ်နေ့လျှင် အသုံးပြုသည့် အကြိမ်အရေအတွက် | အသုံးပြုသည့် ကြာချိန် |
|---|---|---|
| *ကွန်ပျူတာ* | *တစ်ကြိမ်* | *၃ နာရီ* |
| *ဂတ်စ် မီးဖို* | *လေးကြိမ်* | *၁ နာရီ* |
| *မော်တော်ဆိုင်ကယ်* | *နှစ်ကြိမ်* | *၂၀ မိနစ်* |
| | | |
| | | |

## မှုကွဲ

သင်ခန်းစာအကြောင်းအရာနှင့် ပတ်သက်ပြီး ကျောင်းသူ/သားများက အတန်းတွင်း စစ်တမ်း ကောက်ယူခြင်း ပြုလုပ်နိုင်သည်။

# ၂.၁.၅ မေးခွန်းလဲခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများ နဂိုသိရှိနှင့်ပြီးဖြစ်သော ဗဟုသုတများ အတွေးအမြင်များကို ပြန်လည် စဉ်းစားမိစေရန်။

**အခြေအနေ** – ကျောင်းသူ/ သားများက စာသင်ခန်းတွင်း ဟိုဟိုသည်သည် လျှောက်သွားနိုင်ရန် လိုအပ်သည်။

**ပြင်ဆင်မှု** – သင်ခန်းစာ အကြောင်းအရာနှင့် ပတ်သက်သော မေးခွန်းများကို စာရွက်အပိုင်းများတွင် ရေးသား ပြင်ဆင်ရန်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

(က) သင်ကြားမည့် အကြောင်းအရာနှင့် ပတ်သက်သော မေးခွန်းများကို စာရွက်ပိုင်းများပေါ်တွင် ရေးပါ။ ဥပမာ –

- အချက်အလက်ဆိုင်ရာ မေးခွန်းများ။

  *ပြန်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် ပြန်မပြည့်နိုင်သော စွမ်းအင်တို့ မည်သို့ ကွာကြသနည်း။*
  *ရုပ်ကြွင်းလောင်စာများ မည်သို့ ဖြစ်ပေါ်လာသနည်း။*

- ကိုယ်တွေ့ဆိုင်ရာ မေးခွန်းများ။

  *ချက်ပြုတ်ရန် မည်သည့်လောင်စာ သုံးသနည်း။*

  *ရေကာတာ၊ ဆည်မြင်ဖူးပါသလား။*

- အတွေးအမြင်၊ အယူအဆဆိုင်ရာ မေးခွန်းများ။

  *ရုပ်ကြွင်းလောင်စာများ အသုံးပြုခြင်း၏ ပြဿနာအချို့မှာ အဘယ်တို့နည်း။*


  *ကမ္ဘာကြီး ပူနွေးလာမှုကို မည်သို့ လျှော့ချနိုင်မည်နည်း။*

(ခ) ကျောင်းသူ/ သား တစ်ဦးလျှင် မေးခွန်းတစ်ခုစီ လိုအပ်မည်ဖြစ်သည်။ သို့သော် မေးခွန်းတစ်ခုကို စာရွက်အပိုင်း တစ်ခုထက်မကတွင် အကြိမ်ကြိမ် ပြန်ရေးနိုင်ပါသည်။ လူဦးရေများသော စာသင်ခန်းများအတွက် မေးခွန်း ၇ ခု ၈ ခု ခန့်ရေးပြီး မိတ္တူများများဆွဲပြီး သုံးနိုင်သည်။

(ဂ) ကျောင်းသူ/ သား တစ်ဦးစီကို မေးခွန်းတစ်ခုစီပေးပြီး အခန်းတွင်လျှောက်ကာ တွဲဖက်ရှာခိုင်းပါ။

(ဃ) ထို့နောက် တွဲဖက် ၂ ဦးတို့က မိမိတို့ရထားသည့် မေးခွန်းများကို မေးကြ ဖြေကြရမည်။

(င) မေး/ ဖြေ ပြီးပါက ၎င်းတို့သည် မေးခွန်းများ လဲလှယ်လိုက်ကြရမည်။ ထို့နောက် အခြားတွဲဖက်အသစ်တစ်ဦးဆီ သွားခြင်း၊ မေးခြင်း၊ ဖြေခြင်းကို အကြိမ်ကြိမ် ပြုလုပ်ရမည်။




## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှု လျှော့ချပေးရန်အတွက်** ကျောင်းသူ/ သားများကို မိမိတို့ကိုယ်တိုင် မေးခွန်းများ ရေးစေပြီး အထက်ပါ လုပ်ငန်းစဉ်ကို ဆောင်ရွက်ခိုင်းနိုင်ပါသည်။

# ၂.၁.၆ ခေါင်းစဉ်ကြည့်၍ ခန့်မှန်းခြင်း


**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာသားထဲတွင် မည်သည်တို့ ပါဝင်မည်ကို ခန့်မှန်းရန်။

**အခြေအနေ** – သင်ပုန်းအသုံးပြုပြီး တစ်တန်းလုံး ဆွေးနွေးခြင်း။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ခေါင်းစဉ်ကို သင်ပုန်းပေါ်တွင်ရေးပါ။

(ခ) ခေါင်းစဉ်ကိုကြည့်ပြီး ကျောင်းသူ/သားများက စာတွင်ပါသော အကြောင်းအရာများကို မှန်းဆပြောဆိုကြရမည်။ ၎င်းတို့ မှန်းဆချက်များအားလုံးကို သင်ပုန်းပေါ်တွင် ချရေးထားပါ။







## မူကွဲ

ထိုစာတွင် ရုပ်ပုံများပါပါက ထိုပုံများကို ကြည့်၍လည်း ခန့်မှန်းနိုင်သည်။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

စာသားကို ဖတ်ပြီးသည့်နောက် မည်သည့် မှန်းဆချက်က မှန်ကန်ခဲ့ကြောင်းကို ပြန်လည်ကြည့်ရှုနိုင်သည်။

## ၂.၁.၇ အဓိကဝေါဟာရများမှ ခန့်မှန်းခြင်း


**ရည်ရွယ်ချက်** – စာပါ အကြောင်းအရာများကို ခန့်မှန်းခြင်းဖြင့် အကြောင်းအရာသစ်များ အတွေးသစ်များကို မှတ်သားနာယူရန် အဆင်သင့်ဖြစ်စေရေး။

**အခြေအနေ** – သင်ပုန်းအသုံးပြုပြီး တစ်တန်းလုံး ဆွေးနွေးခြင်း။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း။

(က) စာပါ အဓိကဝေါဟာရများကို သင်ပုန်းပေါ်တွင်ရေးပါ။

(ခ) ကျောင်းသူ/ သားများက စာတွင် မည်သည့် အကြောင်းအရာများပါကြောင်းကို ထိုဝေါဟာရများကိုကြည့်ပြီး ကောက်ချက်ချရမည်။ မှန်းဆချက်များ အားလုံးကို သင်ပုန်းပေါ်တွင် ရေးသားပေးထားပါ။




### လုပ်ငန်းစဉ် နောက်ဆက်တွဲ

စာပါ အကြောင်းအရာကို ဖတ်ပြီးနောက် မည်သည့် ခန့်မှန်းချက်က မှန်ကန်ကြောင်း ပြန်ကြည့်နိုင်ပါသည်။

## ၂.၁.၈ မိမိမည်မျှ သိသနည်း

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက သိရှိနှင့်ပြီးသော အကြောင်းအရာများ၊ စိတ်ဝင်စားမိသော အပိုင်းများကို ဖော်ထုတ်ခြင်း။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ တစ်တန်းလုံးအနေနှင့်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – သိရှိမှတ်သားခြင်း၊ နားလည်သဘောပေါက်ခြင်း။

(က) သင်ပုန်းပေါ်တွင် ဇယားကွက်တစ်ကွက်ဆွဲပါ။ ထိုဇယားကွက်တွင် အောက်ပါ ဒေါင်လိုက်ကွက်များ ပါဝင်သည်။

- မိမိသိသည့်အရာများ။
- မိမိသိထားသည်ဟု ထင်သည့်အရာများ။
- မိမိသိချင်သည့်အရာများ။

(ခ) ထို့နောက် သင်ခန်းစာခေါင်းစဉ်ကို ပြောပြလိုက်ပြီး ထိုခေါင်းစဉ်နှင့် ပတ်သက်ပြီး ဇယားကွက်ကို ဖြည့်ခိုင်းပါ။

| မိမိသိထားသည့် အရာများ | မိမိသိထားသည်ဟု ထင်သည့်အရာများ | မိမိသိချင်သည့် အရာများ |
|---|---|---|
| – ပြန်ပြည့်မြဲမဟုတ်သည့် စွမ်းအင်ရင်းမြစ်များမှာ ကုန်ဆုံးသွားမည်ဖြစ်သည်။<br>– နေစွမ်းအင်မှာ နေမှလာသည်။ | – peak oil အကြောင်း (လောင်စာဆီ လိုအပ်ချက်အောက်စတင် လျော့နည်းမည့်အချိန်)<br>– နျူကလီးယားစွမ်းအင်မှာ ပြန်ပြည့်မြဲ စွမ်းအင်ဖြစ်သည် (ဟုထင်သည်)။ | – လောင်စာဆီ မည်မျှ ကျန်သေးပါသနည်း။<br>– ဆည်များမှာ စွမ်းအင် အရင်းအမြစ်ကောင်းများဖြစ်ပါသလား။ |

### လုပ်ငန်းစဉ် နောက်ဆက်တွဲ

စာဖတ်ပြီးသည့်နောက်တွင် ကျောင်းသူ/ သားများက မိမိတို့သိထားသည်များ ကိုက်ညီမှန်ကန်ခြင်း ရှိ၊ မရှိနှင့် သိလိုသည့်အရာများကို သိလိုက်ရခြင်းရှိ၊ မရှိ ကြည့်ခိုင်းနိုင်သည်။

# ၂.၁.၉ သိလိုရာမေး

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက မိမိတို့ စိတ်ဝင်စားသည့် အကြောင်းအရာများကို သတ်မှတ်ဖော်ပြရန်။

**အခြေအနေ** – ကျောင်းသူ/သားများက တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေနှင့်ဖြစ်စေ ဆောင်ရွက်ရမည်ဖြစ်သည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

(က) ကျောင်းသူ/သားများကို သင်ခန်းစာခေါင်းစဉ်ပေးပါ (သို့မဟုတ်) သင်ခန်းစာနှင့် ပတ်သက်သော အဓိကအယူအဆများကို မိတ်ဆက်ရှင်းပြပါ။

(ခ) ထို့နောက် ကျောင်းသူ/သားများက ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး သိလိုသမျှအတွက် မေးခွန်းများ ရေးသားကြရမည်။

- ဘာက...
- ဘာကြောင့်...
- ဘယ်မှာ...
- ဘယ်သူက...
- ဘယ်အချိန်...
- ဘယ်လို...

၁။ စွမ်းအင်အသုံးပြုမှုနှင့် ပတ်သက်သည့် ပူပန်မှု အချို့မှာ အဘယ်နည်း။

၂။ ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုနှင့် ပတ်သက်ပြီး ပူပန်မှုများ အဘယ့်ကြောင့် ရှိကြသနည်း။

၃။ နျူကလီးယား စွမ်းအင်ထုတ် စက်ရုံများ မည်သည့်နေရာများတွင် ရှိကြသနည်း။

၄။ နိုင်ငံတစ်နိုင်ငံတွင် မည်သည့် စွမ်းအင်ထုတ် စက်ရုံ ရှိသင့်သည်ကို မည်သူက ဆုံးဖြတ်ပါသနည်း။

၅။ ရုပ်ကြွင်းလောင်စာများ မည်သည့်အချိန်တွင် ကုန်ဆုံးမည် ဖြစ်သနည်း။

၆။ လေအားလျှပ်စစ်ထုတ် စက်ရုံများ မည်သို့ လည်ပတ်ပါသနည်း။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ


ထိုမေးခွန်းများ ရေးထားပြီးနောက် သင်ခန်းစာကို ဖတ်ရှုကြရမည်။ သင်ခန်းစာဖတ်အပြီးတွင် ထိုမေးခွန်းများကို မိမိဘာသာ ဖြေဆိုခြင်း သို့မဟုတ် တွဲဖက်အချင်းချင်း သို့မဟုတ် အဖွဲ့လိုက် လဲလှယ်ဖြေဆိုခြင်းတို့ ပြုလုပ်နိုင်ပါသည်။

# ၂.၂ ဝေါဟာရ လုပ်ငန်းစဉ်များ

## လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ပုံအမျိုးမျိုး

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ထိရောက်စွာ ပါဝင်ဆောင်ရွက်ရာတွင် မိမိနှစ်သက်သည့် အဆင်ပြေမည့် နည်းလမ်းအမျိုးမျိုးဖြင့် ပါဝင်နိုင်သည်။ ထိုသို့ ပါဝင်ရာတွင် ပထမဆုံးအဆင့်အနေဖြင့် 'တစ်သီးပုဂ္ဂလ ပါဝင်ခြင်း' (ဥပမာ – တစ်ဦးချင်းဆောင်ရွက်နိုင်သော အကြံပြုစာပေးပို့ခြင်း) နှင့် 'အများနှင့်အတူ ယှဉ်တွဲပါဝင်ခြင်း' (ဥပမာ – အသင်းအဖွဲ့တစ်ရပ်ရပ်တွင် အဖွဲ့ဝင်ခြင်း) ဟူ၍ နှစ်မျိုး နှစ်စားခွဲခြားနိုင်သည်။ ဒုတိယအဆင့်အနေနှင့် 'အစိုးရအလုပ်သဘော ပါဝင်ရခြင်းနှင့် 'အလွတ်သဘော ပါဝင်ခြင်း' ဟူ၍လည်း ပါဝင်ပုံနည်းစနစ်ကို မူတည်ပြီး ထပ်မံခွဲခြားနိုင်သေးသည်။ 'အစိုးရအလုပ်သဘော ပါဝင်ခြင်း' တွင် မဲပေးခြင်း၊ ရုံးလုပ်ငန်းများ၊ တရားဝင် စာရွက်စာတမ်းများနှင့် ဆက်စပ်သော လုပ်ငန်းစဉ်များပါဝင်ပြီး 'အလွတ်သဘောပါဝင်ခြင်း' တွင် လုပ်အားပေးခြင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် လူမှုလုပ်ငန်းများတွင် ထဲထဲဝင်ဝင် ဆောင်ရွက်ပေးခြင်းတို့ ပါဝင်မည်။

လူ့အဖွဲ့အစည်းတွင် ပါဝင်ပုံနည်းစနစ်များ ကွဲပြားကြသကဲ့သို့ ပါဝင်မှု 'ပုံစံ' အမျိုးမျိုးကိုလည်း တွေ့နိုင်ပေသည်။ အချို့သော 'ပါဝင်မှုပုံစံ' များက အစိုးရကို ဆန့်ကျင်ကြသကဲ့သို့ အချို့ကလည်း အစိုးရဘက်က ရပ်တည်ပေးကြသည်။ အချို့ကလည်း လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုယ်စားပြုသည့် ပါဝင်မှုမျိုးကို နှစ်ခြိုက်ကြပြီး၊ အချို့ကလည်း မိမိတို့ နိုင်ရာ နိုင်ရာသာ ဆောင်ရွက်ပေးလိုကြသည်။ ဖော်ပြပါ အမျိုးစုံလင်လှသည့် လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်သည့် ပုံစံအမျိုးမျိုးကို သတိပြုမိနိုင်ခြင်းသည် မိမိတို့ လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသည့် ပါဝင်မှုပုံစံများကို ခွဲခြမ်းစိတ်ဖြာနိုင်အောင် ထောက်ပံ့ပေးသည်။ ထိုမှတစ်ဆင့် မိမိတို့ လူ့အဖွဲ့အစည်းအတွင်းတွင် လူမှုပြောင်းလဲမှုများ တိုးတက်ဖြစ်ပေါ်အောင် မည်သို့ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်းလည်း သတိထားနားလည်လာအောင် ကူညီနိုင်မည်။




မုခ်ဦး ပညာရေး၏ 'တက်ကြွလှုပ်ရှားနိုင်ငံသား' စာအုပ်မှ ထုတ်နုတ် ပြုပြင်ထားပါသည်။

## ဥပမာ စာပိုဒ်

**မှတ်ချက်**

ဤစာသားမှာ မုခ်ဦး ပညာရေး၏ တက်ကြွလှုပ်ရှားနိုင်ငံသား စာအုပ်မှ ထုတ်နုတ်ထားခြင်းဖြစ်သည်။ ထိုစာအုပ်မှာလည်း အင်္ဂလိပ်၊ မြန်မာ ၂ ဘာသာနှင့် ရရှိနိုင်ပါသည်။

info@moteoo.org ကို ဆက်သွယ်ပြီး မှာယူနိုင်ပါသည်။

# ၂.၂.၁ စကားရပ်များ တွဲစပ်ခြင်း

(က) သင်ခန်းစာမှ အဓိကဝေါဟာရများကို အောက်ပါတို့နှင့် တွဲပေးရမည်။

- ဝေါဟာရ ဖွင့်ဆိုချက်များ။
- ကြောင်းတူ သံကွဲစကားလုံးများ။
- ရုပ်ပုံများ။
- စာသားတစ်ခုတွင်းမှ ကွက်လပ်များ။

**ရည်ရွယ်ချက်** – အဓိကဝေါဟာရများ အဓိပ္ပာယ်များနှင့် ကျောင်းသူ/သားများ ထိတွေ့မှု ရှိစေရန်။

**အခြေအနေ** – ကျောင်းသူ/သားများက သင်ပုန်းကိုသော်လည်းကောင်း စာရွက်များမှ သော်လည်းကောင်း ကြည့်ရှုလုပ်ဆောင်ရမည် ဖြစ်သည်။

**ပြင်ဆင်မှု** – တွဲစပ်ခြင်း လေ့ကျင့်ခန်းများကို ရေးဆွဲပြင်ဆင်ထားရမည်။

**ဘာလူးမ်** – သိရှိမှတ်သားခြင်း။

| | |
|---|---|
| ၁။ ပါဝင်မှုပုံစံ | (က) လူ့အဖွဲ့အစည်းအတွင်းမှ တိုးတက်ပြောင်းလဲမှုများ |
| ၂။ အလွတ်သဘော ပါဝင်ခြင်း | (ခ) လူ့အဖွဲ့အစည်းအတွင်း လုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်သည့် နည်းလမ်း အမျိုးအစား |
| ၃။ လူမှုအပြောင်းအလဲ | (ဂ) ပြည်သူကို ကိုယ်စားပြုရန် ကိုယ်စားလှယ် ရွေးချယ်ခြင်း |
| ၄။ မဲပေးခြင်း | (ဃ) အလုပ်သဘောမဟုတ်ဘဲ မိမိဆန္ဒဖြင့် လုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်မှု |

## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှု လျှော့ပေးရန်အတွက်မူ** အဓိကစကားလုံးနှင့် တွဲရမည့် ဖွင့်ဆိုချက်များ၊ ကြောင်းတူသံကွဲ စကားလုံးများ၊ ကွက်လပ်ဖြည့်ရန် စာသားများကို အဖွဲ့လိုက်ကိုယ်တိုင် ရေးသားပြီး လဲလှယ်ဖြေဆိုခိုင်းနိုင်သည်။

# ၂.၂.၂ စဉ်းစားပြောပြ ဝေါဟာရ

(က) ကျောင်းသူ/သားများကို အဓိကဝေါဟာရများနှင့် အဓိပ္ပာယ်များ စဉ်းစားမိစေရန် ပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်ရန် နည်းလမ်းများစွာ ရှိနိုင်သည်။

- စကားလုံး၏ ဆိုလိုရင်းကို အမူအရာနှင့် သရုပ်ဖော်ပြခြင်း။ အသေးစား နှင့် အကြီးစား စီးပွားရေးကို လက်လှုပ်ရှားမှုနှင့် သေးခြင်း၊ ကြီးခြင်း အမူအရာပြသကဲ့သို့ (လွယ်ကူသော စကားလုံးများအတွက် ပိုအဆင်ပြေ နိုင်သည်။)
- ရုပ်ပုံပြခြင်း သို့မဟုတ် ဆွဲပြခြင်း။
- စကားလုံး၏ ဖွင့်ဆိုချက်သော်လည်းကောင်း စကားလုံးအကြောင်းကို ရှင်းပြခြင်းဖြင့်သော်လည်းကောင်း စဉ်းစားခိုင်းနိုင်သည်။
- စကားလုံးကို ဘာသာပြန်ပြခြင်းဖြင့် စဉ်းစားခိုင်းနိုင်သည်။

**ရည်ရွယ်ချက်** – အဓိကဝေါဟာရများ အဓိပ္ပာယ်များကို ကျောင်းသူ/သားများ မှတ်မိ သိရှိပြီး အချင်းချင်းပြောပြနိုင်ရန်။

**အခြေအနေ** – တစ်တန်းလုံး ဆွေးနွေး ပြောဆိုရန်လိုသည်။

**ပြင်ဆင်မှု** – ကျောင်းသူ/သားအချို့ ကြားဖူး ထားမည့် စကားလုံးများ ပြင်ဆင်ထားရန်နှင့် လိုအပ်ပါက ပုံများ ရှာစုရန် သို့မဟုတ် ဆွဲသားထားရန်။

**ဘာလူးမ်** – နားလည်သဘောပေါက်ခြင်း။



# ၂.၂.၃ နေ့နံစဉ်

**ရည်ရွယ်ချက်** – သင်ခန်းစာနှင့် ပတ်သက်သော ဝေါဟာရများကို ကျောင်းသူ/သားများ ပိုမိုရဲ့ထွင်သိရှိကြရန်။

**အခြေအနေ** – သင်ပုန်းအသုံးပြုပြီး တစ်တန်းလုံး ပြောဆိုရမည်ဖြစ်သည်။

**ဘာလူးမ်** – သိရှိမှတ်သားခြင်း၊ နားလည်သဘောပေါက်ခြင်း။

(က) ကျောင်းသူ/သားများကို သင်ခန်းစာခေါင်းစဉ်ပြောပြပြီး သင်ပုန်းပေါ်တွင် ဒေါင်လိုက်အကွက် ခုနစ်ကွက်ရေးဆွဲပါ။ ထို့နောက် ပထမဆုံးတစ်ကွက်ကို တနင်္ဂနွေနှင့်စပြီး ခုနစ်နေ့လုံးပြီးသည်အထိ အကွက်များတွင် ခေါင်းစဉ်တပ်ပါ။

(ခ) ကျောင်းသူ/သားများက သင်ခန်းစာနှင့် ပတ်သက်သည့် စကားလုံးများ သို့မဟုတ် စကားစုများ စဉ်းစားပြီးရလာသည့် စကားလုံးများ သို့မဟုတ် စကားစုများ၏ အစ စကားလုံး၏ နေ့နံအလိုက် သက်ဆိုင်ရာအကွက်တွင် ရေးဖြည့်ရမည်ဖြစ်သည်။

(ဂ) ခုနစ်နေ့စလုံးအတွက် နေ့နံတစ်ကွက်တွင် စကားလုံး ၃ လုံးစီ မရမချင်း သို့မဟုတ် ထပ်မစဉ်းစားနိုင်တော့သည်အထိ စကားလုံး၊ စကားစုများများ ရေးခိုင်းနိုင်သည်။

| တနင်္ဂနွေ<br>အ | တနင်္လာ<br>ကခဂဃင | အင်္ဂါ<br>စဆဇဈည | ဗုဒ္ဓဟူး<br>ယရလဝ | ကြာသပတေး<br>ပဖဗဘမ | သောကြာ<br>သဟ | စနေ<br>တထဒဓန |
|---|---|---|---|---|---|---|
| အဖွဲ့အစည်း | ကွဲပြားခြင်း | ဆန့်ကျင်ခြင်း | လူမှု<br>ပြောင်းလဲမှု | ပါဝင်မှု | သာတူညီမျှဖြစ်ခြင်း | နိုင်ငံသား |
| အသင်းအဖွဲ့တွင်<br>ပါဝင်ခြင်း | ကိုယ်စားပြုခြင်း | စနစ်အမျိုးမျိုး | ရပ်ရွာ | ပုံစံအမျိုးမျိုး | | တက်ကြွလှုပ်ရှား |
| အကြံပြုစာ | | | | မဲပေးခြင်း | | နည်းစနစ် |
| | | | | | | တစ်ဦးချင်း |

# ၂.၂.၄ ဆိုလိုရင်းမှန် ရွေးချယ်ခြင်း

**ရည်ရွယ်ချက်** – စကားလုံးများ၏ ကြောင်းတူသံကွဲ ဝေါဟာရများကို မိခင်ဘာသာစကားတွင် ရှာဖွေရန်နှင့် အဓိပ္ပာယ်များကို ဆွေးနွေးရန်။
**အခြေအနေ** – အဖွဲ့လိုက် လုပ်ဆောင်ရမည်။
**ပြင်ဆင်မှု** – အဓိပ္ပာယ်တစ်မျိုးထက် ပိုပြီးရှိသော စကားလုံးများ ရှာဖွေထားရမည်။ ထို့နောက် ၎င်းတို့ကို သင်ခန်းစာပါ အကြောင်းအရာနှင့် ဆက်စပ်ပြီး ဝါကျများတွင် ထည့်ရေးပေးထားရမည်။
**ဘလုံးမ်** – သိရှိမှတ်သားခြင်း၊ နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ဆန်းစစ်သုံးသပ်ခြင်း။

(က) သင်ခန်းစာပါ စာသားမှ အဓိကဝေါဟာရ စာရင်းတစ်ခုကို သင်ပုန်းပေါ်တွင် ရေးသားပါ။
- ပါဝင်ဆောင်ရွက်မှု။
- ပါဝင်မှုပုံစံ။
- လူမှုအဖွဲ့အစည်း။
- အလွတ်သဘောပါဝင်မှု။
- တစ်ဦးချင်းဆောင်ရွက်မှု အများနှင့်အတူ ယှဉ်တွဲပါဝင်ခြင်း။
- အပြောင်းအလဲ။
- အစိုးရ။

(ခ) ကျောင်းသူ/သားများက ပေးထားသည့် ဝေါဟာရများမှ ၃ လုံးကို ရွေးချယ်ပြီး ထိုစကားလုံးများနှင့် အဓိပ္ပာယ်တူသော စကားလုံးများကို မိခင်ဘာသာစကားတွင် ရှာဖွေရေးသားရမည်။
(ဂ) သတ်မှတ်ထားသည့်အချိန်တွင်းတွင် အများဆုံးရေးသားနိုင်သည့်အဖွဲ့က အနိုင်ရသည်ဟု သတ်မှတ်မည်။
(ဃ) ထို့နောက် အဖွဲ့အချင်းချင်း၏ စာရင်းများမှ ဝေါဟာရများကို ဆွေးနွေးပြီး မူရင်းဝေါဟာရနှင့် အဓိပ္ပာယ်တူ၊ မတူ ဆွေးနွေးနိုင်သည်။

**ချင်းဘာသာစကား အသုံးပြုပြီး သင်ကြားသည့် စာသင်ခန်းတွင် တွေ့ရမည့်ပုံ**

| ပါဝင်ဆောင်ရွက်မှု | ပါဝင်မှုပုံစံ | လူမှုအဖွဲ့အစည်း |
|---|---|---|
| Ki hel na<br>Sep khop Na | methods<br>Sep Khop Zia<br>Sep Zia Bawl Zia | Ki Pawl Na<br>Khua<br>Beh Leh Phung |

| အများနှင့်အတူ ယှဉ်တွဲပါဝင်ခြင်း | အစိုးရ | မဲပေးခြင်း |
|---|---|---|
| Sep khop na<br>Ki pawl khop na<br>Ki pawl khawm a sep na | Kumpi<br>Ukpi<br>Khua Hausa<br>Veng Hausa<br>Galkap Kumpi | Mae Pia<br>Ki Teel Na<br>Teel Khawm |

| လူမှုအဖွဲ့အစည်း | အလွတ်သဘောပါဝင်မှု | အပြောင်းအလဲ |
|---|---|---|
| Ki Pawl Na<br>Khua<br>Beh Leh Phung | Suak ta tak a sep na<br>A suak ta nasep<br>Kumpi tawh ki zom lo na sep na | Ki khel<br>Ki lam dang<br>Tum dang<br>Pian dang<br>Ki laih` |

*Galga Kumpi က စစ်တပ်ကို ပြောတာ အစိုးရနဲ့ မဆိုင်ဘူး။*

# ၂.၂.၅ ကွက်လပ်ဖြည့်ပါ

(က) စာတစ်ပုဒ် သို့မဟုတ် ဝါကျများ သို့မဟုတ် မေးခွန်းများကို အဓိကစကားလုံး ဝေါဟာရများဖျောက်ပြီး ပြင်ဆင်ပါ။ သင်ခန်းစာတွင် ထည့်သွင်းသင်ကြားရမည့် စာများကိုသုံးပြီး လုပ်နိုင်သကဲ့သို့ အကြောင်းအရာတူ အခြားစာများ (ခက်ခဲမှု အဆင့်တူသောစာ) ကို သုံးပြီးလည်း ပြင်ဆင်နိုင်သည်။

(ခ) ဖျောက်ထားသော ဝေါဟာရများ၏ ကွက်လပ်နေရာများကို ကျောင်းသူ/သားများက ဖြည့်ပေးရမည်ဖြစ်သည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက လိုအပ်သော ဝေါဟာရများကို ရှာဖွေဖြည့်ပေးရန်ဖြစ်သည်။

**အခြေအနေ** – ကျောင်းသူ/သားများက သင်ပုန်းမှသော်လည်းကောင်း၊ လေ့ကျင့်ခန်းစာရွက်များမှသော်လည်းကောင်း လုပ်ဆောင်ရမည်ဖြစ်သည်။

**ပြင်ဆင်မှု** – အဓိကဝေါဟာရများ ဖျောက်ထားသော စာသားများ ရေးသားထားရန်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

**လူ့အဖွဲ့အစည်းတွင် ပါဝင်ပုံ နည်းစနစ်များ ကွဲပြားကြသကဲ့သို့ ပါဝင်မှု ‘ပုံစံ’ အမျိုးမျိုးကိုလည်း တွေ့နိုင်ပေသည်။ အချို့သော ______________ က အစိုးရကို ဆန့်ကျင်ကြသကဲ့သို့ အချို့ကလည်း အစိုးရဘက်က ______________ ပေးကြသည်။ အချို့ကလည်း ______________ တစ်ရပ်လုံး ကိုယ်စားပြုသည့် ပါဝင်မှုမျိုးကို နှစ်ခြိုက်ကြပြီး၊ အချို့ကလည်း မိမိတို့နိုင်ရာ နိုင်ရာသာ ဆောင်ရွက်ပေးလိုကြသည်။ ဖော်ပြပါ လူ့အဖွဲ့အစည်းအတွင်း ____________ သည် အမျိုးစုံလင်လှသည့် ပုံစံအမျိုးမျိုးကို သတိပြုမိနိုင်ခြင်းသည် မိမိတို့ လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသည့် ပါဝင်မှုပုံစံများကို ____________ နိုင်အောင် ထောက်ပံ့ပေးပေမည်။**

## မူကွဲ

**ထိန်းကျောင်းကန့်သတ်ပေးမှု ပိုပေးလိုလျှင်** အဖြေများကို ရောမွှေပြီး ပေးထားနိုင်သည်။

| | | | | |
|---|---|---|---|---|
| *ခွဲခြမ်းစိတ်ဖြာ* | *လူ့အဖွဲ့အစည်း* | *ရပ်တည်ပါဝင်မှု* | *ပုံစံများ* | *ပါဝင်ဆောင်ရွက်* |

သို့မဟုတ် ကွက်လပ်တစ်ခုစီအတွက် ရွေးချယ်စရာ အဖြေများ ပေးထားနိုင်သည်။

က။ ရပ်တည်မှု

ခ။ ပုံစံများ

ဂ။ အဖွဲ့ဝင်များ

ဃ။ ကျား၊ မ ကွဲပြားမှု

# ၂.၂.၆ စာထဲမှ မိမိအကြောင်း

(က) ကျောင်းသူ/သားများကို အဓိကဝေါဟာရများနှင့် စကားစုများပေးပါ။
(ခ) ၎င်းတို့က ထိုစကားလုံးများကိုသုံးပြီး ဝါကျဖွဲ့ရမည်။

| | |
|---|---|
| နိုင်ငံရေးပါတီ | ကျွန်တော်သည် နိုင်ငံရေးပါတီ ဝင်ထားခြင်း မရှိပါ။ |
| ခွဲခြမ်းစိတ်ဖြာခြင်း | သတင်းဆောင်းပါးများကို ခွဲခြမ်းစိတ်ဖြာခြင်း ပြုရသည်ကို ကျွန်မနှစ်သက်ပါသည်။ |

**ရည်ရွယ်ချက်** – အဓိကဝေါဟာရများနှင့် စကားစုများကို ကျောင်းသားများက မိမိတို့ ကိုယ်တိုင်နှင့် ဆက်စပ်တွေးတောခြင်းပြုရန်။

**အခြေအနေ** – ကျောင်းသူ/သားများ တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း ။

## မူကွဲ

လုပ်ငန်းစဉ် **စိန်ခေါ်မှု ပိုမိုမြင့်မားစေရန်အတွက်** ဝါကျများတွင် 'ကျွန်တော်၊ ကျွန်မ' ဟူသည့် စကားလုံးနှင့် အဓိကဝေါဟာရများ ၂ လုံး ၃ လုံး ခန့်အထိ တွဲစပ်ရေးစေနိုင်သည်။

# ၂.၂.၇ ဝေါဟာရကဒ်များ

(က) အသုံးဝင်သော ဝေါဟာရများအနက် ကျောင်းသူ/သားများ မေ့တတ်သော ခက်ခဲသော စကားလုံးများရွေးပါ။
(ခ) ထိုစကားလုံးကို ကျောင်းသူ/သားများက ကဒ်ပြား မျက်နှာတစ်ဖက်တွင် ရေးရမည်။
(ဂ) ကျန်မျက်နှာတစ်ဖက်တွင် အောက်ပါတို့ကိုရေးနိုင်သည်။

- ထိုစကားလုံး၏ ဖွင့်ဆိုချက် သို့မဟုတ် ကြောင်းတူသံကွဲစကားလုံး။
- ထိုစကားလုံး ထည့်သုံးထားသောဝါကျ။
- ထိုစကားလုံးနှင့် ပတ်သက်ပြီး ဆွဲထားသောပုံ။
- ထိုစကားလုံး၏ ဘာသာပြန် စသည်တို့မှ တစ်ခုသော်လည်းကောင်း တစ်ခုထက်ပိုတွဲပြီးသော်လည်းကောင်း ရေးထားနိုင်သည်။

(ဃ) ကျောင်းသူ/သားများက ကဒ်များကို မိမိတို့ဘာသာယူဆောင်သွားပြီး အိမ်တွင်၊ လမ်းတွင်၊ ဘတ်စ်ကားစီးချိန်၊ တစ်ခုခုစောင့်ဆိုင်းရချိန် စသည်တို့တွင် ထိုကဒ်များကိုထုတ်ပြီး မိမိတို့မည်မျှ မှတ်မိခြင်းရှိသည်ကို ကိုယ်တိုင်စစ်ကြည့်နိုင်ကြပါသည်။

**ရည်ရွယ်ချက်** – ဝေါဟာရအသစ်များ၏ ပုံစံနှင့် အဓိပ္ပာယ်များကို မှတ်မိစေရန်။

**အခြေအနေ** – ကျောင်းသူ/သား တစ်ဦးစီတွင် ကဒ်ပြားချပ်များ အသီးသီးလိုအပ်သည်။

**ဘလူးမ်** – သိရှိမှတ်သားခြင်း၊ နားလည်သဘောပေါက်ခြင်း။

**အကြီးစားလုပ်ငန်း**



**အသေးစားလုပ်ငန်း**



collective

**အစုအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း**


# ၂.၃ အချက်အလက်အသစ်များ ခင်းကျင်းတင်ပြခြင်း

## လူ့အဖွဲ့အစည်းများအပေါ် ဘာသာရေး ယုံကြည်မှုများက မည်သို့ သက်ရောက်ခဲ့သနည်း

နှစ်ပေါင်းများစွာကြာသည့် ကာလတစ်လျှောက်တွင် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်၊ ဟိန္ဒူနှင့် အခြား နတ်ကိုးကွယ်ခြင်းကဲ့သို့သော ဘာသာရေးအမျိုးမျိုးကို ကိုးကွယ်မှုများရှိခဲ့သည်။ များသောအားဖြင့် ကွန်မြူနစ်ယုံကြည်ချက်များရှိသူအချို့က မည်သည့်ဘာသာမှ မကိုးကွယ်ဘဲလည်း ရှိခဲ့သည်။ ဘာသာရေးကို ကျယ်ပြန့်သော အပိုင်း ၂ ပိုင်းအဖြစ် ပိုင်းခြားကြည့်နိုင်သည်။

စနစ်တကျ ဖွဲ့စည်းတည်ဆောက်မှုရှိသော ဘာသာကြီးများ ဥပမာ – ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ အစရှိသည်တို့တွင် ရှင်းလင်းစွာ ချမှတ်ထားသော လမ်းညွှန်ချက်များ၊ စည်းမျဉ်းများနှင့် ဘဝနေထိုင်မှုမှသည် အမြင့်ဆုံးပန်းတိုင် မည်သို့ ရှိမည်ဆိုသည်အထိပါသည်။ ဦးဆောင်မှုကဏ္ဍသော်လည်းကောင်း အဆင့်ဆင့်ကွပ်ကဲ ဆုံးမမှုသော်လည်းကောင်းရှိပြီး သက်ဆိုင်ရာ အထွတ်အမြတ်နေရာများလည်း ရှိကြသည်။

Animism ဟုခေါ်သော နတ်/သဘာဝ/ရုပ်ဝတ္ထု/တိရစ္ဆာန် စသည်တို့ကို ကိုးကွယ်သော စနစ်တကျ ဖွဲ့စည်းတည်ဆောက်မှုမရှိသော ဘာသာများတွင်မူ ယေဘုယျယုံကြည်မှုတစ်ခုရှိသော်လည်း ဦးဆောင်မှုတစ်ခုခု သို့မဟုတ် တိကျသော လမ်းညွှန်ချက်မူဘောင်များ မရှိပေ။ နတ်/သဘာဝ/တိရစ္ဆာန် ကိုးကွယ်မှုမှာ ရှေးအကျဆုံးသော ကိုးကွယ်မှုဖြစ်သည်။ ထိုကိုးကွယ်မှုစရိုက်နှင့် အလေ့အထများမှာ နောက်ပိုင်းလူတို့ ကိုးကွယ်လာကြသော ဘာသာများတွင် ရောနှောပျော်ဝင်လာခဲ့ကြသည်လည်း ရှိကြသည်။




စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသော ဘာသာများ ဥပမာ – ဗုဒ္ဓဘာသာ၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာတို့ကို မြန်မာနိုင်ငံတွင် ရှေးခေတ်များကတည်းက ကိုးကွယ်မှုရှိခဲ့သည်။ ခရစ်ယာန်ဘာသာကိုမူ ၁၉ ရာစုအတွင်းတွင်မှ သာသနာပြုများက မြန်မာနိုင်ငံသို့ သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။


*မုခ်ဦးပညာရေးမှ ရေးသားထုတ်ဝေသော Histories of Burma စာအုပ်မှ ထုတ်နုတ်ပြင်ဆင် ရေးသားထားပါသည်။*

ဥပမာ စာပိုဒ်

**မှတ်ချက်**

ဤစာသားမှာ မုခ်ဦး ပညာရေး၏ Histories of Burma စာအုပ်မှ ကောက်နုတ်ထားခြင်းဖြစ်သည်။

info@moteoo.org သို့ ဆက်သွယ်ပြီး မှာယူနိုင်ပါသည်။



## ၂.၃.၁ အဓိက ဆိုလိုရင်းရှာပါ

ရည်ရွယ်ချက် – ကျောင်းသူ/သားများက အချက်အလက်များ ထုတ်နုတ်ဖတ်ရှုရန်။

အခြေအနေ – ကျောင်းသူ/သားများ တစ်ဦးချင်း၊ အတွဲလိုက်နှင့် အဖွဲ့လိုက် လုပ်ဆောင်ရန်လိုသည်။

ဘလူးမ် – နားလည်သဘောပေါက်ခြင်း။

(က) ကျောင်းသူ/သားများက ဖတ်စာကို အကျဉ်းဖတ်ရှုပြီး စာပုဒ်၏ အဓိက ဆိုလိုရင်းကို ဖော်ထုတ်ရေးသားရမည်ဖြစ်သည်။

### မူကွဲ

ဤလုပ်ငန်းစဉ်တွင် **ထိန်းကျောင်းကန့်သတ်ပေးမှု ပိုမိုပေးလိုလျှင်** အဖြေမှန် ရွေးခိုင်းသည့်ပုံစံ လုပ်ပေးထားနိုင်သည်။ အဓိကဆိုလိုရင်းမှန် တစ်ချက်နှင့် အချက်မှား ၃ ချက် တို့ကို ရောပေးထားပြီး အမှန်ကို ရွေးခိုင်းနိုင်သည်။

(က) မြန်မာနိုင်ငံတွင် အဓိက ဘာသာကြီး ၅ ရပ်ရှိသည်။

(ခ) မြန်မာနိုင်ငံတွင် လူအများသည် ဘာသာရေးအမျိုးမျိုး ကွဲပြားစွာ ကိုးကွယ်ကြသည်။ (✔)

(ဂ) ကိုးကွယ်ရာ ဘာသာရေးများကို အဓိက အပိုင်း ၂ ပိုင်း ခွဲနိုင်သည်။

(ဃ) နတ်/သဘာဝ/တိရစ္ဆာန် ကိုးကွယ်မှုသည် မြန်မာနိုင်ငံတွင် သက်တမ်းအကြာဆုံးသော ဘာသာဖြစ်သည်။

## ၂.၃.၂ စာသားအမှန် ပြန်စီပါ

ရည်ရွယ်ချက် – ကျောင်းသူ/သားများက အချက်အလက်များ ထုတ်နုတ်ဖတ်ရှုရန်။

အခြေအနေ – ကျောင်းသူ/သားများ တစ်ဦးချင်း သို့မဟုတ် အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက်ဆောင်ရွက်နိုင်ရမည်။

ပြင်ဆင်မှု – စာတစ်ပုဒ်ကို အပိုင်းပိုင်း ဖြတ်ထားသော စာပိုင်းများ အဖွဲ့တိုင်း အတွဲတိုင်း သို့မဟုတ် အယောက်တိုင်းအတွက် တစ်စုံစီလိုအပ်မည်။

ဘလူးမ် – နားလည်သဘောပေါက်ခြင်း။

(က) ကျောင်းသားဦးရေအလိုက် သို့မဟုတ် အတွဲအရေအတွက်အလိုက် သို့မဟုတ် အဖွဲ့အရေအတွက်အလိုက် စာသားကို မိတ္တူလုံလောက်အောင်ဆွဲပါ။ ထို့နောက် ထိုစာပုဒ်၏ စာပိုဒ်များ သို့မဟုတ် ဝါကျများ သို့မဟုတ် စကားစုများအလိုက် အပိုင်းပိုင်းဖြတ်တောက်ပါ။

(ခ) ကျောင်းသူ/သားများက ထိုအပိုင်းများကို မူလစာပုဒ်ရအောင် ပြန်စီရမည်။

စနစ်တကျ ဖွဲ့စည်းတည်ဆောက်မှုရှိသော ဘာသာကြီးများ အနေနှင့် ဥပမာ – ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ အစရှိသည်တို့တွင် ရှင်းလင်းစွာ ချမှတ်ထားသော လမ်းညွှန်ချက်များ၊ စည်းမျဉ်းများနှင့် ဘဝနေထိုင်မှုမှသည် အမြင့်ဆုံးပန်းတိုင် မည်သို့ရှိမည် ဆိုသည်အထိပါသည်။ ဦးဆောင်မှုကဏ္ဍသော်လည်းကောင်း အဆင့်ဆင့်ကွပ်ကဲဆုံးမမှုသော်လည်းကောင်းရှိပြီး သက်ဆိုင်ရာ အထွတ်အမြတ်နေရာများလည်း ရှိကြသည်။

Animism ဟု ခေါ်သော နတ်/သဘာဝ/ရုပ်ဝတ္ထု/တိရစ္ဆာန် စသည်တို့ကို ကိုးကွယ်သော စနစ်တကျ ဖွဲ့စည်းတည်ဆောက်မှုမရှိသော ဘာသာများတွင်မူ ယေဘုယျ ယုံကြည်မှုတစ်ခုရှိသော်လည်း ဦးဆောင်မှုတစ်ခုခု သို့မဟုတ် တိကျသော လမ်းညွှန်ချက်မူဘောင်များ မရှိပေ။ နတ်/သဘာဝ/တိရစ္ဆာန် ကိုးကွယ်မှုမှာ ရှေးအကျဆုံးသော ကိုးကွယ်မှုဖြစ်သည်။ ထိုကိုးကွယ်မှုစရိုက်နှင့် အလေ့အထများမှာ နောက်ပိုင်းလူတို့ ကိုးကွယ်လာကြသော ဘာသာများတွင် ရောနှောပျော်ဝင်လာခဲ့ကြသည်လည်း ရှိကြသည်။

နှစ်ပေါင်းများစွာကြာသည့် ကာလတစ်လျှောက်တွင် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်၊ ဟိန္ဒူနှင့် အခြား နတ်ကိုးကွယ်ခြင်း ကဲ့သို့သော ဘာသာရေးအမျိုးမျိုးကို ကိုးကွယ်မှုများ ရှိခဲ့သည်။ များသောအားဖြင့် ကွန်မြူနစ် ယုံကြည်ချက်များရှိသူ အချို့က မည်သည့်ဘာသာမှ မကိုးကွယ်ဘဲလည်း ရှိခဲ့သည်။ ဘာသာရေးကို ကျယ်ပြန့်သော အပိုင်း ၂ ပိုင်းအဖြစ် ပိုင်းခြားကြည့်နိုင်သည်။

စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသော ဘာသာများ ဥပမာ – ဗုဒ္ဓဘာသာ၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာတို့ကို မြန်မာနိုင်ငံတွင် ရှေးခေတ်များကတည်းက ကိုးကွယ်မှု ရှိခဲ့သည်။ ခရစ်ယာန်ဘာသာကမူ ၁၉ ရာစု အတွင်းတွင်မှ သာသနာပြုများက မြန်မာနိုင်ငံသို့ ပြန့်ပွားစေခဲ့သည်။

# ၂.၃.၃ အကျဉ်းချုပ်များ တွဲစပ်ခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက အသေးစိတ်များရှာဖွေ ဖတ်ရှုရန်။

**အခြေအနေ** – ကျောင်းသူ/ သားများက သင်ပုန်းကိုကြည့်ပြီး တစ်ဦးချင်း၊ အတွဲလိုက်နှင့် အဖွဲ့လိုက်ဆောင်ရွက်နိုင်ရမည်။

**ပြင်ဆင်မှု** – စာပုဒ်အတွက် အကျဉ်းချုပ်ဝါကျများ ရေးသားပြင်ဆင်ထားရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

(က) စာထဲမှ စာပိုဒ်တစ်ပိုဒ်ချင်းအတွက် အကျဉ်းချုပ်ဝါကျတစ်ကြောင်းစီ ရေးသားပြီး သင်ပုန်းပေါ်တွင် အစီအစဉ်လွဲပြီး ရေးသားထားရမည်။

(ခ) ကျောင်းသူ/ သားများအတွက် အချိန်သတ်မှတ်ချက်တစ်ခုပေးပါ။ ၎င်းတို့က စာကိုခြုံငုံဖတ်ပြီး စာပိုဒ်များကို သက်ဆိုင်ရာ အကျဉ်းချုပ်ဝါကျနှင့် တွဲပေးရမည်။

စာရှည်များနှင့် ပိုမိုသင့်လျော်သော လုပ်ငန်းစဉ်ဖြစ်သည်။

**(က)စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသော ဘာသာများအကြောင်း။**

**(ခ) မြန်မာနိုင်ငံ ဘာသာရေးအမျိုးမျိုး၏ သမိုင်းကြောင်း။**

**(ဂ) စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားခြင်း မရှိသော ဘာသာများအကြောင်း။**

**(ဃ)မြန်မာနိုင်ငံတွင် ကိုးကွယ်သော ဘာသာရေး အမျိုးအစား ၂ မျိုးရှိသည်။**

## မူကွဲ

ကျောင်းသူ/ သားများက မိမိတို့ကိုယ်တိုင် အကျဉ်းချုပ်များ ရေးသားပြီး အခြားအဖွဲ့များနှင့် လဲလှယ်ကာ စာပိုဒ်နှင့် အကျဉ်းချုပ် တွဲစပ်ခြင်း ပြုလုပ်နိုင်ပါသည်။

# ၂.၃.၄ ရုပ်ပုံနှင့် စာ တွဲစပ်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက ယေဘုယျ ဆိုလိုရင်းသိအောင် ဖတ်ရှုရန်။

**အခြေအနေ** – ကျောင်းသူ/ သား အားလုံးက ပုံများကို တစ်ညီတည်း မြင်နိုင်ရန် လိုအပ်သည်။

**ပြင်ဆင်မှု** – စာသားနှင့် ဆက်စပ်မှုရှိသော ရုပ်ပုံများကို ရှာဖွေစုဆောင်းရန် သို့မဟုတ် ဆွဲသားထားရန်။


**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း။

(က) သင်ခန်းစာနှင့် ဆက်စပ်သော ပုံများရှာပါ သို့မဟုတ် ဆွဲသားပါ။ ထိုပုံများကို တစ်တန်းလုံးကိုပြပါ သို့မဟုတ် အဖွဲ့တိုင်းအတွက် ထိုပုံများ တူညီစွာ ပေးပါ။ ပုံများမှာ အောက်ပါတို့အတိုင်း ဖြစ်နိုင်သည်။

- ရုပ်ပြဇာတ်လမ်းတစ်ခု၏ အကွက်အချို့၊ ကာတွန်းကွက်တစ်တွဲ။
- စာတစ်ပိုဒ်ချင်းစီနှင့် ပတ်သက်သော ရုပ်ပုံများ။
- အကြောင်းအရာတစ်ခု၏ အစ အလယ် အဆုံးတို့ကို ကိုယ်စားပြုသောပုံများ။

(ခ) အချိန်သတ်မှတ်ချက်တစ်ခု ပေးလိုက်ပါ။ ထိုအချိန်အတွင်းတွင် ကျောင်းသူ/ သားများက စာကို ခြုံငုံဖတ်ပြီး ရုပ်ပုံများကို အစီအစဉ်အလိုက် ဖြစ်သွားအောင် စီရမည်။






## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/ သားများက စာပါအကြောင်းအရာကို စာပြန်မကြည့်ဘဲ ရုပ်ပုံများကိုသာ ကြည့်ပြီး **ပြန်ပြောခြင်း** ပြုစေနိုင်သည်။





# ၂.၃.၅ ခေါင်းစဉ်ကောင်း ပိရမစ်

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက်များ ထုတ်နုတ်ဖော်ရှုရန်။

**အခြေအနေ** – ကျောင်းသူ/သားများအားလုံး စာတစ်ပုဒ်တည်းကို အတူကြည့်ပြီး လုပ်ဆောင်ရမည်။ စာသင်ခန်းအတွင်း လှုပ်ရှားသွားလာပြီး အဖွဲ့များဖွဲ့ပြီး လုပ်ဆောင်နိုင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ကျောင်းသူ/သားများက စာကို အကျဉ်းခြုံငုံဖတ်ကြည့်ပြီး ထိုစာအတွက် ခေါင်းစဉ်တစ်ခု တစ်ဦးချင်း ရွေးချယ်ရမည်။ စာတွင် ခေါင်းစဉ်ပါပြီးသားဆိုပါက အခြားခေါင်းစဉ်တစ်ခု ထပ်စဉ်းစားရမည်။

(ခ) တစ်ဦးစီခေါင်းစဉ်ရပြီးနောက် ၂ ဦးစီ တွဲလိုက်ကြပြီး အချင်းချင်းဆွေးနွေးကာ ခေါင်းစဉ်တစ်ခုကို ၂ ဦး သဘောတူရွေးရမည်။

(ဂ) ထို့နောက် ၂ တွဲစီ ထပ်တွဲကာ ထို ၄ ဦး အဖွဲ့က မိမိတို့ ခေါင်းစဉ်များကို ဆွေးနွေးပြီး အကောင်းဆုံးထင်သော ခေါင်းစဉ်ကို ထပ်မံရွေးချယ်ရမည်။

(ဃ) ပြီးနောက် ၂ ဖွဲ့စီ ထပ်မံပေါင်းလိုက်ကြပြီး ၈ ဦး ဖြစ်သွားသော တစ်ဖွဲ့လုံးက သဘောတူသည့် ခေါင်းစဉ်တစ်ခုတည်းကို ထပ်မံရွေးရမည်။

(င) ထို့နောက် တစ်တန်းလုံးအနေနှင့် အကောင်းဆုံးခေါင်းစဉ်အဖြစ် မည်သည့်တစ်ခုကို ရွေးမည်ကို ဆွေးနွေးရွေးချယ်ရမည်။



## မူကွဲ

ခေါင်းစဉ်ရွေးခြင်း မဟုတ်ဘဲ စာပါ အဓိကဆိုလိုရင်းကို ဆွေးနွေးသည့် **အဓိကဆိုလိုရင်း ပိရမစ်**ကိုလည်း အထက်ပါ နည်းလမ်းအတိုင်းပင် ဆောင်ရွက်နိုင်ပါသည်။

# ၂.၃.၆ အချင်းချင်း ပြန်လည်သင်ကြားခြင်း

(က) ကျောင်းသူ/သား တစ်ဦးချင်းစီကို မူလစာ၏ အပိုင်း တစ်ပိုင်းစီပေးပါ။ ၎င်းတို့က ထိုစာပိုဒ်ကို ဖတ်ပြီး မည်သို့ ပြန်ရှင်းပြနိုင်မည်ကို စဉ်းစားနေရမည်။

(ခ) ကျောင်းသူ/သားများကို အဖွဲ့ပြန်ဖွဲ့ပေးပါ။ တစ်ဖွဲ့စီတွင် ပါဝင်သူအားလုံး စာပုဒ်ရှည်တစ်ပုဒ်လုံး ပြန်ပါအောင် ဖွဲ့ပေးရမည်။ ထို့နောက် စာရွက်များကို ပြန်သိမ်းလိုက်ပါ။

(ဂ) အဖွဲ့တွင်းတွင် ကျောင်းသူ/သားများက မိမိရရှိခဲ့သော စာပိုဒ်ကို ပြန်ရှင်းပြရမည်။ မိမိတို့ကိုယ်ပိုင် စကားလုံးနှင့် နားလည်သလို ပြန်ရှင်းပြရမည်ဖြစ်သည်။ အင်္ဂလိပ်လိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ ပြန်ရှင်းပြနိုင်သည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက်များကို အဓိပ္ပာယ်အဆက်အစပ် အခြေအနေအရ စာသားပြောင်းကာ ပြောဆိုရန်။

**အခြေအနေ** – အဖွဲ့လိုက် စီစဉ်ပြင်ဆင်ပြီး အတန်းသို့ ပြန်လည်တင်ပြရန်။

**ပြင်ဆင်မှု** – စာရှည်တစ်ပုဒ်ကို အပိုင်းလိုက် နံပါတ်တပ်ကာ ဖြတ်တောက်ပြီး ကျောင်းသား တစ်ဦးကို တစ်ပိုင်းပေးသည်ထိ မိတ္တူ လုံလောက်စွာ ဆွဲထားရန်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း။

မြန်မာနိုင်ငံမှာ ကိုးကွယ်ယုံကြည်မှု အမျိုးမျိုးရှိတယ်။ အဓိက ဘာသာအမျိုးအစား ၂ မျိုးရှိတယ်။

တချို့ဘာသာတွေက စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားတဲ့ ဘာသာရေးဖြစ်တယ်။ ဥပမာ – ခရစ်ယာန်၊ ဗုဒ္ဓဘာသာ၊ အစ္စလာမ်တို့ဖြစ်တယ်။ အဲ့ဒီ ဘာသာတွေမှာ ဘာသာရေး ခေါင်းဆောင်တွေရှိတယ်။ ဘာသာရေး ကျမ်းစာတွေရှိတယ်။ ကျမ်းစာတွေ စာပေတွေကနေ လူတွေက ဘယ်လို နေထိုင်ရမယ်ဆိုတာ ဆုံးမတယ်။ အဲ့ဒီဘာသာတွေမှာ သက်ဆိုင်ရာ အဆောက်အအုံတွေရှိတယ်။

နတ်/ တိရစ္ဆာန်/ သဘာဝ ကိုးကွယ်မှုက စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားခြင်း မရှိတဲ့ ဘာသာပါ။ များသောအားဖြင့် ခေါင်းဆောင်၊ ကျမ်းစာ၊ အဆောက်အအုံ စတာတွေ မရှိပါ။ အခြားဘာသာ များစွာကလည်း ဒီဘာသာရဲ့ အလေ့အထ စရိုက်အချို့ကို ကျင့်သုံးပါတယ်။

ဗုဒ္ဓဘာသာ၊ အစ္စလာမ်နဲ့ ဟိန္ဒူဘာသာတို့က မြန်မာနိုင်ငံမှာ ရှေးယခင်ကတည်းက ရှိခဲ့တယ်။ ခရစ်ယာန် ဘာသာက နောင်းပိုင်းမှာ သာသနာပြုတွေနဲ့ ဝင်ရောက်လာခဲ့ပါတယ်။

# ၂.၃.၇ စာသားများကို ပြန်ခွဲခြားပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာကို အသေးစိတ် ဖတ်ရှုရန်။

**အခြေအနေ** – လေ့ကျင့်ခန်း စာရွက်များနှင့် လုပ်ဆောင်ရမည်ဖြစ်သည်။

**ပြင်ဆင်မှု** – အကြောင်းအရာ ဆက်စပ်မှု ရှိသော စာ ၂ ပုဒ်မှ စာသားများကို အစီအစဉ် မပျက်ဘဲ ရောမွှေရေးသားထားသော လေ့ကျင့်ခန်းစာရွက် ပြင်ဆင်ရမည်ဖြစ်သည်။

**ဘလုံးမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ကျောင်းသူ/သား တစ်ဦးချင်း (တစ်တွဲချင်း၊ တစ်ဖွဲ့ချင်း) ကို ဆက်စပ်မှု ရှိသော စာ ၂ ပုဒ်ကို ရောရေးထားသော စာရွက်ပေးရမည်။ ရောနှော ရေးသားခြင်းမှာ စာတစ်ပုဒ်ပြီး တစ်ပိုဒ် ရောမွှေရေးသားခြင်း၊ ဝါကျ တစ်ကြောင်းချင်းစီ ရောမွှေရေးသားခြင်းဟူ၍ ခက်ခဲမှုအဆင့်ကို ချိန်ညှိပေး နိုင်သည်။

(ခ) ကျောင်းသူ/သားများက စာအရောကိုဖတ်ပြီး မည်သည့်စာပိုဒ်၊ စာကြောင်း က မည်သည့်စာတွင် ပါရမည်ကို ဖတ်ရှုခွဲခြားပေးရမည်ဖြစ်သည်။

(ဂ) အလိုရှိပါက ထိုစာ ၂ ပုဒ်ကို ခွဲခြားကူးရေးခိုင်းနိုင်သည်။

နှစ်ပေါင်းများစွာကြာသည့် ကာလတစ်လျှောက်တွင် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်၊ ဟိန္ဒူနှင့် အခြား နတ်ကိုးကွယ်ခြင်း ကဲ့သို့သော ဘာသာရေးအမျိုးမျိုးကို ကိုးကွယ်မှုများ ရှိခဲ့သည်။ /အချို့သော ဘာသာများအတွက် ကောင်းမြတ်မှု မှန်ကန်မှုနှင့် တာဝန်ဝတ္တရားများ ဖြည့်ဆည်းမှုတို့ကို ဝတ်မပျက် ဆောင်ရွက်ရန်မှာ များစွာအရေးကြီးသည်။ /များသော အားဖြင့် ကွန်မြူနစ် ယုံကြည်ချက်များ ရှိသူအချို့က မည်သည့် ဘာသာမှ မကိုးကွယ်ဘဲလည်း ရှိခဲ့သည်။ /သို့သော် ဘာသာရေး အားလုံးတို့ကတော့ လူများကို အချင်းချင်း မေတ္တာထားအောင် သင်ကြားနိုင်သည် မဟုတ်။ /ဘာသာရေးကို ကျယ်ပြန့်သော အပိုင်း ၂ ပိုင်း အဖြစ် ပိုင်းခြားကြည့်နိုင်သည်။ /မကြာသေးမီကပင် လူအချင်းချင်း မေတ္တာထားမှုကို အချို့လူများအတွက် ထားရှိပြီး အချို့အတွက် မထားကြခြင်းကို များစွာ မြင်တွေ့လာရပါသည်။

စာသားအပိုများကို *https://simple.wikipedi a.org/wiki/Religion* မှ ရယူထားပါသည်။

## မူကွဲ

**ခက်ခဲမှုအဆင့်ကို မြှင့်တင်ပေးရန်အတွက်** စာ ၃ ပုဒ် သို့မဟုတ် ၃ ပုဒ်ထက်ပိုပြီး ရောမွှေ ရေးသားပေးနိုင်သည်။

# ၂.၃.၈ အခန်းပတ်လည်မှ စာများ

(က) သင်ခန်းစာနှင့် ပတ်သက်သော စာရှည်တစ်ပုဒ်ကို ၃ ပိုင်းမှ ၆ ပိုင်း အထိ ပိုင်းပြီး နံပါတ်တပ်ကာ နံရံပေါ်တွင်ကပ်ပါ။

(ခ) တစ်ပိုင်းစီအတွက် မေးခွန်း ၂ ခု မှ ၄ ခု အထိရေးပြီး ထိုမေးခွန်းများကို ရောမွှေကာ သင်ပုန်းပေါ်တွင်ရေးပြီးဖြစ်စေ စာရွက်နှင့်ဖြစ်စေ ကျောင်းသားများကို ပေးပါ။

(ဂ) ကျောင်းသူ/သားများက အခန်းပတ်လည်ကိုသွားကာ စာသားများကို လိုက်လံဖတ်ပြီး မေးခွန်းများကိုဖြေရမည်။ မေးခွန်းတစ်ခုစီ၏ အဖြေတွေ့ခဲ့သည့် အပိုင်း၏ နံပါတ်များကိုလည်း မေးခွန်းအလိုက် မှတ်သားလာရမည် ဖြစ်သည်။


**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာကို အသေးစိတ် ဖတ်ရှုစေရန်။

**အခြေအနေ** – ကျောင်းသူ/သားများသည် အခန်းပတ်လည်မှ နံရံများပေါ်တွင် ကပ်ထားသော စာများကို သွားလာဖတ်ရှုနိုင်ရမည်။

**ပြင်ဆင်မှု** – စာသား ၃ ခုမှ ၆ ခု အထိကို နံရံတွင် ကပ်ထားပြီး စာသားတစ်ခုစီပါ အကြောင်းအရာများအတွက် မေးခွန်းအချို့ ပြင်ဆင်ရေးသားထားရမည်။

**ဘလူးမ်** – သိရှိမှတ်သားခြင်း၊ နားလည်သဘောပေါက်ခြင်း။

| မေးခွန်း | အဖြေ | အဖြေပါသော စာသားနံပါတ် |
|---|---|---|
| (က) စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသော ဘာသာဆိုသည်မှာ အဘယ်နည်း။ | လမ်းညွှန်ချက်များ ခေါင်းဆောင်များနှင့် အဆောက်အအုံများရှိသော ဘာသာ | ၁ |
| (ခ) ဘာသာမဲ့များက မည်သည့် ဘာသာကို သက်ဝင်သနည်း။ | မည်သည့် ဘာသာကိုမှ ကိုးကွယ် သက်ဝင်ခြင်း မရှိ | ၃ |
| (ဂ) အစ္စလာမ်ဘာသာမှ အထွတ်အမြတ် ကျမ်းစာမှာ အဘယ်နည်း။ | | |
| (ဃ) နတ်/သဘာဝ/တိရစ္ဆာန် ကိုးကွယ်သည့် ဘာသာမှာ စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည့် ဘာသာ ဖြစ်ပါသလား။ | | |
| (င) ဘာသာမဲ့များနှင့် ဘုရားမသိသူများကြားတွင် မည်သို့ ကွာခြားသနည်း။ | | |
| (စ) မြန်မာနိုင်ငံတွင် နိုင်ငံတော်ဘာသာ ရှိပါသလား။ | | |
| (ဆ) ခရစ်ယာန်ဘာသာက မြန်မာနိုင်ငံကို မည်သည့် အချိန်က ရောက်ရှိခဲ့ပါသလဲ။ | | |



## မူကွဲ

ဤလုပ်ငန်းစဉ်ကို အဖွဲ့လိုက်လုပ်ငန်းစဉ် တစ်ခုအဖြစ် ဆောင်ရွက်စေနိုင်သည်။ အဖြေမှန် အများဆုံးရရှိပြီး အမြန်ဆုံးပြီးသော အဖွဲ့ကို ဆုပေးခြင်းမျိုးလည်း လုပ်နိုင်သည်။

# ၂.၃.၉ နားထောင်ရေးမှတ်ခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက်များကို စကားလုံး ပြောင်းရေးခြင်း ပြုလုပ်ရန်။

**အခြေအနေ** – ကျောင်းသူ/သားအားလုံးက စာသားကို ကောင်းစွာကြားနိုင်ရန် လိုအပ်သည်။

**ဘလုံးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း။

(က) စာသားကို ပုံမှန်နှုန်းနှင့် ဖတ်ပြ/ဖွင့်ပြပါ။

(ခ) နောက်တစ်ကြိမ် ထပ်ဖတ်ပြ/ဖွင့်ပြပါ။ တစ်ပိုဒ်ပြီးတိုင်းတွင် ခေတ္တရပ်ပေးပြီး အရေးကြီးအချက်အလက်များ ရေးချမှတ်သားခွင့်ပေးပါ။ ကျောင်းသူ/သားများက မိမိတို့နားလည်သလို ချမှတ်ရမည်ဖြစ်သည်။ ကြားရသည့်အတိုင်း ၏၊ သည်မရွေး မမှတ်ရပါ။

(ဂ) ထိုနည်းလမ်းအတိုင်း နောက်တစ်ကြိမ် ဖတ်ပြ/ဖွင့်ပြပါ။ လိုအပ်ပါက နောက်ဆုံးတစ်ကြိမ်ထပ် ဖတ်ပြ/ဖွင့်ပြပါ။

(ဃ) ထို့နောက် ကျောင်းသူ/သားများက မိမိတို့ ရေးသားထားသော စာသားများကို အချင်းချင်းလဲလှယ်ပြီး နှိုင်းယှဉ်ကြကာ လိုအပ်နေသည်ရှိက ထပ်မံပေါင်းထည့် ရေးသားခြင်းများ ပြုလုပ်ရမည်။

(င) ကျောင်းသူ/သားများကို မူရင်းစာသား ပြသလိုက်ပြီး ၎င်းတို့ နားထောင်ရေးသားထားသည်နှင့် နှိုင်းယှဉ်ခိုင်းပါ။ အရေးကြီး အချက်အလက်များ ပြည့်စုံမှုရှိ၊ မရှိ စစ်ကြည့်ခိုင်းပါ။

နှစ်ပေါင်းများစွာ ကြာသည့် ကာလတစ်လျှောက်တွင် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်၊ ဟိန္ဒူနှင့် အခြား နတ်ကိုးကွယ်ခြင်း ကဲ့သို့သော ဘာသာရေး အမျိုးမျိုးကို ကိုးကွယ်မှုများ ရှိခဲ့သည်။ များသောအားဖြင့် ကွန်မြူနစ် ယုံကြည်ချက်များ ရှိသူ အချို့က မည်သည့် ဘာသာမှ မကိုးကွယ်ဘဲလည်း ရှိခဲ့သည်။ ဘာသာရေးကို ကျယ်ပြန့်သော အပိုင်း ၂ပိုင်း အဖြစ် ပိုင်းခြားကြည့်နိုင်သည်။

မြန်မာလူမျိုးတွေမှာ ဘာသာရေးအမျိုးမျိုး ရှိခဲ့ကြတယ်။ တချို့ဘာသာတွေက ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်၊ ဟိန္ဒူနဲ့ နတ်ကိုးကွယ်တဲ့ ဘာသာတွေဖြစ်တယ်။ ကွန်မြူနစ်တွေမှာ ဘာသာမရှိဘူး၊ ဘာသာရေး အမျိုးအစား ၂မျိုးခွဲတယ်။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

တူညီသောအကြောင်းအရာကို ပြောဆိုပုံ တင်ပြပုံ မည်သို့ ကွဲလွဲကြကြောင်းကို အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးဖြစ်စေ ဆွေးနွေးစေနိုင်ပါသည်။

# ၂.၃.၁၀ လိုရင်းရှာသော မေးခွန်းများ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာသားတစ်ခုမှ အဓိကအကြောင်းအရာကို ရှာဖွေဖတ်ရှုရန်။

**ပြင်ဆင်မှု** – အဓိကအကြောင်းအရာကို စူးစိုက်မိစေရန် မေးခွန်းများဖြစ်စေ၊ အခြား အမျိုးအစား လေ့ကျင့်ခန်းငယ်များဖြစ်စေ ပြင်ဆင်ရေးသားရန် လိုအပ်ပါသည်။

**ဘလုံးမ်** – နားလည်သဘောပေါက်ခြင်း။

(က) ကျောင်းသူ/သားများကို စာသား၏ လိုရင်းကို ရှာစေသော မေးခွန်းတစ်ခုပေးပါ။ လိုရင်းကို ရှာစေသော မေးခွန်းပုံစံများမှာ အောက်ပါတို့အတိုင်းဖြစ်သည်။

- ရှင်းလင်းဖြေဆိုရသော မေးခွန်း သို့မဟုတ် သဘောတူကြောင်း မတူကြောင်း ဖြေရသော မေးခွန်းများ။

**မြန်မာနိုင်ငံတွင် မည်သည့် ဘာသာရေးများ ကိုးကွယ်ကြသနည်း။**

**မြန်မာနိုင်ငံတွင် ဘာသာရေး အမျိုးအစား များပြားစွာ ရှိပါသလား။**

- ကွက်လပ်ဖြည့်မေးခွန်း။

**အချို့ကိုးကွယ်ရာဘာသာများမှာ –––––– ဖြစ်ပြီး အချို့မှာ စနစ်တကျ ဖွဲ့စည်းတည်ဆောက်မှု မရှိသော ဘာသာများဖြစ်သည်။**

- မှန်/ မှား မေးခွန်းများ။

**မြန်မာနိုင်ငံတွင်ရှိသော ဘာသာရေးများသည် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသော ဘာသာများမှ စတင်ခဲ့သည်။ ဥပမာ – ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာတို့ ဖြစ်ကြသည်။ (မှန်/မှား)**

(ခ) ကျောင်းသူ/သားများက စာပုဒ်ကို အကျဉ်းချုံး ခြုံငုံဖတ်ရှုကြည့်ပြီး အထက်ပါမေးခွန်းများကို ဖြေရမည်ဖြစ်သည်။ အရေးကြီးသည်မှာ မေးခွန်းများသည် စာပါ အသေးစိတ်တစ်ခုခုကို မေးမည့်အစား စာတစ်ပုဒ်လုံးကို ခြုံငုံနားလည်မှ ဖြေနိုင်မည်ဖြစ်သော ယေဘုယျ အဖြေမျိုးကို ဦးတည်ပြီးမေးသင့်သည်။

# ၂.၃.၁၁ ပြေးလွှားခေါ်ပေး စာရေးခြင်း

**ရည်ရွယ်ချက်** – စာပါအကြောင်းအရာကို တိကျမှန်ကန်စွာ လက်ဆင့်ကမ်း ပြောပြစေရန်။

**အခြေအနေ** – ဆူညံလှုပ်ရှားနေမည့် လုပ်ငန်းစဉ်ဖြစ်သည်။ စာသင်ခန်းအတွင်း ပြေးလွှားလှုပ်ရှားမှုများရှိမည်။

**ပြင်ဆင်မှု** – အဖွဲ့တစ်ဖွဲ့စီအတွက် စာသား တစ်ခုစီ မိတ္တူလုံလောက်စွာ ဆွဲထားရမည်။

**ဘလူးမ်** – သိရှိမှတ်သားခြင်း။

(က) ၄ ဦးမှ ၁၀ ဦးထိကို အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီး လုပ်ဆောင်ရမည်။ အဖွဲ့တွင်းတွင် စာရေးသူတစ်ဦး ရွေးရမည်။ ထိုစာရေးသူက အခန်း၏ အခြားဘက်သို့ အဖွဲ့ကိုထားခဲ့ပြီး သွားနေရမည်။ ကျန်ခဲ့သည့် အဖွဲ့ဝင်များကို ပြင်ဆင်ထားသော စာသားများကို ပေးရမည်။


(ခ) ပထမဆုံးအဖွဲ့ဝင်က ရလာသည့် စာသား၏ ပထမဆုံး မှတ်မိနိုင်သမျှ အပိုင်းကို မှတ်သားပြီး အခန်းတစ်ဖက်မှ စာရေးသူဆီ ပြေးသွားကာ မိမိ မှတ်မိသည်ကို ပြန်ခေါ်ပေးရမည်။ စာရေးသူက ခေါ်ပေးသည်ကို လိုက်ရေးရမည်။ ခေါ်ပေးစရာ ကုန်သည့်အခါ အခန်းတစ်ဖက် အဖွဲ့ရှိရာသို့ ပြန်ပေးလာရမည်။

(ဂ) ထိုအခါ ဒုတိယအဖွဲ့ဝင်က ပထမတစ်ဦး ရပ်သွားခဲ့သည့်နေရာမှ ဆက်ပြီး နောက်တစ်ပိုင်းကို အလွတ်မှတ်ကာ စာရေးသူဆီသို့ ပြေးသွားပြီး ပြောပြရမည်။

(ဃ) ၎င်းကို အချိန်ပြည့်သည့်အထိ (ဥပမာ – ၁၀ မိနစ်) သို့မဟုတ် အဖွဲ့တစ်ဖွဲ့က စာတစ်ပုဒ်လုံး ပြီးသည့်အထိ ဆက်သွားစေနိုင်သည်။


(င) အဖွဲ့များက မိမိတို့စာရေးသူ အဖွဲ့ဝင်ရေးသားထားသည့် စာသားများကို လဲလှယ်ပြီး အမှတ်ခြစ် စစ်ဆေးကြရမည်။ စစ်ဆေးရာတွင် အရေးမကြီးသည့် စာလုံးပေါင်းနှင့် သဒ္ဒါအမှားများကို လျစ်လျူရှုပြီး အချက်အလက်များ အားလုံးပါအောင် အဓိပ္ပာယ် မှန်ကန်စွာ ပါအောင် ရေးနိုင်ခြင်းကို စစ်ဆေးရမည်။




## မူကွဲ

လုပ်ငန်းစဉ်ကို **ပိုမိုလွယ်ကူအောင်အတွက်** ခက်ခဲသော အဓိကဝေါဟာရများကို သင်ပုန်းပေါ်တွင် ရေးသားထားပေးနိုင်သည်။



# အခန်း ၃ နားလည်သဘောပေါက်ခြင်း လုပ်ငန်းစဉ်များ

## နားလည်သဘောပေါက်ခြင်း ဟူသည်မှာ

တစ်စုံတစ်ခုကို သိရှိနားလည်ခြင်းဟူသည့် ဆိုလိုရင်းဖြင့် နားလည်သဘောပေါက်ခြင်းဟူသည့် ဝေါဟာရကို အသုံးပြုထားပါသည်။ မိမိတို့ နေ့စဉ်ဘဝများမှ ဥပမာတစ်ခုကို ထုတ်ပြပါက ရထားအချိန်ဇယားတစ်ခုကိုကြည့်ပြီး မိမိမှာ မည်သည့်ရထားကို စီးရမည်၊ မည်သည့်ရထားက မည်သည့်အချိန် မည်သည့်နေရာသို့ ရောက်မည်ကို ရှင်းရှင်းလင်းလင်း သိရှိခြင်းကို ထိုဇယားအား နားလည်သဘောပေါက်သည်ဟု ဆိုနိုင်ပေမည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချက်အလက်များအားလုံးကို ရထားအချိန်ဇယားအတွင်းတွင် ဖော်ပြပြီးသားဖြစ်ပြီး ဖော်ပြထားသည့်အတိုင်း သိရှိနားလည်ခြင်းကြောင့်ဖြစ်သည်။


ဆရာ/မများအနေနှင့် မိမိတို့ကျောင်းသူ/သားများတွင် အလားတူ နားလည်သဘောပေါက်ခြင်းရှိ၊ မရှိကို လူမှုသိပ္ပံဘာသာရပ် သင်ခန်းစာများ၏ အစောပိုင်းကတည်းက စစ်ဆေးထောက်ကူသွားရန် လိုအပ်ပါသည်။ စာသင်ခန်းထဲတွင် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းမှာ သတင်းအချက်အလက်အသစ် စတင်ခင်းကျင်းတင်ပြခြင်းအပြီး ချက်ချင်းပြုလုပ်ကြပါသည်။ နားလည်သဘောပေါက်ခြင်း လုပ်ငန်းစဉ်အများစုမှာ ထိန်းကျောင်းကန့်သတ်မှုများသော လုပ်ငန်းစဉ်များလည်း ဖြစ်ကြပါသည်။ ကျောင်းသူ/သားများက အသစ်စဉ်းစား ဖန်တီးနေသော ထိန်းကျောင်းကန့်သတ်မှုမရှိသော လုပ်ငန်းစဉ်များမလာခင် နားလည်သဘောပေါက်ခြင်း လုပ်ငန်းစဉ်များကို ဦးစွာစီစဉ်ပေးထားရသည်။

စာသားတစ်ခုကို စတင်ခင်းကျင်း တင်ပြလိုက်သည့်အခါတွင် ကျောင်းသူ/သားများအနေနှင့် စာသားတွင်းမှာ အစိတ်အပိုင်းအမျိုးမျိုးကို ခွဲခြားနိုင်ခြင်း ရှိ၊ မရှိကြည့်ပါ။ ဥပမာ – ဝေါဟာရများ၏ အဓိပ္ပာယ်များ၊ အချိန်နှင့် နေ့စွဲများ၊ အဓိကအချက်အလက်များနှင့် အရေးပါသော အသေးစိတ်များကို ခွဲခြားနားလည်ခြင်းရှိ၊ မရှိကြည့်ပါ။ ထိုသို့လုပ်ခြင်းမှာ စာတွင် ဖော်ပြပါရှိသော ‘စာပါအကြောင်းအရာ’ များကို ကျောင်းသူ/သားများ နားလည်ခြင်းရှိ၊ မရှိ သိနိုင်ရန်ဖြစ်သည်။ ကောင်းစွာ နားလည်သဘောပေါက်ခြင်းသည် ကောင်းစွာ ဖတ်ရှုနိုင်ခြင်းနှင့် ကောင်းစွာတွေးခေါ်နိုင်ခြင်းကို အားပေးပေသည်။ ထို့ပြင် စာကိုရှင်းလင်းစွာ နားလည်သဘောပေါက်ခြင်းသည် သင်ခန်းစာအတွင်းတွင် ကျောင်းသူ/သားများက ပိုမိုယုံကြည်မှုရှိစွာ သင်ယူနိုင်ရန်လည်း ထောက်ပံ့သည်။

နားလည်သဘောပေါက်ခြင်းရှိ၊ မရှိ စစ်ဆေးရန်အတွက် ကျောင်းသားများကို စာတွင်ပါသည့် စကားအတိအကျအတိုင်း ပြန်မှတ်မိအောင် ကြိုးစားခြင်းထက် စာပါအကြောင်းအရာကို စဉ်းစားစေခြင်းက ပိုမိုထိရောက်သည်။ ပုံပါစာသားနှင့် အောက်ပါဥပမာများကို ယှဉ်ကြည့်ပါ။

~~အာဆီယံ အဖွဲ့ဝင်နိုင်ငံ မည်မျှရှိသနည်း။~~

အထက်ပါမေးခွန်းမှာ နားလည်မှုစစ်ဆေးရန် ကောင်းသောမေးခွန်း မဟုတ်ပါ။ မေးခွန်းက စကားလုံးအတိုင်း အတိအကျမှာ စာထဲတွင် ရေးသားထားသောကြောင့် ဖြစ်သည်။




အာဆီယံတွင် နိုင်ငံမည်မျှပါဝင်သနည်း။

၎င်းမေးခွန်းမှာ ပိုမိုကောင်းမွန်မည်။ အဘယ့်ကြောင့်ဆိုသော် ပေးထားသည့် စကားလုံးအတိအကျကို မူလစာသားအတွင်းတွင် လိုက်လံတိုက်ကြည့်နိုင်ခြင်း မဟုတ်သောကြောင့်ဖြစ်သည်။

~~အာဆီယံအဖွဲ့ဝင်နိုင်ငံ ၉ နိုင်ငံ ရှိပါသလား။~~

ဤမေးခွန်းသည်လည်း စကားလုံးအတိအကျကို မှတ်မိခြင်းအပေါ်သာ အားထားသော မေးခွန်းဖြစ်သည်။

မှန်/ မှားရွေးပါ – အာဆီယံအောက်တွင် နိုင်ငံပေါင်း ၁၂ နိုင်ငံ ဝင်ရောက်ထားသည်။
ဤမေးခွန်းက ပိုသင့်တော်မည်။

နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ စစ်ဆေးသော လုပ်ငန်းစဉ်များမှာ နားလည်သဘောပေါက်ခြင်း၏ သက်သေ သင်္ကေတများကို လိုက်လံ စစ်ဆေးခြင်းဖြစ်သည်။ ထိုသို့ ပြုလုပ်ရန်အတွက် မေးခွန်း မေးမြန်းခြင်း နည်းလမ်းအသစ်များကို ရှာဖွေစမ်းသပ်ပြီး လုပ်ဆောင်နိုင်ပါသည်။ သင်ခန်းစာ၏ ဤအဆင့်တွင် မိမိကျောင်းသူ/ သားတို့သည် မိမိပေးထားသော အချက်အလက်အသစ်များ၊ အကြောင်းအရာများကို မည်သည်က မည်သည့်အချက်အလက် အမျိုးအစားများဖြစ်ကြောင်း ခွဲခြားနားလည်ခြင်းရှိ၊ မရှိကို စစ်ဆေးရန်သာ ဖြစ်ပါသည်။

နားလည်သဘောပေါက်ကြောင်း သေချာအောင် စစ်ဆေးပြီးသွားပါက ဆက်လာမည့် သင်ခန်းစာ လုပ်ငန်းစဉ်များတွင် မိမိကျောင်းသူ/ သားများက ထိုသိရှိပြီး အချက်အလက် အကြောင်းအရာများကို မှန်/ မမှန် သုံးသပ်ဝေဖန်ခြင်း၊ မိမိတို့ အမြင်များကို ဖော်ပြခြင်း တွေးတောခြင်းများ ဆက်လက်ဖြစ်လာအောင် လုပ်ဆောင်ရတော့မည်ဖြစ်သည်။


---

## ဥပမာ စာပိုဒ်

### ပျမ်းမျှလူ့သက်တမ်း

ပျမ်းမျှလူ့သက်တမ်းဆိုသည်မှာ လူတစ်ဦးအသက်ရှင်နေထိုင်နိုင်ရန် မျှော်မှန်းနိုင်သည့် အသက်အပိုင်းအခြားပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ပျမ်းမျှလူ့သက်တမ်းသည် ၄၉ နှစ်ဟုဆိုပါက၊ အဆိုပါ ၄၉ နှစ်သည် ပျမ်းမျှဂဏန်းသာဖြစ်ပြီး ထိုနိုင်ငံမှ လူတိုင်းသည် ၄၉ နှစ်တွင် သေဆုံးမည်ဟု မဆိုလိုပါ။ အချို့လူများမှာ ၄၉ နှစ်ထက် ပိုမိုရှည်ကြာစွာ အသက်ရှင်နေထိုင်နိုင်မည်ဖြစ်ပြီး အချို့မှာလည်း ၄၉ မရောက်မီတွင် သေဆုံးနိုင်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ လူနေမှုအဆင့်အတန်း မြင့်တက်လာသည်နှင့်အမျှ ပျမ်းမျှလူ့သက်တမ်း အပိုင်းအခြားသည်လည်း မြင့်တက်ကောင်းမွန်လာနိုင်ပါသည်။




အမေရိကန်နိုင်ငံ၊ အနောက်ဥရောပနှင့် ဂျပန်နိုင်ငံတို့တွင် လူအများစုသည် ပျမ်းမျှသက်တမ်း ၇၀ နှင့် အထက် နေထိုင်နိုင်ကြသည်။ အာဖရိကမှ အချို့နေရာများတွင် အသက် ၅၀ မှ ၆၀ အထိသာ နေနိုင်ရန် မျှော်မှန်းနိုင်သည်။ အချို့နိုင်ငံများတွင် ထို့အောက်ပင် လျော့နည်းနိုင်ပေသည်။

*Development in Context, Longman, Namibia* (၁၉၉၇) မှ ကောက်နုတ်တည်းဖြတ်ထားပါသည်။

*Statistics from: World Health Organisation (2013)*

**မှတ်ချက်**

ဤစာသားသည် ဒေသအလိုက် ထုတ်ထားသော ပညာရေးဖတ်စာများမှ ကောက်နုတ်ထားခြင်းဖြစ်သည်။ ဤနေရာတွင် အသုံးပြုရန်အတွက် ပြောင်းလဲပြင်ဆင်မှုများစွာ ပြုလုပ်ထားပါသည်။ ကိန်းဂဏန်းအချက်အလက်များမှာ အခြားနေရာများမှ ရှာဖွေပြီး ထည့်သွင်းထားခြင်းလည်း ဖြစ်ပါသည်။

## ဥပမာ စာပိုဒ်

**မှတ်ချက်**


ဤစာသားမှာ မြန်မာတိုင်းမ်ဂျာနယ်မှ သတင်းဆောင်းပါးတစ်ပုဒ်အား မုခ်ဦးပညာရေးမှ၎င်းတို့၏ Gender: Issues and Perspectives စာအုပ်တွင် ကောက်နုတ်ထားခြင်းကို ပြန်လည်ပြုပြင် ပြန်ဆိုထားခြင်းဖြစ်ပါသည်။

### မြို့တွင်းဘတ်စ်ကားများပေါ်မှ ခရာလှုပ်ရှားမှု

ရန်ကုန်ဘတ်စ်ကားလိုင်းများတွင် ဖြစ်ပေါ်နေသော လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ထိပါးမှုများကို တိုက်ဖျက်ရန်ဆောင်ရွက်သော လှုပ်ရှားမှုတစ်ခုတွင် ကုမ္ပဏီများ၊ ယာဉ်မောင်းများနှင့် နိုင်ငံရေးသမားများပါ ဝိုင်းဝန်းပူးပေါင်း ပါဝင်လာကြသည်။ 'ခရာမှုတ် အကူအညီတောင်းပါ' ဟူသည့် လှုပ်ရှားမှုတွင် စေတနာ့ဝန်ထမ်း ၁၅၀ ဦးခန့်က လူထူထပ်သော ဘတ်စ်ကားမှတ်တိုင် ၈ ခုတွင် ခရာများနှင့် လက်ကမ်းစာစောင်များ ဝေငှကြသည်။ လက်ကမ်းစာစောင်များတွင် အမျိုးသမီးများကို ဘတ်စ်ကားပေါ်တွင် နှောင့်ယှက်ထိပါးမှုကြုံပါက ခရာမှုတ်ပြီး အကူအညီ တောင်းခံနိုင်ကြောင်း ရှင်းပြရေးသားထားသည်။

'ထိပါးနှောင့်ယှက်သော အမှုအကျင့်ဆိုး ပပျောက်ရေးအတွက် ခရာမှုတ် အကူအညီတောင်းခံသော အမျိုးသမီးများကို အကူအညီပေးပါ' ဟူ၍ လက်ကမ်းစာစောင်တွင် ရေးသားတိုက်တွန်းထားသည်။

ထိုလှုပ်ရှားမှုကို လက်ခံတုံ့ပြန်ချက်တစ်ခုအနေနှင့် ပါရမီယာဉ်လိုင်းက အမျိုးသမီးသီးသန့်ယာဉ်လိုင်း ဝန်ဆောင်မှုကို မနက်ပိုင်းနှင့် ညနေပိုင်းခရီးသည် များပြားပြီး အမျိုးသမီးများ ထိပါးနှောင့်ယှက်ခြင်း ခံရနိုင်ခြေ ပိုများသော ကားကျပ်ချိန်များတွင် စီစဉ်ထားသည်။




ထိုလှုပ်ရှားမှုသည် နေ့စဉ်သွားလာ လှုပ်ရှားနေသော ခရီးသည်များအကြားတွင်လည်း ထောက်ခံမှုရရှိထားသည်။ မိမိတို့ မိတ်ဆွေ မိသားစုနှင့် လုပ်ဖော်ကိုင်ဖက်များကို လက်ဆင့်ကမ်းရန်အတွက် ခရာများ ထပ်မံတောင်းခံကြခြင်းလည်း ရှိလာကြပါသည်။

*Cherry Thein, Myanmar Times Volume 31, No. 616, 2012, in Mote Oo's Gender: Issues and Perspectives, 2013 ကို ပြုပြင်ပြန်ဆိုထားပါသည်။*

# ၃.၁.၁ ဆိုလိုရင်းကို ရွေးချယ်ခြင်း

(က) အဖြေမှန် ရွေးချယ်ခြင်း လေ့ကျင့်ခန်းတစ်ခုပြင်ဆင်ပါ။ ရွေးချယ်ရမည့် အချက်များထဲမှ တစ်ခုမှာ စာပါ အဓိကဆိုလိုရင်းဖြစ်ပြီး ကျန်အချက်များမှာ အဓိကဆိုလိုရင်း မဟုတ်ရပါ။

(ခ) ကျောင်းသူ/သားများက စာပါ အဓိကဆိုလိုရင်းကို ရှာဖွေရွေးချယ်ရမည်ဖြစ်သည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက မည်သည်က အဓိကဆိုလိုရင်းဖြစ်သည် မည်သည်က ပံ့ပိုးထားသော အချက်အလက်များ ဖြစ်သည်ကို ရွေးချယ်သတ်မှတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ပြင်ဆင်မှု** – အဖြေမှန် ရွေးချယ်ခြင်း လေ့ကျင့်ခန်း ပြင်ဆင်ရေးသားပေးရန် လိုအပ်သည်။

**ဘလုးမ်** – နားလည်သဘောပေါက်ခြင်း။

## မူကွဲ

**ထိန်းကျောင်းကန့်သတ်ထားမှု လျှော့ချပေးရန်အတွက်** ရွေးစရာအချက်များ ပေးမထားဘဲ စာပါ အဓိကဆိုလိုရင်းကို မိမိတို့ကိုယ်တိုင် ရှာဖွေသတ်မှတ်ခိုင်းနိုင်ပါသည်။

(က) လူမှုအဆင့်အတန်း မြင့်တက်သည်နှင့်အမျှ ပျမ်းမျှလူ့သက်တမ်း တိုးတက်လာမည်ဖြစ်သည်။
(ခ) နိုင်ငံအမျိုးမျိုးတွင် ပျမ်းမျှလူ့သက်တမ်း အမျိုးမျိုးရှိကြသည်ဖြစ်သည်။
(ဂ) မြန်မာနိုင်ငံမှ ပျမ်းမျှလူ့သက်တမ်းမှာ ၆၇ နှစ်ဖြစ်သည်။
(ဃ) ပျမ်းမျှလူ့သက်တမ်းဆိုသည်မှာ နိုင်ငံတွင်းမှ လူများ အသက်ရှင် နေထိုင်နိုင်သည့် ခုနှစ်များကို ပျမ်းမျှတွက်ထားခြင်းဖြစ်သည်။

(က) ဘတ်စ်ကားလိုင်းတစ်လိုင်းက အမျိုးသမီးသီးသန့် ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။
(ခ) ဘတ်စ်ကားများပေါ်တွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ထိပါးခြင်းကို ကာကွယ်တားဆီးရန် လှုံ့ဆော်လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်နေသည်။
(ဂ) လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ထိပါးမှုသည် ပြဿနာကိစ္စရပ်ကြီးကြီးမားမား တစ်ခုပင်ဖြစ်သည်။
(ဃ) ကားပေါ်တွင် ထိပါးနှောင့်ယှက်ခံရသူကို အခြားခရီးသည်များက ဝိုင်းဝန်းကာကွယ် ကူညီပေးသင့်သည်။

# ၃.၁.၂ ထောက်ကူပံ့ပိုးသော အချက်အလက်များ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အဓိကအချက်အလက်နှင့် ထောက်ကူပံ့ပိုးသည့် အချက်များကို ရှာဖွေဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလုးမ်** – နားလည်သဘောပေါက်ခြင်း။

ကျောင်းသူ/သားများက စာတစ်ပုဒ်မှ ဆိုလိုရင်းအဓိကအချက်ကို ရှာဖွေရမည်။ ထို့နောက် ထိုအဓိကအချက်ကို ပံ့ပိုးထောက်ခံထားသော အချက်အလက်များကို ဆက်လက်ဖော်ထုတ်ရမည်။

ပျမ်းမျှလူ့သက်တမ်းဆိုသည်မှာ နိုင်ငံတွင်းရှိ လူများ အသက်ရှင်နေထိုင်မှု သက်တမ်းကို ပျမ်းမျှတွက်ထားခြင်းဖြစ်သည်။
- အချို့လူများမှာ ပျမ်းမျှထက် အသက်ပိုရှည်ကြပြီး အချို့မှာ ပျမ်းမျှအောက် လျော့ကြသည်။
- နိုင်ငံအမျိုးမျိုးတွင် ပျမ်းမျှလူ့သက်တမ်းအမျိုးမျိုး ရှိကြသည်။

ယာဉ်လိုင်းများပေါ်မှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ထိပါးမှု ကာကွယ်တိုက်ဖျက်သော လှုပ်ရှားမှုတစ်ခု ပေါ်ပေါက်နေသည်။
- နှောင့်ယှက်ထိပါးခံရပါက အမျိုးသမီးများမှ ခရာမှုတ် အကူအညီ တောင်းနိုင်စေရန် စေတနာ့ ဝန်ထမ်းများသည် ခရာများ ဝေငှလျက်ရှိသည်။
- ခရာမှုတ် အကူအညီတောင်းသော အမျိုးသမီးများကို အကူအညီပေးရန် ခရီးသည်များကို တိုက်တွန်းထားသည်။
- ယာဉ်လိုင်းတစ်ခုက အမျိုးသမီးသီးသန့် ဝန်ဆောင်မှုများ ပေးနေသည်။

## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှု ပိုမိုပေးထားနိုင်ရန်အတွက်** အဓိကအချက်နှင့် ထောက်ကူပံ့ပိုးသောအချက်များကို ရောမွှေကာပေးထားနိုင်ပြီး ကျောင်းသားများက ၎င်းတို့ကို ပြန်လည်စီစဉ် ရွေးထုတ်ပေးရမည်ဖြစ်သည်။

# ၃.၁.၃ မှန်/မှား ရွေးပါ

(က) သင်ခန်းစာပါ အချက်အလက်များနှင့် ပတ်သက်ပြီး မှန်ကန်စွာ ရေးထားသော ဖော်ပြချက်များနှင့် မှားယွင်းသော ဖော်ပြချက်များ ရေးသားပြင်ဆင်ပါ။

(ခ) ကျောင်းသူ/သားများက မည်သည့် ဖော်ပြချက်များမှာ မှန်ကန်သည် မည်သည်တို့မှာ မှားယွင်းသည်ဟု ရွေးချယ်ရမည်ဖြစ်သည်။

(ဂ) ဖော်ပြချက်တစ်ခုခုက မှားယွင်းနေပါက မှန်အောင် ပြန်ပြင်ရေးရပါမည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက မိမိတို့ အသေးစိတ် နားလည်ခြင်းရှိ၊ မရှိ စစ်ဆေးရန်။

**အခြေအနေ** – သင်ပုန်းကို ကြည့်ပြီးဖြစ်စေ၊ စာရွက်များတွင်ဖြစ်စေ လုပ်ဆောင်ရမည်။

**ပြင်ဆင်မှု** – မှန်/မှား ရောထွေးထားသော ဖော်ပြချက်များ ရေးသားပြင်ဆင်ထားရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

(က) ဂျပန်မှ ပြထားသော နိုင်ငံအားလုံးတွင် ပျမ်းမျှလူ့သက်တမ်းအမြင့်ဆုံးဖြစ်သည်။ (မှန်)

(ခ) ပျမ်းမျှလူ့သက်တမ်းမှာ ၄၉ ဖြစ်ပါက လူအားလုံး ၄၉ တွင် သေဆုံးမည်ဖြစ်သည်။

*(မှား) – အချို့မှာ ၄၉ မတိုင်မီ သေဆုံးခြင်း ရှိနိုင်ပြီး အချို့မှာ ၄၉ ထက် ပိုမိုနေရခြင်း ရှိနိုင်သည်။*

(က) အချို့ ဘတ်စ်ကား ယာဉ်လိုင်းများတွင် အမျိုးသားများ စီး၍ မရပါ။ (မှန်)

(ခ) အမျိုးသမီးများသည် လိင်ပိုင်း ထိပါး နှောင့်ယှက်မှုများကို ညဘက်များတွင် အများဆုံးတွေ့ ကြုံရသည်။

*(မှား) – ထိပါးနှောင့်ယှက်မှုသည် မနက်ပိုင်းနှင့် ညနေပိုင်း ဘတ်စ်ကားကျပ်ချိန်များတွင် အများဆုံးဖြစ်ပွားသည်။*

# ၃.၁.၄ နားလည်မှု စစ်မေးသော မေးခွန်းများ

စာသားအတွက် မေးခွန်းအချို့ ရေးသားပါ။ ကျောင်းသူ/သားများက ထိုမေးခွန်းများကို ဖြေဆိုရမည်။ အဖြေများမှာ စာသားထဲတွင် ပါရပါမည်။

- အချက်အလက်တစ်ခုကို မေးမြန်းဖြေဆို မေးခွန်းများ။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက မိမိတို့ အသေးစိတ်နားလည်မှု ရှိ၊ မရှိ စစ်ဆေးရန်။

**အခြေအနေ** – သင်ပုန်းကို ကြည့်ပြီးဖြစ်စေ၊ စာရွက်တွင်ဖြစ်စေ လုပ်ဆောင်ရမည်။

**ပြင်ဆင်မှု** – မေးခွန်းများ ပြင်ဆင်ရေးသားရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

မြန်မာနိုင်ငံ၏ ပျမ်းမျှလူ့သက်တမ်းမှာ အဘယ်နည်း။

*၆၈*

~~အချို့နိုင်ငံများမှာ အဘယ့်ကြောင့် ပျမ်းမျှလူ့သက်တမ်း ပိုမိုမြင့်မားရသနည်း။~~

ဤလုပ်ရှားမှုမှာ မည်သည့် နေရာတွင် ပေါ်ပေါက်နေပါသနည်း။

*ရန်ကုန်ရှိ ကားမှတ်တိုင် ၈ ခုတွင်ဖြစ်သည်။*

~~လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကို အဘယ့်ကြောင့် ပြဿနာတစ်ရပ်ဟု ယူဆပါသနည်း။~~

ဤမေးခွန်းများမှာ နားလည်မှုစစ်ဆေးသော မေးခွန်းများ မဟုတ်ပါ။ ဤအဖွင့်မေးခွန်းများကို သင်ခန်းစာနောက်ပိုင်းအတွက် ဖယ်ထားသင့်သည်။

- ဟုတ်သည် မဟုတ်သည်ကို ဖြေဆိုရသည့် မေးခွန်းများ – ဤမေးခွန်းများ အသုံးပြုပါက နောက်ဆက်တွဲအချက်အလက် ပိုမိုမေးမြန်းသင့်သည်။

အမေရိကန်နိုင်ငံတွင် လူအများစုမှာ အသက် ၆၀ ထိ နေနိုင်ပါသလား။
*နေနိုင်သည် – အများစုမှာ ၇၀ ကျော်သည်အထိ နေနိုင်ပါသည်။*
~~နမီးဘီးယား၏ ပျမ်းမျှလူ့သက်တမ်းသည် ၅၂ ဖြစ်ပါသလား။~~

ယာဉ်လိုင်းကုမ္ပဏီများမှာ လုပ်ရှားမှုကို ထောက်ခံပါသလား။ မည်သို့နည်း။
*ထောက်ခံသည်။ ယာဉ်လိုင်းတစ်ခုက အမျိုးသမီး သီးသန့်ယာဉ်လိုင်း ဝန်ဆောင်မှုပေးသည်။*
~~ခရာများ ဝေငှနေသည့် စေတနာ့ဝန်ထမ်း ၁၅၀ ရှိပါသလား။~~

ဤမေးခွန်းများမှာ လွယ်ကူလွန်းသည်။ ထိုအချက်ကို စာသားအတိုင်း အဆင်သင့်ဖတ်ပြီး ဖြေလိုက်နိုင်သည်။ အချက်အလက်အကြောင်း တွေးတောပြီးမှ ဖြေဆိုနိုင်သည့်အရာမျိုး မဟုတ်ဘဲ လွယ်ကူလွန်းသည်။

# ၃.၁.၅ အချက်အလက်များကို အစီအစဉ်တကျ စီပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက အချက်အလက်များကို အစီအစဉ်အလိုက် စီစဉ်ရမည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း။

ကျောင်းသူ/ သားများကပေးသည့် စာပုဒ်ကို ဖတ်ရှုပြီးသည့်နောက် စာပါ အချက်အလက်တို့ကို ဆွဲထုတ်ကာ အစီအစဉ်တကျ စီရမည်ဖြစ်သည်။ ဥပမာ –

- အကြိမ်အရေအတွက် အလိုက်စီခြင်း (အကြိမ်အရေအတွက် များများဖြစ်သည့် အရာကို အရင်စီခြင်း)
- ဖြစ်ပျက်သည့် ကာလအလိုက် စီစဉ်ခြင်း (အရင်ဖြစ်ပျက်ခဲ့သည့်အရာကို ရှေ့တွင်ထားပြီး အချိန်ကာလအလိုက်စီခြင်း)

၁။ အမျိုးသမီးတစ်ဦး ကားမှတ်တိုင်သို့ရောက်သည်။ စေတနာ့ဝန်ထမ်းအချို့က ခရာတစ်ခု ဝေငှလိုက်သည်။
၂။ ဘတ်စ်ကားပေါ်တက်သွားသည်။
၃။ တစ်စုံတစ်ယောက်က သူ့ကို ထိပါးသည်။
၄။ ထိုအခါ အမျိုးသမီးက ခရာမှုတ်အသံပြုလိုက်သည်။
၅။ ကားပေါ်မှ လူများက အမျိုးသမီးကို စောင့်ရှောက်ကူညီကြသည်။

- ငယ်စဉ်ကြီးလိုက်စီခြင်း (ဥပမာ – အနည်းဆုံးမှ အများဆုံး၊ လူကြိုက်အများဆုံးမှ လူသိအနည်းဆုံး၊ အဆင့်အနိမ့်ဆုံးမှ အဆင့်အမြင့်ဆုံး)



## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများအချင်းချင်း သို့မဟုတ် အဖွဲ့အချင်းချင်းတို့က မိမိတို့အဖြေများကို နှိုင်းယှဉ်ပြီး အစီအစဉ်အမှန်ကို ရွေးချယ်ကြရမည်။

## မူကွဲ

**အချက်အလက်များကို အစီအစဉ်တကျစီစဉ်ခြင်း အဖွဲ့လိုက်ပြိုင်ပွဲတစ်ခု** ပြုလုပ်နိုင်သည်။ အချက်အလက်များကို စာရွက်ငယ်များပေါ်တွင် တစ်ခုစီ ရေးချပါ။ အဖွဲ့တစ်ဖွဲ့ကို အချက်အလက်များ ရေးသားထားသော စာရွက်တစ်စုံစီ ရှိနေစေရန် လုံလောက်စွာ ရေးသားထားပါ။

အဖွဲ့များကို စာရွက်ပိုင်းများပေးပါ။ အဖွဲ့ဝင်တစ်ဦးကို တစ်ခုစီပေးပါ။ အဖွဲ့က မိမိတို့ရရှိသည့် အချက်အလက်များ၏ အစီအစဉ်အတိုင်း တန်းစီမတ်တပ်ရပ်ရမည်။




# ၃.၁.၆ အရေးပါမှု မပါမှု

(က) စာပါအကြောင်းအရာများကို ထုတ်နုတ်ရေးသားထားပါ။ စာပါသည့်အတိုင်း ၏၊ သည်မရွေး တူစရာမလိုဘဲ အခြားစကားလုံးများနှင့် ရေးသားထားခြင်းလည်း ဖြစ်နိုင်သည်။

(ခ) ကျောင်းသူ/သားများက မည်သည့် အချက်အလက်များမှာ အရေးပါသော အချက်အလက်များဖြစ်ကြောင်း (စာပါအကြောင်းအရာပေါ် မူတည်ပြီး ဆုံးဖြတ်ကြရမည်။)

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက မည်သည့် အချက်အလက်များမှာ အရေးပါသော အချက်များဖြစ်ကြောင်း ဆုံးဖြတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်ရမည်။

**ပြင်ဆင်မှု** – စာပါ အချက်အလက်များကို ထုတ်နုတ်ပြုစုထားရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ပျမ်းမျှလူ့သက်တမ်းသည် လူနေမှု အဆင့်အတန်း မြင့်သည်နှင့်အမျှ တိုးတက်လာသည်။ (အရေးပါသည်)

(ခ) အိန္ဒိယ၏ ပျမ်းမျှလူ့သက်တမ်းမှာ မြန်မာနိုင်ငံ ပျမ်းမျှလူ့သက်တမ်းထက် ၂ နှစ် များသည်။ (အရေးပါမှုမရှိ)

(က) ယာဉ်မောင်းများလည်း လုပ်ရှားမှုတွင် ပါဝင်လာကြသည်။ *(အရေးပါသည်)*

(ခ) အမျိုးသမီးသီးသန့် ဝန်ဆောင်မှုမှာ မနက်ပိုင်းနှင့် ညနေပိုင်းတွင်ဖြစ်သည်။ *(အရေးပါမှုမရှိ)*

## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှု လျှော့ချနိုင်ရန်အတွက်** ကျောင်းသူ/သားများကို စာသားမှ အရေးပါမှုမရှိသည့် အချက်များအားလုံး စာရင်းပြုစုခိုင်းပါ။

**ထိန်းကျောင်းကန့်သတ်မှုနည်းသည့်** အခြားလုပ်ငန်းစဉ်တစ်ခုမှာ ဖော်ပြပါစာသားကို ကျောင်းသားများကို အရေးပါသည့် အချက်အလက်များသာ ထည့်သွင်းစေလျက် ပြန်လည်ရေးသားခိုင်းခြင်းဖြစ်သည်။

# ၃.၁.၇ အချက်အလက်များကို အမျိုးအစားခွဲပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက်များကို အမျိုးအစား ခွဲခြားရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

ကျောင်းသူ/သားများက စာသားတစ်ခုကို ဖတ်ရှုပြီးပါက စာပါအချက်အလက်များကို ဆွဲထုတ်ကာ အမျိုးအစားများ ခွဲထုတ်ရမည်ဖြစ်သည်။ ဥပမာ –

- စာသားတွင် ဖော်ပြထားသော ကိစ္စရပ်အမျိုးမျိုး။

| မြင့်မားသော ပျမ်းမျှ လူ့သက်တမ်း | နည်းပါးသော ပျမ်းမျှ လူ့သက်တမ်း |
|---|---|
| – လူနေမှု အဆင့်အတန်း မြင့်မားသူများ<br>– အမေရိက၊ အနောက်ဥရောပ၊ ဂျပန်နိုင်ငံမှ လူများ | – လူနေမှု အဆင့်အတန်း နိမ့်ပါးသူများ<br>– အာဖရိက နိုင်ငံအချို့မှ လူများ |

| လူများ | အရာဝတ္ထုများ | နေရာဒေသများ |
|---|---|---|
| – ယာဉ်မောင်း<br>– နိုင်ငံရေးသမားများ<br>– စေတနာ့ဝန်ထမ်းများ<br>– အမျိုးသမီးများ<br>– ခရီးသည်များ<br>– မိတ်ဆွေ၊ မိသားစု၊ လုပ်ဖော်ကိုင်ဖက်များ | – ကုမ္ပဏီများ<br>– ခရာများ<br>– လက်ကမ်း စာစောင်များ<br>– ဘတ်စ်ကားများ | – ရန်ကုန်မှ ကားမှတ်တိုင် ၈ ခု<br>– ပါရမီ ယာဉ်လိုင်း |

- စာသားတွင် ဖော်ပြထားသော အချက်အလက်အမျိုးအစားစုံ (တစ်စုံတစ်ရာအပေါ် ထောက်ခံချက် ကန့်ကွက်ချက်များ၊ ကိုးကား ထုတ်နုတ်ချက်များ၊ အချက်အလက်များနှင့် အထင်အမြင်များ၊ အကြောင်းနှင့် အကျိုးများ စသည်ဖြင့်။)

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများက ထိုအချက်များမှာ စာတစ်ပုဒ်လုံး၏ အဓိကအကြောင်းအရာ ဆိုလိုရင်းနှင့် မည်သို့ ဆက်စပ် ပတ်သက်နေကြောင်း ပြောရခြင်းမျိုး ဆောင်ရွက်နိုင်ပါသည်။

## ၃.၁.၈ မေးခွန်းများနှင့် ဇယား တည်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အဓိက အချက်အလက်များကို ဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း။

(က) ကျောင်းသူ/သားများက စာပါအကြောင်းအရာများကို အဓိကဖြစ်ရပ်များ၊ နေရာများ၊ အချိန်များ၊ လူများ၊ အကြောင်းခြင်းရာများနှင့် ဖြစ်ပုံ ဖြစ်နည်းများအဖြစ် အကျဉ်းချုပ်ပြီး ဇယားကွက်ထဲ ထည့်ရမည်။


(ခ) ကျောင်းသူ/သားများက ဇယားကို ဖြည့်ရမည်။

| | |
|---|---|
| **ဘာ** | ပျမ်းမျှ လူ့သက်တမ်း |
| **ဘယ်မှာ** | အိန္ဒိယ၊ ဂျပန်၊ မြန်မာ၊ နမီးဘီးယား၊ ရဝမ်ဒါ၊ အမေရိကန်နိုင်ငံ၊ ကမ္ဘာအနှံ့ |
| **ဘယ်အချိန်** | ၂၀၁၃ |
| **ဘယ်သူ** | ကမ္ဘာ့လူဦးရေ၊ အထူးသဖြင့် ဖော်ပြပါ နိုင်ငံများမှ လူများ |
| **ဘာကြောင့်** | |
| **ဘယ်လို** | |

| | |
|---|---|
| **ဘာ** | လိင်ပိုင်း ထိပါးနှောင့်ယှက်မှုကို ဆန့်ကျင်တိုက်ဖျက်သော လှုပ်ရှားမှု ဘတ်စ်ကား ခရီးသည်များကို လက်ကမ်းစာစောင်များနှင့် ခရာများ ဝေငှခြင်း |
| **ဘယ်မှာ** | ရန်ကုန်မှ ဘတ်စ်ကားများပေါ် |
| **ဘယ်အချိန်** | |
| **ဘယ်သူ** | စေတနာ့ဝန်ထမ်း ၁၅၀ ဦး ယာဉ်လိုင်း ကုမ္ပဏီများ၊ ယာဉ်မောင်းများ၊ နိုင်ငံရေးသမားများ |
| **ဘာကြောင့်** | ဘတ်စ်ကားပေါ်မှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ထိပါးမှုကို ရပ်တန့်ရန် |
| **ဘယ်လို** | မိမိတို့တွင် ပြဿနာ ကြုံတွေ့ရပါက ခရာမှုတ်ပြီး အကူအညီတောင်းနိုင်သည်။ |

### မူကွဲ

ဤလုပ်ငန်းစဉ်ကို ဆက်နွယ်ခြင်းပြ **ကွန်ရက်ပုံ**အနေနှင့်လည်း ဆောင်ရွက်နိုင်မည်။



# ၃.၁.၉ အကြောင်းအရာကို ပုံစံပြောင်းခြင်း


**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ အကြောင်းအရာ တစ်မျိုးတည်းကို ပုံစံအမျိုးမျိုးဖြင့် တင်ပြရန်။


**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက် ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်ရမည်။


**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း။

ကျောင်းသူ/သားများက စာပါအကြောင်းအရာကိုယူကာ ပုံစံပြောင်းပြီး ပြန်လည်စုစည်းရမည်ဖြစ်သည်။ ဥပမာ –

- ရုပ်ပုံတစ်ခု၊
- ဇယားတစ်ခု၊
- မြေပုံတစ်ခု၊
- ဂရပ်ဖ်တစ်ခု၊
- ဖြစ်စဉ်ပြမျဉ်းတန်းတစ်ခု၊
- စကားပြောခန်းတစ်ခု၊ ကဗျာတစ်ပုဒ်၊ သီချင်းတစ်ပုဒ်၊






**ပျမ်းမျှလူ့သက်တမ်း**

လူအများ နေထိုင်ရန် မျှော်မှန်းနိုင်သည့် အသက်အပိုင်းအခြားကို ပျမ်းမျှတွက်ချက်ခြင်း

နမီးဘီးယားတွင် ပျမ်းမျှလူ့သက်တမ်းမှာ ၅၂ နှစ် ဖြစ်သည်။

အချို့မှာ ပိုမိုစောစီးစွာ သေဆုံးမည်ဖြစ်ပြီး

အချို့မှာ ၅၂ နှစ်ထက် ပိုမိုနေထိုင်နိုင်ကြမည်။

ဂျပန်တွင် ပျမ်းမျှလူ့သက်တမ်းမှာ ၈၆ နှစ် ဖြစ်ပြီး

အချို့မှာ ပိုမိုစောစီးစွာ သေဆုံးပြီး

အချို့မှာ ထို့ထက်ပိုနေထိုင်မည်။

လူနေမှု အဆင့်အတန်းမြင့်မားမှုသည် ပျမ်းမျှလူ့သက်တမ်းကို မြှင့်တင်ပေးနိုင်သည်။

# ၃.၁.၁၀ စာသား ပဟေဠိ


(က) ကျောင်းသူ/သားများက သင်ခန်းစာ စာသားမှ အပိတ်မေးခွန်းများကို စဉ်းစားကြရမည်။ အဖြေမှန်တစ်ခုတည်းသာ ရှိရမည်ဖြစ်သည်။ အဖြေမှန်သည် စာသားတွင်းတွင် ပါရမည်ဖြစ်သည်။ မိမိတို့ မေးခွန်းအတွက် အဖြေမှန်ကိုလည်း မိမိတို့ကိုယ်တိုင် သိရှိထားရမည်ဖြစ်သည်။

(ခ) ထို့နောက် ပြုလုပ်ထားသော မေးခွန်းများကို အချင်းချင်းမေးမြန်းကာ ဖြေဆိုကြရမည်။

**ရည်ရွယ်ချက်** – စာပါ အကြောင်းအရာကို ကျောင်းသူ/သားများ၏ အသေးစိတ်နားလည်မှုကို စစ်ဆေးရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း။




## မူကွဲ

ဤလုပ်ငန်းစဉ်ကို **ပိုမိုခက်ခဲ**စေလိုပါက ကျောင်းသူ/သားများအဖြေ ဖြေဆိုရာတွင် စာသားကို ပြန်မကြည့်ဘဲ ဖြေခိုင်းခြင်း ပြုလုပ်နိုင်သည်။


ဤလုပ်ငန်းစဉ်ကို တစ်ဦးချင်းလည်း ဆောင်ရွက်နိုင်သော်လည်း များသောအားဖြင့် နှစ်ဦးတွဲအလိုက်သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဆောင်ရွက်ပါက ပိုမိုကောင်းမွန်ပါသည်။

ဤလုပ်ငန်းစဉ်ကို **အဖွဲ့လိုက် ပဟေဠိပြိုင်ပွဲ** အနေနှင့်လည်း ပြုလုပ်နိုင်သည်။ အဖွဲ့တစ်ဖွဲ့စီကို မေးခွန်း ၃ ခုစီ ရေးသားခိုင်းပြီး အပြန်အလှန် ဖြေဆိုစေကာ အဖြေမှန်အများဆုံးရရှိသော အဖွဲ့က အနိုင်ရရှိသော အဖွဲ့ဟု ပြောနိုင်သည်။








# အခန်း ၄ မှား/မှန် ပိုင်းခြားစဉ်းစားခြင်း လုပ်ငန်းစဉ်များ

ဤအပိုင်းတွင် ကျောင်းသားများအား သတင်းအချက်အလက်အသစ်များကို စဉ်းစားတွေးတောစေသော လုပ်ငန်းစဉ်များ ပါဝင်သည်။

- အချက်အလက်များ၏ နောက်ကွယ်တွင် မည်သည်တို့ ရှိနေကြောင်း ဝေဖန်စေသော လုပ်ငန်းစဉ်များ။
- စာသားတစ်ခုကို ရေးသားသူ၏ အစွဲများ ဘက်လိုက်မှုများကို ရှာဖွေဖော်ထုတ်စေသော လုပ်ငန်းစဉ်များ။
- အချက်အလက်နှင့် အထင်အမြင်တို့ ကွာခြားချက်များကို ခွဲခြားဖော်ထုတ်စေသော လုပ်ငန်းစဉ်များ။
- နှိုင်းယှဉ်ချိန်ထိုးပြီး တူညီမှု ကွာခြားမှုတို့ ရှာစေသော လုပ်ငန်းစဉ်များ။
- အကြောင်း၊ အကျိုး ရှာဖွေစေသော လုပ်ငန်းစဉ်များ။
- အဆိုပြုချက်တစ်ရပ်တွင် ပါဝင်သော ယုတ္တိလွဲမှုများကို ဖော်ထုတ်စေသော လုပ်ငန်းစဉ်များ။




*http://criticalthinking-mc205.wikispaces.com/*

# ၄.၁ တူညီမှု ကွဲပြားမှုများကို နှိုင်းယှဉ်ချိန်ထိုးခြင်း

## တူညီမှု ကွဲပြားမှုများကို နှိုင်းယှဉ်ချိန်ထိုးခြင်း ဆိုသည်မှာ မည်သည်ကို ဆိုလိုပါသနည်း

အတွေးအမြင် ၂ ခုနှင့် အထက်၊ လူပုဂ္ဂိုလ် ၂ ဦးနှင့် အထက် သို့မဟုတ် အဖြစ်အပျက် ၂ ခုနှင့် အထက်တို့ကြားမှ တူညီချက်များ၊ ကွာခြားချက်များကို စဉ်းစားရှာဖွေ ဖော်ထုတ်ခြင်း ဖြစ်ပါသည်။

ထိုသို့ စဉ်းစားရသည့် လုပ်ငန်းစဉ်တွင် မည်သည့် အကြောင်းရင်းခံများပေါ် မူတည်ပြီး အရာ ၂ ခု တူညီသည် ကွာခြားသည်ကို တွေ့မြင်လာအောင် ကြိုးစားသည်။ မိမိတွင်ရှိထားသော အချက်အလက်များ အယူအဆများကို ခွဲခြမ်းစိတ်ဖြာပြီး စုစည်းတတ်အောင်လည်း ကူညီပေးနိုင်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

ဥပမာအားဖြင့် သရက်သီးနှင့် ငှက်ပျောသီးအကြား တူညီမှုကွဲပြားမှုများကို နှိုင်းယှဉ်ကြည့်လျှင် အောက်ပါတို့ကို သိရှိနိုင်မည်။

- *၂ မျိုးလုံးမှာ သစ်သီးများဖြစ်သည်။*
- *၂ မျိုးလုံးတွင် အဝါရောင် ရှိတတ်ကြသည်။*

သို့သော်

- *ပုံသဏ္ဍာန်များ ကွာခြားသည်။ သရက်သီးများမှာ လုံးဝန်းပြီး ငှက်ပျောသီးမှာ ရှည်သည်။*
- *မူလရင်းမြစ်လည်းကွာသည်။ ငှက်ပျောသီးသည် အရွက်ကြီးမားသော ပင်ပုမျိုးမှ ရရှိပြီး သရက်သီးသည် အရွက်သေးငယ်သော သစ်ပင်ကြီးမျိုးမှရရှိသည်။*
- *ငှက်ပျောသီးမှာ တစ်နှစ်ပတ်လုံး သီးပွင့်ပြီး သရက်သီးမှာ ရာသီအလိုက်သာ သီးသည်။*

လူမှုသိပ္ပံဘာသာရပ်များ လေ့လာခြင်းတွင် တူညီချက်များနှင့် ကွဲပြားချက်များကို နှိုင်းယှဉ်သည် ဆိုသည်မှာ အချက်အလက် အသေးစိတ်များကို အဓိပ္ပာယ်ဖော်ခြင်းနှင့် တူရာစုခြင်းများ ပြုရခြင်းပင်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်မှ တစ်ဆင့် အကြောင်းအရာ အသေးစိတ်များ အချင်းချင်းကြားမှ ချိတ်ဆက်မှုများကို တွေ့မြင်ပြီး နားလည်နိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။ နှိုင်းယှဉ်ချက်များ ပြုလုပ်ခြင်းသည် စာတမ်းရေးသားခြင်းများ စကားရည်လု ငြင်းခုံဆွေးနွေးခြင်းများအတွက် အထူးအသုံးဝင်သော နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။

အရေးပါမှုကြီးသော လူပုဂ္ဂိုလ်များ၊ အဖြစ်အပျက်များ၊ အချိန်ကာလများကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် အသုံးဝင်သော ခြုံငုံနားလည်မှုများ ဖြစ်ပေါ်လာနိုင်သည်။ ကျောင်းသူ/ သားများအနေနှင့် အပေါ်ယံတူညီမှု မရှိဟု ထင်မြင်ထားသော အရာများကို သေချာလေ့လာလျှင် တကယ်တမ်းတွင် တူညီမှုများစွာ ရှိနေကြောင်း သဘောပေါက်လာစေခြင်းမျိုးလည်း ရှိနိုင်သည်။ ထို့သို့ သဘောပေါက်တွေ့ရှိမှုများပေါ်တွင် မူတည်ပြီး ကျောင်းသူ/ သားများသည် အယူအဆများကို အသစ်လက်ခံခြင်း၊ တွေးတောသိမြင်လာခြင်း၊ ပြန်လည်သုံးသပ်မိလာခြင်းတို့ ဖြစ်လာနိုင်ပေသည်။






*သင်္ကြန်သည် မြန်မာနိုင်ငံ၏ အရေးပါသော ပွဲတော်တစ်ရပ်အဖြစ် ရှည်ကြာစွာ တည်ရှိလာခဲ့သည်။ ၁၉၅၀ ခုနှစ်များတွင် လူအများသည် ရိုးရာအဝတ်အစားများ ဝတ်စားခြင်း၊ ဖလားများနှင့် ရေပက်ဖျန်းခြင်း၊ မြန်မာ့အက အလှများ တင်ဆက်ကြခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ လက်ရှိအချိန်တွင်လည်း ရေပက်ဖျန်းခြင်းများ ရှိနေသေးသည်။ သို့သော် အားပြင်းရေပိုက်များ၊ ရေသေနတ်များ အသုံးပြုလာကြသည်။ အချို့က မြန်မာ့ရိုးရာဝတ်စုံများ ဝတ်နေကြသေးသော်လည်း အများစုမှာ အနောက်တိုင်းဆန်သော ဝတ်စားမှုများ ဝတ်ဆင်လာသည်။ လက်ရှိအချိန် ဂီတမှာ ရော့ခ်ပုံစံအမျိုးမျိုးနှင့် ဟစ်ပ်ဟော့ပ်တို့က ပိုမိုများပြားလာကြသည်။*

## ဥပမာ စာပိုဒ်

**မှတ်ချက်**

ဤစာပိုဒ်ကို ဇာတ်လမ်းပုံပြင် မဟုတ်သော သင်ရိုးစာအုပ် တစ်အုပ်မှ ထုတ်နုတ်ပြင်ဆင် ထည့်သွင်းထားပါသည်။ အကယ်၍ လွယ်ကူစွာ ရေးသား ထားသော လူမှုသိပ္ပံဆိုင်ရာ စာသားများ ရှာဖွေနေသည်ဆိုပါက ဤစာအုပ်များကို ကောင်းစွာ အသုံးပြုနိုင်မည်ဖြစ်သည်။




Oxford University Press, Cambridge University Press, Macmillan, Penguin နှင့် အခြား ထုတ်ဝေသူ အများအပြားတို့သည် လည်း အလားတူစာအုပ်များ ရေးသားထားခြင်း ရှိပါသည်။ ထည့်သွင်းထားသော ရုပ်ပုံများ အားလုံးတို့မှာ images.google.com မှ ရယူထားခြင်း ဖြစ်ပါသည်။

## ယခင်နှင့် ယခု သယ်ယူပို့ဆောင်ရေး

လွန်ခဲ့သည့် နှစ်ပေါင်း ၇၀၀၀ မတိုင်မီအထိ လူတို့သွားလာရာတွင် ခြေကျင်သာ အများဆုံး သွားလာခဲ့ကြရသည်။ ထို့နောက် တိရစ္ဆာန်များကို အသုံးပြုလာ ကြသည်။ နောက်ပိုင်းတွင် လူတို့က ယာဉ်အမျိုးမျိုး တီထွင်ဖန်တီးခဲ့ကြသည်။

### တိရစ္ဆာန်များ



နေရာများစွာတို့တွင် မြင်းနှင့် မြည်းများကို သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုခဲ့ကြ သည်။ အာဖရိကတွင် ကုလားအုတ်များကို လည်း အသုံးပြုပြီး အာရှတွင် ဆင်များကို လည်း အသုံးပြုကြကာ တောင်အမေရိကတွင် လားမားရ် (တောင်အမေရိက ကုလားအုတ်) များကိုပါ အသုံးပြုခဲ့ကြသည်။ ယနေ့ခေတ်တွင်လည်း တိရစ္ဆာန်များကို သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေဆဲ ဖြစ်ပါသည်။

### ကနဦး အသုံးပြုခဲ့သော ယာဉ်များ



ယခင်က သစ်ပင် ပင်စည်များကို စုစည်းထားသော ဖောင်များ ပြုလုပ်ခဲ့ ကြသည်။ ထိုသစ်လုံးဖောင်များကို မြစ်များ ရေကန်များတွင် မျှောကြသည်။ ရေကူးသည်ထက် သက်သာသည့်အပြင် ရေမစိုဘဲ သွားလာနိုင်ရန်အတွက်ဖြစ်သည်။ ဖောင်များမှာ ပထမဦးဆုံးသော ယာဉ်များဖြစ်သည်။

စွတ်ဖားများသည်လည်း ဖောင်များကဲ့သို့ပင်ဖြစ်သည်။ သို့သော် စွတ်ဖားများမှာ ကုန်းပေါ်တွင်သုံးသည့် ယာဉ်များဖြစ်သည်။ စွတ်ဖားများသည်လည်း အလေးအပင်များကို သယ်မရမည့်အစား ပိုမိုလွယ်ကူစွာ ဆွဲသယ်စေနိုင်သော ကြောင့် အသုံးဝင်သည်။

### ဘီး



လွန်ခဲ့သော နှစ်ပေါင်း ၅၅၀၀ ခန့်က စွတ်ဖားများ တွင် ဘီးတပ်လိုက်ကြသည်။ လယ်လုပ်သူများနှင့် ကုန်သွယ်သူများက သစ်သားဘီး ၂ ဘီး ပါသော သို့မဟုတ် ဘီး ၄ ဘီး တပ်ဆင်ထားသော လှည်း များ ပြုလုပ်လိုက်ကြသည်။ နွား၊ မြင်း စသည်တို့နှင့် ထိုလှည်းများကို ဆွဲကြ သည်။ ဘီးတပ်ထားသော လှည်းများမှာ စွတ်ဖားလှည်းများထက် များစွာ မြန်ဆန်သွက်လက်သည်။

လူ့သမိုင်းတွင် အရေးပါဆုံးသော တီထွင်မှုများအနက်မှ တစ်ခုမှာ ဘီးတီထွင်မှု ဖြစ်သည်။ ယနေ့ခေတ်တွင် ဘီးများကို နေရာတိုင်းတွင် တွေ့မြင်နိုင်သည်။ ကားများ၊ ဘတ်စ်ကားများ၊ ကုန်တင်ယာဉ်များ၊ ရထားများ၊ စက်ဘီးများ၊ ဆိုင်ကယ်များ၊ လေယာဉ်ပျံများ အားလုံးတို့တွင် ဘီးများ တပ်ဆင်ထားကြသည်။ အင်ဂျင်စက်များတွင်လည်း ဘီးများမှာ အရေးကြီးသောနေရာများတွင် ပါဝင် ကြသည်။

*Transportation Then and Now: Oxford University Press 2010 မှ ကောက်နုတ် ပြန်ဆိုထားပါသည်။*

ဥပမာ စာပိုဒ်

**မှတ်ချက်**

ရုပ်ပုံတို့မှာ ဝက်ဘ်ဆိုဒ်စာမျက်နှာ တစ်ခုမှ ရယူထားခြင်း ဖြစ်ပါသည်။

ပိုမိုစိတ်ဝင်စားဖွယ် ကောင်းစေရန်ဖြစ်စေ၊ အဓိကအယူအဆများကို ထပ်မံ ရှင်းလင်းပြရန် ဖြစ်စေ၊ လုပ်ငန်းစဉ်တစ်ခု ပေါင်းထည့်ရန်ဖြစ်စေ အခြားရုပ်ပုံများ စာသားများ ထပ်မံ လိုအပ်ပါက အင်တာနက်တွင် စတင် ရှာဖွေခြင်းဖြင့် အကူအညီများစွာ ရရှိနိုင်ပါသည်။ images.google.com ကို ဦးစွာအသုံးပြုကြည့်နိုင်သည်။ ထို့ပြင် သတင်းစာများ၊ ဂျာနယ်များတွင်လည်း အရည်အသွေးကောင်းသော ရုပ်ပုံများ ပါဝင်ပြီး ဖြတ်ညှပ်ခြင်း၊ မိတ္တူ ကူးခြင်းများပြုကာ အသုံးပြုနိုင်ပါသည်။

## တစ်ပတ်စာ စားဖွယ် ဝယ်ယူခြင်း၊ အိန္ဒိယနှင့် ဂျာမဏီ



ဂျာမန် မိသားစု တစ်စု၏ တစ်ပတ်စာ အစားအစာ



အိန္ဒိယ မိသားစု တစ်စု၏ တစ်ပတ်စာ အစားအစာ

ဓာတ်ပုံရင်းမြစ် *http://fstoppers.com/what-a-week-of-groceries-looks-like-around-the-world*

# ၄.၁.၁ နှိုင်းယှဉ်ချက် ဇယားများ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက တူညီချက် ကွဲပြားချက်များကို စာရင်းချ ရေးရန်။
**အခြေအနေ** – အတွဲလိုက်ဖြစ်စေ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။
**ပြင်ဆင်မှု** – နှိုင်းယှဉ်စဉ်းစားရန် ခေါင်းစဉ်အမည်များကို စုစည်းပေးထား ရမည်။
**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း။

(က) စာပါ အကြောင်းအရာမှ နှိုင်းယှဉ်ကြည့်နိုင်သည့် အကြောင်းအရာများကို ရွေးထုတ်ထားပါ။

ခြေကျင်သွားလာခြင်း၊ တိရစ္ဆာန်စီးခြင်း
လှည်းစီးခြင်း၊စက်ဘီး၊လှေ၊ကား။

အိန္ဒိယမှ တစ်ပတ်စာ အစားအစာ
ဂျာမနီမှ တစ်ပတ်စာ အစားအစာ

(ခ) အတွဲတစ်တွဲစီကို သို့မဟုတ် အဖွဲ့တစ်ဖွဲ့စီကို အထက်ပါ ရွေးချယ်ချက်များမှ ၂ ခုကို ရွေးထုတ်ပေးပြီး နှိုင်းယှဉ်ခိုင်းပါ။

| ခြေကျင်နှင့် မြင်းလှည်း | |
|---|---|
| **တူညီချက်များ** | **ကွဲပြားချက်များ** |
| နှေးကွေးသည်။<br>ဓာတ်ဆီမလို<br>ရေထဲမသွားနိုင် | မြင်းများ မောပန်းသည်၊ လူမမော<br>မြင်းလှည်းသုံးရန် လမ်းလိုသည်။<br>လှည်းနှင့်ဆိုလျှင် ဝန်စည်အလေးအပင် သယ်နိုင်သည်။ |

| အိန္ဒိယနှင့် ဂျာမနီ အစားအစာများ | |
|---|---|
| **တူညီချက်များ** | **ကွဲပြားချက်များ** |
| နှစ်ဖက်လုံးတွင် လတ်ဆတ် သော သစ်သီးနှင့် ဟင်းသီး ဟင်းရွက်များပါသည်။<br>မိသားစု ၂စုလုံး ဦးရေ မကွာကြ။ | ဂျာမန်များတွင် ပုလင်းနှင့်လာသော သောက်စရာများ ပိုများသည်။<br>အိန္ဒိယများတွင် လတ်ဆတ်သော အစားအစာ ပိုပါပြီး ဂျာမန်များတွင် ထုတ်ပိုးထားသည့် အစာ ပိုများသည်။ |

(ဂ) အဖွဲ့များ သို့မဟုတ် ၂ ဦးတွဲများက သတ်မှတ်ပေးသောအရာ ၂ ခု တို့အကြား တူညီချက်များ ကွာခြားချက်များကို ရှာဖွေကာ ဇယားကွက်ထဲ ထည့်ပေးရမည်။

(ဃ) ကျောင်းသူ/သားများက မိမိတို့ ဇယားကွက်များကို အခြားသူများ၏ ဇယားများနှင့် အဖွဲ့အချင်းချင်း တိုက်ဆိုင်ကြည့်ရှုခြင်း သို့မဟုတ် တစ်တန်းလုံးအနေနှင့် ဝိုင်းဝန်းကြည့်ရှုခြင်းတို့ ပြုလုပ်နိုင်သည်။

# ၄.၁.၂ ကတ္တားရှာပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အရာဝတ္ထုများကို ၎င်းတို့၏ တူညီမှုများ ကွဲပြားမှုများအပေါ် မူတည်ပြီး မည်သည့် အရာ ဖြစ်ကြောင်း စဉ်းစားရှာဖွေရန်။
**အခြေအနေ** – နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။
**ပြင်ဆင်မှု** – ကတ္တားဖျောက်ပြီး နှိုင်းယှဉ်ချက် ပြုလုပ်ထားသော စာသား များ ရေးသားထားရမည်။
**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

(က) စာပါ အကြောင်းအရာများအကြား တူညီချက်များ ကွဲပြားချက်များ နှိုင်းယှဉ် ပြထားသော ဝါကျများ ရေးသားပါ။ သို့သော် ဝါကျများမှ ကတ္တားများကို ဖျောက်ပြီး ကွက်လပ်ချန်ထားပါ။ ၎င်းတို့မှာ အဖြေမှန် တစ်ခုတည်းရှိသော ကွက်လပ်ဖြစ်နိုင်သလို အဖြေမှန် တစ်ခုထက်ပိုပြီး ဖြည့်နိုင်သော ကွက်လပ်လည်း ဖြစ်နိုင်သည်။

(ခ) ကျောင်းသူ/သားများက ထိုကတ္တားမှာ မည်သည်ဖြစ်ကြောင်း ပြောဆိုရမည်။

၁။ <u>လှည်း</u> များကို ဘီးတပ်ထားသောကြောင့် စွတ်ဖားများထက် မြန်ဆန်သည်။

၂။ <u>မြင်း</u> များနှင့် ဆင်များမှာ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော တိရစ္ဆာန်များဖြစ်သည်။

၁။ <u>ဂျာမန် မိသားစု</u> က ဘီယာ သောက်သုံးမှု ပိုများသည်။

၂။ <u>ဟင်းသီးဟင်းရွက်များ</u> နှင့် အသီးများကို မိသားစု ၂မျိုးလုံးတွင် နှစ်သက်စွာ စားသုံးကြသည်။

# ၄.၁.၃ အတိတ် သို့မဟုတ် အနာဂတ်အတွက် နှိုင်းယှဉ်ချက်များ

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက စာပါ အကြောင်းအရာကို အချိန် သတ်မှတ်ချက် ထားရှိပြီး နှိုင်းယှဉ်ချက်များ ပြုလုပ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရန် လိုအပ်သည်။

**ဘလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

(က) စာတွင်ပါသော အခြေအနေတစ်ရပ်ကို အခြား အချိန်သတ်မှတ်ချက်တစ်ခုခု သို့မဟုတ် ခေတ်တစ်ခုခုတွင် ရှိနေမည့် အလားတူအကြောင်းအရာ၏ အခြေအနေနှင့် မည်သို့ တူညီမည် မည်သို့ ကွဲပြားမည်ကို နှိုင်းယှဉ်ချက်များ ပြုလုပ်ခြင်းဖြစ်သည်။

(ခ) အဖွဲ့လိုက် ဆွေးနွေးကြခြင်း သို့မဟုတ် တူညီချက်များ ကွဲပြားချက်များကို ရေးသားခြင်းတို့ ပြုလုပ်ရမည်။

ယခင်က လူများသည် စွတ်ဖားများ၊ ဖောင်များ၊ လှည်းများ မတီထွင်မီအထိ မည်သည့် နေရာကိုမဆို ခြေလျင်သွား သို့မဟုတ် တိရစ္ဆာန်များ စီးပြီး သွားလာကြသည်။

ယနေ့ခေတ်တွင်မူ ရုံဖန်ရုံခါ ခြေကျင် သို့မဟုတ် တိရစ္ဆာန်များ စီးနင်းခြင်းတို့ပြုပြီး စက်တပ် သယ်ယူပို့ဆောင်ယာဉ်များကိုလည်း အသုံးပြုလာကြသည်။ မော်တော်ဆိုင်ကယ်များ၊ ကားများ၊ ရထားများနှင့် လေယာဉ်များဖြစ်သည်။

ခေတ်ပုံများထဲမှသူများသည် သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို များစွာစားသုံးကြသည်။ အချို့လည်း အသားစားသည့်အပြင် ထုတ်ပိုးပြင်ဆင်ပြီး အစားအသောက်များကိုလည်း စားကြသည်။ ဥပမာ – ပီဇာ။

အနာဂတ်တွင် ထုတ်ပိုးပြင်ဆင်သော အစားအသောက်ကို အများ ပိုမို စားသုံးလာကြမည်ဟု ထင်မိပါသည်။ ကမ္ဘာကြီးပူနွေးမှုကြောင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက် ရရှိနိုင်မှု နည်းပါးသွားလိမ့်မည်ဟု ထင်ပါသည်။ အချို့က အစားအစာ စားသုံးခြင်းထက် အာဟာရဆေးလုံးများ သောက်ပြီး စားစရာ မလိုတော့ခြင်း မျိုးလည်း ရှိနိုင်ပါသည်။

## မူကွဲ

အချိန်သတ်မှတ်ချက်ကို ပြောင်းလဲနှိုင်းယှဉ်ကြည့်ခြင်းအပြင် အခြား အခြေအနေများ ပြောင်းလဲပြီးလည်း နှိုင်းယှဉ်ချက်များ ပြုလုပ်နိုင်သည်။ ဥပမာ – နိုင်ငံပြောင်းလဲပြီး စဉ်းစားခြင်း၊ လူများ၊ ပတ်ဝန်းကျင်များ ပြောင်းလဲပြီး စဉ်းစားခြင်း စသည်ဖြင့်။

## ၄.၁.၄ ကိုယ်ရေး နှိုင်းယှဉ်ချက်

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက သင်ခန်းစာပါ အကြောင်းအရာများကို မိမိတို့ လက်တွေ့ဘဝများနှင့် နှိုင်းယှဉ်ကြည့်ကြရန်။

**အခြေအနေ** – တစ်ဦးချင်းဦးစွာ ဆောင်ရွက်ပြီးမှ နှစ်ဦးတွဲအလိုက် ဆောင်ရွက်ရမည်။

**ဘလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်း စိတ်ဖြာခြင်း။

(က) ကျောင်းသူ/သားများ တစ်ဦးစီတို့က မိမိတို့ လက်တွေ့ဘဝများနှင့် စာပါ အကြောင်းအရာမှ အခြေအနေများကြားမှ တူညီချက်များ ကွာခြားမှုများကို ရှာဖွေရမည်ဖြစ်သည်။

(ခ) ထို့နောက် ၂ ဦးတွဲပြီး မိမိတို့ ရေးထားသည်များကို တိုက်ဆိုင်ကြည့်ရှုပြီး လိုအပ်သည်များကို ၂ ဦးတွဲ စာရင်းများသို့ ထပ်မံ ပေါင်းထည့်နိုင်သည်။

| တူညီချက်များ | ကွာခြားချက်များ |
|---|---|
| ရံဖန်ရံခါ ကျွန်တော်အလုပ်ကို လမ်းလျှောက်ပါတယ်။ ကျွန်တော့အလုပ်က ကုန်စည်တွေကိုတော့ ကုန်ကားနဲ့ သယ်ကြပါတယ်။ | တိရစ္ဆာန်အသုံးပြုပြီး ခရီး မသွားပါဘူး။ ဖောင်စီးပြီး ခရီး မသွားဖူးပါဘူး။ |

| တူညီချက်များ | ကွာခြားချက်များ |
|---|---|
| ကျွန်မတို့ မိသားစုက ဟင်းသီးဟင်းရွက်များများ စားပါတယ်။ အိန္ဒိယမိသားစုလိုမျိုး ကျွန်မတို့ မိသားစုလည်း ထမင်းများများ စားပါတယ်။ | ဂျာမန်တွေလောက်တော့ ပုလင်းနဲ့လာတဲ့ အဖျော် သောက်စရာ မသောက်ပေမယ့် အိန္ဒိယတွေထက် ပိုသောက်ပါတယ်။ |

## ၄.၁.၅ ရောင်စဉ်မျဉ်းများ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အကြောင်းအရာများကို အစွန်းနှစ်ဖက်ကြားတွင် အစီအစဉ်အလိုက် နေရာချရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ အတွဲလိုက်ဖြစ်စေ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ အသုံးချခြင်း။

(က) ကျောင်းသူ/သားများကို ဆန့်ကျင်ဘက် အစွန်းနှစ်ဘက် သတ်မှတ်ချက်ပေးပါ။


မြန်သော <==> နှေးသော

သဘာဝအတိုင်း <==> ပြုပြင်ထုတ်လုပ်ထားသော

(ခ) ထို့နောက် ၎င်းတို့က မျဉ်းတစ်ကြောင်း သို့မဟုတ် မြားတစ်စင်းကို ဆွဲသားရမည်။ မျဉ်း/မြား၏ တစ်ဖက်စွန်းစီတွင် ဆန့်ကျင်ဘက် အစွန်းနှစ်ဘက် အကြောင်းအရာ ၂ခုကို ရေးသားထားရမည်။

**မြန်သော** ⟷ **နှေးသော**

လေယာဉ်ပျံ
ရထား
ကား
ကုန်တင်ယာဉ်
မြင်း
မြင်းလှည်း
စက်ဘီး
ဖောင်
ဆင်
ခြေလျင်
စွတ်ဖား





(ဂ) ထို့နောက် အရာဝတ္ထုအသီးသီးကို မည်သည့် အစွန်းနှင့် ပိုနီးသည်ဟု ဆုံးဖြတ်ပြီး ထိုမျဉ်းပေါ်တွင် နေရာချကြရမည်ဖြစ်သည်။

## မူကွဲ

ရောင်စဉ်မျဉ်းများ အစွန်းနှစ်ဘက်မှ ဆန့်ကျင်ဘက် အကြောင်းအရာများသည် ကျောင်းသားများ၏ လက်တွေ့ဘဝနှင့်လည်း ဆက်စပ်မှုရှိပါက ကျောင်းသူ/သားများက မိမိတို့ဆိုလျှင် မျဉ်း၏ မည်သည့်နေရာတွင် ရောက်သည်ကို စဉ်းစားပြီး မိမိကိုယ်ကို မိမိမျဉ်းပေါ်တွင် နေရာချခိုင်းနိုင်ပါသည်။

ကျွန်တော်တို့ အစားအစာ အားလုံး နီးပါး ခြံထွက်သီးနှံတွေပါပဲ။

ကျွန်မတို့စားတဲ့ အစားအစာတချို့က သဘာဝအတိုင်းပါ၊ တချို့ကတော့ ပြုပြင်ထုတ်လုပ်ထားတဲ့ အစားအစာတွေပါ။




ဆက်စပ်မှုရှိသော ဆန့်ကျင်ဘက် ၂ စုံထားပါ။ တစ်စုံကို အလျားလိုက် ဘယ်ညာထားပြီး တစ်စုံကို အပေါ်အောက် ထပ်ထားပေးပါက အကြောင်းအရာများ ပိုမိုစုံလင်စွာ ပိုမိုကျယ်ပြန့် နက်နဲစွာ ဆွေးနွေးနိုင်လာမည်။

ဒီဇယားကို ကြည့်မယ်ဆိုရင် ပြုပြင်ထုတ်လုပ်ထားတဲ့ အစားအသောက်တွေက သဘာဝ အစားအသောက်တွေလောက် ကျန်းမာရေးအတွက် မကောင်းဘူးဆိုတာ တွေ့ရပါမယ်။

# ၄.၁.၆ ဆက်စပ်မှုပြ စက်ဝိုင်းကွက်များ ဗင်းသရုပ်ဖော်ပုံများ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အစုခွဲထားသော အရာများတွင် မည်သည်တို့ တူညီသည် ကွဲပြားသည်ဟု ခွဲခြားပေးရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရန် လိုအပ်သည်။


**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ကျောင်းသူ/သားများက အနည်းငယ် ထပ်လျက်ရှိနေသော စက်ဝိုင်း ၂ဝိုင်း သို့မဟုတ် ၃ ဝိုင်း ဆွဲသားရမည်။ စက်ဝိုင်းတစ်ဝိုင်းစီကို စာပါအရာများ၏ ဝိသေသတစ်ခုခုကို ကိုယ်စားပြုမည်ဖြစ်သည်။

(ခ) ကျောင်းသူ/သားများက စာပါအရာများကို စက်ဝိုင်းများမှ သက်ဆိုင်ရာ နေရာများတွင် ထည့်သွင်းရမည်။


ဤအပိုင်းတွင် ဂျာမန် မိသားစု ဝယ်ယူထားသော အစားအသောက် အမည်များကို ထည့်ရေးရမည်။ အိန္ဒိယ မိသားစု ဝယ်ယူထားသည်များ မပါစေရပါ။

စက်ဝိုင်း ၂ ဝိုင်း အပြင်ဘက်တွင်မှ မိသားစု ၂ ခုလုံးတွင် မတွေ့ရသည့်အရာများကို ရေးသားနိုင်သည်။




ဤအပိုင်းတွင် အိန္ဒိယ မိသားစု ဝယ်ယူထားသော အစားအသောက် အမည်များကို ထည့်ရေးရမည်။ ဂျာမန် မိသားစု ဝယ်ယူထားသည်များ မပါစေရပါ။

ဤနေရာတွင် မိသားစု ၂ စုလုံးတွင် ဝယ်ယူထားသော အရာများကို ထည့်သွင်းရမည်။




## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှုနည်းသော** လုပ်ငန်းစဉ် ဖြစ်စေရန်အတွက် ကျောင်းသူ/သားများကို စာတွင် မပါသော အခြားရေးထည့်နိုင်သည့် အရာများကိုပါ စဉ်းစားရေးသားခိုင်းနိုင်သည်။

**ထိန်းကျောင်းကန့်သတ်မှုနည်းသော** လုပ်ငန်းစဉ် ဖြစ်စေရန်အတွက် ကျောင်းသူ/သားများကို မိမိတို့ ကိုယ်ပိုင်အတွေးများနှင့် စက်ဝိုင်းများကို အမည်တပ်နိုင်သည်။ မည်သည့် ဝိသေသများအကြောင်း ရွေးချယ်ရေးသားမည်ကို မိမိတို့ကိုယ်တိုင် စဉ်းစားဆုံးဖြတ်နိုင်သည်။

# ၄.၁.၇ ကျပန်း နှိုင်းယှဉ်ချက်

(က) စာပါအကြောင်းအရာ တစ်ခုခုကို ရွေးထုတ်ပါ။ ထို့နောက် စာပြင်ပမှ ရောက်တတ်ရာရာ အကြောင်းအရာများ ကျပန်းရေးသားပါ။ (သို့မဟုတ် ကျောင်းသူ/သားများကို ရေးသားခိုင်းပါ။)

| စက်ဘီး | အစားအသောက်များ |
|---|---|
| ၄က်ပျောသီး | ကျောင်းပိတ်ရက် |
| ငါး | စစ်ပွဲ |
| ခဲတံ | ရေကန် |

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ အကြောင်းအရာနှင့် ပြင်ပ အကြောင်းအရာများကို တူညီချက်များ ကွဲပြားချက်များ ရှာဖွေနှိုင်းယှဉ်ရမည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ပြင်ဆင်မှု** – ရောက်တတ်ရာရာ အကြောင်းအရာများ ရေးသားထားရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ တီထွင်ဖန်တီးခြင်း။

(ခ) ထို့နောက် ကျောင်းသူ/သားများက စာမှ ရွေးထုတ်ထားသည့်အရာနှင့် ကျပန်းရေးထားသော အရာတစ်ခုချင်းစီအကြားတွင် တူညီချက်တစ်ခုနှင့် ကွဲပြားချက်တစ်ခုကို စဉ်းစားရမည်။

၁။ ၄က်ပျောသီးကို စားလို့ရတယ်။ စက်ဘီးကို စားလို့မရဘူး ။ စက်ဘီးရော ၄က်ပျောသီးရော စာလုံးပေါင်းမှာ 'က်' ပါတယ်။

၂။ ငါးကို စားလို့ရတယ်.. စက်ဘီးကို စားလို့မရဘူး.. စက်ဘီးရော ငါးရော ရေနစ်သေတယ်လို့ မရှိဘူး။

၃။ စက်ဘီးကို စီးလို့ရတယ်.. ခဲတံကို စီးလို့မရဘူး။ ခဲတံရော စက်ဘီးရောကို ကျောင်းမှာ အများကြီး တွေ့နိုင်တယ်။

၁။ အစားအသောက်ကို ဝယ်လို့ရတယ်။ ကျောင်းပိတ်ရက်ကို ဝယ်လို့မရဘူး။ အစားအသောက်ရော ကျောင်းပိတ်ရက်ရောကို ကလေးတွေ ကြိုက်ကြတယ်။

၂။ စစ်ပွဲက လူတွေကို သတ်တယ်။ အစားအသောက်ကတော့ များသောအားဖြင့် မသတ်ဘူး။ စစ်ပွဲရော အစားအသောက်ရော ငွေကုန်ကြေးကျ ရှိတယ်။

၃။ ရေကန်ဆိုတာ များသောအားဖြင့် သဘာဝအတိုင်း ဖြစ်နေတာများတယ်.. အစားအသောက်ကတော့ ပြုပြင်ထုတ်လုပ်ထားတာတွေ အများကြီးပဲ.. ရေကန်တစ်ခုရော အစားအသောက်တချို့ရောက တစ်ခါစာ အကွာအဝေးမှာရှိတယ်။

## မူကွဲ

ဤလုပ်ငန်းစဉ်ကို အဖွဲ့လိုက် အကြံထုတ်ပြိုင်ပွဲအဖြစ် ဆောင်ရွက်နိုင်သည်။ အတန်းကို နှိုင်းယှဉ်စရာ အကြောင်းအရာ ၂ ခု ပေးလိုက်ပြီး ထို၂ ခုအကြား တူညီမှု ကွဲပြားမှုရှာရန် အချိန် ၂ မိနစ် သတ်မှတ်ပေးလိုက်ပါ။ အချက်အလက် အများဆုံး စဉ်းစားနိုင်သည့်အဖွဲ့က အနိုင်ရရှိမည် ဖြစ်သည်။








# ၄.၂ အကြောင်းရင်းခံ အကျိုးဆက်

## ကြောင်းကျိုးရှာ စဉ်းစားခြင်း

ကြောင်းကျိုးရှာ စဉ်းစားခြင်းဆိုသည်မှာ အဖြစ်အပျက်နှစ်ခုကြားမှ ဆက်စပ်မှုကို စဉ်းစားခြင်းဖြစ်သည်။ အကြောင်းရင်းခံ တစ်ရပ်ပေါ် မူတည်ပြီး ရလဒ်တစ်ခုဖြစ်စေ ကွင်းဆက်ဖြစ်စဉ်တစ်ခုဖြစ်စေ ဖြစ်ပေါ်လာရာ ထိုရလဒ်/ကွင်းဆက်ကို အကျိုးဆက်ဟု ခေါ်ဆိုသည်။


ဥပမာအားဖြင့် အမျိုးသမီးတစ်ဦးက ဘတ်စ်ကားနောက်ကို ပြေးလိုက်ရသည်ဆိုပါစို့။ ထိုအဖြစ်နောက်တွင် အကြောင်းရင်းခံတစ်ခုရှိရမည်။ ပြေးလိုက်ရခြင်းသည် အကြောင်းရင်းခံတစ်ခုရှိ၍ ဖြစ်ပေါ်လာသော အကျိုးဆက်တစ်ခုဖြစ်သည်။ ထို အကြောင်းရင်းခံကို တွေ့ရှိနိုင်ရန် ပြေးလိုက်ရသည့် အကျိုးဆက်မပေါ်ခင် အချိန်ကို ပြန်သွားပြီး ရှာဖွေရမည်ဖြစ်သည်။ ထိုအမျိုးသမီး အိပ်ရာထ နောက်ကျ၍ ကားမမီခြင်း ဖြစ်ချင်ဖြစ်နိုင်သည် ဟူသော အကြောင်းရင်းခံမျိုးကို ရှာတွေ့နိုင်သည်။





အခြားဥပမာတစ်ခုအနေနှင့် ရွာတစ်ရွာတွင် လေပြင်းတိုက်သွားခြင်းကိုကြည့်ပါ။ ထိုလေပြင်း၏ အကျိုးဆက်မှာ အဘယ်နည်း။ အိမ်များစွာ၏ ခေါင်မိုးများ ပျက်စီးသွားသည်။ ၎င်းမှာ လေပြင်း၏ အကျိုးဆက်ဖြစ်သည်။ ခေါင်မိုးပျက်စီးမှု အကျိုးဆက်၏ အကြောင်းရင်းခံမှာ လေပြင်းဖြစ်သည်။





အကြောင်းရင်းခံ တစ်ခုက အရင်ဖြစ်ပျက်သည်။ ထို့နောက် အကျိုးဆက်တစ်ခု ဆက်လက်ဖြစ်ပေါ်လာသည်။ များသောအားဖြင့် ဤအယူအဆမျိုးကို လေ့လာရာတွင် အစီအစဉ်အမျိုးမျိုး ရှိနိုင်သည်။ ရံဖန်ရံခါတွင် အကျိုးဆက်ကို ရှာဖွေပြီးမှ အကြောင်းရင်းခံကို ရှာခြင်းမျိုးလည်း ရှိနိုင်သည်။ အကြောင်းရင်းခံ ဖြစ်နိုင်သည့် အဖြစ်အပျက်ကိုကြည့်ပြီး မည်သည့် အကျိုးဆက်ဖြစ်လာနိုင်ကြောင်း ခန့်မှန်းခြင်းမျိုးလည်း ရှိနိုင်ပါသည်။

တစ်ခါတစ်ရံတွင် အကြောင်းရင်းခံနှင့် အကျိုးဆက်များကြားမှ ကြောင်းကျိုးဆက်စပ်မှုမှာ ထင်ရှားစွာ မြင်သာနေသည်လည်း ဖြစ်နိုင်သည်။ ဥပမာ – လေကြမ်းတိုက်သောကြောင့် အိမ်ပြိုခြင်းမျိုးဖြစ်သည်။ တစ်ခါတစ်ရံ အကြောင်းရင်းခံ ရှာရခက်ခြင်းမျိုးနှင့် အကျိုးဆက်ကို မှန်းရခက်နေခြင်းမျိုးလည်း ရှိနိုင်သည်။ များသောအားဖြင့် အကျိုးဆက်တစ်ခု ဖြစ်လာအောင် အကြောင်းရင်းခံ တစ်ခုထက်မက ရှိနေတတ်ကြသည်။ ထို့ပြင် အကြောင်းရင်းခံတစ်ခုတည်းက အကျိုးဆက် အဖြစ်များစွာကိုလည်း ဖြစ်စေခြင်းမျိုး ရှိနိုင်သည်။ တစ်ခါတစ်ရံ အကြောင်းတစ်ခုကြောင့် အကျိုးရလဒ်တစ်ခုဖြစ်လာပြီး ထိုအကျိုးရလဒ်က အခြားအကျိုးဆက်တစ်ခုကို ဆင့်ပွားဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် နောက်ထပ်ရလဒ်တစ်ခုကို အဆင့်ဆင့် ဖြစ်ပေါ်စေခြင်းဟူသော ဆင့်ပွားကြောင်းကျိုးဆက်စပ် ဖြစ်ပေါ်မှုမျိုးလည်း ရှိနိုင်ပါသည်။

**ထိုအမျိုးသမီး အိပ်ရာထ နောက်ကျသည်။** → **နောက်ကျ၍ ကား လွတ်သွားသည်။** → **ကားလွတ်၍ အလုပ် နောက်ကျသည်။** → **အလုပ်ပြုတ် သွားသည်။**

ကြောင်းကျိုးဆက်စပ်မှုများကို စဉ်းစားခြင်းတည်းဟူသော တွေးခေါ်နိုင်မှု ဦးနှောက်အလုပ်ကို ကောင်းစွာ လုပ်နိုင်သော ကျောင်းသူ/သားများသည် စာသားတစ်ခုတွင် ပါဝင်သော အချက်အလက်များကိုကြည့်ပြီး ကောက်ချက်ချခြင်းမျိုးကိုလည်း ပိုမိုကောင်းမွန်စွာ လုပ်ဆောင်တတ်လာပေမည်။ မိမိတို့ကိုယ်တိုင်၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို ထိရောက်စွာ အကဲဖြတ်တတ်လာခြင်းနှင့် ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများလည်း တိုးတက်လာပေမည်။




*http://zenpencils.com/comic* မှ ထုတ်နုတ် ပြုပြင်ထားပါသည်။

# ဥပမာ စာပိုဒ်

**မှတ်ချက်**

ဤထုတ်နုတ်ချက်မှာ ပါကစ္စတန်ကျောင်းသူလေးတစ်ဦးအကြောင်းကို ရေးသားထားသော အင်တာနက် ကာတွန်းရုပ်ပြတစ်ခုမှ ဖြစ်ပါသည်။ တာလီဘန်တို့၏ ပစ်ခတ်ခြင်းခံရပြီး သေဘေးမှ သီသီလေးလွတ်လာသူ မာလာလာ ယူဆာဖ်ဇီဟုခေါ်သော မိန်းကလေးငယ်တစ်ဦးအကြောင်း ဖြစ်သည်။

ထုတ်ဝေသူများစွာတို့က ရုပ်ပြဇာတ်လမ်းများစွာနှင့် ပုံပြင်များကို ရေးသားထုတ်ဝေထားပြီး အင်တာနက်တွင် အခမဲ့လည်း ရရှိနိုင်ပါသည်။ zenpencils.com တွင် သွားရောက်ရှာဖွေ ကြည့်နိုင်ပါသည်။

ရုပ်ပြဇာတ်လမ်း တစ်ခုကို စာသင်ခန်းတွင်းတွင် အသုံးပြုနိုင်သော နည်းလမ်းများစွာ ရှိပါသည်။ အဖြစ်တစ်ခု၊ ဇာတ်လမ်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးပေါ် မူတည်ပြီး မိမိကျောင်းသူ/သားများက ကိုယ်တိုင်ရုပ်ပြဇာတ်လမ်း ရေးဆွဲခြင်းပင် ပြုလုပ်နိုင်ပါသည်။

# ဥပမာ စာပိုဒ်

## မှတ်ချက်

ဤစာသားကို အမေရိကတွင် သုံးသော လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းစာအုပ်တစ်ခုမှ ထုတ်နုတ် ပြန်ဆိုထားသည်။

အခြားသော အသုံးဝင်သည့် လူ့အခွင့်အရေးဆိုင်ရာ လေ့လာဖွယ် ရင်းမြစ်များကို အင်တာနက်တွင် အခမဲ့ တွေ့ရှိနိုင်ပါသည်။ လွယ်ကူသော အင်္ဂလိပ်စာနှင့် ရေးသားထားသော စာသားများကိုလည်း un.org/cyberschoolbus/ humanrights.index.asp တွင် တွေ့ရှိနိုင်ပါသည်။




## ပညာရေးအတွက် ဘာသာစကား ရွေးချယ်ခြင်း

စာသင်ကျောင်းများတွင် မည်သည့် ဘာသာစကား အသုံးပြု သင်ကြားရမည်ကို လူအများကြား သဘောတူညီချက် မရပေ။ လူအများကြား ဘာသာစကား ကွာခြားချက် ရှိနေသော နိုင်ငံတစ်နိုင်ငံဆိုပါက အစိုးရကျောင်းများ အားလုံးတွင် အများစု အသုံးပြုသော ဘာသာစကားကိုသာ အသုံးပြု သင်ကြားသင့်ပါသလား။

နိုင်ငံတစ်နိုင်ငံတွင် ဘာသာစကားအမျိုးမျိုး အသုံးပြုသည့် အစုအဖွဲ့များစွာ ရှိနေပါက မိမိသက်ဆိုင်ရာစကားများ သီးသန့်သာ အသုံးပြုခွင့်ပေးပါက ကွဲထွက်ခြင်းနှင့် မညီညွတ်မှုကို ပေါ်ပေါက်လာစေနိုင်သည်။ အချို့က နိုင်ငံသား အချင်းချင်း မည်သို့ ပြောဆိုဆက်ဆံနိုင်မည်နည်းဟု တွေးတောပူပန်ကြသည်။ လူနည်းစုဘာသာစကား ပြောဆိုကြသော အုပ်စုများ၏ အနာဂတ်ကရော မည်သို့ ရှိမည်နည်း။ အများစုသုံးစွဲပြောဆိုသော ဘာသာစကားကို အသုံးမပြုနိုင်ဘဲ ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းထဲတွင် မည်သို့ အလုပ်ကောင်းတစ်ခု ရနိုင်မည်နည်း။ အချို့ကလည်း လူများစု ဘာသာစကားကို အသုံးမပြုနိုင်ပါက တာဝန်ယူမှုရှိစွာနှင့် မဲပေးနိုင်ခြင်း၊ ရွေးကောက်ပွဲများကို နားလည်စွာနှင့် ပါဝင်နိုင်ခြင်း မရှိမည်ကို စိုးရိမ်သည်။

တစ်ဖက်က ပြန်လည်ငြင်းဆိုသည်မှာ ထိုအချက်များသည် အခက်အခဲများ ဖြစ်နိုင်သည် မှန်သော်လည်း ပိုမို ကြီးမားသည့် ပူပန်စရာ ပြဿနာတစ်ရပ်မှာ လူနည်းစုတစ်ရပ်၏ ဘာသာစကားနှင့် ယဉ်ကျေးမှုအမွေများကို ကျောင်းမှ တစ်ဆင့် လက်ဆင့်ကမ်းနိုင်ခြင်း မရှိတော့မည်ကိုဖြစ်သည်။ မျိုးဆက် အနည်းငယ်စာ ကြာပြီးသည့်နောက်တွင် ယဉ်ကျေးမှုတစ်ရပ် လုံးဝကွယ်ပျောက် သွားခြင်းမျိုး ရှိသွားနိုင်သည်။ ထို့ပြင် လူစုတစ်စုကို အခြား ဘာသာစကားတစ်ခုကို အတင်းအကြပ် အသုံးပြုစေပါက မကျေနပ်မှုများ တွန်းလှန်မှုများ ပေါ်ပေါက်လာနိုင်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၆ တွင် မိဘများ အနေနှင့် မိမိတို့ သားသမီးများအတွက် နှစ်သက်ရာ ပညာရေးကို ရွေးချယ်ခွင့် ရှိသည်ဟု ဖော်ပြထားသည်။

*Human Rights for All, National Institute for Citizen Education in the Law,1996 မှ ထုတ်နုတ် ပြုပြင်ရေးသားထားပါသည်။*



# ၄.၂.၁ အကြောင်းရင်းခံကို ရှာပါ

(က) စာသားထဲမှ အဖြစ်အပျက်အချို့ကို ရွေးထုတ်ရေးသားထားပါ။

(ခ) ကျောင်းသူ/သားများက ထိုအဖြစ်အပျက် ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းခံများ သို့မဟုတ် အကြောင်းရင်းခံ ဖြစ်နိုင်သည့်အရာများကို ရှာဖွေဖော်ထုတ်ရမည်။

(ဂ) ထို့နောက် ရလာသည့် အကြောင်းရင်းခံများကို အချင်းချင်းလဲလှယ်ကြည့်ရှုပြီး သဘောတူ၊ မတူ ဆွေးနွေးကြရမည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အဖြစ်အပျက်များ၏ အကြောင်းရင်းခံများကို ရှာဖွေရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ပြင်ဆင်မှု** – စာပါ အကြောင်းအရာများထဲမှ အကျိုးဆက်များကို ရှာဖွေထားရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

**တာလီဘန်များက မာလာလာကို ပစ်ခတ်လိုက်သည်။**

– မာလာလာက တာလီဘန်များ၏ အမိန့်ကို မနာခံ၍ ဖြစ်သည်။

– မာလာလာက ကျောင်းသွားခဲ့၍ ဖြစ်သည်။

**မာလာလာက ဆေးရုံကိုရောက်သွားခဲ့သည်။**

– တာလီဘန်များ၏ ပစ်ခတ်မှုကိုခံရ၍ ဆေးရုံတင်လိုက်ခြင်းဖြစ်သည်။

**အလုပ်ကောင်းကောင်း မရနိုင်ပါ။**

– လူများစု အသုံးပြုသော ဘာသာစကားကို မပြောတတ်၍ ဖြစ်သည်။

**လူစုတစ်စု၏ ယဉ်ကျေးမှုနှင့် ဓလေ့သလက္ခဏာများ ဆုံးရှုံးသည်။**

– ထိုလူစုက မျိုးဆက်သစ်များထံ ယဉ်ကျေးမှု စရိုက်လက္ခဏာများကို လက်ဆင့်ကမ်းနိုင်ခြင်း မရှိ၍ ဖြစ်သည်။

## မူကွဲ

**ထိန်းကျောင်းကနဲ့သတ်မှု ပိုနည်းစေရန်** ကျောင်းသူ/သားများကို စာသားတွင်းမှ အကြောင်းရင်းခံနှင့် အကျိုးဆက်များကို ရှာဖွေမျဉ်းသားခိုင်းခြင်းမျိုး ပြုလုပ်နိုင်သည်။

# ၄.၂.၂ အကျိုးဆက်ကို ရှာပါ

(က) စာသားထဲမှ အကြောင်းရင်းခံ တချို့ကို ရွေးထုတ်ထားပါ။

(ခ) ကျောင်းသူ/သားများက ထိုအကြောင်းရင်းကြောင့်ဖြစ်သော အကျိုးဆက်များ သို့မဟုတ် ဖြစ်နိုင်ခြေရှိသော အကျိုးဆက်များကို ရှာဖွေဖော်ထုတ်ပေးရမည်။

(ဂ) ကျောင်းသူ/သားများက မိမိတို့ရရှိထားသော အကျိုးဆက်များကို အချင်းချင်း လဲလှယ်ကြည့်ရှုကြပြီး သဘောတူခြင်းရှိ၊ မရှိ ဆွေးနွေးရမည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အဖြစ်အပျက်များ၏ အကျိုးဆက်များကို ရှာဖွေရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ပြင်ဆင်မှု** – စာပါ အကြောင်းအရာများထဲမှာ အကြောင်းရင်းခံများ ရှာဖွေထားရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ် ဝေဖန်ခြင်း။

**မာလာလာက ကျောင်းကားတစ်စီးကို တက်စီးလိုက်သည်။**

– တာလီဘန်များက ကားပေါ်တက်လာပြီး မာလာလာကို တွေ့သွားကြသည်။
– တာလီဘန်များက မာလာလာကို သေနတ်ဖြင့် ပစ်ခဲ့သည်။

**မာလာလာက သူ့တွင် ပညာသင်ယူရန် အခွင့်အရေး ရှိသည်ဟု ထင်မြင်သည်။**

– ထိုအခွင့်အရေးအတွက် ရပ်တည် ပြောဆိုခဲ့သည်။

**အများစု အသုံးပြုသော ဘာသာစကားကို သင်ယူကြရသည်။**

– အနည်းစု၏ ကိုယ်ပိုင် ယဉ်ကျေးမှု ကွယ်ပျောက်သွားသည်။
– အခြားသူများ၏ ဘာသာစကားကို သုံးစွဲနိုင်သောကြောင့် မကျေနပ်မှုများ ဖြစ်ပေါ်လာသည်။

## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှု နည်းစေရန်အတွက်** ကျောင်းသားများကို စာပါ အကြောင်းရင်းခံများနှင့် အကျိုးဆက်များကို ကိုယ်တိုင် ရှာဖွေပြီး မျဉ်းသားခြင်း စက်ဝိုင်းဝိုင်းခြင်းတို့ ပြုလုပ်ခိုင်းနိုင်သည်။

# ၄.၂.၃ အကြောင်းနှင့် အကျိုး တွဲစပ်ပါ

ရည်ရွယ်ချက် – ကျောင်းသူ/သားများက အကြောင်းရင်းခံများနှင့် အကျိုးဆက်များကို တွဲစပ်ကြရန်။

**အခြေအနေ** – စာသင်ခန်းထဲတွင် ဟိုဟို သည်သည် သွားလာ လှုပ်ရှားရန် လိုအပ်သည်။

**ပြင်ဆင်မှု** – အကြောင်းရင်းခံများနှင့် အကျိုးဆက် အသီးသီးတို့ကို စာရွက်ပိုင်းများ အပေါ်တွင် ရေးသားထားရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း။


(က) စာရွက်အပိုင်းများအပေါ်တွင် အကြောင်းရင်းခံများနှင့် အကျိုးဆက်များကို ရေးသားပါ။ ကျောင်းသူ/သား တစ်ဦးစီတွင် အကြောင်းရင်းတစ်ခု သို့မဟုတ် အကျိုးဆက်တစ်ခု ရနိုင်အောင်ထိ လုံလုံလောက်လောက် ကူးရေးထားပါ။

| | |
|---|---|
| တာလီဘန်များက မာလာလာကို ပစ်ခတ်လိုက်သည်။ | မာလာလာ ကျောင်းသွားတက်သောကြောင့် ဖြစ်သည်။ |

(ခ) ကျောင်းသူ/သားများက အခန်းပတ်လည်တွင် လျှောက်သွားရမည်။ မိမိ၏အကြောင်းရင်းခံ သို့မဟုတ် အကျိုးဆက်နှင့် တွဲစပ်နိုင်မည့် အခြားတစ်ဦးကို လိုက်လံရှာဖွေရမည်။ အချို့သော အကျိုးဆက်များသည် အကြောင်းရင်းခံ တစ်ခုထက်ပို၍ တွဲစပ်နိုင်ခြင်း လည်းရှိမည်။

| | |
|---|---|
| နိုင်ငံတကာမှ ဆုများကို မာလာလာ ရရှိခဲ့သည်။ | ရပ်တည်ပြောဆိုမှု ပြုလုပ်ခဲ့သောကြောင့်ဖြစ်သည်။ |

(ဂ) မိမိရရှိထားသော အကြောင်းရင်းခံသို့ အကျိုးဆက်နှင့် ဆက်စပ်နိုင်သည့် စာသားကိုင်သူနှင့် တွဲမိပြီဆိုပါက ဆရာဆီသို့ လာရောက်စစ်ဆေးပါစေ။ အချို့အကျိုးဆက်များသည် အကြောင်းရင်းခံတစ်ခုထက်ပိုပြီး ဆက်စပ်နိုင်ခြင်း၊ အချို့အကြောင်းအရင်းခံများက အကျိုးဆက်တစ်ခုထက် ပိုမိုဖြစ်ပေါ်စေနိုင်ခြင်းများ ရှိသည်ကို သတိပေးထောက်ပြပါ။




## မူကွဲ

လုပ်ငန်းစဉ်ကို **ပိုမို ခက်ခဲစေလိုပါက** အထူးသဖြင့် လူများသော စာသင်ခန်းဖြစ်ပါက၊ အကြောင်းအရာခေါင်းစဉ် တစ်ခုထက်ပိုသည့် စာသားများမှ အကြောင်းအကျိုးများကို အသုံးပြုရေးသားသင့်ပါသည်။

# ၄.၂.၄ ကြောင်းကျိုးချိတ်သော ကွင်းဆက်များ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အကြောင်းအကျိုးများကို ကွင်းဆက်အလိုက် ချိတ်ဆက်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘာလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ကျောင်းသူ/သားများက စာပါအကြောင်းအရာဖြစ်စဉ်မှ ပထမဆုံး အကြောင်းရင်းခံကို စတင်ရှာဖွေ ဖော်ထုတ်ရမည်။

(ခ) ထိုအကြောင်းရင်းခံကြောင့်ဖြစ်သော အနီးဆုံးအကျိုးဆက်ကို ရှာဖွေရမည်။

(ဂ) ထိုအနီးဆုံး အကျိုးဆက်ကို နောက်ထပ် အကြောင်းရင်းအဖြစ် စဉ်းစားပြီး ထိုအကြောင်းရင်းကြောင့်ဖြစ်သော အခြား အကျိုးဆက်တစ်ခုကို ထပ်မံရှာဖွေရမည်။

| | |
|---|---|
| မာလာလာက ပညာရေး လိုက်စားလိုသည်။ | နိုင်ငံတစ်နိုင်ငံတွင် ဘာသာစကားအမျိုးမျိုး ပြောကြသော တိုင်းရင်းသား အစုပေါင်းများစွာ ရှိသည်။ |

(ဃ) နောက်ဆုံး အကျိုးဆက်ရသည့်အထိ ကွင်းဆက်ပြည့်စုံသွားသည်အထိ အကျိုးဆက်များကို ထပ်ကာ ထပ်ကာ စဉ်းစားရေးသားကြရမည်။

| | | | | | | |
|---|---|---|---|---|---|---|
| မာလာလာက ပညာရေး လိုက်စားလိုသည်။ | → | တာလီဘန်များက တားမြစ်ထားသော်လည်း ကျောင်းသွားတက်ရန် ဆုံးဖြတ်လိုက်သည်။ | → | တာလီဘန်များက မာလာလာကို သေနတ်ဖြင့်ပစ်သည်။ | → | ကမ္ဘာ့မီဒီယာများက မာလာလာ၏ အကြောင်းကို စိတ်ဝင်စားလာကြသည်။ |
| နိုင်ငံတစ်နိုင်ငံတွင် ဘာသာစကားအမျိုးမျိုး ပြောကြသော တိုင်းရင်းသား အစုပေါင်းများစွာ ရှိသည်။ | → | အချို့က မိမိတို့ကိုယ်ပိုင် ဘာသာစကားဖြင့် သင်ယူလိုသည်။ အများစု ဘာသာစကားဖြင့် သင်ယူမှု မပြုချင်ကြ။ | → | အချို့လူများက အများစုသုံးသော ဘာသာစကားကို မသုံးနိုင်တော့။ | → | မိမိတို့ ကိုယ်ပိုင် အသိုင်းအဝိုင်း အပြင်ဘက်တွင် အလုပ်ကောင်း ရရှိနိုင်ရန် မဖြစ်နိုင်တော့။ |

## လုပ်ငန်းစဉ်နောက်ဆက်တွဲ

စာပါ အကြောင်းအရာများ မဖြစ်ပျက်ခင် အတိတ်ကာလကတည်းက ရှိနှင့်ခဲ့မည့် အဖြစ်အပျက်များကို စဉ်းစားပြီး ကွင်းဆက်များတွင် ထပ်မံထည့်ပေါင်းနိုင်သည်။


မာလာလာမှာ ဉာဏ်ထက်မြက်သော မိန်းကလေးတစ်ဦးဖြစ်သည် → ပညာတတ်သော အမျိုးသမီးတစ်ဦးအတွက် ပိုမို ကောင်းမွန်သော အခွင့်အလမ်းများ ရရှိနိုင်ကြောင်း သိရှိခဲ့သည်။ → ထို့ကြောင့် ပညာသင်ကြားလိုခဲ့သည်။

ထို့ပြင် အထက်ပါ နောက်ဆက်တွဲအစား သို့မဟုတ် အထက်ပါ နောက်ဆက်တွဲနှင့်အတူ လုပ်ဆောင်နိုင်သည့်အရာမှာ အနာဂတ်တွင် ဆက်လက် ဖြစ်ပေါ်လာနိုင်သည့် အကြောင်းအကျိုးများကို စဉ်းစားရေးသားပြီး ကွင်းဆက်များတွင် ပေါင်းထည့်ခြင်းဖြစ်သည်။

မိမိတို့ကိုယ်ပိုင် အသိုင်းအဝိုင်း အပြင်ဘက်တွင် အလုပ်ကောင်း ရရှိနိုင်ရန် မဖြစ်နိုင်တော့။ → ၎င်းတို့အနေနှင့် ဝင်ငွေ ကောင်းမွန်ခြင်း မရှိတော့။ → ၎င်းတို့၏ ရပ်ရွာမှာ အများစုသုံးသော ဘာသာစကားကို ပြောနိုင်သော အခြား ရပ်ရွာများထက် ပိုမို ဆင်းရဲလာသည်။

## မူကွဲ

ကျောင်းသူ/သားများကို ကြောင်းကျိုးချိတ်သော ကွင်းဆက်များကို ပိုစတာ စက္ကူများပေါ်တွင် ရေးသားပြီး နံရံများပေါ်တွင် ကပ်ကာ ကြည့်ရှုနိုင်သည်။



# ၄.၂.၅ အကျိုးဆက် ရလဒ်များ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ဖြစ်နိုင်ခြေရှိသော အကြောင်းရင်းခံများနှင့် အကျိုးဆက်များကို ရှာဖွေဖော်ထုတ်ရန်။

**အခြေအနေ** – အဖွဲ့လိုက်ဖြစ်စေ တစ်တန်းလုံး အနေနှင့်ဖြစ်စေ လုပ်ဆောင်ရမည်။

**ပြင်ဆင်မှု** – စာပါအကြောင်းအရာနှင့် ပတ်သက်ဆက်စပ်နိုင်သော အခြား အခြေအနေများအကြောင်း ကြိုတင်စဉ်းစား ပြင်ဆင်ထားရမည်။

**ဘလူးမ်** – တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများကို '---- သာ ဖြစ်ခဲ့မည် ဆိုလျှင် မည်သို့ ပြောင်းလဲဖြစ်ခဲ့နိုင်သနည်း။'၊ '----- သာ ဆိုလျှင် မည်သို့ ဖြစ်ပျက်လာမည်နည်း။' ကဲ့သို့သော မေးခွန်းတစ်ခု မေးထားပါ။

မာလာလာသာ ကျောင်းသွားဖို့ မကြိုးစားခဲ့ရင် ဘာဖြစ်မလဲ။

ပညာရေး အားလုံးက ဘာသာစကား ၂ မျိုး သုံးရင် ဘယ်လိုဖြစ်မလဲ။

(ခ) လူနည်းသော စာသင်ခန်းဆိုလျှင် တစ်တန်းလုံးအနေနှင့် သို့မဟုတ် လူများသော စာသင်ခန်းဆိုလျှင် အဖွဲ့လိုက်အနေနှင့် တစ်ဦးချင်းစီက အကျိုးဆက်တစ်ခုစီ အလှည့်ကျအဆင့်ဆင့် ပေါင်းထည့်ပေးရမည်။

စာသင်ကျောင်းအားလုံးသာ ဘာသာစကား ၂ မျိုးနဲ့ သင်မယ်ဆိုရင်တစ်ဦးရဲ့ယဉ်ကျေးမှုကိုတစ်ဦး ပိုမိုနားလည်လာလိမ့်မယ်။

တစ်ဦးယဉ်ကျေးမှုကို တစ်ဦးနားလည်တယ်ဆိုရင် အချင်းချင်းရဲ့ ကွာခြားကွဲပြားမှုတွေကို ပိုပြီးနားလည်လာကြလိမ့်မယ်။

စစ်ပွဲတွေ လျော့နည်းသွားရင် လက်နက်ထုတ် ရောင်းတဲ့သူတွေ လုပ်စရာမရှိ ဖြစ်ကုန်မယ်။

တစ်ဦးနဲ့ တစ်ဦးရဲ့ ကွဲပြားခြားနားမှုတွေကို နားလည်လာတယ်ဆိုရင် စစ်ပွဲတွေ လျော့နည်းလာလိမ့်မယ်။

# ၄.၂.၆ ပြောင်းလဲခြင်း အကြောင်းရင်းများ

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက ဖြစ်တန်ရာသော အကြောင်းရင်းခံများကို ကောက်ချက်ဆွဲရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း တီထွင်ဖန်တီးခြင်း။

(က) စာပါ အကြောင်းအရာမှ အဓိကအကျဆုံး အကြောင်းအကျိုး တစ်စုံကို ရှာဖွေပါ။

မာလာလာက ကျောင်းသွားတက်ခဲ့သည်။ ထို့ကြောင့် တာလီဘန်များက သေနတ်ဖြင့် ပစ်ခဲ့သည်။

ဘာသာစကားတစ်မျိုးတည်း မဟုတ်ဘဲ အမျိုးမျိုးသုံးစွဲ ပြောဆိုကြသည်။ ထို့ကြောင့် ပညာသင်ကြားရာတွင် မိမိတို့ဘာသာစကားဖြင့် မိမိတို့ သင်ကြားလိုကြသည်။

(ခ) ကျောင်းသူ/ သားများက ထိုပေးထားသော အခြေအနေများ နောက်ကွယ်မှ အခြားဖြစ်နိုင်သည့် အကြောင်းရင်းခံများ အကျိုးဆက်များကိုလည်း တွေးတောကြည့်ရမည်ဖြစ်သည်။

တာလီဘန်များ၏ ပိတ်ပင်မှုကို မာလာလာက သဘောမတူခဲ့။
မာလာလာသည် တာလီဘန်တို့၏ ဝါဒများအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။
အခြား မိန်းကလေးများလည်း မာလာလာကြောင့် ပညာရေးကို တောင်းဆိုလာနိုင်သည်။

လူများစုကို အားကိုးခြင်း မရှိဘဲ နေထိုင်လာခဲ့သည်။
လူများစုနှင့် မတူသော သမိုင်းဖြတ်သန်းမှု ရှိခဲ့သည်။
ခေတ်သစ်လူ့အဖွဲ့အစည်းအတွက် ဗဟုယဉ်ကျေးမှုဝါဒမှာ အရေးပါသည်ဟု ထိုသူတို့က ယုံကြည်ကြသည်။

(ဂ) ထို့နောက် အခြေအနေများကြောင့် မည်သို့ အဆုံးသတ်ဖြစ်ပေါ်သည်၊ မည်သို့ ပြေလည်သွားသည် ဆိုသည်ကို တွေးတောဆင်ခြင်ယူရမည်ဖြစ်သည်။

မာလာလာ၏ အများသိ ရပ်တည်မှုနှင့် ပြည်တွင်း ပြည်ပ ထောက်ပံ့မှုများ၏ ရလဒ် တစ်ခုအဖြစ် တာလီဘန်များက အမျိုးသမီးများလည်း ပညာရေးတွင် အခွင့်အရေးတူ ရရှိသင့်ကြောင်း သဘောပေါက်သွားကြသည်။

မိမိတို့ ရပ်ရွာတွင်းသာမက ပြင်ပအသိုင်းအဝိုင်းများတွင်ပါ ပါဝင်နိုင်ရန် မိခင်ဘာသာစကားနှင့် လူများစု အသုံးပြုသော ဘာသာစကား ၂ ခုလုံးက အရေးပါကြောင်း လူများက သိရှိလာကြသည်။

# ၄.၃ ကောက်ချက်ချခြင်း

## ကောက်ချက်ချခြင်းဆိုသည်မှာ အဘယ်နည်း

နားလည်သဘောပေါက်ခြင်းဆိုသည်မှာ စာပါအကြောင်းများကို သိရှိသဘောပေါက်ခြင်းကို ဆိုလိုသည်။ ကောက်ချက်ချနိုင်ခြင်းတွင်မူ စာပါအကြောင်းအရာများကို ကျော်လွန်ပြီး စဉ်းစားဆင်ခြင်နိုင်ခြင်းကို ဆိုလိုပါသည်။ ပေးထားသည့် အကြောင်းအရာ အချက်အလက်များကို အသုံးပြုဆင်ခြင်ပြီး ဖော်ပြထားခြင်း မရှိသော အယူအဆတစ်ခု ထင်မြင်ချက်တစ်ခုဆီ ရောက်ရှိအောင် စဉ်းစားတွေးတောသည့်ဖြစ်စဉ်ကို ကောက်ချက်ချခြင်းဟုခေါ်ပါသည်။

စာသင်ခန်းပြင်ပ လက်တွေ့ဘဝများတွင်လည်း ကောက်ချက်ချခြင်းကို အမျိုးမျိုးလုပ်ဆောင်နေရပါသည်။ ဥပမာ –

- ရေတစ်ဖန်ခွက်ဟု လာတောင်းသောသူသည် ရေဆာနေသူဖြစ်ရမည်ဟု ကောက်ချက်ချခြင်းရှိသည်။
- တစ်ဦးက အခြားတစ်ဦး အော်ဟစ်ပါက ထိုသူတို့သည် ဒေါသထွက်နေသည် သို့မဟုတ် နာကျင်ခံစားနေရသည်ဟု ကောက်ချက်ချသည်။
- ထူးထူးဆန်းဆန်း ဝတ်စုံတစ်ခု ဝတ်ဆင်ထားသူ တစ်ဦးဦးကိုတွေ့ပါက ထိုသူသည် ဇာတ်ဝင်သရုပ်ဆောင်တစ်ဦးဟုလည်းကောင်း ဝတ်စုံပါတီပွဲတစ်ခုခုသို့ သွားသူဟုလည်းကောင်း ကောက်ချက်ချခြင်းမျိုးဖြစ်သည်။

ကောက်ချက်ချခြင်းသည်မှာ 'အဘယ့်ကြောင့်နည်း' ဟူသည့် မေးခွန်းကို မေးစေ၊ ဖြေစေသည်။ လူတို့မှာ မိမိတို့ ဖတ်ရှုသည့် စာများနှင့် တွေ့ကြုံရသည့် အဖြစ်အပျက်များအားလုံးတို့တွင် ရည်ရွယ်ချက်များ၊ အကြောင်းပြချက်များ၊ ရှင်းလင်းချက်များကို ရှာဖွေလေ့ရှိကြသည်။ ကောက်ချက်ချခြင်းကို 'စာကြောင်းများကြားတွင် အဓိပ္ပာယ်ရှာခြင်း' (reading between the lines) ဟုလည်း ပြောလေ့ရှိကြသည်။ ထိုစကားရပ်၏ ဆိုလိုချက်မှာ မှား/မှန် ဝေဖန်ခွဲခြားသည့် ဉာဏ်နှင့်ယှဉ်ပြီး ဖတ်ရှုလေ့လာနေချိန်တွင် စာဖတ်သူသည် စာက သွယ်ဝိုက်ဆိုလိုသော၊ စာက အရိပ်အမြွက်ပြထားသော သို့သော် တိုက်ရိုက်မြင်သာခြင်း၊ ဖော်ပြထားခြင်း မရှိသော အကြောင်းအရာတို့ကို အဆက်မပြတ် ဆင်ခြင်ရှာဖွေနေခြင်းဟုဖြစ်သည်။

ဆရာတစ်ဦးအနေနှင့် မိမိ၏ ကျောင်းသူ/သားများက စာသားများမှတစ်ဆင့် ကောက်ချက်ဆွဲခြင်းကို ပိုမို ကျွမ်းကျင်လာအောင် ကူညီပေးရန်အတွက် ၎င်းတို့ ဖတ်ရှုပြီးသော စာများအပေါ်တွင် ခန့်မှန်းချက်များ ပြုလုပ်ခိုင်းခြင်းမျိုး ဆောင်ရွက်နိုင်သည်။

စကားလုံးရွေးချယ်မှုများ၊ ဆက်စပ်နေသော ပတ်ဝန်းကျင်အခြေအနေများ၊ အချက်အလက်များ တည်ဆောက်ထားပုံ အစီအစဉ်များ၊ ရည်ညွှန်းချက်များ စသည်တို့ကို အနီးကပ် လေ့လာခြင်းဖြင့် စာပိုဒ်တွင် ထည့်မရေးထားသော နောက်ကွယ်မှ ရည်ရွယ်ချက်များ၊ အခြားအဓိပ္ပာယ်များကို စဉ်းစားဆင်ခြင် ကောက်ချက်ချနိုင်ကြောင်း ကျောင်းသူ/သားများ သိရှိလာပါလိမ့်မည်။




ကိုယ့်အားကိုယ်ကိုး လွတ်လပ်စွာ လေ့လာသင်ယူခြင်းအတွက် ကောက်ချက်ချခြင်း ကျွမ်းကျင်မှုမှာ အရေးပါသော ကျွမ်းကျင်မှုတစ်ခု ဖြစ်ပါသည်။

ကောက်ချက်ချသော လုပ်ငန်းစဉ်များကို အသုံးပြုလိုလျှင် သင်ခန်းစာ ခေါင်းစဉ် အကြောင်းအရာများကို သေချာစွာ ရွေးချယ်သင့်ပါသည်။

- ကျောင်းသူ/သားများမှာ ခေါင်းစဉ်အကြောင်းအရာနှင့် ရင်းနှီးထားပြီးသား ဖြစ်သင့်သည်။
- လေ့လာရမည့် စာသားများသည် ကျောင်းသူ/သားများ လွယ်ကူစွာနားလည်နိုင်သည့် ဘာသာစကားနှင့် ဖြစ်သင့်သည်။

### ဥပမာ စာပိုဒ်

**မှတ်ချက်**

အောက်ပါစာသားသည် အဆိုတော် ဂျွန်လန်နွန်၏ Imagine ဟူသော သီချင်း၏ စာသား ဖြစ်သည်။ သီချင်းစာသားများစွာကို အောက်ပါစာမျက်နှာများတွင် တွေ့နိုင်ပါသည်။

*songlyrics.co *lyrics.com *azlyrics.com *metolyrics.com

*စာသားကို မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုထားပါသည်။*

## Imagine

Imagine there's no heaven
It's easy if you try
No hell below us
Above us only sky
Imagine all the people
Living for today...

Imagine there's no countries
It isn't hard to do
Nothing to kill or die for
And no religion too
Imagine all the people
Living life in peace...
You may say I'm a dreamer
But I'm not the only one
I hope someday you'll join us
And the world will be as one

Imagine no possessions
I wonder if you can
No need for greed or hunger
A brotherhood of man

Imagine all the people
Sharing all the world...
You may say I'm a dreamer
But I'm not the only one
I hope someday you'll join us
And the world will live as one

*John Lennon, 1971*




## စိတ်ကူး

စိတ်ကူးကြည့်ပါဦး ကောင်းကင်ဘုံ မရှိဘူးလို့
လွယ်ပါတယ် တွေးလိုက်ရင် မြင်ရမယ်
အောက်ဘက်မှာ ငရဲ နတ္ထိ
အပေါ်မှာလည်း ကောင်းကင်သာရှိ
စိတ်ကူးကြည့်ပါဦး လူအားလုံးဟာ
ပစ္စုပ္ပန်အတွက်သာ ရှင်သန်နေတာဆိုရင်...

စိတ်ကူးကြည့်ပါဦး တိုင်းနိုင်ငံတွေ မရှိဘူးလို့
ခဲယဉ်းတာ မဟုတ်ဘူး
တိုက်ယူစရာမလိုသလို အသက်စွန့်စရာကင်း
ဘာသာတရားလည်း အလျဉ်းမရှိတော့
စိတ်ကူးကြည့်ပါဦး လူအားလုံးရဲ့
ငြိမ်းချမ်းအေးဆေးစွာ နေထိုင်ခြင်းကိုပေါ့...
စိတ်ကူးယဉ်သမားလို့ ငါ့ကိုခေါ်ပါလေ
ငါ့တစ်ယောက်တည်းတော့ မဟုတ်ပါဘူး
တစ်နေ့နေ့ မင်းလည်း ဒီစိတ်ကူးယဉ်ပါစေ
ဒါဆို တို့ကမ္ဘာလည်း တစ်သားတည်း ဖြစ်ပြီလေ

စိတ်ကူးကြည့်ပါဦး ပိုင်ဆိုင်မှုဆိုတာ မရှိဘူးလို့
တွေးကြည့်ရင် မြင်နိုင်လားစဉ်းစားမိ....
လောဘတက်စရာမလို မွတ်သိပ်မှု မသိ
သွေးရင်းညီကို စိတ်သာရှိ

စိတ်ကူးကြည့်ပါဦး လူအားလုံးဟာ
တူတကွ ဝေမျှနေကြမှာကိုပေါ့...
စိတ်ကူးယဉ်သမားလို့ ငါ့ကို ခေါ်ပါလေ
ငါ့တစ်ယောက်တည်းတော့ မဟုတ်ပါဘူး
တစ်နေ့နေ့ မင်းလည်း ဒီစိတ်ကူးယဉ်ပါစေ
ဒါဆို တို့ကမ္ဘာလည်း တစ်သားတည်းဖြစ်ပြီလေ

*ဂျွန်လန်နွန်၊ ၁၉၇၁*

## ဥပမာ စာပိုဒ်

**မှတ်ချက်**

မြန်မာနိုင်ငံသုံး နိုင်ငံသား ပညာရေး စာအုပ်တစ်အုပ်မှ ကောက်နုတ်ပြင်ဆင် ရေးသား ထားခြင်း ဖြစ်ပါသည်။

မှာယူလိုပါက – educasiaadmin@thabyay.org ကို ဆက်သွယ်နိုင်ပါသည်။






## ရာသီဥတု ပြောင်းလဲမှု - အနာဂတ်အတွက် ခြေလှမ်း

ပျမ်းမျှအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံမှ လူတစ်ဦးသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုမှ လူတစ်ဦးထက် ပိုမိုပြီး ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့အများဆုံး ထုတ်လွှတ်သူများကို တစ်ကမ္ဘာလုံး ထုတ်လွှတ်မှု၏ ရာနှုန်း သတ်မှတ်ချက်အလိုက်နှင့် အောက်တွင် ဖော်ပြထားပါသည်။

| | |
|---|---|
| **တရုတ်** | ၁၇% |
| **အမေရိက** | ၁၆% |
| **ဥရောပ သမဂ္ဂ** | ၁၁% |
| **အင်ဒိုနီးရှား** | ၆% |
| **အိန္ဒိယ** | ၅% |

အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ရာသီဥတုပြောင်းလဲမှုများကို မည်သို့ ကာကွယ်တိုက်ဖျက်မည်ဟူသည့် ဆုံးဖြတ်ချက်ကို ကျိုတို ထိပ်သီးဆွေးနွေးပွဲကဲ့သို့သော၊ သို့မဟုတ် ၈ နိုင်ငံ ထိပ်သီးဆွေးနွေးပွဲကဲ့သို့ သို့မဟုတ် ၂၀၀၉ ကိုပင်ဟေဂင် ညီလာခံကဲ့သို့သော ဆွေးနွေးပွဲများတွင် ဆွေးနွေးချမှတ်ခြင်းရှိနိုင်သည်။ ထိုအစည်းအဝေးပွဲများက ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ထိန်းချုပ်ရေးအတွက် သဘောတူညီချက်များ ချမှတ်ပြီး ထိန်းသိမ်းနိုင်အောင် ကြိုးစားကြသည်။ ထိုထိပ်သီးဆွေးနွေးပွဲများတွင် များသောအားဖြင့် ဆွေးနွေးကြသည့် အကြောင်းအရာများမှာ မည်သူတို့က မည်မျှ ပမာဏဖြင့် မည်မျှမြန်မြန် ဓာတ်ငွေ့ထုတ်လွှတ်မှုများ လျှော့ချရန် လိုအပ်ကြောင်း ဆွေးနွေးကြခြင်းဖြစ်သည်။

## ကျိုတို သဘောတူညီချက်

ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်ပြီး ပထမဆုံး ရရှိခဲ့သည့် သဘောတူညီချက်တစ်ခုမှာ ကျိုတို သဘောတူညီချက်ဖြစ်သည်။ ထိုသို့ သဘောတူညီမှု ရရှိရန် ၈ နှစ်ကြာ ကြိုးစားခဲ့ရပြီး ၁၉၉၇ တွင် ဂျပန်နိုင်ငံ ကျိုတိုမြို့တွင် နိုင်ငံပေါင်း ၁၆၀ က ၂၀၁၂ အကုန်တွင် ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ၅.၂% အထိ လျှော့ချရန် သဘောတူညီခဲ့ကြသည်။ နိုင်ငံ ၅၅% က ထိုသဘောတူညီချက်ကို လက်ခံကျင့်သုံးရန် ဆုံးဖြတ်ခဲ့ပြီး ၂၀၀၅ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဥပဒေတစ်ခုအဖြစ် စတင်ကျင့်သုံးခဲ့ကြသည်။ နိုင်ငံများက ကျိုတို သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံအားလုံး သဘောတူညီနိုင်မည့် နည်းလမ်းရှာရန် ကြိုးစားနေကြသည်။ သို့သော် ချမ်းသာသော နိုင်ငံများနှင့် ဆင်းရဲသော နိုင်ငံများအကြား ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ပတ်သက်ပြီး သဘောထားကွဲပြားမှု များပြားစွာ ဖြစ်နေသည်။ တရုတ်၊ အိန္ဒိယနှင့် ဘရာဇီးတို့မှာ ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန် မလိုဟု ကျိုတိုက ဖော်ပြထားသည်။ အမေရိကက ဖွံ့ဖြိုးဆဲနိုင်ငံများအနေနှင့် လျှော့ချရန် မလိုဟူသည့်အချက်မှာ မမျှတသောကြောင့် သဘောတူညီချက်ကို မကျင့်သုံးချေ။ တရုတ်ကမူ ပိုချမ်းသာသော နိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်နေစဉ် အချိန်အတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု ပိုမို များပြားခဲ့သောကြောင့် ၎င်းတို့က ရာသီဥတုပြောင်းလဲမှုကို ပိုမို တာဝန်ယူ ဖြေရှင်းသင့်သည်ဟု ဆိုသည်။ တရုတ်နှင့် အမေရိကတို့မှာ အများဆုံးထုတ်လွှတ်သည့် နိုင်ငံများဖြစ်သောကြောင့် ရာသီဥတုပြောင်းလဲခြင်း ပြဿနာကို ကိုင်တွယ်ရန် ထိုနိုင်ငံကြီး ၂ နိုင်ငံတို့ သဘောတူညီရန် ပိုမို လိုအပ်ပေသည်။

*Environmental Issues, Educasia 2011 မှ ထုတ်နုတ် ပြင်ဆင်ရေးသားထားပါသည်။*

# ၄.၃.၁ ရှိရင်းစွဲဟု ယူဆထားသော ဗဟုသုတများ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက နဂိုရှိသည်ဟု ယူဆထားသော အသိဗဟုသုတများကို ရှာဖွေဖော်ထုတ်ရမည်။

**အခြေအနေ** – နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘာလုပ်မလဲ** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ပေးထားသော စာများသည် စာဖတ်သူတွင် မည်သည့် ဗဟုသုတများ ရှိပြီးသားဖြစ်သည်ဟု ယူဆပြီး ရေးထားခြင်းဖြစ်သည်ကို ကျောင်းသူ/သားများက နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ရှာဖွေစာရင်းပြုရမည်။

(ခ) ကျောင်းသူ/သားများက မိမိတို့ရရှိလာသော စာရင်းများကို အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေနှင့်ဖြစ်စေ တိုက်ဆိုင်ကြည့်ရှုကြရမည်။

- ကောင်းကင်ဘုံနှင့် ငရဲအကြောင်း။
- အချို့နေရာများတွင် အမြဲလိုလိုပင် စစ်ဖြစ်ပွားခြင်း အငတ်ဘေး ဆိုက်ရောက်ခြင်းများ ဖြစ်နေကြောင်း။
- လူများသည် ယုံကြည်ချက်အတွက် သတ်ဖြတ်ခြင်း၊ အသေခံခြင်း ပြုတတ်ကြောင်း။
- စိတ်ကူးယဉ်သမားဟူသည့် စကား၏ အဓိပ္ပာယ်၊

- ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကွာခြားမှု။
- ရာခိုင်နှုန်းများကို မည်သို့ အသုံးပြုပုံ။
- ကျိုတိုကဲ့သို့သော ထိပ်သီးအစည်းအဝေးများတွင် မည်သည့် အရာများ ဆောင်ရွက်ကြကြောင်း။
- ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ဆိုးကျိုးများအကြောင်း။
- ကာဗွန်ဒိုင်အောက်ဆိုဒ်အကြောင်း။

# ၄.၃.၂ ရှိရင်းစွဲဟု ယူဆထားသော အထင်အမြင်များ

**ရည်ရွယ်ချက်** – နဂိုရှိထားသည် ယူဆထားသော ထင်မြင်ချက်များကို ကျောင်းသူ/သားများက ရှာဖွေဖော်ထုတ်ရန်။

**အခြေအနေ** – နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘာလုပ်မလဲ** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ပေးထားသော စာများသည် စာဖတ်သူတွင် မည်သည့် ထင်မြင်ယူဆချက်များ ရှိပြီးသားဖြစ်သည်ဟု ယူဆပြီး ရေးထားခြင်း ဖြစ်သည်ကို ကျောင်းသူ/သားများက နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ရှာဖွေစာရင်းပြုရမည်။

(ခ) ကျောင်းသူ/သားများက မိမိတို့ရရှိလာသော စာရင်းများကို အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေနှင့်ဖြစ်စေ တိုက်ဆိုင်ကြည့်ရှုကြရမည်။

- ဘာသာရေးကြောင့် ပဋိပက္ခများ ဖြစ်ကြသည်။
- အမျိုးသားရေးဝါဒကြောင့် ပဋိပက္ခများ ဖြစ်ပေါ်သည်။
- ပဋိပက္ခကင်းသော၊ မွတ်သိပ်မှုနှင့် လောဘတက်ခြင်း ကင်းသော ကမ္ဘာ ဆိုသည်မှာ လက်တွေ့မဖြစ်နိုင်။

- ရာသီဥတု ပြောင်းလဲခြင်းကို လျှော့ချရန် လိုအပ်သည်။
- ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန် လိုအပ်သည်။

## မူကွဲ

အထက်ပါလုပ်ငန်းစဉ် နှစ်ခုလုံးမှာ ပိရမစ်ပုံစံဖြင့်လုပ်ဆောင်ရန် သင့်တော်သည်။ ကျောင်းသူ/သားများက တစ်ဦးချင်း စတင်စဉ်းစားရမည်။ ထို့နောက် နှစ်ဦးတွဲလိုက်ပြီး နှစ်ဦးပေါင်း စာရင်းတစ်ခုအဖြစ် ပေါင်းလိုက်ကြရမည်။ ထိုမှတစ်ဆင့် နှစ်တွဲပေါင်းပြီး လေးဦးစာရင်း ရေးရမည်။ ထို့နောက် တစ်တန်းလုံးအနေနှင့် စာရင်းများကို ပေါင်းစပ်ရမည်။ အဆင့်တစ်ဆင့်တိုင်းတွင် မည်သည့်အချက်များကို ထားမည်၊ မထားမည်ကို ကျောင်းသူ/သားများအချင်းချင်း ညှိနှိုင်းကြရမည်။

# ၄.၃.၃ ရည်ရွယ်ချက်ကို မှန်းဆခြင်း

ကျောင်းသူ/သားများက တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပေးထားသည့် စာသားကို ရေးသားသူက အဘယ့်ကြောင့် ထိုသို့ ရေးသားခြင်းဖြစ်ကြောင်း စာဖတ်သူများကို အဓိက မည်သည်တို့ ရသွားစေလိုခြင်းဖြစ်ကြောင်း ဆင်ခြင်စဉ်းစား ကောက်ချက်ချရမည်ဖြစ်သည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ အကြောင်းအရာများပေါ် မူတည်ပြီး ခန့်မှန်းချက်များ မှန်းဆချက်များ ပြုလုပ်ရမည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလုံးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း။

နိုင်ငံ၊ ဘာသာတရားငတ်မွတ်မှုနဲ့ လောဘတွေ မရှိတဲ့ လူသားအားလုံး အတူဝေမျှ နေထိုင်တဲ့ ငြိမ်းချမ်းတဲ့ ကမ္ဘာဆီ ရောက်အောင် ကြိုးစားဖို့ အဆိုရှင်က တိုက်တွန်းနေတာပါ။

စာဖတ်သူတွေကို နားလည်စေချင်တဲ့ အချက်က ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့ချရေးနဲ့ ရာသီဥတု ပြောင်းလဲမှု လျော့ချရေး နိုင်ငံတကာ သဘောတူညီချက်တွေ လုပ်နိုင်ဖို့ ဘယ်လောက်ခက်ခဲတယ်ဆိုတာ သိစေချင်တာပါ။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများက မိမိတို့၏ အဖြေများကို စာရွက်အပိုင်းများပေါ်တွင် ရေးသားပြီး နံရံများပေါ်တွင် ကပ်ထားရမည်။ တစ်တန်းလုံးက အတန်းတွင်း လျှောက်သွားပြီး ကပ်ထားသည့် စာရွက်များကို လိုက်လံကြည့်ရှုကြရမည်။ ထို့နောက် အကောင်းဆုံးအဖြေတစ်ခုကို မဲပေး ရွေးချယ်ကြရမည်။

# ၄.၃.၄ စာရေးသူ၏ ရှုထောင့်ကို မှန်းဆခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာရေးသူက ခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်ပြီး မည်သို့ အမြင်ရှိကြောင်း စဉ်းစားဆုံးဖြတ်ကြရမည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

(က) စာပါအကြောင်းအရာနယ်ပယ်နှင့် ပတ်သက်ပြီး စာရေးသူ၏ ယေဘုယျ ထင်မြင်ချက်များကို ကျောင်းသူ/သားများက စဉ်းစားဖော်ထုတ်ရမည်။

(ခ) ထို့နောက် ထိုစာရေးသူ၏ အခြားအကြောင်းများကိုလည်း ကောက်ချက်ချနိုင်အောင် စဉ်းစားကြည့်ကြရမည်။ ဥပမာ – စာရေးသူ၏ အသက်အရွယ်၊ အလုပ်အကိုင်၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ မည်သည့်ဒေသခံဖြစ်ကြောင်း စသည်တို့ဖြစ်သည်။

အဆိုတော်က ယောက်ျားပါ။

လူအားလုံးကို တိုက်ခိုက်တာတွေရပ်ပြီး ငြိမ်းချမ်းစွာ အတူနေထိုင်စေချင်တာပါ။

လောဘတွေကို ရပ်တန့်ပြီး ကိုယ့်မှာရှိတာတွေကို သူများနဲ့ ဝေမျှစေချင်ပါတယ်တဲ့။

သူက ချမ်းသာတယ် ထင်ပါတယ်။ (ရှိတာတွေ ပေးပစ်တာကောင်းတယ်လို့ ဆင်းရဲတဲ့သူတွေက ထင်လေ့ မရှိလို့ပါ)

ဘာသာတရားကို အရေးထားမှု အကြီးအကျယ်မရှိတဲ့ နိုင်ငံတစ်ခုခုက လာတယ်ထင်ပါတယ်။ (ဥပမာ – ယူကေ သို့မဟုတ် ဩစတြေးလျ)

စာရေးသူက ကျား/ မ မသိရပါ။ သူက ကမ္ဘာကြီး ပူနွေးလာမှုကို ပူပန်ပုံရပါတယ်။

သဘာဝပတ်ဝန်းကျင် အထူးပြု စာနယ်ဇင်းသမား တစ်ဦးဦး ဖြစ်ပုံရပါတယ်။

စာရေးသူက အမေရိကန်နဲ့ တရုတ် မဟုတ်လောက်ဘူး ထင်ပါတယ်။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ဖြစ်နိုင်လျှင် စာရေးသူ၏နောက်ကြောင်းနှင့် အတွေးအမြင်များကို ထပ်ရှာခိုင်းနိုင်သည်။ ထို့ပြင် အခြားအရေးအသားများ စာများကို ရှာခိုင်းနိုင်သည်။ နာမည်ကြီးသည့် စာရေးသူဖြစ်ပါက ပိုမိုလွယ်ကူပါသည်။

# ၄.၃.၅ ရှုထောင့်များအကြောင်း ကောက်ချက်ချခြင်း

(က) စာတွင်ပါသော လူအမျိုးမျိုး သို့မဟုတ် အုပ်စုအမျိုးမျိုးတို့ကို စာရင်းထုတ်ပြီး ပေးပါ၊ သို့မဟုတ် ကျောင်းသူ/ သားများအား စဉ်းစားခိုင်းပါ။

(ခ) ကျောင်းသူ/ သားများက ထိုလူအမျိုးမျိုးတို့တွင် ရှိနိုင်သော ထိုအုပ်စုအမျိုးမျိုးတို့က လက်ကိုင်ထားသော အမြင်များ ရှုထောင့်များကို စဉ်းစားရမည်ဖြစ်သည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက စာတွင်ပါသော လူအမျိုးမျိုး အုပ်စုအမျိုးမျိုးတို့၏ အတွေးရှုထောင့်အမျိုးမျိုးတို့ကို စဉ်းစားကောက်ချက်ဆွဲရမည်ဖြစ်သည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

အမေရိက နိုင်ငံအားလုံးက ခာတ်ငွေ့ ထုတ်လွှတ်မှုကို တစ်ညီတည်း လျှော့ချသင့်တယ်။
တရုတ်အရင်က ကျုပ်တို့ ထုတ်လွှတ်မှုက နည်းနည်းလေး၊ ဒါကြောင့် ဒီအချိန်မှာ ပိုပြီး ထုတ်မိလည်း ခွင့်ပြုသင့်တယ်။
ဆင်းရဲသည့်နိုင်ငံတစ်ခုခု ခာတ်ငွေ့ ထုတ်လွှတ်မှု မရှိဘဲနဲ့တော့ မြန်မြန်တိုးတက်နိုင်မှာ မဟုတ်ဘူး။
ကိုပင်ဟောဂင်ညီလာခံ ခာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် သဘောတူညီမှု တစ်ခုခုရဖို့ လိုအပ်လာပြီ။


## မူကွဲ

ဤလုပ်ငန်းစဉ်ကို ရှုထောင့်အမြင်အချို့ ရေးသားပြီးလည်း လုပ်ဆောင်နိုင်သည်။ ကျောင်းသားများက ထိုရှုထောင့်များ အမြင်များမှာ မည်သည့် လူပုဂ္ဂိုလ်၊ အုပ်စုတို့၏ အမြင်ဖြစ်နိုင်ကြောင်း ကောက်ချက်ချရမည်ဖြစ်သည်။

"ငါတို့မှာ ရှိသမျှကို ဝေမျှကြရအောင်" အဆိုတော်
"ယုံကြည်ကိုးကွယ်မှုမရှိရင် ကမ္ဘာမှာ မှား/ မှန် ဝေဖန်ကျင့်သုံးတတ်မှာ မဟုတ်ဘူး" ဘာသာတရားများ
"လူတွေအနေနဲ့ ကိုယ့်အုပ်စုနဲ့ကိုယ် နေနိုင်အောင်လို့ တိုင်းနိုင်ငံတွေ လိုအပ်တယ်" နိုင်ငံများ
"လူတွေမှာ ပိုင်ဆိုင်မှုတွေ အများကြီးရှိသင့်တယ်" လောဘကြီးသူများ

**ထိန်းကျောင်းကန့်သတ်မှု ပိုမိုပေးနိုင်ရန်အတွက်** တွဲစပ်ခြင်း လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်နိုင်ပါသည်။ လူပုဂ္ဂိုလ်များ၊ အုပ်စုများနှင့် ရှုထောင့်အမြင်များကို ရောမွှေပြီး ပေးလိုက်ကာ ကျောင်းသူ/ သားများကို တွဲစပ်စေခြင်းဖြစ်သည်။

**ထိန်းကျောင်းကန့်သတ်မှု လျှော့ချပေးနိုင်ရန်အတွက်** လူပုဂ္ဂိုလ်များ၊ အုပ်စုများနှင့် ရှုထောင့်အမြင်များကို ပေးထားခြင်းမရှိဘဲ၊ ကျောင်းသူ/ သားများက စာကို ကိုယ်တိုင်ဖတ်ပြီး မည်သည့် လူပုဂ္ဂိုလ်များ၊ အုပ်စုများ ပါဝင်ကြောင်းနှင့် မည်သည့် အတွေးအမြင် ရှုထောင့်များ ပါဝင်ကြောင်း စဉ်းစားပါစေ။



## လုပ်ငန်းစဉ် နောက်ဆက်တွဲ

**စကားရည်လုပွဲတစ်ခု ပြုလုပ်ပါ။** ကျောင်းသူ/ သားများက စာပါ လူပုဂ္ဂိုလ်များ၊ အုပ်စုများ နေရာမှ ဝင်ကာ ဆန့်ကျင်ဘက်အမြင်ရှိသူများနှင့် ငြင်းခုံစကားရည်လုရမည်ဖြစ်သည်။

# ၄.၃.၆ ကောက်ချက်ချမှု မှန်/မမှန်

(က) စာပါ အချက်အလက်များပေါ်တွင် မူတည်ပြီး ချမှတ်နိုင်သော ကောက်ချက်များနှင့် စာပါ အချက်အလက်များပေါ်တွင် အခြေခံပြီး ချမှတ်ထားခြင်း မဟုတ်သော ကောက်ချက်များကို ရေးသားထားပါ။

(ခ) ထိုကောက်ချက်များကို ရောမွှေထားပါ။

**ရည်ရွယ်ချက်** – စာပါ အကြောင်းအရာများတွင် ကောက်ချက်ချမှုတစ်ခု ပြုလုပ်နိုင်အောင် လုံလောက်သော သက်သေအထောက်အထား ပါ၊ မပါ ကျောင်းသူ/သားများက ဆုံးဖြတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ပြင်ဆင်မှု** – စာပါ အချက်အလက်များပေါ် အခြေခံပြီး ဆွဲနိုင်သော ကောက်ချက်များနှင့် အချက်အလက်များတွင် အခြေခံပြီး ဆွဲထားခြင်းမဟုတ်သော ကောက်ချက်များ ရေးသားထားရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

၁။ လူတွေမှာ ပိုင်ဆိုင်မှု မရှိရင် လောဘတက်ပြီး လိုချင်လာလိမ့်မယ်။

၂။ ငြိမ်းချမ်းစွာ အတူနေထိုင်သော ကမ္ဘာကြီးကို စိတ်ကူးယဉ်သူများစွာ ရှိပါတယ်။

၃။ တစ်ကမ္ဘာလုံး စစ် ဖြစ်နေပါတယ်။

၄။ ကမ္ဘာပေါ်မှာ နိုင်ငံရယ်လို့ ခွဲခြားထားတာ မရှိပါ။

၁။ ဘရာဇီးထက် တရုတ်က ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုများတယ်။

၂။ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဓာတ်ငွေ့ထုတ်လွှတ်မှု မလျှော့ရင် အမေရိကကလည်း လျှော့ချမှာ မဟုတ်။

၃။ ကျိုတို သဘောတူညီချက်ကို နိုင်ငံအားလုံးက သဘောတူ ကျင့်သုံးလိုသည်။

၄။ တရုတ်က သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အားသန်သူဖြစ်သည်။

(ဂ) ထို့နောက် ရောမွှေထားသော စာကြောင်းများကို ကျောင်းသူ/သားများကိုပေးပါ။ ၎င်းတို့က မည်သည့် စာကြောင်းများက စာသားအချက်အလက်များအပေါ် အခြေခံပြီး မည်သည့် စာကြောင်းများက စာသားအချက်အလက်များအပေါ် အခြေမခံထားသည်ကို ရွေးထုတ်ရမည်။ အဘယ့်ကြောင့် ထိုသို့ ရွေးရကြောင်းလည်း ပြောဆိုရမည်။

နံပါတ် ၃ က ကောက်ချက်ကောင်း မဟုတ်ပါဘူး။ သီချင်းရဲ့ ဆိုလိုရင်းက လူတွေက သတ်ကြတယ် သေကြတယ်လို့တော့ ပြောတယ်.. အားလုံးက အဲ့လို လုပ်နေကြတယ်လို့တော့ မဟုတ်ဘူး။

၂ က ကောက်ချက် မှန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမေရိကက ကျိုတိုမှာ လက်မှတ်မထိုးခဲ့ပါဘူး။ ဆိုလိုတာ သူတို့အနေနဲ့ မလျှော့နိုင်ပါဘူး ဆိုတာပါပဲ။ သူက ဖွံ့ဖြိုးဆဲနိုင်ငံတွေကလည်း လက်မှတ်ထိုးသင့်တယ်လို့ ထင်ပါတယ်။

# ၄.၃.၇ ဖော်ပြချက်နှင့် ကောက်ချက်

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ ဖော်ပြချက်နှင့် ကောက်ချက်ချခြင်း တို့အကြား ကွာခြားချက်များကို စဉ်းစားရမည် ဖြစ်သည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင် ရမည်။

**ပြင်ဆင်မှု –** စာပါ ဖော်ပြချက်များကို ထုတ်နုတ်ထားသည့် စာကြောင်းများနှင့် ကောက်ချက်ချခြင်း ပြုလုပ်ထားသည့် စာကြောင်းများ ရေးသားထားရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

(က) စာသားပါအချက်များပေါ်မူတည်ပြီး ကောက်နုတ်ချက်များနှင့် ကောက်ချက်ချခြင်း များ ပြင်ဆင်ရေးသားပါ။

၁။ ၂၀၀၉ ခုနှစ်တွင် ကိုပင်ဟေဂင်၌ ရာသီဥတု ပြောင်းလဲခြင်း ထိပ်သီးစည်းဝေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။

၂။ ထိုညီလာခံတွင် လူအများက ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှုကို မည်မျှ လျှော့ချသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

(ခ) ကျောင်းသူ/သားများက မည်သည့် ဖော်ပြချက်များက ဖော်ပြချက်များဖြစ်ပြီး မည်သည်တို့က ကောက်ချက်ချခြင်းများဖြစ်ကြောင်း ဆုံးဖြတ်ရွေးချယ်ကြရမည်။

နံပါတ် ၁ က ဖော်ပြချက်ပါ။ စာပိုဒ်ထဲမှာ "အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ရာသီဥတု ပြောင်းလဲမှုများကို မည်သို့ ကာကွယ် တိုက်ဖျက်မည်ဟူသည့် ဆုံးဖြတ်ချက်ကို ကျိုတို ထိပ်သီးဆွေးနွေးပွဲ ကဲ့သို့သော၊ သို့မဟုတ် ၈ နိုင်ငံ ထိပ်သီးဆွေးနွေးပွဲကဲ့သို့ သို့မဟုတ် ၂၀၀၉ ကိုပင်ဟေဂင် ညီလာခံ ကဲ့သို့သော ဆွေးနွေးပွဲများတွင် ဆွေးနွေးချမှတ်ခြင်း ရှိနိုင်သည်" ဆိုတဲ့ စာကြောင်းက အဲ့ဒီအချက်အလက် အားလုံးပါတယ်။

နံပါတ် ၂ က ကောက်ချက်တစ်ခုပါ။ ဒီကိစ္စက အရေးကြီးတဲ့ ဆွေးနွေးဖွယ် တစ်ခုလို့ ပဲ ပြောထားတာ သေချာပေါက် ဆွေးနွေးခဲ့တယ်လို့ မပြောထားဘူး။

## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှု လျှော့ပေးရန်အတွက်** စာသားကို ကျောင်းသူ/သားများက ဖတ်ရှုပြီး ဖော်ပြချက်များနှင့် ကောက်ချက်များကို မိမိတို့ကိုယ်တိုင် သတ်မှတ်ရေးသားခိုင်းနိုင်သည်။

| ဖော်ပြချက် | ကောက်ချက် |
|---|---|
| လောဘမှာ လိုအပ်တော့မည် မဟုတ်။ | ကမ္ဘာပေါ်တွင် စိတ်ကူးယဉ်သူ အများအပြားရှိသည်။ |
| လူအများက နိုင်ငံအတွက် သတ်ဖြတ်ခြင်းပြုသည်။ | လူတို့က မိမိတို့ ပိုင်ဆိုင်မှုများကို ဝေမျှခြင်း သိပ်မရှိတော့။ |

လောဘက လိုအပ်တော့မည် မဟုတ်ဆိုသော ဖော်ပြချက်၊ လောဘတက်စရာမလိုဆိုသော ဖော်ပြချက်နဲ့ ဆိုလိုရင်း အတူတူပဲ ။

မိမိတို့ ပိုင်ဆိုင်မှုများကို ဝေမျှခြင်း သိပ်မရှိတော့ ဆိုတာက ကောက်ချက်ပဲ။ စိတ်ကူးကြည့်ပါဦး လူအားလုံးဟာ အတူတကွ ဝေမျှနေကြမှာဆိုတဲ့ နေရာကနေ ဆက်စဉ်းစားထားတာ.. လူတွေက ဝေမျှခြင်း သိပ်မရှိတော့လို့ စိတ်ကူးကြည့်ရတာပေါ့။ ဝေမျှနေရင် သီချင်းထဲမှာ စိတ်ကူးကြည့်စရာ ဘယ်လိုမလဲ။

# ၄.၃.၈ အနာဂတ်အတွက် ခန့်မှန်းချက်

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ အကြောင်းအရာများအပေါ် မူတည်ပြီး ခန့်မှန်းချက်များ ပြုလုပ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများက စာသားထဲတွင်ပါသော အချက်အလက်များပေါ် မူတည်ပြီး ရှေ့ဆက်ဖြစ်မည့်အရာများကို ခန့်မှန်းကြရမည်ဖြစ်သည်။

- အချို့လူများက ဘာသာတရားများကို စွန့်လွှတ်လိုက်ကြသည်။
- အချို့လူများက နိုင်ငံနယ်နမိတ်များကို ဖွင့်လှစ်ပစ်ရန် ကြိုးပမ်းလာကြသည်။
- အချို့လူများက မိမိတို့ ပိုင်ဆိုင်မှုအချို့ကို စွန့်လွှတ်လိုက်ကြသည်။
- ကိစ္စရပ် အတော်များများက သည်အတိုင်း မပြောင်းမလဲ ကျန်ရှိနေသေးသည်။

- အမေရိက သဘောတူညီချက်ကို လက်မှတ်ထိုးရန် ငြင်းဆိုဆဲ ဖြစ်သည်။
- တရုတ်က ၎င်းတို့ကို ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ပတ်သက်ပြီး ခွင့်ပြုချက်ရရှိစေမည့် သဘောတူညီချက်ကို အခြားသူများလည်း လက်မှတ်ထိုးရန် လိုက်လံတိုက်တွန်းသည်။
- အခြား ညီလာခံတစ်ခု ထပ်မံကျင်းပပြီး နိုင်ငံအားလုံးက သဘောတူညီချက် အသစ်တစ်ခုကို လက်မှတ် ရေးထိုးလိုက်ကြသည်။

(ခ) ကျောင်းသူ/သားများက မိမိတို့ ခန့်မှန်းချက်များအတွက် အကြောင်းပြချက်များ ပေးကြရမည်။

ဘာသာရေးအဖွဲ့တွေကို တစ်ဖွဲ့နဲ့တစ်ဖွဲ့ ပိုနားလည် သည်းခံကြဖို့ ဖိအားပေးမှုတွေ မကြာသေးမီအတွင်း များစွာဖြစ်လာသောကြောင့်။

အမေရိကန်က လက်ရှိလည်း ဓာတ်ငွေ့ထုတ်လွှတ်မှု များနေဆဲဖြစ်၍ လက်မှတ်ထိုးနိုင်ခြေ မရှိ။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

အင်တာနက်ဖြစ်စေ၊ အခြားသုတေသနပြုဖွယ် ရင်းမြစ်များ ရရှိနိုင်ပါက မည်သည့် ခန့်မှန်းချက်များမှာ အမှန်တစ်ကယ် ဖြစ်ပျက်ခဲ့ပြီဆိုသည်နှင့် မည်သည်တို့မှာ မဖြစ်ဘဲ ရှိခဲ့သည်ကို လိုက်လံရှာဖွေနိုင်းနိုင်ပါသည်။



# ၄.၄ အချက်အလက်၊ ထင်မြင်ခံယူချက်၊ တွေးဆချက်

### အချက်အလက်၊ ထင်မြင်ခံယူချက်များနှင့် တွေးဆချက်များကို ခွဲခြားနားလည်ခြင်း

အချက်အလက်၊ ထင်မြင်ခံယူချက်များနှင့် တွေးဆချက်များသည် စာသားများနှင့် စကားပြောဆိုခြင်းများတွင် များစွာ တွေ့နိုင်သော ပြောဆိုချက် ပုံစံအမျိုးမျိုးဖြစ်သည်။

အချက်အလက်တစ်ခုဆိုသည်မှာ မှန်ကြောင်းပြ၍ရသည်။ ထို့ပြင် အလွယ်တကူ မပစ်ပယ်နိုင်သော သက်သေများနှင့်လည်း ထောက်ပံ့ထားသည်။

*လူဆိုသည်မှာ အစားအသောက်နှင့် ရေမရှိဘဲ မရှင်သန်နိုင်။*

ဤသည်မှာ အချက်အလက်တစ်ခုဖြစ်သည်။ သက်သေများမှာ သိပ္ပံနည်းကျဖြစ်သည့်အပြင် ကိုယ်ပိုင်အတွေ့အကြုံမှလည်း ထောက်ပံ့ထားသည်။ ဆရာဝန်များနှင့် ကျန်းမာရေး ကျွမ်းကျင်သူတို့ကလည်း အာဟာရ မပြည့်ဝခြင်းနှင့် ရေသန့် မရရှိခြင်းသည် ရောဂါများနှင့် သေပျောက်မှုများကို ဖြစ်စေကြောင်း ပြခဲ့ပြီးဖြစ်သည်။ ထိုအခြေခံအမှန်တရားအတွက် ငြင်းဖွယ်မရှိ။ အသက်ရှင်ရန် အစားအသောက်နှင့် ရေပမာဏ မည်မျှဆိုသည့် အပိုင်းတွင်သာ ငြင်းခုံဖွယ်ရှိသည်။

ထင်မြင်ခံယူချက်များသည် တစ်စုံတစ်ယောက်၏ ယုံကြည်ချက်တစ်ခု၊ ခံစားချက်တစ်ခုဖြစ်သည်။ ထင်မြင်ခံယူချက် တစ်ခုကို သေချာစွာ တွက်ထုတ်ယုံကြည်၍ မဖြစ်နိုင်။ ထင်မြင်ခံယူချက်တစ်ခုကို ထောက်ခံနိုင်သည်၊ ကန့်ကွက်နိုင်သည်။ ဝိရောဓိဖြစ်နေသော ထင်မြင်ခံယူချက်များ ကိုင်စွဲထားခြင်းလည်း ရှိနိုင်သည်။

*အနီရောင်သည် ရုပ်ဆိုးသည့်အရောင်ဖြစ်သည်။*

ဤပြောဆိုချက်က ထင်မြင်ခံယူချက်တစ်ခုဖြစ်သည်။ အခြားသူတစ်ဦးက အနီရောင်ကလှကြောင်း ပြောနိုင်သည်။ နှစ်ဦးလုံးကလည်း သူတို့ ပြောဆိုချက်များအတွက် အကြောင်းပြချက်များ ရှိနေမည်ဖြစ်သည်။ သို့သော် အလှကဲ့သို့သော အကြောင်းအရာကို သက်သေပြ၍လည်း မရနိုင်။ လူအမျိုးမျိုးက အလှအမျိုးမျိုး မြင်ကြမည်သာဖြစ်သည်။ ထို့အတွက် ထိုပြောဆိုချက်နှင့် ပတ်သက်၍ ထောက်ခံခြင်းအပြင် ကန့်ကွက်ခြင်းလည်း ရှိနေမည်ဖြစ်ရာ ထိုပြောဆိုချက်မျိုးကို ထင်မြင်ခံယူချက်ဟုခေါ်သည်။

တွေးဆချက်တစ်ခုဆိုသည်မှာ အတိတ်မှအရာတစ်ခု မည်သို့ မည်ပုံ ဖြစ်ပျက်ခဲ့ကြောင်းနှင့် အနာဂတ်တွင် မည်သို့ မည်ပုံ ဖြစ်ပျက်လာနိုင်ပုံ ခန့်မှန်းတွေးတော ချိန်ဆကြည့်သည့် သီအိုရီထုတ်ချက်တစ်မျိုးဖြစ်သည်။ တွေးဆချက်တစ်ခု ပြုလုပ်သည်ဆိုသည်မှာ ဉာဏ်နှင့်ယှဉ်သော ခန့်မှန်းချက်တစ်ခု ပြုလုပ်ခြင်းပင်ဖြစ်သည်။ ဥပမာ –

*မေတ္တာကင်းမဲ့ပြီး ကြီးပြင်းလာသော ကလေးများက ကြမ်းတမ်း ခက်ထန်နိုင်ခြေ ပိုမိုများပြားသည်။*

ဤသည်က တွေးဆချက်တစ်ရပ်ဖြစ်သည်။ ကလေးငယ်များအနေနှင့် ကြီးပြင်းသည့်အခါ အဘယ့်ကြောင့်နှင့် မည်သို့ ကြမ်းတမ်းနိုင်ချေရှိကြောင်း ခန့်မှန်းခြင်းဖြစ်သည်။ ဤသို့သော မှန်းဆချက်မျိုးကို သုတေသနပြု စမ်းသပ်ကြည့်နိုင်သည်။ ဥပမာအားဖြင့် ကြမ်းတမ်းခက်ထန်သော အဖြစ်အပျက်များတွင် ပါဝင်ခဲ့သူများကို ၎င်းတို့၏ ငယ်ဘဝအကြောင်း မေးမြန်းကြည့်ခြင်းမျိုးဖြစ်သည်။ တွေးဆချက်တစ်ခုသည် များသောအားဖြင့် သုတေသနပြု ရှာဖွေစမ်းသပ်ခြင်းများအတွက် ပထမဆုံး ခြေလှမ်း ဖြစ်တတ်သည်။

ပြောဆိုချက်အမျိုးမျိုးကို အချက်အလက်၊ ထင်မြင်ယူဆချက်များနှင့် တွေးဆချက်များဟူ၍ မိမိကျောင်းသူ/ သားများ ခွဲခြားနိုင်ရန် လူမှုသိပ္ပံသင်ကြားသော စာသင်ခန်းထဲတွင် ကူညီပေးနိုင်ပါသည်။ ထိုသို့ ခွဲခြားနိုင်သောကြောင့် မည်သည့် ပြောဆိုချက်များကို လက်ခံရန်၊ မည်သည်ကို ငြင်းဆိုရန်နှင့် မည်သည်ကို ထပ်မံစမ်းသပ်ရှာဖွေရမည်ဟု ပိုမိုသိတတ်လာပါလိမ့်မည်။ ထိုသို့ သိတတ်လာခြင်းဖြင့်လည်း ကျောင်းသူ/ သားများသည် မိမိတို့ကိုယ်တိုင်တွင်ရှိနေသော အမြင်များကို စိန်ခေါ်တတ်လာခြင်းနှင့် ဖော်ပြပါ စဉ်းစားပုံ ၃ မျိုးစလုံးကို မျှတစွာ ပေါင်းစပ်အသုံးပြုပြီး အခြားသူများနှင့် ထိရောက်စွာ ပြောဆိုဆက်ဆံနိုင်ခြင်းမျိုး ဖြစ်လာပါလိမ့်မည်။

## ဥပမာ စာပိုဒ်

### အင်္ဂလိပ် - ကမ္ဘာသုံးဘာသာစကား

အင်္ဂလိပ်စာသည် အကြောင်းရင်းအချို့ကြောင့် ကမ္ဘာသုံးဘာသာစကား ဖြစ်လာပါသည်။ သမိုင်းအရဆိုလျှင်၊ အင်္ဂလိပ်ဘာသာစကားသည် ယူကေမှ ကမ္ဘာ့နေရာအနှံ့သို့ ရွှေ့ပြောင်းသွားလာနေသူများမှတစ်ဆင့် ပျံ့နှံ့သွားခဲ့သည်။ အခြားဘာသာစကားများစွာမှ ငှားယူသော ဝေါဟာရများ၊ အနည်းနှင့် အများဆိုသလို ရိုးရှင်းသောသဒ္ဒါတို့ကြောင့် အင်္ဂလိပ်ဘာသာစကားမှာ အတော်အတန်လွယ်ကူပါသည်။ အင်္ဂလိပ်စကားပြောနိုင်ငံ အတော်များများကလည်း ကမ္ဘာ့စီးပွားရေးကို ရာစုနှစ်အတော်ကြာအောင် လွှမ်းမိုးထားခဲ့သည်။ ထိုအချက်ကလည်း ယနေ့ခေတ် အင်္ဂလိပ်ဘာသာစကား၏ ကမ္ဘာသုံးဖြစ်နေရခြင်း အကြောင်းအရင်းများမှ တစ်ခုဖြစ်သည်။ ဆိုရလျှင် အင်္ဂလိပ်ဘာသာစကားသည် ကမ္ဘာသုံးနံပါတ်တစ် ဘာသာစကားတစ်ခုအဖြစ် နှစ်ထောင်ချီပြီး ဆက်လက်တည်တံ့နေမည် ဖြစ်ပေသည်။

*University Foundation Study: Critical Thinking Garnet Publications 2007* မှ ကောက်နုတ်ပြင်ဆင် ရေးသားထားပါသည်။

**မှတ်ချက်**

ဤစာသားကို တက္ကသိုလ်ဝင်ခွင့် ပြင်ဆင်သည့် စာအုပ်တစ်အုပ်မှ ပြန်ဆိုပြုပြင်ထားခြင်း ဖြစ်ပါသည်။

# ဥပမာ စာပိုဒ်

**မှတ်ချက်**

ဤစာသားကို ဝက်ဘ်ဆိုဒ်စာမျက်နှာ တစ်ခုမှ ကူးယူ ပြုပြင်ထားပါသည်။ အင်တာနက်ရှိနေပါက ဤကဲ့သို့ မိမိဘာသာပြင်ဆင် အသုံးပြုနိုင်သော စာသားများ လွယ်ကူများပြားစွာ ရရှိနိုင်ပါသည်။



## လယ်သမားများအတွက် မိုဘိုင်းဖုန်း အက်ပ်များ (APP)

ဦးခင်မောင်သန်းမှာ မြစ်ဝကျွန်းပေါ်ရှိ အေးရွာမှ စပါးစိုက်လယ်သမားတစ်ဦး ဖြစ်သည်။ သူ၏လယ်များမှာ ခူကျပြီး သီးနှံများ ပျက်စီးနှုန်းမှာ ကြောက်မက်ဖွယ် မြန်ဆန်လာသည်။ အေးရွာသည် ဝေးလံသော ကျေးရွာတစ်ခု ဖြစ်သောကြောင့် ပိုးသတ်ဆေးလည်း အလွယ်တကူရှာမရချေ။ သီးနှံများ အလဟဿ ဖြစ်ခဲ့ရပြီး မိသားစုမှာလည်း စားဝတ်နေရေးအတွက် များစွာရုန်းကန်ရပေသည်။

သို့ရာတွင် လအနည်းငယ်အချိန်အတွင်းတွင် ဦးခင်မောင်သန်းကဲ့သို့သော လယ်သမားများအနေနှင့် ထိုပြဿနာမျိုးကို ခလုတ်တစ်ချက်နှိပ်ရုံဖြင့် ဖြေရှင်းနိုင်တော့မည် ဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့် လာမည့် ဆယ်စုနှစ်တွင် မိုဘိုင်းဖုန်း အသုံးပြုမှု တစ်ဟုန်ထိုးတိုးတက်မှုကို တွေ့ကြုံဖွယ် ရှိပါသည်။ လိုင်းကဒ်များ တန်ဖိုးလျှော့ကျလာမှုနှင့်အတူ မိုဘိုင်းဖုန်းများလည်း ကျေးလက်ဒေသများအထိ ပျံ့နှံ့လာသောကြောင့် ပီဒီကုမ္ပဏီအနေနှင့် ကျေးလက်ဒေသ အသုံးပြုသူများအတွက် လယ်လုပ်ငန်း အကူအညီများကို မိုဘိုင်းဖုန်း အသုံးပြုပြီး ဝန်ဆောင်မှုပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

ပီဒီသည် လယ်သမားများအတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော မိုဘိုင်းဖုန်း အက်ပ် (APP) တစ်ခုကို တီထွင်လျက်ရှိသည်။ အင်တာနက်မရှိလျှင်ပင် သုံးနိုင်သော ထိုအက်ပ် (APP) မှာ အောက်ပါအချက်အလက်များကို ချက်ချင်း ရရှိနိုင်ခြင်းဖြင့် လယ်သမားများကို ကူညီနိုင်မည်ဖြစ်သည်။

၁။ ဖျက်ပိုးများကို အမည်ဖော်ပေးခြင်း။

၂။ သီးနှံရောဂါများကို ရှာဖွေ အမည်ဖော်ပေးခြင်း။

၃။ ထိုပြဿနာများအတွက် ဖြေရှင်းနည်းများပေးခြင်း။

၄။ မြေသြဇာထည့်ရန် အချိန်စာရင်း ဆွဲပေးခြင်း။

အက်ပ် (APP) အတွက် ဒီဇိုင်းရေးဆွဲနေသောအဖွဲ့က မကြာသေးခင်က လယ်သမားအဖွဲ့အချို့ကို အလားတူ အက်ပ် (APP) များကို ပြသမေးမြန်းကြည့်ရာ ကြိုဆိုသောတုံ့ပြန်ချက်များကို ကောင်းစွာရရှိခဲ့သည်။ ရွာများတွင် ဖုန်းများကို မျှပြီးသုံးလေ့ ရှိကြသည်။ တစ်ခါတစ်ရံ တစ်ရွာတွင် ဖုန်းတစ်လုံး နှစ်လုံးမျှသာ ရှိတတ်သည်။

စပါးစိုက်သူ ဦးခင်မောင်သန်းသည် မိမိလယ်မှ ခူကောင်ပြဿနာနှင့် ပတ်သက်ပြီး ဖုန်းမှတစ်ဆင့် အဖြေရှာနိုင်တော့မည်ဖြစ်သည်။ ငွေကုန်သက်သာပြီး ရိုးရှင်းသော နည်းလမ်းဖြစ်သည့် လယ်ကို ရေလွှမ်းပေးလိုက်ရုံဖြင့် ခူကောင်များကို နှိမ်နင်းနိုင်သည့် နည်းလမ်းကို သိရှိသွားပါက ဦးခင်မောင်သန်းအတွက် ငွေ ၇၅၀, ၀၀၀ ကျပ် သက်သာသွားနိုင်ပေမည်။

# ၄.၄.၁ အချက်အလက်၊ ထင်မြင်ယူဆချက်နှင့် တွေးဆချက်များကို ဖော်ထုတ်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက်၊ ထင်မြင်ယူဆချက်နှင့် တွေးဆချက်များကို ဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ကျောင်းသူ/သားများက စာပါ အကြောင်းအရာများကို အချက်အလက်၊ ထင်မြင်ယူဆချက်နှင့် တွေးဆချက်များအဖြစ် ခွဲထုတ်ပေးရန် ဖြစ်သည်။ စကားလုံးအတိအကျအတိုင်း ဖြစ်စရာမလိုပါ။

(ခ) ကျောင်းသူ/သားများက မိမိတို့ စာရင်းများကို အခြားသူများ၏ စာရင်းများနှင့် အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေနှင့်ဖြစ်စေ တိုက်ဆိုင်စစ်ဆေးကြည့်နိုင်သည်။

| အချက်အလက် | ထင်မြင်ယူဆချက် | တွေးဆချက် |
|---|---|---|
| အင်္ဂလိပ်စကားပြောသူများ ရွှေ့ပြောင်း နေထိုင်ခြင်းကြောင့် အင်္ဂလိပ်စကား ပျံ့နှံ့သွားသည်။<br>အင်္ဂလိပ် ဝေါဟာရမှာ အခြား ဘာသာစကား များမှာ ငှားယူသုံးစွဲထားခြင်းဖြစ်သည်။ | အင်္ဂလိပ်စာကို သင်ယူရသည်မှာ လွယ်ကူသည်။<br>သဒ္ဒါမှာ အနည်းနှင့် အများလွယ်သည်။ | အင်္ဂလိပ်စကားပြော တိုင်းပြည်များ၏ စီးပွားရေး လွှမ်းမိုးမှုသည်လည်း အင်္ဂလိပ် ဘာသာစကား ပျံ့နှံ့ရခြင်း အကြောင်းတစ်ခုဖြစ်သည်။<br>မြန်မာလူမျိုးများအတွက် အင်္ဂလိပ်စာက တရုတ်စာထက် ပိုမို သင်ရလွယ်သည်။ |

| အချက်အလက် | ထင်မြင်ယူဆချက် | တွေးဆချက် |
|---|---|---|
| ခင်မောင်အေးသည် စပါးစိုက် လယ်သမား ဖြစ်သည်။<br>ကျေးလက်များတွင် ဖုန်းများ မျှသုံးလေ့ရှိသည်။<br>တစ်ရွာကို တစ်လုံး ၂ လုံး ဖြစ်တတ်သည်။ | အေးရွာသည် ဝေလံခေါင်ဖျားရွာဖြစ်သည်။<br>ဒီဇိုင်းဆွဲသည့် အဖွဲ့က အလားတူ အက်ပ်( APP) များပြုရာ လယ်သမားများဆီက ကြိုဆိုသည့် တုံ့ပြန်ချက်များရသည်။ | မြန်မာအနေနှင့် လာမည့် ဆယ်စုနှစ်အတွင်း မိုဘိုင်းဖုန်း အသုံးပြုမှု တစ်ရှိန်ထိုးမြင့်သည်နှင့် ကြုံမည်။<br>လယ်ထဲသို့ ရေဖြည့်ပေးလိုက်သည့် နည်းစနစ်က ချက်ချင်း အလုပ် ဖြစ်နိုင်သည်။ |

## မူကွဲ

**ပိုမို လွယ်ကူအောင်လုပ်ပေးရန်အတွက်** အချက်အလက်သီးသန့် သို့မဟုတ်၊ ထင်မြင်ယူဆချက်သီးသန့် သို့မဟုတ်၊ တွေးဆချက်သီးသန့်သာ ရွေးထုတ်ခိုင်းနိုင်သည်။ (သို့မဟုတ် နှစ်မျိုးသာ ရွေးထုတ်ခိုင်းနိုင်သည်။)

**ထိန်းကျောင်းကန့်သတ်မှု ပိုပေးရန်အတွက်** ပြောဆိုချက်များကို ရေးပေးထားနှင့်ပြီးမှ ကျောင်းသူ/သားများက ထိုပေးချက်များကို အဆိုပါ စဉ်းစားပုံ ၃မျိုးအဖြစ် အမျိုးအစားခွဲခြင်းမျိုး ဆောင်ရွက်ခိုင်းနိုင်သည်။

# ၄.၄.၂ အခန်းပတ်လည်မှ အချက်အလက်များ၊ ထင်မြင်ယူဆချက်များနှင့် တွေးဆချက်များ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက်၊ ထင်မြင်ယူဆချက်နှင့် တွေးဆချက်များကို ဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) အခန်းတစ်နေရာတွင် အချက်အလက်များဟု ရေးထားသော စာရွက်တစ်ရွက်ကပ်ထားပါ။ အခြားတစ်ထောင့်တွင် ထင်မြင်ယူဆချက်များ အခြားတစ်နေရာတွင် တွေးဆချက်များဟု ရေးကပ်ထားပါ။

(ခ) ကျောင်းသူ/သားများက စာသားတစ်ခုကို ဖတ်ရမည်။ ထို့နောက် ပြောဆိုချက်များမှ အချက်အလက်တစ်ခု၊ ထင်မြင်ယူဆချက်တစ်ခုနှင့် တွေးဆချက် တစ်ခုတို့ကို ရှာဖွေဖော်ထုတ်ပါ။ ထို့နောက် စာရွက်အပိုင်း ၃ ခုပေါ်တွင် ထိုအတွေးတစ်ခုစီကိုရေးပါ။

(ဂ) ထိုစာရွက်အပိုင်းများကို အခန်း၏ သက်ဆိုင်ရာ နေရာများတွင် သွားရောက်ကပ်ကြရမည်။ အခြားကျောင်းသူ/သား တစ်ဦးဦးက မိမိရေးသည့်အတိုင်း ရေးထားပါက မိမိလည်း ထိုတူရာ စာသားနားတွင် ကပ်ပေးရမည်။

ထင်မြင်ယူဆချက်

အင်္ဂလိပ်သဒ္ဒါက လွယ်သည်။

အင်္ဂလိပ်စာ သင်ရသည်မှာ လွယ်သည်။

အချက်အလက်

အင်္ဂလိပ်စကားပြောသူများက နိုင်ငံရပ်ခြားကို ပြောင်းရွှေ့ကြပြီး အင်္ဂလိပ်စကား ပြန့်သွားသည်။

တွေးဆချက်

အင်္ဂလိပ်စာက နောင် နှစ်ပေါင်း ထောင်ချီပြီး ကမ္ဘာသုံးစကား အဖြစ် ရပ်တည်နေဦးမည် ဖြစ်သည်။

(ဃ) နေရာမှားကပ်ထားသည်ဟု စာရွက် တစ်ရွက်တွေ့တိုင်း ထိုစာရွက်ကို ဖြုတ်ပြီး အခန်း၏ နေရာမှန်တွင် ပြောင်းလဲကပ်ပေးရပါမည်။

**ထင်မြင်ယူဆချက်**

**မိုဘိုင်းဖုန်းများမှာ အသုံးဝင်သည်။**

**လယ်လုပ်ခြင်းသည် ခက်ခဲသည်။**

**အချက်အလက်**

မိုဘိုင်းဖုန်းများက စိုက်ပျိုးရေး နှင့် ပတ်သက်သော သတင်း အချက်အလက်များ ပေးနိုင်သည်။



**တွေးဆချက်**

ဖုန်းကောင်းစွာ အသုံးပြုနိုင်မှု သည် အေးရွာ၏ စီးပွားရေးကို မြှင့်တင်လာနိုင်လိမ့်မည်။

# ၄.၄.၃ အချက်အလက်မှ အထင်အမြင်သို့

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက အချက်အလက်နှင့် အထင်အမြင်ကြား အပြန်အလှန် ပြောင်းလဲရေးသားရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ကျောင်းသူ/ သားများက စာသားမှ အချက်အလက်များကို ရွေးထုတ်ရမည်။

(ခ) ထို့နောက် ထိုအချက်များကို ထင်မြင်ယူဆချက်များအဖြစ် ပြောင်းလဲရမည်။

အင်္ဂလိပ်စာက အခြားဘာသာစကားများမှ စကားလုံးများ ယူငင်အသုံးပြုထားသည်။

တစ်ခြား ဘာသာစကားက စကားလုံးတွေက စာလုံးပေါင်းရတာ ပိုခက်တယ်။

ကျေးလက်တွင် ဖုန်းများ မျှသုံးကြသည်။

ရွာမှာ ဖုန်းမျှသုံးတာ ကောင်းတယ်.. လူများများနဲ့ ပိုပြီး ထိတွေ့မှု ရှိတာပေါ့။

(ဂ) ကျောင်းသူ/ သားများက စာသားမှ ထင်မြင်ယူဆချက်များကို ရွေးထုတ်ရမည်။

(ဃ) ထို့နောက် ထိုထင်မြင်ချက်များကို အချက်အလက်များအဖြစ် ပြောင်းလဲရမည်။

အင်္ဂလိပ်သဒ္ဒါနှင့် ဝေါဟာရများမှာ သင်ယူရန် လွယ်ကူသည်။

အင်္ဂလိပ်စကား ကောင်းစွာ အသုံးပြုနိုင်သူ ၁၀ သန်းကျော် ရှိသည်။

အေးရွာသည် အလွန်ဝေးလံခေါင်ဖျားသော ဒေသဖြစ်သည်။

အေးရွာမှာ အနီးဆုံးမြို့ကြီးနှင့် ကီလိုမီတာ ၁၀၀ ကျော် ကွာဝေးသောရွာ ဖြစ်သည်။

## မူကွဲ

အချက်အလက် သို့မဟုတ် ထင်မြင်ယူဆချက်များကို တွေးဆချက်များအဖြစ် ပြောင်းလဲရေးသားခိုင်းခြင်းမျိုးနှင့် တွေးဆချက်များကို ထိုနှစ်မျိုးအဖြစ်သို့ ပြန်ပြောင်းခြင်းမျိုးလည်း ဆောင်ရွက်စေနိုင်ပါသည်။

အင်္ဂလိပ်ဘာသာစကားမှ ဝေါဟာရ၅၀% သည် အခြားဘာသာစကားများမှ လာသည်။

အင်္ဂလိပ်စကားပြောနိုင်ငံများသည် ကမ္ဘာ့စီးပွားရေးကို လွှမ်းမိုးဆဲဖြစ်သည်။

ရွာသားများ ဖုန်းမျှသုံးရခြင်းမှာ တစ်ယောက်တစ်လုံး မဝယ်နိုင်သောကြောင့် ဖြစ်သည်။

အေးရွာမှ မြို့ပေါ်သို့သွားရန် ကားမောင်းချိန် ၁၀ နာရီခန့် ကြာမည် ဖြစ်သည်။

# ၄.၄.၄ အဓိက ဝေါဟာရနှင့် အချက်အလက် အထင်အမြင်များ ရေးခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အဓိက ဝေါဟာရများသုံးကာ သင်ခန်းစာ ခေါင်းစဉ်အကြောင်းကို အချက်အလက်နှင့် အထင်အမြင်များ ရေးသားရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) စာသားမှ အဓိက ဝေါဟာရ သို့မဟုတ် စကားစု နှစ်ခု ရွေးထုတ်ပါ။

| | | | |
|---|---|---|---|
| အင်္ဂလိပ် | ကမ္ဘာသုံး | မိုဘိုင်းဖုန်း | ကျေးလက် |

(ခ) ပေးထားသည့် ဝေါဟာရ/စကားစုများထည့်ကာ ကျောင်းသူ/သားများက ခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်သည့် အချက်အလက်များ ရေးသားရမည်။

| | |
|---|---|
| အင်္ဂလိပ်စကားက ကမ္ဘာသုံး စကားဖြစ်သည်။ လူများက ကမ္ဘာ့နေရာအနှံ့တွင် ပြောဆိုကြသည်။ | မိုဘိုင်းဖုန်းများမှာ ကျေးလက်ထက် မြို့ပြတွင် တွေ့ရပိုများသည်။ |

(ဂ) ပေးထားသည့် ဝေါဟာရ/စကားစုများထည့်ကာ ကျောင်းသူ/သားများက ခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်သည့် ထင်မြင်ယူဆချက်များ ရေးသားရမည်။

| | |
|---|---|
| အင်္ဂလိပ် စကားထက် တရုတ်စကားက ပိုအသုံးဝင်သော ကမ္ဘာသုံး ဘာသာစကား ဖြစ်သည်။ | ကျေးလက်မှ ရပ်ရွာများအနေနှင့် မိုဘိုင်းဖုန်းကို ပိုမို ရရှိသင့်သည်ဟု ထင်သည်။ |

## မူကွဲ

ဤလုပ်ငန်းစဉ် **ပိုမို လွယ်ကူစေရန်အတွက်** အဓိကဝေါဟာရ တစ်ခုတည်းနှင့် ဝါကျတစ်ကြောင်းဖွဲ့နိုင်ကြောင်း ခွင့်ပြုပေးနိုင်သည်။

**ပိုမို ခက်ခဲစေရန်အတွက်** ဝါကျတစ်ကြောင်းတည်းတွင် အဓိကဝေါဟာရ ၃ လုံး သို့မဟုတ် ၃ လုံးအထက် ထည့်သွင်းရေးသားခိုင်းနိုင်သည်။

ဤလုပ်ငန်းစဉ်ကို အဖွဲ့လိုက်ပြိုင်ပွဲတစ်ခုအဖြစ်လည်း ပြုလုပ်နိုင်သည်။ အဖွဲ့တွင်ပေးထားသည့် စကားစုများ ဝေါဟာရများသုံးပြီး အချက်အလက်များ၊ ထင်မြင်ယူဆချက်များ တတ်နိုင်သမျှ အရေအတွက်များများ ရအောင် ရေးသားရမည်။ ဝါကျအများဆုံး ရေးနိုင်သည့်အဖွဲ့က အနိုင်ရမည်။





# ၄.၄.၅ အချက်အလက်များကို စစ်ဆေးပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက် မှန်ကန်ကြောင်း မည်မျှ စစ်ဆေးနိုင်သည်ကို ဆုံးဖြတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – သုံးသပ်ဝေဖန်ခြင်း။

(က) ကျောင်းသူ/သားများက စာပါ အချက်အလက်များကို စာရင်းလုပ်ရမည်။

(ခ) အချက်တစ်ခုစီအတွက် ထိုအချက်ကို မှန်/မမှန် စစ်ဆေးရန် မည်မျှ လွယ်ကူကြောင်း၊ စစ်ဆေးရန် ဖြစ်နိုင်ကြောင်း၊ မဖြစ်နိုင်ကြောင်း ဆုံးဖြတ်ကြရမည်။

အင်္ဂလိပ် ဝေါဟာရများသည် အခြား ဘာသာစကားများမှ ယူငင် အသုံးပြုထားသည်။

– ဝေါဟာရ မူလရင်းမြစ်ပါပြသော အဘိဓာန်တစ်ခုတွင် ကြည့်ရန်။
– အင်တာနက်တွင် ရှာဖွေ။

အင်္ဂလိပ်စကားသည် ယူကေမှ လူများ ရွှေ့ပြောင်းနေထိုင်ခြင်း၏ နောက်တွင် ပြန့်သွားသည်။

– သမိုင်းစာအုပ်များ ဖတ်ပြီး မှန် / မမှန် ကြည့်ရမည်။

ဦးခင်မောင်သန်းမှာ အေးရွာမှ စပါးစိုက် လယ်သမားတစ်ဦး ဖြစ်သည်။

– အေးရွာကို သွားပြီး ဟုတ်၊ မဟုတ် ကြည့်နိုင်သည်။
– သန်းခေါင်စာရင်းမှ အချက်အလက်များနှင့် တိုက်စစ်နိုင်သည်။

ခူကောင်များမှာ သီးနှံများကို လျင်မြန်စွာ ဖျက်ဆီးနိုင်သည်။

– အင်တာနက်တွင် ရှာကြည့်နိုင်သည်။
– စိုက်ပျိုးရေး ကောလိပ်တစ်ခုကိုသွားပြီး ရှာဖွေ စမ်းသပ်နိုင်သည်။
– စိုက်ပျိုးရေး ပညာရှင်တစ်ဦးကို မေးကြည့်နိုင်သည်။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများက အချက်အလက်များကို စစ်ဆေးရ လွယ်ကူမှုအလိုက် ပြန်လည်စီစဉ်ကြည့်နိုင်သည်။

ယူကေမှ ရွှေ့ပြောင်းနေထိုင်မှု သမိုင်းမှတ်တမ်းများကို ကြည့်ရန်။

– ခက်သည်။ ယူကေကို သွားကြည့်မှ ရမည်ဖြစ်။
– အင်တာနက်တွင် ထိုမှတ်တမ်းများ ရှိချင်ရှိနိုင်။

ဦးခင်မောင်သန်းမှာ အေးရွာမှ စပါးစိုက် လယ်သမားဖြစ်သည်။

– လွယ်သည်။ သို့သော် အချိန်ကြာစွာ သွားရမည်။ ဖုန်းဆက်ပြီး မေးလိုက်ခြင်းက ပိုလွယ်ကူမည်။

အိမ်စာအနေနှင့် ကျောင်းသူ/သားတို့က အချို့ အချက်အလက်များကို စစ်ဆေးလာခဲ့ပြီး လွယ်ကူခြင်းရှိ၊ မရှိကို အတန်းကို ပြန်ပြောပြနိုင်သည်။

# ၄.၄.၆ တွေးဆချက်ကို စမ်းသပ်ခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက တွေးဆချက်တစ်ခုကို စမ်းသပ်အတည်ပြုနိုင်သည့် နည်းလမ်းများကို စဉ်းစား စာရင်းပြုရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – သုံးသပ်ဝေဖန်ခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) စာပါ တွေးဆချက်များကို ရှာဖွေ ဖော်ထုတ်ပါ။

(ခ) အဆိုပါ တွေးဆချက်များကို စမ်းသပ်အတည်ပြုနိုင်ရန်အတွက် နည်းလမ်းများကို စဉ်းစားကြရမည်။

အင်္ဂလိပ်ဘာသာစကားသည် နောင်နှစ်ပေါင်း ထောင်ချီပြီး ကမ္ဘာသုံးအဖြစ် တည်နေဦးမည်ဖြစ်သည်။

၁။ ကမ္ဘာ့အဆင့် စစ်တမ်းတစ်ခုလုပ်ပြီး အခြား ဘာသာစကားများနှင့် ယှဉ်လျှင် အင်္ဂလိပ် ဘာသာစကား မည်မျှ အသုံးပြုနေသည်ကို စစ်ဆေးရမည်။

၂။ ဆယ်နှစ်စောင့်ပြီး ထိုစစ်တမ်းကို နောက်တစ်ခေါက် ပြန်လုပ်ရမည်။

၃။ ထိုစစ်တမ်းကို ယခုမှစပြီး နောင်နှစ်တစ်ထောင်ပြည့်သည်အထိ ဆယ်နှစ်တစ်ခါ ပြုလုပ်ရမည်။

လယ်ကွက်ထဲသို့ ရေလွှမ်းပေးလိုက်ရုံဖြင့် ဦးခင်မောင်သန်း ငွေ ၇၅၀,၀၀၀ ကျပ် သက်သာသွားမည်။

၁။ ဦးခင်မောင်သန်း လယ်မှ ခူများကို ပိုးသတ်ဆေးနှင့် သတ်ပါ။ ကုန်ကျစရိတ် တွက်ကြည့်ပါ။

၂။ လယ်ကို ရေဖြည့်ပါ။ ကုန်ကျစရိတ် တွက်ကြည့်ပါ။

၃။ လယ်ကို ရေလွှမ်းပေးခြင်းက ၇၅၀,၀၀၀ ကျပ် ပိုသက်သာပါသလား။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများက အဆိုပါ စမ်းသပ်မှု တစ်ခုချင်းစီက မည်မျှ လက်တွေ့ကျ ဖြစ်နိုင်မည် ဆိုသည်ကို ဆွေးနွေးပါ။ လက်တွေ့ဖြစ်နိုင်သည် ဆိုပါက တွေးဆချက်တစ်ခုခုကို လက်တွေ့စမ်းသပ်ကြည့်နိုင်သည်။

# ၄.၅ ယုတ္တိလွဲမှုများ

## သတိ

အလွန်ခက်ခဲသောအပိုင်း ဖြစ်သည်။ ယုတ္တိလွဲမှုများကို ရှာဖွေ ဖော်ထုတ်ရာတွင် အသုံးပြုသော ကျွမ်းကျင်မှုများမှာ အလွန်ရှုပ်ထွေးနိုင်ပါသည်။ မိမိကျောင်းသူ/သားများမှာ မိခင်ဘာသာစကား မဟုတ်သည့် အခြားဘာသာစကား တစ်ခုဖြင့် သင်နေရပါက သို့မဟုတ် မိမိတို့ မရင်းနှီးသည့် သင်ခန်းစာ အကြောင်းအရာတစ်ခုကို သင်နေရပါ ဤအခန်းမှ လုပ်ငန်းစဉ်များကို မဆောင်ရွက်သင့်ပါ။

မှား/မှန် ဝေဖန်စဉ်းစားရင်း စာဖတ်ရှုခြင်းသည် အဆိုပြုချက်တစ်ရပ်ကို နားလည်နိုင်ရန်အတွက် အရေးပါသော အပိုင်းတစ်ပိုင်းဖြစ်သည်။ ကျောင်းသူ/သားများကို အောက်ပါတို့ မေးမြန်းရန် တိုက်တွန်းပါ။

- စာရေးသူက မည်သည်ကို ပြောလိုပါသနည်း။
- မည်သည့် အထောက်အထားမျိုးကို အသုံးပြုနေပါသနည်း။
- မိမိအနေနှင့် စာရေးသူ၏ ပြောဆိုချက်များကို သဘောတူပါသလား။
- စာရေးသူ ထည့်မပြောထားသော အရာတစ်ခုခုကို မိမိအနေနှင့် ထည့်သွင်း စဉ်းစားလိုခြင်း ရှိပါသလား။
- ပြောဆိုသူတို့၏ ထင်မြင်ချက်များကို မည်သို့ ထောက်ပံ့ ပြောဆိုနေကြပါသနည်း။

အပိုင်း ၃.၁ နားလည် သဘောပေါက်ခြင်း၊ အပိုင်း ၄.၃ ကောက်ချက်ချခြင်းနှင့် အပိုင်း ၄.၄ အချက်အလက်၊ ထင်မြင်ယူဆချက်နှင့် တွေးဆချက်များဟူသည့် အပိုင်းများတွင် အထက်ပါ ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည့် လုပ်ငန်းစဉ်များ ပါဝင်ပါသည်။

မှား/မှန် ဝေဖန်ပြီး အမြင်စူးသော စာဖတ်သူတစ်ဦးသည် အဆိုပြုချက်တစ်ခု၏ အားနည်းချက်များ (ယုတ္တိလွဲမှုများ) ကို စာဖတ်ရင်းနှင့် သတိပြု သိရှိနိုင်ပေသည်။ ယုတ္တိလွဲမှုပုံစံ ဥပမာများကို ဆက်လက် ဖော်ပြထားပါသည်။

## (က) ယေဘုယျပြုခြင်း

အထောက်အထားအနည်းငယ်မျှ ရှိရုံဖြင့် သုံးသပ်ချက်တစ်ခု ချလိုက်ခြင်း။

များသောအားဖြင့် လူများသည် ကြုံတွေ့ဖူးသည့် ဥပမာတစ်ခုခုကို အပြီးယုံကြည်လိုက်ကာ အခြား အခြေအနေများတွင်လည်း မိမိကြုံဖူးသည့်အတိုင်းသာ ဖြစ်ရမည်ဟု စဉ်းစားခြင်းမျိုးဖြစ်သည်။

**အထောက်အထား** – မင်း အရင်လက စာရင်းတွေ မှားနေတယ်။

**ကောက်ချက်** – မင်း စာရင်းအင်းကိုင်တာ ညံ့တယ်။



**အထောက်အထား** – ကျွန်တော့်ဦးလေးက ဝတယ်။
လေ့ကျင့်ခန်းလည်း တစ်ခါမှ မလုပ်ဘူး။

**ကောက်ချက်** – ဝတဲ့သူတွေက ပျင်းတယ်။

**အထောက်အထား** – ကျွန်မသူငယ်ချင်း ဟိန္ဒူတွေ အများကြီးက စီးပွားရေး လုပ်နေကြတာ။

**ကောက်ချက်** – ဟိန္ဒူတွေ စီးပွားရေး ကျွမ်းကျင်တာပဲ။

ပုံသေကားကျ သတ်မှတ်ချက်များ၊ တစ်ဖက်သတ် ကြိုတင်ယူဆချက်များမှာ ယေဘုယျပြုခြင်း ယုတ္တိလွဲများ ဖြစ်ပါသည်။

## (ခ) အများညီလျှင် မှန်သည်ထင်ခြင်း

ဤယုတ္တိလွဲမှုက လူအများကြား ရေပန်းစားလျှင်၊ လူအများယုံကြည်လက်ခံသည့် အရာဖြစ်လျှင် မှန်ကန်ကောင်းမွန်သည်ဟု အဆိုပြုခြင်းဖြစ်သည်။

*ဘရူနိုမားစ်က ကမ္ဘာ့အကောင်းဆုံး အဆိုတော်ပဲ။ သူ့အခွေ ၁၁ သန်းကျော်လောက်ကို လူတွေ ဝယ်ယူအားပေးကြလို့လေ။*

*အစိုးရကို ၇၅% က မဲပေးကြတယ်။ ဒါဆို အစိုးရ မူဝါဒတွေက မှန်လို့ဖြစ်ရမယ်။*


HeadWay စာအုပ်က အင်္ဂလိပ်စာ သင်ကြားရေးအတွက် အကောင်းဆုံးစာအုပ် ဖြစ်ရမယ်။ ဒီက ကျောင်းတွေ တော်တော်များများ ဒီစာအုပ်ပဲ သုံးလို့ပါ။



## (ဂ) ဩဇာရှိသူ အကူယူခြင်း

ဩဇာရှိသူ အကူယူသည့် ယုတ္တိလွဲမှုရှိနေလျှင် ကျွမ်းကျင်သူတစ်ဦးဦးက တစ်ခုခုပြောလျှင် ထိုအချက်မှာ မှန်ရမည်ဟု ယူဆလိုက်မည်ဖြစ်သည်။

ကြော်ငြာက သွယ်ဝိုက်ဆိုလိုနေသည်မှာ ကုလားအုတ် တံဆိပ် စီးကရက်က ကျန်းမာရေးနှင့် ညီညွတ်သည်။ အဘယ့်ကြောင့်ဆိုသော် ဆရာဝန်များကိုယ်တိုင် သောက်သုံးခြင်းကြောင့်ဖြစ်သည်။



ဆရာဝန်များ နှစ်ခြိုက်စွာ
သောက်သုံးသော
ကုလားအုတ်တံဆိပ်
စီးကရက်

သို့သော် တစ်စုံတစ်ဦးက ဆရာဝန်ဖြစ်သည်ဆိုရုံနှင့် သူ့ကိုယ်ပိုင်စရိုက်များမှာ ကျန်းမာရေးကို အလေးထားသည့် စရိုက်ဟု မပြောနိုင်ပေ။

အခြား အဆိုပြုပုံတစ်မျိုးမှာ ဩဇာရှိသူ၊ လွှမ်းမိုးမှုရှိသူ တစ်ဦးဦး၏ ယုံကြည်စိတ်ချရမှု/ နာမည်ဂုဏ်သတင်းကို အသုံးပြုခြင်း ဖြစ်သည်။

မိဘတွေ ပညာမတတ်တဲ့အခါ ၅နှစ်အောက်ကလေး သေဆုံးမှု ပိုပြီးများလာပါတယ်။ အင်ဂျလီနာဂျိုလီ။

သရုပ်ဆောင်တစ်ဦးဖြစ်သော ဂျိုလီသည် ပညာရေး သို့မဟုတ် ကျန်းမာရေးတွင် ကျွမ်းကျင်သူမဟုတ်။ ထို့ကြောင့် ပညာရေးနှင့် ကျန်းမာရေး ကိစ္စရပ်များတွင် 'ဂျိုလီရဲ့ အဆိုကတော့' ဟု ထည့်သွင်း ကိုးကားသည်မှာ အသုံးဝင်သည် မဟုတ်ပေ။ လူအများစုက ကျော်ကြားသူများ၏ အမြင်များကို ဖတ်ရှုကြသည်။ သို့သော် ကျော်ကြားသည် သက်သက်နှင့် ထိုသူကို ကျွမ်းကျင်သူဟု ယူဆ၍ မရပေ။

*http://www.wikihow.com/Evaluate-the-Credibility-of-a-Source*

## (ဃ) ကောက်ရိုးရုပ်

ကောက်ရိုးရုပ် အဆိုပြုချက်မှာ ဆန့်ကျင်ဘက်အဆိုကို ချဲ့ကားပြီးဖြစ်စေ၊ ပြောင်းလဲပြီးဖြစ်စေ ပြောဆိုကာ အနိုင်ယူရလွယ်အောင် တစ်ဖက်အဆို မှားသယောင် ဖန်တီးပြောဆိုခြင်းဖြစ်သည်။ ထိုသို့ ငြင်းခုံခြင်းကို ကောက်ရိုးရုပ် အဆိုဟုခေါ်သည်။ ဤယုတ္တိလွဲမှုက ဆန့်ကျင်ဘက် အဆိုပြုသူများအတွက် မမျှတသည့်အပြင် ဆန့်ကျင်ဘက်အဆို တင်ပြမေးမြန်းသည်တို့ကိုလည်း မဖြေရှင်းဘဲ ရှောင်ထွက်ရာကျသည်။





အထက်ပါ ဥပမာတွင် ကောက်ရိုးရုပ် ယုတ္တိလွဲသူက လူတိုင်းကို အရာအားလုံး အခမဲ့ မပေးသင့်ဟု ရပ်တည်ပြောဆိုနေသည်။ သို့သော် တစ်ဖက်လူ အဆိုပြုသူများက အားလုံး အလကားဟု တောင်းဆိုနေခြင်းမဟုတ်၊ ကျန်းမာရေးစောင့်ရှောက်မှုကို ဈေးလျှော့ပေးရန်သာ ဖြစ်သည်။ ၎င်းကို ထိုလူက အရာအားလုံး အလကား တောင်းဆိုသယောင် ပြောဆိုသောကြောင့် ကောက်ရိုးရုပ်အဆို ဖြစ်သည်။

*http://www.youtube.com/watch?v=kgdDK4XMpm*

### (င) ကိုယ်ရေးကိုယ်တာ တိုက်ခိုက်ခြင်း

ကိုယ်ရေးကိုယ်တာ တိုက်ခိုက်ခြင်းတစ်ခုတွင် အဆိုပြုချက်ကို ဆွေးနွေးငြင်းဆိုခြင်းမပြုဘဲ အဆိုပြုသူ၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို ဖော်ထုတ်တိုက်ခိုက်ခြင်းပြုသည်။




မေရီကပြောတယ်။ ကမ္ဘာကြီးပူနွေးမှုဟာ ပြဿနာတစ်ရပ်ပဲတဲ့။ ဒါပေမယ့် မေရီက ခပ်တုံးတုံးရယ်။ ပြီးတော့ ခဏခဏလည်း ညာတတ်တယ်။ အဲ့ဒီတော့ သူပြောတာကို ငါသဘောမတူဘူး။

ဦးသောင်းကပြောတယ်။ သူ့အရာရှိက မန်နေဂျာဆိုးပါတဲ့။ ဒါပေမယ့် သူက သူ့အရာရှိရဲ့ ရာထူးကို လိုချင်နေမှန်း ငါသိတယ်။ အဲ့ဒီတော့ သူပြောတာ မဖြစ်နိုင်ဘူး။

*http://www.youtube.com/watch?v=W_veZ24nC3g*

### (စ) သက်သေများ

ကြောင်းကျိုးဝေဖန်သုံးသပ်ခြင်းမှာ အခြေခံ မှားနေလျှင်၊ သက်သေပြချက်က လွဲနေလျှင် အလုပ် မဖြစ်နိုင်ချေ။ ဉာဏ်ယုတ္တိလွဲမှု ရှိနေလျှင် ထင်မြင်ယူဆချက်လွဲ သို့မဟုတ် ကောက်ချက်လွဲမှု တစ်ခုပေါ် အခြေခံပြီး စဉ်းစားသည်။ အချက်အလက်များအပေါ် အခြေခံပြီး စဉ်းစား အဆိုပြုခြင်း မဟုတ်ချေ။

*ဒီလူကြီးက နိုင်ငံခြားသား။*

*နိုင်ငံခြားသားအားလုံးက ကမ္ဘာလှည့် ခရီးသွားတွေ ဖြစ်တယ်။*

*ဒီတော့ ဒီလူကြီးက ကမ္ဘာလှည့်ခရီးသွား ဖြစ်ရမယ်။*

အဆိုပါ ကောက်ချက်ဆွဲမှုမှာ လွဲနေနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အခြေခံသည့် အဆိုပြုချက်များအနက် တစ်ချက်မှာ လွဲနေသည်။ နိုင်ငံခြားသားတိုင်းက ကမ္ဘာလှည့်ခရီးသွား မဟုတ်။ အချို့နိုင်ငံခြားသားများမှာ အလုပ်လုပ်ပြီး လာရောက်နေထိုင်နေခြင်း ဖြစ်နိုင်သည်။ အချို့ကလည်း အလုပ်ကိစ္စရှိသောကြောင့် ခေတ္တ လာရောက်ခြင်း ဖြစ်နိုင်သည်။

*မြို့ကြီးပြကြီးတွေက အန္တရာယ်များတယ်။ (ထင်မြင်ချက်သာ ဖြစ်သည်။ အမြဲမှန်သည့် အချက်အလက်မဟုတ်)*

*အဲ့ဒီတော့ မြို့ကြီးကို ပြောင်းနေရင် မင်းဒုက္ခရောက်မှာပဲ။*

မြို့ကြီးပြကြီးသို့ ပြောင်းရွှေ့နေထိုင်သော လူတိုင်းအန္တရာယ်နှင့် တွေ့ကြုံသည်မဟုတ်။ မြို့ပြများသည်လည်း အမြဲတမ်း အန္တရာယ်များနေသည့် နေရာများမဟုတ်။

*အပိုင်း ၄.၁ တူညီမှု ကွဲပြားမှုများကို နှိုင်းယှဉ်ချိန်ထိုးခြင်းနှင့် အပိုင်း ၄.၂ အကြောင်းရင်းခံ အကျိုးဆက် အပိုင်းများတွင် ကျောင်းသူ/ သားများကို လေ့ကျင့်ပေးရာတွင် ယုတ္တိလွဲခြင်း၊ သက်သေအလွဲပြခြင်း၊ ကြောင်းကျိုးဆက်စပ်မှု ကွင်းဆက် ပြတ်နေခြင်း လွဲနေခြင်းတို့ကို ရှာဖွေကြည့်ရှုနိုင်ခြင်း ကျွမ်းကျင်မှုများ ထည့်သွင်း လေ့ကျင့်ပေးထားပါသည်။*

## ဥပမာ စာပိုဒ်

**မှတ်ချက်**

အောက်ပါ စာသားများမှာ မူလရေးသားချက်များ မဟုတ်ပါ။ ဤအပိုင်းမှ လုပ်ငန်းစဉ်များအတွက် ကိုက်ညီသော အသုံးပြုမှုအတွက် အလေးပေးပြီး ပြင်ဆင်ရေးသားထားပါသည်။ သို့သော် အရေးအသားများမှာ သတင်းစာများ၊ သတင်းဝက်ဘ်ဆိုဒ်များမှ ထင်မြင်ယူဆချက်များ၊ အယ်ဒီတာအာဘော်များ၊ သတင်းဆောင်းပါးများမှ

# အကျဉ်းထောင်ရှိသောကြောင့် ရာဇဝတ်မှုများကို

ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွင် ပိုမိုရှည်လျားသော ထောင်ဒဏ်များလိုအပ်သည်။ လက်ရှိ ထောင်ဒဏ်များမှာ သက်သာလွန်းနေသည်။ ရာဇဝတ်သားများက ထောင်တွင်းတွင် ရှိနေလျှင် ပြင်ပလူများကို ဒုက္ခမပေးနိုင်တော့ပေ။ ထို့ကြောင့် လူ့အဖွဲ့အစည်း ဘေးရန်ကင်းစေရန် ရာဇဝတ်သားများကို ထောင်ထဲတွင် ထည့်ထားရမည်။

ထိုလူသတ်သမားတစ်ဦး ထောင်ဒဏ်ပြီးစီး လွတ်မြောက်ပြီးချိန်တွင် လူအချို့ကို ထပ်သတ်ဖြတ်ခဲ့သည့်အဖြစ်ကို ကျွန်တော်တို့ အားလုံးကြားမိပါလိမ့်မည်။ ထို့ကြောင့် ရာဇဝတ်သားများကို ထောင်ထဲတွင်သာ ထားသင့်သည်ဟုပြောခြင်းဖြစ်သည်။ ရုပ်ရှင်သရုပ်ဆောင် သီလာဟာဒ်ဘန်းက သူ့အိမ်ကို ဓားပြတိုက်ခံရပြီးသည့်နောက်တွင် ရာဇဝတ်သားများကို သေနတ်ဖြင့်ပစ်ခြင်းက ရာဇဝတ်မှုကို တားဆီးရန် နည်းလမ်းတစ်ခုဟု ပြောခဲ့သည်။

ဒေါ်ရိုစီသိန်းက ရာဇဝတ်သားများကို အပြစ်မပေးလိုဟုပြောသည်။ ရာဇဝတ်သားများက အပြစ်မခံရပါက လူအများက ရာဇဝတ်မှု ကျူးလွန်၍ရသည်ဟု ထင်မြင်လာလိမ့်မည်။ ရာဇဝတ်မှုနှုန်း မြင့်တက်လာလိမ့်မည်။ လူ့အဖွဲ့အစည်းပါ ပြိုကွဲသွားလိမ့်မည်။ ရှေးထုံးမပယ်သော ကျွန်တော်တို့ ရိုးရာ လူ့အဖွဲ့အစည်းအတွက် လစ်ဘရယ်ဖြစ်သော ဒေါ်ရိုစီသိန်းကဲ့သို့ လူမျိုးသည် အန္တရာယ်တစ်ရပ်ပင်ဖြစ်သည်။ သူနှင့် သူ့အတွေးအမြင်များကို အားပေးရန် မသင့်ပေ။

လူ့အဖွဲ့အစည်းကို သူခိုး၊ လူသတ်သမားနှင့် မုဒိန်းကောင်များရန်မှ ကာကွယ်ရန် လိုအပ်သည်။ လူတိုင်းက ရာဇဝတ်မှုရန်မှ ကင်းရှင်းလိုကြသည်။ ထိုသို့ ဘေးရန်ရှင်းရန်မှာ ရာဇဝတ်သားများကို သံတိုင်များနောက် ပို့ထားခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု လူတိုင်းက ထင်မြင်ကြပေသည်။

*တီတီဘုန်း၊ ဒါရိုက်တာ၊ တာဝန်သိပြည်သူများ အစည်းအရုံး*





ရေးသားပုံများနှင့် တူညီအောင် ပြင်ဆင်ထားပါသည်။ ဥပမာအချို့ကို ဖော်ပြရလျှင် –

- ဧရာဝတီသတင်း ဝက်ဘ်ဆိုဒ် (အင်္ဂလိပ်နှင့် မြန်မာဘာသာ) irrawaddy.org
- မြန်မာတိုင်းမ် (အင်္ဂလိပ်နှင့် မြန်မာဘာသာ) mmtimes.com
- The Guardian သတင်းစာ (အင်္ဂလိပ်ဘာသာ) theguardian.com

ကျောင်းသူ/ သားများ ကိုယ်တိုင်ရေးသားသော စာသားများကိုလည်း ဤအပိုင်းမှ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ပါသည်။

# ကာကွယ်နိုင်ပါသလား

ရာဇဝတ်မှုများကို ကာကွယ်ရန်အတွက် အကျဉ်းထောင်များက နည်းလမ်းမှန်တစ်ရပ်ဟု ကျွန်မ မထင်မိပါ။ လူအများက ဆင်းရဲတွင်းနက်မှသာ ရာဇဝတ်မှုများ ကျူးလွန်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဆင်းရဲမွဲတေမှုသာ တကယ့်တရားခံဖြစ်သည်။ ထို့ပြင် ကျွန်မတို့အနေနှင့် ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရန် နည်းလမ်းများသာ ရှာဖွေသင့်သည်။



ရာဇဝတ်သားများကို ပြင်းထန်သော အပြစ်ပေးလိုသူများမှာ ဆင်းရဲမွဲတေမှု ခံစားရခြင်း၏ အခြေအနေများကို နားမလည်သူများဖြစ်သည်။ ထိုသူများသာ မိမိတို့၏ ငတ်မွတ်တော့မည့် သားသမီးများကို မကျွေးမွေးနိုင်ပါက မည်သို့ ခံစားရမည်နည်း။

ကျွန်မ ထိုအမျိုးသမီးတစ်ဦးကို မြင်ဖူးသည်။ အိမ်နီးချင်းများ မွေးထားသော ကြက်များကို ခိုးယူစားသောက်သည်။ သူက တစ်နေ့ကို ၁၀၀၀ ကျပ်သာ ရသူဖြစ်သည်။ မိသားစုအတွက် စားစရာပင် မလောက်ငှ။ ကျွန်ုပ်တို့က သူ့အတွက် အလုပ်တစ်ခုကောင်းကောင်း ရှာပေးလိုက်သောအခါ ထိုအမျိုးသမီး ဘယ်တော့မှ ထပ်မခိုးတော့။ ထိုအဖြစ်ကိုကြည့်လျှင် ဤနည်းလမ်းက ရာဇဝတ်မှုကို ဖြေရှင်းနိုင်ကြောင်း ထင်ရှားသည်။



လန်နာတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ အာမက်ခန်းက ‘အသေးစား ရာဇဝတ်မှု ကျူးလွန်သူတွေကို သူတို့ရဲ့ လောလောလတ်လတ် ပြဿနာတွေကို ရှင်းပေးလိုက်ရင် သူတို့ ဘယ်တော့အဲ့ဒါမျိုး ထပ်မလုပ်တော့ဘူး ဟု ပြောခဲ့သည်။

တီတီဘုန်းက အကျဉ်းထောင်များ ထပ်မံတည်ဆောက်ပြီး ထောင်ဒဏ်များ ကိုလည်း မြှင့်တင်စေလိုသည်။ သို့သော် သူက ရွှေဆောက်လုပ်ရေးကုမ္ပဏီ ကို ပိုင်ပြီး အကျဉ်းထောင်ဆောက်လုပ်ရေး လုပ်ငန်းများကို ရယူထားသူများလည်းဖြစ်သည်။ ထို့ကြောင့် အကျဉ်းထောင် ရှိသင့်သည်ဟူသော သူ့အဆိုမှာ ကိုယ်ကျိုးဖက်သည့်အဆိုဖြစ်ပြီး ၎င်းကို စိတ်မချသင့်ပေ။ တီဘုန်းသည် အကျင့်ပျက်ခြစားနေသည့် အဟောင်းဖက်တွယ်သည့် ကွန်ဆာဗေးတစ်၊ အသုံးမဝင်သော လူမျိုးဖြစ်သည့်အပြင် နိုင်ငံကို တိုးတက်ရှေ့တက်နိုင်ခြင်းမှ တားဆီးပိတ်ပင်နေသူမျိုးလည်း ဖြစ်သည်။

*ဒေါ်ရိုစီသိန်း၊ ဥက္ကဋ္ဌ တရားရေးစနစ် ပြုပြင်ပြောင်းလဲမှု ရှေ့ဆောင်*

# ၄.၅.၁ ယေဘုယျပြုခြင်းကို ဖော်ထုတ်ပါ

(က) ကျောင်းသူ/သားများက ပေးထားသည့် စာပိုဒ်များထဲမှ မည်သည့် အချက်များက ယေဘုယျပြုထားခြင်းဖြစ်ကြောင်း ရွေးထုတ်ရမည်။

(ခ) ကျောင်းသူ/သားများက ထိုအဆိုများမှာ အဘယ့်ကြောင့် ယေဘုယျပြုခြင်း အဆိုများဖြစ်ကြောင်း ရှင်းလင်းပြောပြရမည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက မည်သည့် ပြောဆိုချက်များက ယေဘုယျပြုထားခြင်းဖြစ်ကြောင်း ဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘာလုံမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

ကျွန်မ ထိုအမျိုးသမီးတစ်ဦးကို မြင်ဖူးသည်။ အိမ်နီးချင်းများ မွေးထားသော ကြက်များကို ခိုးယူစားသောက်သည်။ သူက တစ်နေ့ကို ၁၀၀၀ ကျပ်သာ ရသူဖြစ်သည်။ မိသားစုအတွက် စားစရာပင် မလောက်ငှ။ ကျွန်ုပ်တို့က သူ့အတွက် အလုပ်တစ်ခု ကောင်းကောင်းရှာပေးလိုက်သောအခါ ထိုအမျိုးသမီး ဘယ်တော့မှ ထပ်မခိုးတော့။ ထိုအဖြစ်ကိုကြည့်လျှင် ဤနည်းလမ်းက ရာဇဝတ်မှုကို ဖြေရှင်းနိုင်ကြောင်း ထင်ရှားသည်။

ဤနည်းလမ်းများ ထိုတစ်ဦးအတွက် အသုံးဝင်သွားသော်လည်း အားလုံးအတွက် အလုပ်ဖြစ်မည်ဟု ပြောရန် လုံလောက်သော သက်သေမရှိ။

ကျွန်တော်တို့အားလုံး ထိုလူသတ်သမားတစ်ဦး ထောင်ဒဏ်ပြီးစီး လွတ်မြောက်ပြီးချိန်တွင် လူအချို့ကို ထပ်သတ်ဖြတ်ခဲ့သည့် အဖြစ်ကို ကြားမိပါလိမ့်မည်။ ထို့ကြောင့် ရာဇဝတ်သားများကို ထောင်ထဲတွင်သာ ထားသင့်သည်ဟုပြောခြင်းဖြစ်သည်။

တစ်ကြိမ်ဖြစ်ပျက်ဖူးခြင်းသာ ဖြစ်သည်။ လူသတ်ဖူးသူများက နောက်ထပ် သတ်ပြီးရင်း သတ်မည်ဟုပြောရန် လုံလောက်သော သက်သေမပြထား။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများက ထိုယေဘုယျပြုခြင်းများကို ယုတ္တိလွဲမှု မရှိတော့အောင် ပြင်ရေးခြင်း ပြုလုပ်ခိုင်းနိုင်သည်။

ထိုအမျိုးသမီးကို အလုပ်ကောင်းကောင်း ရှာပေးလိုက်သောအခါ မခိုးယူတော့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ထိုနည်းလမ်းသည် လူများကို ရာဇဝတ် မကျူးလွန်ဘဲ ထိန်းသိမ်းအောင် ထောက်ပံ့ကူညီပေးနိုင်သည်ဟု ယူဆနိုင်သည်။

ဒါကြောင့်မို့လို့ ကြမ်းတမ်းတဲ့ ရာဇဝတ်သားတွေကို ထောင်က လွှတ်ပေးတော့မယ်ဆိုရင် ဂရုတစိုက် စဉ်းစားဖို့လိုတယ်လို့ ပြောတာပါ။

# ၄.၅.၂ အများညီလျှင် အမှန်ထင်သည့် ယုတ္တိလွဲမှုကို ဖော်ထုတ်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ ပြောဆိုချက်များမှ အများညီလျှင် အမှန်ယူသည့် ယုတ္တိလွဲမှုများကို ဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ကျောင်းသူ/သားများက ပေးထားသည့် စာပိုဒ်များထဲမှ အများညီလျှင် အမှန်ယူထားသည့် ယုတ္တိလွဲမှုများကို ရွေးထုတ်ရမည်။

(ခ) အဘယ့်ကြောင့် ထိုသို့ ရွေးထုတ်ထားရကြောင်း ရှင်းလင်းတင်ပြရမည်။

တစ်ကမ္ဘာလုံးရှိ လူအများက ဂရုထားစောင့်ရှောက်တတ်သော လူ့အဖွဲ့အစည်းများကို ပိုမို လိုချင်လာကြပါသည်။
စာရေးသူ၏ ပြောဆိုချက်ကို ထောက်ပံ့နိုင်အောင် တစ်ကမ္ဘာလုံးရှိ လူများက လိုချင်သည့်အရာ ဖြစ်သည်ဟု ပြောဆိုထားသည်။

လူတိုင်းက ရာဇဝတ်မှုဘေးရန်မှ ကင်းရှင်းစွာ နေလိုကြပြီး ထိုသို့နေရန်မှာ ရာဇဝတ်သားများကို သံတိုင်များနောက်တွင် ထားရန်သာ အကောင်းဆုံးနည်းလမ်းရှိကြောင်း အားလုံးက သဘောတူကြသည်။
ဤပြောဆိုချက်က လူတိုင်းက စာရေးသူနှင့် သဘောတူသယောင် ရေးသားထားသည်။

# ၄.၅.၃ ဩဇာရှိသူ အကူယူသည့် ယုတ္တိလွဲမှုကို ဖော်ထုတ်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါပြောဆိုချက်များမှ ဩဇာရှိသူ အကူယူထားသော ယုတ္တိလွဲမှုများကို ဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ကျောင်းသူ/သားများက ပေးထားသည့် စာပိုဒ်များထဲမှ ဩဇာရှိသူ အကူယူထားသော ယုတ္တိလွဲမှုများကို ရွေးထုတ်ရမည်။

(ခ) အဘယ့်ကြောင့် ထိုသို့ ရွေးထုတ်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြရမည်။

လန်နာ တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ အာမက်ခန်းက ‘အသေးစား ရာဇဝတ်မှု ကျူးလွန်သူတွေကို သူတို့ရဲ့ လောလောလတ်လတ် ပြဿနာတွေ ရှင်းပေးလိုက်ရင် သူတို့ ဘယ်တော့ အဲ့ဒါမျိုး ထပ်မလုပ်တော့ဘူး’ ဟု ပြောခဲ့သည်။
ဥပဒေကျွမ်းကျင်သူတစ်ဦး၏ ကိုယ်ပိုင်ထင်မြင်ချက်ကို အသုံးပြုပြီး မိမိ၏ အဆိုကို ထောက်ပံ့ထားခြင်းဖြစ်သည်။

ရပ်ရှင်သရုပ်ဆောင် သီလာ ဟဒ်ဘန်းက သူ့အိမ်ကို ဓားပြတိုက်ခံရပြီးသည့်နောက်တွင် ရာဇဝတ်သားများကို သေနတ်ဖြင့် ပစ်ခြင်းက ရာဇဝတ်မှုကို တားဆီးရန် နည်းလမ်းတစ်ခုဟု ပြောခဲ့သည်။
နာမည်ကြီး သရုပ်ဆောင်တစ်ဦး၏ အမြင်ကို အသုံးပြုပြီး မိမိ၏ အဆိုကို ထောက်ပံ့ထားခြင်းဖြစ်သည်။

# ၄.၅.၄ ကျွမ်းကျင်သူများ၏ ယုံကြည်စိတ်ချရမှုကို ဆန်းစစ်ခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ အဆိုပြုချက်များကို ထောက်ပံ့နိုင်အောင် ကိုကားထားသော ပညာရှင်များအပေါ် ယုံကြည်စိတ်ချနိုင်မှုကို ဆန်းစစ်အကဲဖြတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ပေးထားသည့် စာပိုဒ်များထဲမှ ဩဇာရှိသူ အကူယူထားသော အဆိုပြုချက်များကို ရွေးထုတ်ပါ။

(ခ) ထို့နောက် သင်ခန်းစာခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်ပြီး ကိုးကားခံရသူတွင် ယုံကြည်အားထားလောက်သော အတွေးအမြင်ရှိနိုင်၊ မရှိနိုင် စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။

- ထိုကိုးကားခံရသူတို့မှာ အဆိုပြုချက်တွင် ပါဝင်သော အကြောင်းအရာနှင့် ပတ်သက်ပြီး သီးသန့်အထူးပြု ကျွမ်းကျင်သူများ ဖြစ်ကြပါသလား။
- ဆိုထားသော အဆိုပြုချက်များကြောင့် ထိုကိုးကားခံရသူတို့တွင် အကျိုးအမြတ် တစ်စုံတစ်ရာ ရရှိနိုင်ပါသလား။ (ဥပမာ – စီးကရက် ကုမ္ပဏီပိုင်ရှင်တစ်ဦးက ဆေးလိပ်သောက်ခြင်းမှာ အန္တရာယ်ကင်းပါသည်ဟု ဆိုခြင်းမျိုး။)
- ဘက်လိုက်မှု တစ်စုံတစ်ရာ ရှိနေနိုင်သူတို့ ဖြစ်ပါသလား။ (ဥပမာ – ဘာသာတစ်ခုခု၏ ဘာသာရေးခေါင်းဆောင်က အခြားဘာသာများမှာ မှားယွင်းသည်ဟု ပြောဆိုခြင်း။)

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများက ထိုကျွမ်းကျင်သူတို့၏ နောက်ခံအကြောင်းအရာများကို ရှာဖွေပြီး မည်မျှ ယုံကြည်စိတ်ချသင့်သည်ကို ဖော်ထုတ်ပါ။ ကျောင်းသူ/သားများစွာက ကျွမ်းကျင်သူတစ်ဦးတည်းအကြောင်းကို ဝိုင်းဝန်းစုံစမ်းရှာဖွေခြင်း ဖြစ်ပါက ရရှိခဲ့သော အကြောင်းအချက်တို့ကို အချင်းချင်း ပြန်လည်ဝေမျှ နှိုင်းယှဉ်ခြင်း ပြုလုပ်နိုင်သည်။

ဒေါက်တာ အာမက်ခန်းမှာ ဥပဒေပါမောက္ခ ဖြစ်သောကြောင့် ဥပဒေနှင့် ပတ်သက်သည့် အကြောင်းအရာများကို ကောင်းစွာသိနိုင်သည်။ ထပ်မံ ရှာဖွေလိုပါက သူအထူးပြုသော ဥပဒေ နယ်ပယ်အကြောင်း ထပ်မံ စုံစမ်းနိုင်သည်။ ထပ်ကြိမ်ကျူးလွန်သော ရာဇဝတ်မှုများနှင့် ပတ်သက်သည့် ကျွမ်းကျင်သူလော၊ အခြား မသက်ဆိုင်သည့် ဥပဒေများ ဥပမာ – အခွန်ဥပဒေများ ကျွမ်းကျင်သူလော ဆိုသည်ကို ထပ်မံ စုံစမ်းကြည့်နိုင်သည်။

သီလာ ဟဒ်ဘန်းက သရုပ်ဆောင်တစ်ဦးဖြစ်သည်။ ရာဇဝတ်မှုများကို လေ့လာထားသူ ဟုတ်ချင်မှ ဟုတ်မည်။ ရာဇဝတ်မှုတစ်ခု၏ ဘေးရန်သက်ရောက်မှု ခံထားရသူ ဖြစ်သောကြောင့် ဒေါသဖြင့် ဘက်လိုက်နေမိခြင်းလည်း ရှိနိုင်သည်။

# ၄.၅.၅ ကောက်ရိုးရုပ်ကို ဖော်ထုတ်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ ပြောဆိုချက်များထဲမှ ကောက်ရိုးရုပ် ယုတ္တိလွဲခြင်းကို ရှာဖွေရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလုံးမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ပေးထားသော စာပိုဒ်များထဲမှ အဆိုပြုချက်များတွင် ကောက်ရိုးရုပ် ယုတ္တိအလွဲများကို ရှာဖွေရွေးထုတ်ရမည်။

(ခ) အဘယ့်ကြောင့် ထိုသို့ ရွေးထုတ်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြရမည်။

ရာဇဝတ်သားများကို ပြင်းထန်သော အပြစ်ပေးလိုသူများမှာ ဆင်းရဲမွဲတေမှု ခံစားရခြင်း၏ အခြေအနေများကို နားမလည်သူများဖြစ်သည်။ ထိုသူများသာ မိမိတို့၏ ငတ်မွတ်တော့မည့် သားသမီးများကို မကျွေးမွေးနိုင်ပါက မည်သို့ ခံစားရမည်နည်း။

စာရေးသူက ငတ်မွတ်မှုနှင့် ဆင်းရဲမွဲတေမှုများ၏ ဆိုးကျိုးများအကြောင်း ပြောနေခြင်းဖြစ်သည်။ ထောင်ဒဏ်များအကြောင်းကို ပြောဆိုခြင်း မဟုတ်။

သားသမီးများကို ကျွေးမွေးနိုင်ခြင်းမရှိ ဟူသည်မှာ ကောက်ရိုးရုပ် အလွဲတစ်ခုဖြစ်သည်။ လက်ရှိ ရှိနေသော ကိစ္စရပ်ကို ရှင်းလင်းလွယ်ကူလွန်းသော ကောက်ရိုးရုပ်နှင့် အစားထိုးလိုက်ခြင်းဖြစ်သည်။ မိဘများမှာ သားသမီးများကို ကျွေးမွေးချင်သည်ချည်းဖြစ်သည်။ သို့သော် ၎င်းအချက်က ထောင်ဒဏ်များကောင်း၊ မကောင်း အကြောင်းကို ဆွေးနွေးခြင်း မပြု။

ဒေါ်ရီစီသိန်းက ရာဇဝတ်သားများကို အပြစ်မပေးလိုဟု ပြောသည်။ ရာဇဝတ်သားများက အပြစ်မခံရပါက လူအများက ရာဇဝတ်မှု ကျူးလွန်၍ရသည်ဟု ထင်မြင်လာလိမ့်မည်။ ရာဇဝတ်မှုနှုန်း မြင့်တက်လာလိမ့်မည်။ လူ့အဖွဲ့အစည်းပါ ပြိုကွဲသွားလိမ့်မည်။

ဒေါ်ရီစီက ရာဇဝတ်သားများကို အပြစ်မပေးလိုဟု မဆိုပေ။ သူက ထောင်ဒဏ်များနှင့် ပြင်းထန်သော အပြစ်ပေးမှုများကိုသာ ပြောဆိုနေခြင်းဖြစ်သည်။ ရာဇဝတ်သားများကို အပြစ်မပေးသင့်ဟု မည်သည့်အခါမျှ မပြော။

ရာဇဝတ်သားများကို အပြစ်မပေးဟူသည့် အပြောမှာ ငြင်းခုံရမည့် ကိစ္စရပ်ကို လက်လွတ်စပယ် ရှင်းလိုက်သည့် ကောက်ရိုးရုပ်ဖြစ်သည်။

# ၄.၅.၆ ကိုယ်ရေးကိုယ်တာ တိုက်ခိုက်ခြင်းများကို ဖော်ထုတ်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ကိုယ်ရေးကိုယ်တာ တိုက်ခိုက်သည့် အဆိုများကို ရှာဖွေဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ပေးထားသော စာပိုဒ်များထဲမှာ အဆိုပြုချက်များတွင် ကိုယ်ရေးကိုယ်တာ တိုက်ခိုက်သည့် ပြောဆိုချက်များကို ကျောင်းသူ/သားများက ရွေးထုတ်ရမည်။

(ခ) အဘယ့်ကြောင့် ထိုသို့ ရွေးထုတ်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြရမည်။

တီတီဘုန်းက အကျဉ်းထောင်များ ထပ်မံတည်ဆောက်ပြီး ထောင်ဒဏ်များကိုလည်း မြှင့်တင်စေလိုသည်။ သို့သော် သူက ရှေ့ဆောက်လုပ်ရေး ကုမ္ပဏီကိုပိုင်ပြီး အကျဉ်းထောင်ဆောက်လုပ်ရေး လုပ်ငန်းများကို ရယူထားသူများလည်းဖြစ်သည်။ ထို့ကြောင့် အကျဉ်းထောင် ရှိသင့်သည်ဟူသော သူ့အဆိုမှာ ကိုယ်ကျိုးဖက်သည့် အဆိုဖြစ်ပြီး ၎င်းကို စိတ်မချသင့်ပေ။ တီဘုန်းသည် အကျင့်ပျက်ခြစားနေသည့်၊ အဟောင်းဖက်တွယ်သည့် ကွန်ဆာဗေးတစ်၊ အသုံးမဝင်သော လူမျိုးဖြစ်သည့်အပြင် နိုင်ငံကို တိုးတက်ရှေ့တက်နိုင်ခြင်းမှ တားဆီးပိတ်ပင်နေသူမျိုးလည်းဖြစ်သည်။

ဤပြောဆိုချက်ကလည်း ကိုယ်ရေးကိုယ်တာ တိုက်ခိုက်ခြင်းတစ်ခုပင်ဖြစ်သည်။ တီတီဘုန်း၏ စီးပွားရေး အကျိုးအမြတ်များနှင့် သူ၏ ကိုယ်ပိုင်စရိုက် မည်သို့ ရှိသည် ဆိုသည်မှာ လက်ရှိ ငြင်းခုံသော ကိစ္စရပ်နှင့် ပတ်သက်ခြင်း မရှိ။ သူက အကျင့်ပျက်ခြစားခြင်း ရှိချင်ရှိမည်၊ ထောင်ဆောက်လျှင် အကျိုးအမြတ် ရှိချင်ရှိမည်၊ သို့သော် ထို့ကြောင့် သူပြောသည့် အဆိုပြုချက် မှားသည်ဟူ၍မူ မပြောနိုင်ပေ။

ရှေးထုံးမပယ်သော ကျွန်တော်တို့ ရိုးရာ လူ့အဖွဲ့အစည်းအတွက် လစ်ဘရယ်ဖြစ်သော ဒေါ်ရိုစီသိန်းကဲ့သို့ လူမျိုးသည် အန္တရာယ်တစ်ရပ်ပင်ဖြစ်သည်။ သူနှင့် သူ့အတွေးအမြင်များကို အားပေးရန် မသင့်ပေ။

ဤအဆိုမှာ ဒေါ်ရိုစီနှင့် အခြားနိုင်ငံရေးအမြင် တူသူများကို တိုက်ခိုက် ရှုံ့ချခြင်းဖြစ်သည်။ ဤအဆိုက ထောင်ဒဏ်များနှင့် ပတ်သက်ပြီး ကောင်းသည် ဆိုးသည်ကို ပြောဆို ငြင်းခုံနိုင်ခြင်း မရှိ။ ဒေါ်ရိုစီ လစ်ဘရယ်ဖြစ်ခြင်း၊ မဖြစ်ခြင်းသည် လက်ရှိ ကိစ္စရပ်နှင့် ပတ်သက်ခြင်းမရှိ။

# ၄.၅.၇ အတန်းဖော်ကို တိုက်ခိုက်ပြောဆိုခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ကိုယ်ရေးကိုယ်တာ တိုက်ခိုက်ပြောဆိုသည့် ဥပမာများ ဖန်တီးပြီး အတန်းဖော်အချင်းချင်းတွင် အသုံးပြုရန်။

**အခြေအနေ** – နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – သုံးသပ်ဝေဖန်ခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ လေးယောက်တစ်ဖွဲ့စီဖြစ်စေ ဖွဲ့ပြီး အဆိုပြုချက်တစ်ခုအတွက် တစ်ဖက်စီမှနေပြီး ငြင်းခုံကြရမည်။

(ခ) အဆိုပြုချက်ကို ထောက်ပံ့သည့်အချက်များ၊ ငြင်းပယ်သည့်အချက်များကို တစ်ဖက်စီမှ အလှည့်ကျတင်ပြရမည်။

(ဂ) ထို့သို့ တစ်လှည့်စီအလှည့်ကျ ငြင်းခုံပြောဆိုနေစဉ်အတွင်း ကိုယ်ရေးကိုယ်တာတိုက်ခိုက်သည့် ပြောဆိုချက်များကို အသုံးပြုကြရမည်။

(ဃ) ငြင်းခုံပြောဆိုသည့် လုပ်ငန်းစဉ်အပြီးတွင် နှစ်ဦးတွဲစီအလိုက် သို့မဟုတ် အုပ်စုအလိုက်တို့က ကိုယ်ရေးကိုယ်တာ တိုက်ခိုက်မှုများမှာ မိမိတို့ ပြောဆိုချက်များကို အထောက်အပံ့ပြု၊ မပြုနှင့် မိမိတို့ မည်သို့ ခံစားခဲ့ရကြောင်းကို ပြန်လည်စဉ်းစား ဆွေးနွေးကြရမည်။



# ၄.၅.၈ သက်သေမှားကို ဖော်ထုတ်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက စာပါ သက်သေမှားချက်များကို ဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ပေးထားသော စာပိုဒ်များထဲမှ သက်သေမှားချက်များကို ကျောင်းသူ/ သားများက ရွေးထုတ်ရမည်။

(ခ) အဘယ့်ကြောင့် ထိုသို့ ရွေးထုတ်ထားကြောင်းကို ရှင်းလင်းတင်ပြရမည်။

လူအများက ဆင်းရဲတွင်းနက်မှသာ ရာဇဝတ်မှုများ ကျူးလွန်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဆင်းရဲမွဲတေမှုသာ တကယ့်တရားခံဖြစ်သည်။ ထို့ပြင် ကျွန်မတို့အနေနှင့် ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရန် နည်းလမ်းများသာ ရှာဖွေသင့်သည်။

ဆင်းရဲမှု ရာဇဝတ်မှုကျူးလွန်သည် ဆိုသည်မှာ ယုတ္တိလွဲနေသော အဆိုပြုချက်တစ်ရပ်ပင်ဖြစ်သည်။ အချို့လူများက ဆင်းရဲခြင်းကြောင့် မဟုတ်သော အခြားအကြောင်းများကြောင့် ရာဇဝတ်မှုများ ကျူးလွန်ကြသည်။ ချမ်းသာသောသူများသည်လည်း ရာဇဝတ်မှု ကျူးလွန်ကြသည် ဖြစ်သည်။ ထို့ကြောင့် ဆင်းရဲမွဲတေမှုသာ တရားခံ ဖြစ်သည်ဟု ပြော၍ မရနိုင်ပေ။

ရာဇဝတ်သားများက ထောင်တွင်းတွင်ရှိနေလျှင် ပြင်ပလူများကို ဒုက္ခမပေးနိုင်တော့ပေ။

ထို့ကြောင့် လူ့အဖွဲ့အစည်း ဘေးရန်ကင်းစေရန် ရာဇဝတ်သားများကို ထောင်ထဲတွင် ထည့်ထားရမည်။

ထောင်ထဲတွင် ရှိနေလျှင် ရာဇဝတ်သားများက ပြဿနာ မဖန်တီးနိုင်တော့ ဆိုသည်မှာ မှားယွင်းနေသော အဆိုပြုမှုဖြစ်သည်။ ထောင်ထဲ ရှိနေချိန်များတွင်လည်း ပြဿနာများ ဖန်တီးနိုင်ကြသေးသည်။ အထူးသဖြင့် အခြားသော ထောင်သားများအတွက် ပြဿနာများ ဖန်တီးနိုင်သည်။ ရာဇဝတ်သားများကို ထောင်ထဲတွင် ထားရုံမျှဖြင့် လူ့အဖွဲ့အစည်းကြီး ဘေးရန်ကင်းသွားမည်ဟု ဆိုသည့်အဆိုမှာ သက်သေမှားပင်ဖြစ်သည်။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/ သားများက အဆိုပြုချက်ကို ယုတ္တိလွဲခြင်း မရှိတော့အောင် ပြန်ပြင်ရေးရမည်။ (လိုအပ်ပါက နိဂုံးချုပ် အဓိက ဆိုလိုရင်းကိုပါ ပြင်ရေးပါစေ။)

ဆင်းရဲလွန်းသောကြောင့် ရာဇဝတ်မှု ကျူးလွန်သောသူ များစွာရှိသည်။ ထို့ကြောင့် ဆင်းရဲမွဲတေမှုမှာ တရားခံအစစ်ဖြစ်ပြီး ကျွန်ုပ်တို့အနေနှင့် ဆင်းရဲမွဲတေမှု လျှော့ချရန် နည်းလမ်းများ ရှာသင့်ပါသည်။

ရာဇဝတ်သားများမှာ ထောင်ထဲတွင်ရှိနေလျှင် လူထုကို ဒုက္ခပြုနိုင်ရန်မှာ ပိုမို ခက်ခဲသွားပြီဖြစ်သည်။ ရာဇဝတ်သားတို့ကို ထောင်ထဲထည့်ထားသည်မှာ လူ့အဖွဲ့အစည်းအတွက် ပိုမို ဘေးရန်ကင်းနိုင်သောကြောင့် ကောင်းပါသည်။

## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှု ပိုမို**ပေးလိုပါက ပြောဆိုချက်များ တန်းစီရေးသားပါ။ အချို့ပြောဆိုချက်များမှာ သက်သေမှားချက်များ ပါဝင်ပြီး အချို့မှာ သက်သေမှားခြင်း မရှိ။ ကျောင်းသူ/ သားများက မည်သည်တို့က သက်သေမှားချက်များဖြစ်ပြီး မည်သည်တို့က သက်သေမှားခြင်း မရှိကြောင်း ဆွေးနွေးရွေးချယ်ရမည်။

# ၄.၅.၉ သက်သေမှားများ ဖန်တီးခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက သက်သေမှားများပါသော ပြောဆိုချက်များ ဖန်တီးရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – သုံးသပ်ဝေဖန်ခြင်း၊ တီထွင် ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများက တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ သက်သေမှားများ ရေးသားရမည်။

(ခ) ထို့နောက် အခြားအတန်းဖော်တစ်ဦးကို သို့မဟုတ် အခြားနှစ်ဦးတွဲ တစ်တွဲကို မိမိတို့ ရေးသားထားသော ပြောဆိုချက်များကိုပြပါ။ ထိုပြောဆိုချက်များကို ဖတ်ရှုပြီး မည်သည်တို့က အဆိုပြုချက်မှားများ ဖြစ်သည်ကို အချင်းချင်း ဝေဖန်သုံးသပ်ကြရမည်ဖြစ်သည်။

### မူကွဲ

ကျောင်းသူ/သားအားလုံး၏ ပြောဆိုချက်များကို စုစည်းပြီး နံရံပေါ်တွင်ကပ်၍ဖြစ်စေ စာရွက်ပေါ်တွင်အားလုံးကူး၍ဖြစ်စေ ပေးပါ။ ကျောင်းသူ/သားများက မည်သည့်နေရာတွင် ယုတ္တိလွဲနေကြောင်းရှာပြီး အဘယ့်ကြောင့်ဖြစ်ကြောင်း ပြောဆိုရမည်ဖြစ်သည်။

# ၄.၅.၁၀ နေ့စဉ် ယုတ္တိအလွဲများ

**ရည်ရွယ်ချက်** – မိမိတို့ နေ့စဉ်ဘဝများထဲမှ ယုတ္တိအလွဲများကို လိုက်လံသတိပြုရန်။

**အခြေအနေ** – ကျောင်းသူ/သားများက မိမိတို့ နေ့စဉ်လုပ်ငန်းစဉ် နေ့စဉ်အတွေ့အကြုံများတွင် ယုတ္တိအလွဲများကို လိုက်လံသတိပြုကြရန်။

**ဘလူးမ်** – သုံးသပ်ဝေဖန်ခြင်း။

ကျောင်းသူ/သားများက မိမိတို့ နေ့စဉ်ဘဝများထဲတွင် တွေ့မြင်နိုင်သော ယေဘုယျပြု ခြင်း၊ အများညီလျှင် အမှန်ယူခြင်း၊ ဩဇာရှိသူ အကူယူခြင်း၊ ကောက်ရိုးရုပ်အလွဲများ၊ ကိုယ်ရေးကိုယ်တာ တိုက်ခိုက်ခြင်းများနှင့် သက်သေမှားခြင်း ဥပမာများကို လိုက်လံ သတိပြု ရှာဖွေကြရမည်။

- မိမိတို့ မိတ်ဆွေ မိသားစုများနှင့် စကားစမြည် ပြောဆိုရာများတွင်။
- သတင်းစာများ မဂ္ဂဇင်းများထဲတွင်။
- အင်တာနက်ပေါ်တွင်၊ တီဗွီ သို့မဟုတ် ရေဒီယိုတွင်။
- ကြော်ငြာများထဲတွင်။




### လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများက မိမိတို့ တွေ့ကြုံရသော ယုတ္တိအလွဲများကို စာအုပ်တစ်အုပ်ဖြင့် မှတ်တမ်းတင်ရမည်။ အတန်းလာတက်သည့်အခါ မှတ်တမ်းတင်ထားသည့် ယုတ္တိအလွဲများကို အတန်းကိုဖြစ်စေ အဖွဲ့လိုက်ဖြစ်စေ ပြန်တင်ပြပြီး အဘယ့်ကြောင့် ယုတ္တိလွဲရခြင်း ဖြစ်ကြောင်းပါ ပြန်ရှင်းပြရမည်။

# အခန်း ၅ လူမှုသိပ္ပံဘာသာရပ်များတွင် အသုံးပြုသော လေ့လာနည်းများ

ဤအခန်းတွင် လူမှုသိပ္ပံဘာသာရပ်များ လေ့လာရာတွင် အသုံးပြုသော နည်းလမ်းများကို လေ့ကျင့်အသုံးပြုရန် လုပ်ငန်းစဉ်များကို စုစည်းတင်ပြထားပါသည်။

- သတင်းအချက်အလက်များကို အကောင်းဆုံး အသုံးပြုနိုင်ရန် လုပ်ငန်းစဉ်များ။
- လူမှုသိပ္ပံလေ့လာခြင်းတွင် စစ်တမ်းရလဒ် ကိန်းဂဏန်းများ အသုံးပြုပုံကို လေ့ကျင့်သော လုပ်ငန်းစဉ်များ။
- အချက်အလက်များကို အမြင်အားဖြင့် သရုပ်ဖော်ခြင်းကို လေ့ကျင့်သော လုပ်ငန်းစဉ်များ။
- အချက်အလက်များကို သက်ဝင်လှုပ်ရှားမှုရှိစွာ အသုံးပြုခြင်း လုပ်ငန်းစဉ်များ။

ထိုလုပ်ငန်းစဉ်များကို နည်းလမ်း ၄ မျိုး အောက်တွင် အောက်ပါအတိုင်း အမျိုးအစား ခွဲထားပါသည်။

၁။ အချိန်ပြမျဉ်း/ ဖြစ်စဉ်ပြမျဉ်းသည် အရေးပါသော အဖြစ်အပျက်များကို ထုတ်နုတ်သတိပြုမိစေသည်။ အစီအစဉ်အလိုက် စီစဉ်ပေးနိုင်သည်။ တစ်ဦးချင်း၊ အဖွဲ့အစည်းများနှင့် နိုင်ငံတို့၏ သမိုင်းကြောင်းများ လေ့လာရာတွင် အသုံးဝင်သည်။

၂။ စစ်တမ်းရလဒ် ကိန်းဂဏန်းများမှာ စစ်တမ်းများ၊ လေ့လာကြည့်ရှုမှုများမှ ရရှိလာသော အရေအတွက်များဖြစ်သည်။ ထိုကိန်းဂဏန်းများကို လေ့လာအဓိပ္ပာယ်ဖော်ခြင်းမှတစ်ဆင့် ဆက်စပ်မှုများကို ဖော်ထုတ်ပြီး လူ့အဖွဲ့အစည်းများ ရပ်ရွာများအပေါ်တွင် ခန့်မှန်းချက်များ ထုတ်နိုင်သည်။

၃။ စစ်တမ်းရလဒ် ကိန်းဂဏန်းများကို မြင်သာအောင် စုစည်းဖော်ပြရန်အတွက်မူ ဇယားများ၊ ဂရပ်ဖ်များ ရေးဆွဲပြီး အသုံးပြုနိုင်သည်။ ဤသို့ အသုံးပြုခြင်းများက အချက်အလက် ကိန်းဂဏန်းများ၏ အဆင်အသွားများ ဖြစ်ပေါ်ပုံ အလေ့အထများကို တွေ့ရှိပြီး ထိုသို့ ဖြစ်ပေါ်ပုံများက မည်သည့်အတွက် အရေးကြီးကြောင်းကို ကျောင်းသူ/ သားများက သိရှိလာကြမည်ဖြစ်သည်။

၄။ မြေပုံများကို ဖတ်နိုင်ခြင်းက အရေးကြီးသော ဘဝတွက်တာ ကျွမ်းကျင်မှုတစ်ရပ်ဖြစ်သည်။ ဤအပိုင်းတွင်မူ ပထဝီဝင်၊ သမိုင်းနှင့် ဖွံ့ဖြိုးရေးလေ့လာချက်များတွင် အသုံးပြုလေ့ရှိသော မြေပုံများကို စူးစိုက်လေ့လာစေပါသည်။


အထက်ပါ နည်းလမ်းများအားလုံး စုစည်းလျှင် အောက်ပါတို့အတွက် အရေးပါသော ကျွမ်းကျင်မှုများကို မြှင့်တင်နိုင်ပေမည်။

- အဖြစ်အပျက်အချို့ကြောင့် အခြားအဖြစ်အပျက်များ သက်ရောက်ဖြစ်ပေါ်ကြောင်း ရှာဖွေဖော်ထုတ်ပြီး လူ့အဖွဲ့အစည်းပေါ်တွင် ၎င်းတို့၏ သက်ရောက်မှုကို သိရှိအကဲဖြတ်နိုင်ခြင်း။
- အချက်အလက်များအကြောင်း ဝေဖန်ဆင်ခြင်ခြင်း၊ စုစည်းကြည့်ရှုခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။
- အချက်အလက်များအကြား တူညီမှု၊ ကွဲပြားမှုများကို ရှာဖွေခြင်း။
- ကိန်းဂဏန်းများ အရေအတွက်များကို စုစည်းရန် မြင်သာအောင် ဖော်ပြရန်အတွက် သက်ဆိုင်ရာ သရုပ်ဖော်ပုံများ ရွေးချယ်ခြင်း၊ ဖန်တီးခြင်း။
- ရည်ရွယ်ချက်အမျိုးမျိုးအတွက် ရေးဆွဲသောမြေပုံများ ဖတ်ရှုနားလည်ခြင်း၊ အလားတူမြေပုံများ ဖန်တီးခြင်း။
- လူမှုသိပ္ပံဘာသာရပ်များနှင့် ကျောင်းသူ/ သားများ၏ ကိုယ်ပိုင်အတွေ့အကြုံများနှင့် ချိတ်ဆက်နားလည်စေခြင်း။

အပိုင်းတစ်ပိုင်းစီသည် ကျောင်းသူ/ သားများက မိမိတို့ကိုယ်ရေး၊ မိမိတို့ရပ်ရွာ၊ မိမိတို့အယူအဆများ စသည့် အချက်အလက်များကို မိမိတို့ကိုယ်ပိုင် နည်းလမ်းများနှင့် ကိုင်တွယ်လေ့လာခြင်းဖြစ်သည်။ ၎င်းတို့ကို ကိုယ်ရေးပြခြင်း လုပ်ငန်းစဉ်များဟုခေါ်ပါမည်။ အပိုင်းတစ်ပိုင်းစီတွင် ကိုယ်ရေးပြခြင်း လုပ်ငန်းစဉ်များ ပြီးပါက ထိုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သော နည်းလမ်းများကို မိမိတို့ သင်ကြားမည့် အကြောင်းအရာများနှင့် ချိတ်ဆက် လေ့ကျင့်နိုင်စေမည့် လုပ်ငန်းစဉ်များ ထပ်မံပါဝင်ပါသည်။

# ၅.၁ အချိန်ပြမျဉ်းများ

**မြန်မာ့နိုင်ငံရေးသမိုင်းမှ ဆယ်စုနှစ်တစ်ခု ၂၀၀၀ – ၂၀၁၀**




## အချိန်ပြမျဉ်းများကို အဘယ့်ကြောင့် အသုံးပြုပါသနည်း

အချိန်ပြမျဉ်းများက သမိုင်းတွင် အရေးပါသော အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ချိန်များကို ပြနိုင်သည်။ မည်သည့် အချိန်တွင် ဖြစ်ပျက်ခဲ့ကြကြောင်းနှင့် အဖြစ်တစ်ခုနှင့် တစ်ခုအကြား မည်မျှ ကြာခဲ့ကြောင်း ပြနိုင်သည်။ အချိန်ပြမျဉ်းများပေါ်တွင် ရက်အလိုက်၊ လအလိုက်နှင့် နှစ်အလိုက်တို့ စုစည်းပြနိုင်သည်။ အချိန်ပြမျဉ်းများကို အသုံးပြုပြီး အဖြစ်အပျက်အသစ်များကို လေ့လာရုံမကဘဲ သိရှိပြီး အဖြစ်အပျက်များနှင့် အဖြစ်သစ်များကိုပါ ချိတ်ဆက်မှုများ မြင်စေသည်။ ထိုအဖြစ်အပျက်များ ဖြစ်ပျက်သည့် အစီအစဉ်များနှင့် မည်သို့ ဖြစ်ခဲ့ကြောင်းကိုလည်း ခွဲခြမ်းစိတ်ဖြာကြည့်နိုင်သည်။ ဤအပိုင်းတွင် အောက်ပါတို့ကို လုပ်ဆောင်နိုင်အောင် လေ့ကျင့်ပေးထားပါသည်။

- စာသားတစ်ခုမှ အချိန်ပြမျဉ်းတစ်ခု ထုတ်နုတ်ခြင်း။
- အဖြစ်အပျက်များနှင့် နေ့စွဲများကို ချိတ်ဆက်ခြင်း။
- အဖြစ်အပျက်များကို အချိန်အလိုက် စီစဉ်ခြင်း။

စာသင်ခန်းထဲသို့ တစ်ဦးချင်းနှင့် ရပ်ရွာ၏ သမိုင်းကြောင်းများ ယူဆောင်လာခြင်း။

များသောအားဖြင့် စာသားရှည်တစ်ခုကို ဖတ်ရှုခြင်းထက် အချိန်ပြမျဉ်းတစ်ခုကို ဖတ်ရှုခြင်းမှာ ပိုမိုလွယ်ကူပါသည်။ ထို့ပြင် အကြောင်းအရာအသစ်တစ်ခုကို မိတ်ဆက်တင်ပြခြင်းနှင့် ပြန်လည်သုံးသပ်ရာတို့တွင် အထောက်အကူပြုသော နည်းလမ်းလည်း ဖြစ်နိုင်ပါသည်။

အချိန်ပြမျဉ်းများကို စကေးကိုက်ပြီး ပြသနိုင်သည်။ ထိုအခါ အချိန်ပြမျဉ်းပေါ်မှ မျဉ်းပိုင်းအကွာအဝေးများက အချိန်သတ်မှတ်ချက်တစ်ခုတည်းကို အမြဲ ကိုယ်စားပြုနေပါမည်။ ဥပမာ – အချိန်ပြမျဉ်းကို ၂၀ စင်တီမီတာ အရှည်ဆွဲသားပြီး နှစ်ပေါင်းနှစ်ဆယ်ကို ကိုယ်စားပြုပါက ထိုမျဉ်းပေါ်မှ ၁ စင်တီမီတာသည် တစ်နှစ်ကြာချိန်ကို ကိုယ်စားပြုပေမည်။ အကယ်၍ လူ့သမိုင်းတစ်ရပ်လုံးကို ကိုယ်စားပြုသော အချိန်ပြမျဉ်းတစ်ခုဆိုပါက ၁ စင်တီမီတာမှာ နှစ်ပေါင်း ၅၀၀ ကို ကိုယ်စားပြုမည်ဖြစ်သည်။

အချိန်ပြမျဉ်းများသည် ဒေါင်လိုက်မျဉ်းလည်း ဖြစ်နိုင်သည်။ အစောဆုံး အဖြစ်အပျက်က ထိပ်ဆုံးတွင်ရှိပြီး ဆက်သွားသည့် အချိန်များအတွက် အောက်သို့ ဆင်းသွားသည့်မျဉ်းမျိုးဖြစ်သည်။

အလျားလိုက်မျဉ်းလည်း ဖြစ်နိုင်သည်။ ဒေါင်လိုက်အပေါ်အောက်ရေးသော အဖြစ်အပျက်များကိုပင် ဘယ်ဘက်မှ ညာဘက်သို့ ရေးသွားနိုင်သည်။

| ၂၀၀၀ | ၂၀၀၂ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၁၀ |
|---|---|---|---|---|---|
| ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ပြန်ချသည်။ | ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်သည်။ ပြန်လည် ဖမ်းဆီးခံရသည်။ | နိုင်ငံမြို့တော်ကို နေပြည်တော်သို့ ပြောင်းသည်။ | နိုင်ငံအဝန်းတွင် ဘုန်းတော်ကြီးများက ဆန္ဒပြပွဲများ ဦးဆောင်ပြီး ဒီမိုကရေစီ နည်းကျ ပြောင်းလဲမှုများ တောင်းဆိုခဲ့သည်။ | နာဂစ် ဆိုင်ကလုန်းကြောင့် လူထောင်သောင်းချီပြီး သေပျောက်၊ ရွှေ့ပြောင်းခဲ့ကြရသည်။ | မြန်မာနိုင်ငံ အထွေထွေ ရွေးကောက်ပွဲ ကျင်းပသည်။ |

အချိန်ပြမျဉ်းများသည် ပူးပေါင်းညှိနှိုင်း ဆက်သွယ်ဆောင်ရွက်သော အဖွဲ့လိုက် ဆောင်ရွက်မှုကို အားပေးသော သင်ယူခြင်းနည်းလမ်း၊ ဇာတ်ကြောင်းဖော်ခြင်းနည်းလမ်း ဖြစ်ပါသည်။ ကျောင်းသူ/သားများ၏ တင်ဆက်ပြသမှုများတွင် ထည့်သွင်းနိုင်သည်။ သင်ယူလေ့လာပြီးသည့် အရာများကို မှတ်တမ်းတင်သည့်အနေနှင့် အခန်းနံရံတွင် ကပ်ထားခြင်းမျိုးလည်း ပြုနိုင်ပါသည်။

# လူမှုသိပ္ပံဘာသာရပ်များကို ကိုယ်ရေးပြုခြင်း

## အချိန်ပြမျဉ်းများ

> အခြားသူများ၏ အဖြစ်အပျက်များကို အချိန်ပြမျဉ်းများနှင့် တင်ပြခြင်း လုပ်ငန်းစဉ်အပြီးတွင်လည်းကောင်း၊ မတိုင်မီတွင်လည်းကောင်း၊ ကျောင်းသူ/သားများကို မိမိတို့ ကိုယ်ရေးအဖြစ်အပျက်များကို အချိန်ပြမျဉ်းများနှင့် အသုံးပြုမှုကို လေ့ကျင့်ပေးရမည်။ ဤကျွမ်းကျင်မှုမျိုးကို မိမိတို့ ကိုယ်ပိုင်ဘဝများနှင့် ကိုယ်ပိုင်ရပ်ရွာများတွင် အသုံးချနိုင်ခြင်းသည် ကျောင်းသူ/သားများအတွက် ကြောင်းကျိုးဆက်စပ်မှုများကို မြင်ပြီး ပြင်ပ အဖြစ်အပျက်များနှင့် မိမိတို့ဘဝများ ချိတ်ဆက်သက်ရောက်နေမှုများကို သဘောပေါက်လာကာ မိမိတို့အလေးထားရမည့် ဦးစားပေး အကြောင်းအရာများကိုလည်း မြင်လာစေမည်ဖြစ်သည်။

## ၅.၁.၁ အချိန်ပြမျဉ်းပေါ်မှ ကိုယ်ရေးရာဇဝင်

> **ရည်ရွယ်ချက်** – ကျောင်းသူ/သားများက မိမိတို့ဘဝများထဲမှ အရေးပါသော အဖြစ်အပျက်များကို အစီအစဉ်လိုက် ချထားခြင်းနှင့် အရေးပါမှု သတ်မှတ်ခြင်းတို့ ပြုလုပ်ရန်။
>
> **အခြေအနေ** – တစ်ဦးချင်း လုပ်ဆောင်ရမည်။
>
> **ဘာလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများက မိမိတို့ဘဝများအတွင်း အရေးအပါဆုံးသော အဖြစ်အပျက်များကို ရွေးထုတ်ပေးရမည်။ ဥပမာ –

- အရေးပါသော မိသားစုကိစ္စများ (မွေးဖွားခြင်း၊ သေဆုံးခြင်း၊ အိမ်ထောင်ပြုခြင်း)။
- အရေးပါသော ပညာရေးဖြစ်ရပ်များ (ကျောင်းစတက်ခြင်း၊ ဘွဲ့ရခြင်း)။
- အရေးပါသော အလုပ်ကိစ္စများ (အလုပ်တစ်ခုစရခြင်း၊ ရပ်တန့်ခြင်း)။
- အရေးပါသော လူမှုရေးကိစ္စများ။
- အောင်မြင်မှုများ။
- နေထိုင်ရေး ကိစ္စများ (အိမ်ပြောင်းခြင်း၊ ထွက်ခွာလာခြင်း)။

(ခ) ကျောင်းသူ/သားများက အနည်းဆုံးအရေးပါသည့် ဖြစ်ရပ် ၁၀ ခုခန့် ရွေးထုတ်ပေးရမည်။ ထို့နောက် ၎င်းတို့ကို အချိန်ပြမျဉ်းပေါ်တွင် တင်ရေးရမည်။

(ဂ) ကျောင်းသူ/သားများကို ရုပ်ပုံများ ထည့်ဆွဲရန် အချိန်ပြမျဉ်းကို အလှဆင်ရန်လည်း တိုက်တွန်းပါ။ ထို့နောက် အချိန်ပြမျဉ်းများကို နံရံများတွင်ကပ်ပါ။ အချိန်ပြမျဉ်းများကို အပြန်အလှန် သွားရောက်လေ့လာ ကြည့်ကြရမည်။

### လုပ်ငန်းစဉ် နောက်ဆက်တွဲ

အောက်ပါ မေးခွန်းများကို တစ်တန်းလုံးသို့ မေးပါ။ ဥပမာ –

- ဘယ်သူ့မှာ မိသားစုဦးရေ အများဆုံးရှိလဲ။
- ဘယ်သူက အလုပ်အမျိုးစုံ လုပ်ဖူးသလဲ။
- ဘယ်သူက ခက်ခဲတဲ့ ပြဿနာတစ်ခုခုကို ရင်ဆိုင်ဖြေရှင်းဖူးလဲ။ ဘာပြဿနာလဲ။
- ဘယ်သူက နေရာအမျိုးမျိုးမှာ ပြောင်းရွှေ့နေဖူးသလဲ။
- ဘယ်သူက လွန်ခဲ့တဲ့ ငါးနှစ်အတွင်း အလုပ်တွေ များနေခဲ့သလဲ။

### မူကွဲ

ဤလုပ်ငန်းစဉ်ကို အချင်းချင်း အပြန်အလှန် မေးဖြေခြင်းဖြင့်လည်း ဆောင်ရွက်နိုင်သည်။ ကျောင်းသူ/သားများက နှစ်ဦးတွဲအလိုက် မေးခွန်းများ မေးမြန်းပြီး တွဲဖက်၏ ဘဝအကြောင်းကို အချိန်ပြမျဉ်း ဆွဲပေးခြင်းလည်း ပြုလုပ်နိုင်သည်။

## ဥပမာ စာပိုဒ်

**မှတ်ချက်**

ဤစာသားကို ထင်ရှားကျော်ကြားသူများ၏ အတ္ထုပ္ပတ္တိများ စုစည်းတင်ပြထားသော ဝက်ဘ်ဆိုဒ်တစ်ခုမှ ထုတ်နုတ် ပြင်ဆင်ထားပါသည်။

အတ္ထုပ္ပတ္တိများစွာ ရယူနိုင်သော အသုံးဝင်သည့် အခြား ဝက်ဘ်ဆိုဒ်တစ်ခုမှာ wikipedia.org ဖြစ်သည်။ သို့သော် ၎င်းမှာ အသုံးပြုသူများ ပြင်ဆင်ရေးသားသော အချက်အလက်များ ဖြစ်သည့်အတွက် ကိုးကားမှု ပြုလျှင် ဂရုပြုသင့်ပါသည်။



## နယ်လ်ဆင် မန်ဒဲလား၏ အတ္ထုပ္ပတ္တိ

နယ်လ်ဆင် မန်ဒဲလားမှာ ကမ္ဘာက မြတ်နိုးလေးစားခြင်း အခံရဆုံး ပုဂ္ဂိုလ်များ အနက်မှ တစ်ဦးဖြစ်သည်။ လူများစွာ၏ သူရဲကောင်းတစ်ဦးအဖြစ် ဆိုရန်လည်း အကြောင်းမဆုံးနိုင်အောင်ရှိသည်။ အသက်ရှင်နေထိုင်ခဲ့သော နှစ်ပေါင်း ၉၀ အတွင်းတွင် နှိပ်စက်ညှင်းပန်းခြင်းခံရခြင်းမှအစ သူချစ်သောမြေတွင် သမ္မတ ဖြစ်လာခြင်းအထိ အဖြစ်အပျက်များစွာကို တွေ့ကြုံခဲ့ရသည်။

နယ်လ်ဆင်ကို ၁၉၁၈ တွင် တောင်အာဖရိကတွင် လူဖြူလူမည်း ခွဲခြားမှုပြင်းထန်စွာ ရှိနေချိန်တွင် မွေးဖွားခဲ့သည်။ သူက ကလေးဘဝကို ကောင်းမွန်စွာ ဖြတ်သန်းခဲ့ရကြောင်း အပြေးအားကစားနှင့် လက်ဝှေ့တွင်တော်ကြောင်း ပြောခဲ့သည်။ ရှေ့နေဖြစ်ရန်အတွက် ၁၉၄၃ တွင် တက္ကသိုလ်တက်ရောက်ချိန်တွင် လူဖြူလူမည်း ခွဲခြားမှုကို အခြေခံသော အပ်ပါတိုက်စနစ်၏ ဆိုးရွားမှုများကို နယ်လ်ဆင် ပိုသိလာရသည်။ ထိုမှတစ်ဆင့် တူညီသည့် အခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး အာဖရိကနေရှင်နယ် ကွန်ဂရက် (ANC) တွင်လည်း ပူးပေါင်းပါဝင်ခဲ့သည်။ ၁၉၅၀ တွင် (ANC) ၏ ဦးဆောင်သူ ဖြစ်လာခဲ့သည်။

လူမည်းများအတွက် တန်းတူညီမျှမှုနှင့် မျိုးနွယ်စုများ ပေါင်းစည်းရေးအကြောင်း အသိပြန့်ပွားအောင် လုပ်နေသော မန်ဒဲလားကို တောင်အာဖရိက အစိုးရက တားဆီးရန် ကြိုးစားခဲ့သည်။ ၁၉၆၂ တွင် ထောင်ဒဏ် ၂၇ နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ တောင်အာဖရိကတွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ယူနေသည့် အမြင့်ဆုံး သင်္ကေတတစ်ခုအဖြစ် မန်ဒဲလားကို ကမ္ဘာအဝန်းတွင် လူသိများလာကြသည်။ ရော့ခ်ဂီတ ကြယ်ပွင့်များ၊ သရုပ်ဆောင်များ၊ နိုင်ငံရေးသမားများနှင့် သာမန်လူထုများကလည်း မန်ဒဲလားကို ပြန်လွှတ်ရန်နှင့် အပ်ပါတိုက်စနစ်ကို အဆုံးသတ်ရန် လှုံ့ဆော်တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ ၁၉၉၀ တွင် မန်ဒဲလားက ထောင်မှ လွတ်ခဲ့သည်။

မျိုးနွယ်စုများ ပြန်လည် ပေါင်းစည်းရေးကို တိုက်တွန်း ဆောင်ရွက်ခဲ့သောကြောင့် မန်ဒဲလားကို နှစ်နှစ်ကာကာ ထောက်ခံသူ သန်းပေါင်းများစွာ ဖြစ်လာခဲ့သည်။ ၁၉၉၃ တွင် ငြိမ်းချမ်းရေး နိုဘယ်ဆုကို ရရှိခဲ့ပြီး အခြားသော ဆုများ ၂၅၀ ကျော်ကိုလည်း ထပ်မံရရှိခဲ့သည်။ တစ်နှစ်အကြာတွင် တောင်အာဖရိက၏ ပထမဆုံးသော လူမည်းသမ္မတ ဖြစ်လာခဲ့သည်။ ၁၉၉၉ အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အနားယူခဲ့ချိန်တွင် ကမ္ဘာလုံးဆိုင်ရာ အရေးများအတွက် မနားမနေ ကြိုးပမ်းလှုံ့ဆော် လှုပ်ရှားခဲ့ရာ ဇရာထောင်းပြီး အနားယူရချိန်အထိဖြစ်သည်။ မန်ဒဲလားသည် အသက် ၉၅ နှစ် အရွယ်၊ ၂၀၁၃ ဒီဇင်ဘာ ၅ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

*http://www.famouspeoplelessons.com/n/nelson_mandela.html မှ ထုတ်နုတ်ပြုပြင် ပြန်ဆိုထားပါသည်။*

# ၅.၁.၂ အချိန်ပြမျဉ်းတစ်ခု ရေးဆွဲခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက်များ တင်ပြရန် မည်သည့်ပုံစံက အကောင်းဆုံးဖြစ်သည်ကို ဆုံးဖြတ်ရန်။

**အခြေအနေ** – အဖွဲ့လိုက် လုပ်ဆောင်ရန် လိုအပ်သည်။


**ဘာလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ကျောင်းသူ/သားများက အချိန်ပြမျဉ်းပေါ်တွင် ထားရှိရမည့် အချက်အလက်များကို ကြည့်ကြရမည်။ ထို့နောက် အောက်ပါအချက်များနှင့် ချိန်ထိုးစဉ်းစားရမည်။

- အချိန်ပြမျဉ်းပေါ်တွင် အချက်အလက် မည်မျှ ထားရှိမည်နည်း။
- မည်သို့ စကေးကိုက် ပိုင်းခြားသင့်သနည်း။
- မည်သည့် အချိန်ပြမျဉ်းပုံစံနှင့်ပြလျှင် အကောင်းဆုံးဖြစ်မည်နည်း။

(ခ) ထို့နောက် အဖွဲ့များက အချက်အလက်များကို တင်ပြရန်အတွက် အချိန်ပြမျဉ်းတစ်ခု ပြင်ဆင်ရေးဆွဲရပါမည်။

(ဂ) အဖွဲ့များက ထိုပုံစံနှင့် အဘယ့်ကြောင့် ရေးဆွဲခဲ့ကြောင်း အတန်းသို့ ပြန်လည်ရှင်းပြရမည်။



# ၅.၁.၃ စာသားမှ အချိန်ပြမျဉ်းသို့

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ အဖြစ်အပျက်များကို သတ်မှတ်ဖော်ထုတ်ပြီး အစီအစဉ်ကျ ပြန်လည်ချထားပေးရမည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘာလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ကျောင်းသူ/သားများက စာသားပါ အချက်အလက်များမှ အရေးအပါဆုံးသော အဖြစ်အပျက်များကို စုစည်းသတ်မှတ်ရမည်။

(ခ) အချိန်ပြမျဉ်းတစ်ခု စီစဉ်ဖန်တီးပြီး အဖြစ်အပျက်များကို စီစဉ်ချထားပါ။ ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည့် ခုနှစ်များကိုပါ ရေးသားထားပါ။

အဖြစ်အပျက်များ အကြောင်းကို စာသားမှ တိုက်ရိုက်ကူးရေးခြင်းထက် မိမိတို့ကိုယ်ပိုင် စကားလုံးများ အသုံးပြုပြီး ရေးသားကြရန် တိုက်တွန်းပါ။

## မူကွဲ

စာသင်ခန်း တစ်ဖက်တစ်ချက်ဆီမှ သွယ်တန်းထားသော ကြိုးတန်းတစ်ခုတန်းပါ။

စကေးသတ်မှတ်ချက်ထားပါ။ ဥပမာ – ကြိုးတန်း၏ လက်နှစ်ဖက် ဆန့်တန်းသော အကွာအဝေးမှာ ဆယ်နှစ်ရှိသည် စသည်ဖြင့် သတ်မှတ်ထားပေးပါ။

အရေးပါသော အဖြစ်အပျက်များကို ကျောင်းသူ/သားများက စာရွက်များပေါ်တွင် ရေးသားပြီး ကြိုးတန်းပေါ်တွင် ချိတ်ကြရမည်။

ထိုချိတ်ဆွဲသော စာရွက်များပါ အဖြစ်အပျက်များအတိုင်းကို စာသင်ခန်းနံရံများတွင်ဖြစ်စေ၊ ကြမ်းပြင်ပေါ်တွင်ဖြစ်စေ တိပ်များနှင့် ကပ်ပြီး အချိန်ပြမျဉ်း ဖန်တီးနိုင်ပါသေးသည်။



# ၅.၁.၄ ဖြစ်စဉ်များ နေရာချခြင်း

(က) စာရွက်ပိုင်းများပေါ်တွင် စာပါ အဖြစ်အပျက်များကိုရေးပါ။ စာပါ စာသား အတိုင်း ၏၊ သည်မရွေး တူအောင် မရေးဘဲ စကားလုံးလွှဲပြီး ရေးသားသင့်ပါသည်။ အဖွဲ့တစ်ဖွဲ့တိုင်းအတွက် စာပါ အဖြစ်အပျက်များ တစ်စုံစီရအောင် မိတ္တူကူးပါ သို့မဟုတ် ကူးရေးပါ။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ ဖြစ်စဉ်များကို အစဉ်လိုက် နေရာချရန်။

**အခြေအနေ** – အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ပြင်ဆင်မှု** – စာပါ အကြောင်းအရာများကို စာရွက်ပိုင်းများပေါ်တွင် အစုံလိုက် ရေးထားရမည်ဖြစ်ပြီး အဖွဲ့တစ်ဖွဲ့လျှင် တစ်စုံကျစီ ရှိရမည်ဖြစ်သည်။

**ဘလူးမ်** – မှတ်မိသိရှိခြင်း၊ နားလည်သဘောပေါက်ခြင်း။

ဥပဒေပညာ လေ့လာရန် တက္ကသိုလ်သို့ သွားရောက်ခဲ့သည်။

နိုင်ငံရေး အဖွဲ့အစည်း တစ်ရပ်ကို ဦးဆောင်ခဲ့သည်။

တောင်အာဖရိကတွင် ခွဲခြားမှုများ ရှိနေစဉ် မွေးဖွားလာခဲ့သည်။

(ခ) အဖွဲ့များက စာရွက်ပိုင်းများပေါ်မှ အဖြစ်အပျက်များကို အစီအစဉ်တကျ ဖြစ်သွားအောင် နေရာချရမည်။

## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှု လျှော့ချရန်အတွက်** အဖွဲ့များကို စာရွက်ပိုင်း အလွတ်များပေးပြီး အဖြစ်အပျက်များကို မိမိတို့ဘာသာ ရေးထည့်ရမည် ဖြစ်သည်။

ဤလုပ်ငန်းစဉ်ကို သင်ခန်းစာအကြို ခန့်မှန်းခြင်း လုပ်ငန်းစဉ်တစ်ခုအဖြစ်လည်း အသုံးပြုနိုင်သည်။ ကျောင်းသူ/သားများက စာသားကို ဖတ်ရှုခြင်းမပြုမီ အဖြစ်အပျက်များကို အစီအစဉ်ချရမည်ဖြစ်သည်။ ထို့နောက် စာသားကို ဖတ်ရှုပြီး မိမိတို့ စီစဉ်ထားခဲ့သည်များ မှန်ကန်မှုရှိ၊ မရှိ ပြန်လည် စစ်ဆေးရမည်ဖြစ်သည်။

# ၅.၁.၅ သင်ပုန်းပေါ်တွင် အချိန်ပြမျဉ်း အပြိုင်ရေးခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စာပါ အဖြစ်အပျက် အကြောင်းအရာများကို ပြန်လည်ရေတွက်ခြင်းနှင့် အစီအစဉ်ချခြင်း တို့ကို ပြုလုပ်ရမည်။

**အခြေအနေ** – အဖွဲ့နှစ်ဖွဲ့နှင့် အထက် ဖွဲ့ပြီး လုပ်ဆောင်ရမည်။ အဖွဲ့များသည် စာသင်ခန်း အတွင်းတွင် သင်ပုန်း၏ အခြားတစ်ဖက်မှ မတ်တပ်ရပ်နေပြီး အစပြုရမည်ဖြစ်သည်။

**ပြင်ဆင်မှု** – သင်ပုန်းပေါ်တွင် အချိန်ပြမျဉ်း အလွတ်များ အဖွဲ့တစ်ဖွဲ့လျှင် တစ်ခု ရေးဆွဲပေးထားရမည်။

**ဘလူးမ်** – မှတ်မိသိရှိခြင်း။


(က) ပါဝင်သူအရေအတွက် တူညီစွာ ခွဲထားသော အဖွဲ့များ ဖွဲ့ပြီး သင်ပုန်းကို မျက်နှာချင်းဆိုင်ပြီး အခြားတစ်ဖက်တွင် မတ်တပ်ရပ်နေရမည်။

(ခ) စာသားထဲတွင်ပါသော ခုနှစ်တစ်ခုခု သို့မဟုတ် လတစ်လအချိန်ကို ပြောလိုက်ပါ။ ထိုအခါ တစ်ဖွဲ့စီမှ ပထမ ကျောင်းသားတစ်ဦးစီတို့က သင်ပုန်းဆီသို့ ပြေးသွားရမည်။ ထို့နောက် အဆိုပါ ခုနှစ် သို့မဟုတ် လတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုကို အချိန်ပြမျဉ်း၏ နေရာမှန်တွင် ရေးသားပေးရမည်။

(ဂ) အဖွဲ့တွင်းကျန်ခဲ့သည့် အတန်းဖော်များက လှမ်းပြီး အော်ပြောအကြံပေးနိုင်သည်။

(ဃ) အခြား နေ့စွဲတစ်ခု ထပ်အော်ပေးပါ။ ထိုအခါ နောက်ထပ် ကျောင်းသူ/သားများက အလားတူပင် သင်ပုန်းဆီ ပြေးသွားပြီး ထိုအချိန်တွင် ဖြစ်ပျက်ခဲ့သည့်အရာတစ်ခုခုကို ရေးသားရမည်။

(င) အဖွဲ့ဝင်အားလုံး တစ်လှည့်စီထွက်ပြီး ရေးပြီးသွားသည်အထိ ဆက်လက်လုပ်ဆောင်ပါ။ အဖြစ်အပျက်များကို အချိန်မှန်နှင့် အချိန်ပြမျဉ်းပေါ်တွင် နေရာအမှန်ဆုံး ထည့်သွင်းရေးသားနိုင်သော အဖွဲ့မှာ အနိုင်ရသည့်အဖွဲ့ဖြစ်သည်။




## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှု ပိုမိုပေးနိုင်ရန်အတွက်** အဖြစ်အပျက်များကို အော်ပြောပေးပြီး အဖွဲ့များက အချိန်ပြမျဉ်းပေါ်တွင် အချိန်များ သွားရောက်ရေးသားခြင်း ပြုလုပ်နိုင်သည်။

# ၅.၁.၆ အဖြစ်အပျက်များကို အမျိုးအစားခွဲခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက အချိန်ပြမျဉ်းတစ်ခုပေါ်မှ ဖြစ်ရပ်များကို အမျိုးအစားခွဲရန်။

**အခြေအနေ** – အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။ ကျောင်းသူ/ သားများတွင် ရောင်စုံမာကာများ သို့မဟုတ် ဆေးချယ်ရန် အရောင်များနှင့် အရောင်ကွဲသည့် စာရွက်များ လိုအပ်သည်။


**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

(က) အဖွဲ့များက အရေးပါသော အဖြစ်အပျက်များကို ချရေးရမည်။

(ခ) အဖြစ်အပျက်များကို ကျောင်းသူ/ သားများက အရောင်သတ်မှတ်ချက်များ ခွဲခြားသတ်မှတ်ပေးရမည်။ ဥပမာ –

- တစ်ကိုယ်ရည်ဘဝနှင့်ဆိုင်သော အဖြစ်အပျက်များအတွက် မှင်အပြာရောင် သို့မဟုတ် စက္ကူအပြာရောင် သတ်မှတ်သည်။ (ဥပမာ – မွေးနေ့၊ အိမ်ထောင်ပြုခြင်း)
- မတရားမှုနှင့် အကြမ်းဖက်မှုများ ပါဝင်သည့် အဖြစ်အပျက်များအတွက် မှင်နီ သို့မဟုတ် စက္ကူအနီရောင် သတ်မှတ်သည်။
- ငြိမ်းချမ်းရေးမြှင့်တင်ရန် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များအတွက် မှင်စိမ်း သို့မဟုတ် စက္ကူအစိမ်းရောင် သတ်မှတ်သည်။

(ဂ) ကျောင်းသူ/ သားများက ဖြစ်ရပ်များကို အရောင်မှန်ကန်စွာ သတ်မှတ်ခွဲခြားပေးရမည်။




# ၅.၁.၇ အရေးအကြီးဆုံးဖြစ်ရပ်

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက ဖြစ်ရပ်များကို အရေးပါမှုအလိုက် စီစဉ်ရန်။

**အခြေအနေ** – ကျောင်းသူ/ သားများက အခန်းတွင် လှုပ်ရှားသွားလာနိုင်ရန် လိုအပ်သည်။

**ပြင်ဆင်မှု** – အရေးပါသော အဖြစ်အပျက်များကို စာရွက်ငယ်များတွင် ရေးသားထားပြီး အခန်းပတ်ပတ်လည်တွင် ကပ်ထားရမည်။


**ဘလူးမ်** – သုံးသပ်ဝေဖန်ခြင်း။

(က) အချိန်ပြမျဉ်းပေါ်မှ အရေးပါသော အဖြစ်အပျက်များကို စာရွက်ငယ်များတွင် ရေးသားပြီး အခန်းပတ်ပတ်လည်တွင် ဖြန့်ကျက်ကပ်ထားပါ။

(ခ) ကျောင်းသူ/ သားများ ထိုဖြစ်ရပ်များအနက်မှ အရေးအပါဆုံးဟု ထင်သော ဖြစ်ရပ် စာရွက်အနီးတွင် သွားရောက် မတ်တပ်ရပ်နေရမည်။

(ဂ) ကျောင်းသူ/ သားများက အဘယ့်ကြောင့် ထိုဖြစ်ရပ်ကို ရွေးချယ်ရကြောင်း ရှင်းလင်းတင်ပြရမည်။

(ဃ) အကယ်၍ အခြားသူများ ရှင်းပြသည်ကို နားထောင်ပြီး တစ်စုံတစ်ဦးမှ အမြင်ပြောင်းလဲပါကလည်း အရေးအကြီးဆုံးဟု အသစ်လက်ခံသော ဖြစ်ရပ်အနားတွင် သွားရောက် မတ်တပ်ရပ်ရမည်ဖြစ်သည်။



# ၅.၁.၈ အချိန်ပြမျဉ်းတွင် ထပ်ပေါင်းထည့်ပါ

ခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်သော အခြား အရင်းအမြစ်တစ်ခု သို့မဟုတ် တစ်မျိုးနှင့် အထက်တို့ကိုပေးပါ။ စာသားတစ်ခုဖြစ်စေ၊ မှတ်တမ်းရုပ်ရှင်တစ်ခုဖြစ်စေ၊ ဧည့်ပညာရှင် ဖိတ်ခေါ်ပြီးဖြစ်စေ၊ သို့မဟုတ် ကျောင်းသူ/သားများ ကိုယ်တိုင် ပြုလုပ်သည့် သုတေသနဖြစ်စေ အသုံးပြုနိုင်ပါသည်။

ကျောင်းသူ/သားများက အချိန်ပြမျဉ်းပေါ်တွင် ဖြစ်ရပ်များ ထပ်မံပေါင်းထည့်ကြရမည်။

- ၁၉၁၈ — တောင်အာဖရိကတွင် မွေးဖွားသည်။
- ၁၉၃၉ တက္ကသိုလ် စတင် တက်ရောက်သည်။
- ၁၉၄၃ — ဥပဒေတက္ကသိုလ် စတင် တက်ရောက်သည်။
- ၁၉၄၄ အိမ်ထောင်ပြုသည်။
- ၁၉၅၀ — ANC ၏ ခေါင်းဆောင် ဖြစ်လာခဲ့သည်။
- ၁၉၅၈ အိမ်ထောင်ကွဲသည်။ ဝင်နီမန်ဒဲလားနှင့် နောက် အိမ်ထောင်ပြုသည်။
- ၁၉၆၀ ရှာ့ပ်ဗီးလ် အစုအပြုံလိုက် သတ်ဖြတ်မှု ဖြစ်ပွားသည်။
- ၁၉၆၂ — ထောင်ကျသည်။
- ၁၉၆၉ သားဖြစ်သူမှာ ယာဉ်မတော်တဆမှုတွင် သေဆုံးသည်။
- ၁၉၈၅ ထောင်မှ လွတ်ပေးမည့် အပေးအယူကို ငြင်းပယ်ခဲ့သည်။
- ၁၉၉၀ — ထောင်မှလွတ်သည်။
- ၁၉၉၃ — နိုဘယ်ဆုရသည်။
- ၁၉၉၆ အိမ်ထောင်ကွဲသည်။
- ၁၉၉၄–၁၉၉၉ — ပထမဆုံး လူမည်း သမ္မတ ဖြစ်သည်။
- ၁၉၉၈ ဂရေကာ မီကယ်လ်နှင့် လက်ထပ်သည်။
- ၂၀၀၁ ကင်ဆာရောဂါ ရှိနေကြောင်း တွေ့ရှိသည်။
- ၂၀၁၃ — အသက် ၉၈ နှစ် အရွယ်တွင် ကွယ်လွန်သည်။

*အပိုဆောင်း အချက်အလက်များကို http://www.nelsonmandela.org/ မှ ရရှိပါသည်။*

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချိန်ပြမျဉ်းပေါ်တွင် ဖြစ်ရပ်များ ထပ်မံ ပေါင်းထည့်ရမည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင် ရမည်။

**ပြင်ဆင်မှု** – သင်ခန်းစာခေါင်းစဉ် အကြောင်း အရာနှင့် ပတ်သက်ပြီး သင်ခန်းစာ ပြင်ပမှ အခြား အချက်အလက်များ ထပ်မံ ရှာဖွေထား ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

## မူကွဲ

နိုင်ငံသမိုင်း၊ ဒေသသမိုင်း၊ ကမ္ဘာ့သမိုင်းများမှ လေ့လာနိုင်သည့် ဖြစ်ရပ်များကို ပေါင်းထည့်ပြီး ထိုဖြစ်ရပ်များကို နှိုင်းယှဉ်ကြည့်ခြင်း ပြုလုပ်နိုင်သည်။

အကယ်၍ စာသင်ခန်းတွင် တစ်ကိုယ်ရည် ဖြစ်ရပ်များ၊ ရပ်ရွာသမိုင်းဖြစ်ရပ်များ အကြောင်းကို လေ့လာနေခြင်း ဖြစ်ပါက ရပ်ရွာမှ လူကြီးသူမတစ်ဦးဦးကို လာရောက်ပို့ချသူတစ်ဦးအနေနှင့် ဖိတ်ကြားနိုင်သည်။ ထို့နောက် ၎င်းတို့ တွေ့ကြုံခဲ့ရသော သမိုင်းကြောင်း အတွေ့အကြုံများကို မျှဝေပြောဆိုစေနိုင်သည်။ သို့မဟုတ် ၎င်းတို့ ဘဝအကြောင်းကိုသာ ယေဘုယျ ပြောပြစေခြင်းမျိုး ပြုလုပ်နိုင်သည်။ ကျောင်းသူ/သားများက လာရောက်ပို့ချသူကို မေးမြန်းရန် မေးခွန်းများကို ကြိုတင်ပြီး ပြင်ဆင်ထားနိုင်သည်။ သို့မှသာ လာရောက်ပို့ချသူ၏ အတွေ့အကြုံများ ပြောဆိုချက်များကို ထိန်းကျောင်း နိုင်မည်ဖြစ်သည်။ ကျောင်းသူ/သားများက လာရောက်ပို့ချသူ ပြောဆိုတင်ပြနေစဉ်အတွင်း လိုက်လံမှတ်သားခြင်းများ ပြုလုပ်နိုင်သည်။ လာရောက်ပို့ချသူ ပြန်သွားပါက တစ်တန်းလုံးအနေနှင့် မိမိတို့ မှတ်သားထားသည့် မှတ်စုများကို နှိုင်းယှဉ်ကြည့်ပြီး ထိုသူ၏ ဘဝအတွေ့အကြုံများကို အချိန်ပြမျဉ်းပေါ်တွင် ပြန်လည်ရေးသားခြင်း ပြုလုပ်နိုင်ပါသည်။

# ၅.၁.၉ ဖြစ်ရပ်များကို ပြောင်းလဲခြင်း သမိုင်း တစ်ခု ပြောင်းလဲ ဖန်တီးခြင်း


**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ဖြစ်ရပ်များကို ပြောင်းလဲ စိတ်ကူးပုံဖော်ကြည့်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလုံးမ်** – တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများက အချိန်ပြမျဉ်းထဲမှ ဖြစ်ရပ်တစ်ခုခုကို ပြောင်းလဲလိုက်ကြရမည်။

(ခ) ထို့နောက် ကျောင်းသူ/သားများက ထိုပြောင်းလဲသည့်ဖြစ်ရပ်ကြောင့် မည်သည့် ပြောင်းလဲမှုများ ဆက်လက် ဖြစ်ပွားမည်ကို စိတ်ကူးကြည့်ရမည်။ ထို့နောက် ထိုပြောင်းလဲဖြစ်ပေါ်နိုင်ချေရှိမည့် ဖြစ်ရပ်များဖြင့် အချိန်ပြမျဉ်းအသစ်တစ်ခု ဖန်တီးကြရမည်။




## မူကွဲ

အနာဂတ်ဖြစ်ရပ်များအတွက် အချိန်ပြမျဉ်းတစ်ခု ဖန်တီးကြရမည်။ ကျောင်းသူ/သားများက အခြေအနေတစ်ရပ်ရပ်သည် မည်သို့ဆင့်ကဲပြောင်းလဲ ဖြစ်ပွားလာနိုင်မည်ကို စိတ်ကူးကြည့်ရမည်။ ထို့နောက် ထိုဖြစ်ပွားလာနိုင်သည့် ဖြစ်ရပ်များကို အချိန်ပြမျဉ်းပေါ်တွင် ရေးသားကြရမည်။



# ၅.၂ စစ်တမ်း ရလဒ်များ

## စစ်တမ်းရလဒ်များမှာ အဘယ်တို့နည်း

စစ်တမ်းရလဒ်များမှာ အရေအတွက် များပြားစွာ ကောက်ယူထားသော ကိန်းဂဏန်း အချက်အလက်များပင်ဖြစ်သည်။ စစ်တမ်းများမှ ရရှိသော ကိန်းဂဏန်းများ မရှိပါက အယူအဆများကို ထောက်ပံ့ရန် သက်သေခံရန်အတွက် ပါးစပ်ပြော ပုံတိုပတ်စများသာ ရှိပေလိမ့်မည်။ စစ်တမ်းအချက်အလက်များသည် ခွဲခြမ်းစိတ်ဖြာကြည့်ပြီးမှန်၊ မမှန် စစ်ဆေးနိုင်သည့် သက်သေများ ဖြစ်ပေသည်။



လူထုနှင့် ပတ်သက်သော အချက်အလက်များကို စစ်တမ်းအနေဖြင့် ကောက်ယူရာတွင် လူထု၏ အစိတ်အပိုင်းတစ်ခုကို ပိုင်းဖြတ်ကောက်ယူပြီး လူထုတစ်ခုလုံးအတွက် အချက်အလက် ရရှိနိုင်ပေသည်။ ထိုအစိတ်အပိုင်းကို နမူနာတစ်ရပ်ဟုခေါ်ဆိုသည်။ နမူနာထုတ်ကာ စစ်တမ်းကောက်ယူခြင်းသည် လူထုတစ်ရပ်လုံးကို စစ်တမ်းကောက်ယူခြင်းထက် အချိန်နှင့် ငွေများစွာ ချွေတာနိုင်သည်။ (လူထုတစ်ရပ်လုံးဆီမှ အချက်အလက် ကောက်ယူခြင်းကို သန်းခေါင်စာရင်း သို့မဟုတ် လူဦးရေစာရင်းကောက်ယူခြင်းများတွင်သာ အသုံးပြုကြသည်။)

ကိန်းဂဏန်းအချက်အလက်များ ရရှိအောင် စစ်တမ်းကောက်ယူတော့မည်ဆိုလျှင် တွေးဆချက်တစ်ခု သို့မဟုတ် မေးခွန်းတစ်ခုပေါ်တွင် အခြေခံရသည်။ ဥပမာ – မြို့တစ်မြို့တွင် မော်တော်ဆိုင်ကယ် မောင်းနှင်နိုင်သူ မြို့လူဦးရေ၏ ရာခိုင်နှုန်း မည်မျှရှိကြောင်း သိလိုသည် ဆိုပါစို့။




စောင့်ကြည့်လေ့လာခြင်းဖြင့်လည်း အဖြေရှာနိုင်မည်။ စစ်တမ်းကောက်သုတေသနပြုသူက မြို့လယ်ကောင် စည်ကားသောနေရာတွင် မော်တော်ဆိုင်ကယ်စီးနင်းသူ အရေအတွက် မည်မျှတွေ့ရကြောင်း၊ လမ်းလျှောက်သူ မည်မျှနှင့် စက်ဘီး၊ ကိုယ်ပိုင်ကား၊ ဘတ်စ်ကားတို့ပေါ်တွင် လူမည်မျှ တွေ့ရကြောင်း လေ့လာမှတ်သားနိုင်သည်။

သို့မဟုတ် စစ်တမ်းမေးခွန်းလွှာတစ်ခု ဖန်တီးနိုင်သည်။ ဤစစ်တမ်းလွှာမျိုးတွင် စစ်တမ်းကောက်သူက လူဦးရေ၏ နမူနာတစ်ရပ်တွင် ပါဝင်သောသူများကို မော်တော်ဆိုင်ကယ် စီးနင်းနိုင်ခြင်းရှိ၊ မရှိ လိုက်လံမေးမြန်းပြီး အဖြေများကို မှတ်သားထားနိုင်သည်။

ဤဥပမာတွင် မေးခွန်းလွှာတစ်ခု အသုံးပြုစစ်တမ်းကောက်ယူခြင်းက ပိုမိုကောင်းမွန်သော ရလဒ်များ ပေးနိုင်မည်ဖြစ်သည်။ စောင့်ကြည့်လေ့လာခြင်းတွင် လမ်းလျှောက်နေသူများ၊ ကားစီးနေသူများ အားလုံးသည် ဆိုင်ကယ် မစီးတတ်၍ ထိုသို့ လမ်းလျှောက်ကားစီးနေခြင်း ဖြစ်သည်ဟု ကောက်ချက်ချထားခြင်း ပါဝင်နေသည်။ ထိုသို့ ယူဆပုံမှာလည်း ကောက်ချက်လွဲနေခြင်း ဖြစ်နိုင်သည်။ ထိုအခါ ရရှိလာသည့် ကိန်းဂဏန်းအချက်အလက်များကို ယုံကြည်စိတ်ချနိုင်မှု လျော့နည်းသွားနိုင်သည်။

စာသင်ကြားသူများ ကျောင်းသူ/သားများသည် ကိန်းဂဏန်းအချက်အလက်များတွင် ဘက်လိုက်ခြင်းများ ပါဝင်နေနိုင်သည်ကို သတိပြုရန် လိုအပ်ပါသည်။ ဘက်လိုက်မှုဆိုသည်မှာ ကိစ္စရပ်တစ်ခုခုပေါ်တွင် ထားရှိသော အကောင်းမြင်မှု သို့မဟုတ် အဆိုးမြင်မှုကြောင့် ပေါ်လာသော မမျှတစွာ ရှုမြင်မှု သို့မဟုတ် ကောင်းသည် ဆိုးသည်ဟု တစ်ဖက်သတ် ကောက်ချက်ချမှုများ ဖြစ်သည်။ ထို့ပြင် ကိန်းဂဏန်း အချက်အလက်များတွင် အချို့ကိစ္စရပ်နှစ်ခုမှာ ဆက်စပ်မှုရှိကြောင်း ပြနိုင်ရုံဖြင့် ထိုနှစ်ခုသည် အကြောင်းနှင့် အကျိုးဖြစ်သည်ဟု ဆောလျင်စွာ ကောက်ချက်ချ၍ မရပါ။ ထိုဆက်စပ်မှုရှိကြောင်း ပြနိုင်သည့်အခါတွင် ထိုကိစ္စရပ်များကို ပိုမိုနားလည်သဘောပေါက်ရန် သုတေသနထပ်မံ ပြုလုပ်ဖို့လိုကြောင်း၊ အချက်အလက် ပိုမို လိုအပ်ကြောင်းသာ သတိပြုသင့်ပေသည်။

# လူမှုသိပ္ပံသင်ခန်းစာများတွင် ကိုယ်ရေးပြုခြင်း၊ စစ်တမ်းရလဒ် ကိန်းဂဏန်းများ

ကျောင်းသူ/သားများသည် အခြားသူများ၏ အချက်အလက်များကို စစ်တမ်းရလဒ်များ ကိန်းဂဏန်းများအနေနှင့် ကြည့်ရှုပြီး ထိုအချက်အလက်များ၏ အရေးပါမှုများကို ခွဲခြမ်းစိတ်ဖြာကြည့်နိုင်သည်။ မိမိအကြောင်းကိုဖြစ်စေ၊ အတန်းဖော်များ အကြောင်းကိုဖြစ်စေ စစ်တမ်းကောက်ယူခြင်းလည်း ပြုလုပ်နိုင်သည်။ ထိုလုပ်ငန်းစဉ်များသည် မိမိတို့ နေ့စဉ်ဘဝများနှင့် လူမှုအသိုင်းအဝိုင်းများ အကြောင်းကို ပိုမို နက်နဲစွာ နားလည်နိုင်အောင် ထောက်ပံ့ပေးနိုင်သည်။ လုပ်ငန်းစဉ် ၅.၂.၁ မှ ၅.၂.၄ အထိတို့တွင် ကျောင်းသူ/သားများသည် မိမိတို့ကိုယ်ပိုင် ဘဝဖြတ်သန်းမှု အတွေ့အကြုံများနှင့် ဆက်စပ်သော စစ်တမ်းများကောက်ယူရန် ပြင်ဆင်ခြင်းများ ပါဝင်သည်။ လုပ်ငန်းစဉ် ၅.၂.၅ မှ ၅.၂.၁၁ အထိတွင် လက်ဝယ်ရှိ အချက်အလက်များ၊ စစ်တမ်းရလဒ် ကိန်းဂဏန်းများ ခွဲခြမ်းစိတ်ဖြာခြင်းကို စူးစိုက်လေ့ကျင့်ထားပါသည်။

## ၅.၂.၁ စစ်တမ်း အချက်အလက်များ ကောက်ယူရန် ပြင်ဆင်ခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စစ်တမ်းကောက်ယူရန် မေးခွန်းတစ်ခု သတ်မှတ်ပြီး ထိုမေးခွန်း၏ အဖြေကို ရရှိရေး အတွက် စစ်တမ်းကောက်ယူနည်းကို ဆုံးဖြတ်ကြရန်။

**အခြေအနေ** – အဖွဲ့လိုက်ဖြစ်စေ၊ အတန်းလိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – အသုံးချခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) တစ်တန်းလုံးအနေဖြင့် သုတေသနပြု စစ်တမ်းကောက်ရန် မေးခွန်းတစ်ခု သတ်မှတ်ရမည်။ ဖြစ်ရပ် ပြဿနာတစ်ခုဖြစ်စေ၊ မှန်းဆချက်တစ်ခုဖြစ်စေ၊ သို့မဟုတ် ရိုးရှင်းသော သာမန်မေးခွန်းတစ်ခုဖြစ်စေ သတ်မှတ်လိုက်နိုင်သည်။

လာမယ့် စာသင်နှစ်မှာ ဘာအကြောင်းအရာ လေ့လာရင် ကောင်းမလဲ။

မြို့လယ်ကောင်မှာ သွားလာနေတဲ့ လူတွေရဲ့ ဘယ်နှစ်ရာခိုင်နှုန်းက ရိုးရာအဝတ်အစား ဝတ်ကြသလဲ။

(ခ) ထိုမေးခွန်းအတွက် သွားရောက်အဖြေရှာရမည့် နေရာသတ်မှတ်ပါ။ ဥပမာ – စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာအတွင်း၊ ပတ်ဝန်းကျင် နေရာအချို့ စသည်တို့ ဖြစ်နိုင်သည်။

စာသင်ခန်း အေခန်းနှင့် ဘီခန်း။

ဗိုလ်ချုပ်လမ်း။

(ဂ) အချက်အလက် ကိန်းဂဏန်းများ ကောက်ယူရန်အတွက် အကောင်းဆုံး နည်းလမ်းကို သတ်မှတ်ပါ။

- စောင့်ကြည့်လေ့လာခြင်း (ကြည့်ရှုလေ့လာပြီး အဖြေသိနိုင်သော မေးခွန်းများအတွက်)။
- စစ်တမ်းကောက်ယူခြင်း (မေးမြန်းလေ့လာမှသာ အဖြေသိနိုင်သော မေးခွန်းများအတွက်)။




(ဃ) ကျောင်းသူ/သားများက မည်သူက မည်သည့် တာဝန်များယူပြီး အချက်အလက်များ သွားရောက် ကောက်ယူမည်ကို သတ်မှတ်ပါ။ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ တာဝန်များ ခွဲဝေနိုင်သည်။

# ၅.၂.၂ စောင့်ကြည့်လေ့လာခြင်းမှ စစ်တမ်းရလဒ်များ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စောင့်ကြည့် လေ့လာခြင်းနည်းဖြင့် အချက်အလက်များ ကောက်ယူစုဆောင်းရန်။

**အခြေအနေ** – စောင့်ကြည့်လေ့လာရမည့် နေရာများသို့ တစ်ဦးချင်းသော်လည်းကောင်း၊ နှစ်ဦးတွဲအလိုက်သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း သွားကြရမည်။

**ဘာလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း၊ တီထွင်ဖန်တီးခြင်း

(က) ကျောင်းသူ/သားများက မိမိတို့ မည်သို့ စောင့်ကြည့်လေ့လာကြမည်ကို ပြန်လည်ပြောဆို သတ်မှတ်ကြရမည်။

(ခ) ကျောင်းသူ/သားများက မိမိတို့ မြင်တွေ့ရသည့် တွေ့ရှိချက်များကို ရေးချထားရမည်။ စောင့်ကြည့်လေ့လာရန် နည်းလမ်းစဉ်တစ်ခု သတ်မှတ်ရမည်။

- စောင့်ကြည့်ရန်။
- ရေတွက်ရန်။
- ဖြစ်ရပ်များကို ရေးသားမှတ်တမ်းတင်ရန်။

(ဂ) ကျောင်းသူ/သားများက မိမိတို့ ရရှိခဲ့သည့် အချက်အလက်များကို ဇယားကွက်များ၊ ကားချပ်များ၊ ဂရပ်ဖ်ပုံများဖြင့် သရုပ်ဖော်ကြရမည်။



# ၅.၂.၃ မေးခွန်းလွှာများမှ စစ်တမ်းရလဒ်များ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စစ်တမ်း မေးခွန်းလွှာများ အသုံးပြုပြီး အချက်အလက်များ ကောက်ယူစုဆောင်းရန်။

**အခြေအနေ** – သွားရောက် မေးမြန်းရမည့် နေရာများသို့ တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ သွားကြရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများက မိမိတို့ မည်သည့် အကြောင်းအရာများကို မေးခွန်းလွှာများဖြင့် အဖြေရှာမည်ကို ထပ်မံသတ်မှတ်ပါ။

လာမည့် စာသင်နှစ်ပိုင်းအတွက် မည်သည့် အကြောင်းအရာများ သင်ယူသင့်သနည်း။

(ခ) မိမိတို့ သတ်မှတ်ထားသော မေးခွန်း သို့မဟုတ် မေးခွန်းများအတွက် အဖြေများကို ရေးဖြေပါ။

(ဂ) အဖြေတစ်မျိုးစီကို အကြိမ်ရေ မည်မျှ ဖြေဆိုကြသည်ဆိုသည့် ဖြေဆိုမှု အကြိမ်ရေများကိုပေါင်းပါ။

(ဃ) မိမိတို့ အချက်အလက်များကို ကျောင်းသူ/သားများက ဇယားကွက်များ ဂရပ်ဖ်ပုံများအတွင်းသို့ ရေးသွင်းကြရမည်။

(င) ရရှိလာသော ရလဒ်များကို ဆွေးနွေးကြရမည်။

မြေယာ အခွင့်အရေးဆိုတဲ့ ကိစ္စက လက်ရှိအရေးပါတဲ့ ကိစ္စဖြစ်နေတာပဲ။

ဆရာမက ဒါနဲ့ ပတ်သက်ပြီး တစ်ခုခု စဉ်းစားပေးမလားပဲ ဆရာမကို မေးကြည့်ရအောင်။

| | |
|---|---|
| တိုင်းရင်းသား အခွင့်အရေးများ | \|\|\|\| \|\|\|\| \| |
| ဥပဒေ | \|\|\|\| \| |
| မြေယာ အခွင့်အရေးများ | \|\|\|\| \|\|\|\| \|\|\|\| |
| ကျား၊ မရေးရာ | \|\|\|\| \|\|\|\| |
| နိုင်ငံရေး စနစ်များ | \|\|\|\| \|\|\|\| |

# ၅.၂.၄ စစ်တမ်းတစ်ခုတွင် လူထုနမူနာတစ်ရပ် အသုံးပြုခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက နမူနာအဖြစ် အသုံးပြုရေး လူအုပ်စုများ ရှာဖွေရန်။

**အခြေအနေ** – တစ်တန်းလုံးအနေနှင့် လုပ်ဆောင်ရမည်။

**ပြင်ဆင်မှု** – ကျောင်းသူ/သားအားလုံး ဖြေနိုင်မည့် လွယ်ကူရိုးရှင်းသော သုတေသန မေးခွန်းတစ်ခု ရေးသားပြင်ဆင်ထားရန်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) အတန်းထဲမှ ကျောင်းသူ/သားအားလုံး ဖြေနိုင်မည့် မေးခွန်းတစ်ခု ရေးသား သတ်မှတ်ထားပါ။

နောက်ထပ် ဘာခေါင်းစဉ် အကြောင်းအရာ လေ့လာချင်ပါသလဲ။

(ခ) ထိုမေးခွန်းကို တစ်တန်းလုံး၏ ၁၀% ကိုသာ ဖြေဆိုခိုင်းပါ။

- စာသင်ခန်းတွင် ကျောင်းသူ/ သား ၁၅ဦး အောက် ရှိပါက ကျောင်းသူ/ သား ၁ ဦးကို မေးပါ။
- ၁၅ ဦးနှင့် ၂၄ ဦးကြား ဆိုပါက ကျောင်းသူ/ သား ၂ဦးကို မေးပါ။ ၂၅ ဦးမှ ၃၄ ဦးကြား ဆိုပါက ၃ ဦးကို မေးပါ။

(ဂ) ရရှိလာသည့် အဖြေများကို သင်ပုန်းပေါ်တွင် ရေးသားထားပါ။

(ဃ) ထို့နောက် နမူနာ အဖြေယူသော ကျောင်းသူ/သား ဦးရေကို ၂၀% အထိ တိုးမြှင့်ပါ။ မေးခွန်းများ ထပ်မံမေးမြန်းပြီး အဖြေများကို သင်ပုန်းပေါ်တွင် ရေးထားပါ။

(င) အထက်ပါအတိုင်း လက်ရှိလူဦးရေ၏ ၃၀% ကို တစ်ကြိမ်၊ ၅၀% ကို တစ်ကြိမ် ထပ်မံမေးမြန်းပြီး အဆုံးတွင် တစ်တန်းလုံး ၁၀၀% အထိ မေးမြန်းမှတ်သားပါ။

(စ) နမူနာလူဦးရေကို တိုးမြှင့်ပြီး စစ်တမ်းကောက်လျှင်ရရှိသည့် အချက်အလက်တွင် မည်သို့ အပြောင်းအလဲဖြစ်ကြောင်း ဆွေးနွေးခိုင်းပါ။




## မူကွဲ

ရပ်ရွာမှ လူထုနမူနာတစ်ရပ် သတ်မှတ်ကာ စစ်တမ်းကောက်ယူပါ။ ရလဒ်များကို ဇယားကွက်များ ဂရပ်ဖ်များတွင် ထည့်သွင်းပါ။

ဥပမာ အချက်အလက်များ

**မှတ်ချက်**

cia.gov မှ CIA World Factbook မှ ရယူထားသော အချက်အလက်များ ဖြစ်ပါသည်။ ထိုဝက်ဘ်ဆိုဒ်မှာ ကမ္ဘာ့နိုင်ငံအားလုံး၏ အချက်အလက်များ ကိန်းဂဏန်းများကို ရရှိနိုင်သမျှ စုဆောင်းထားသော အချက်အလက်များ စုဝေးရာ အသုံးဝင်သော ရင်းမြစ်တစ်ခု ဖြစ်ပါသည်။

| နိုင်ငံ | လူတစ်ထောင်လျှင် မွေးဖွားမှုနှုန်း |
|---|---|
| နိုင်ဂျာ | ၄၅ |
| ယူဂန်ဒါ | ၄၄ |
| အာဖဂန် နစ္စတန် | ၃၉ |
| တီမောလက်စ်တ် | ၃၄ |
| ယီမင် | ၃၁ |
| အီရတ် | ၂၇ |
| လာအို | ၂၅ |
| ဖိလစ်ပိုင် | ၂၄ |
| တောင်အာဖရိက | ၁၉ |
| မြန်မာ | ၁၉ |
| တူရကီ | ၁၇ |
| အင်ဒိုနီးရှား | ၁၇ |
| အမေရိက | ၁၃ |
| တရုတ် | ၁၂ |
| သြစတြေးလျ | ၁၂ |
| ကနေဒါ | ၁၀ |
| ဟောင်ကောင် | ၉ |
| ဟန်ဂေရီ | ၉ |
| ဂျာမနီ | ၈ |
| ဂျပန် | ၈ |

# ၅.၂.၅ အချက်အလက် ရည်ရွယ်ချက်

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက် ကိန်းဂဏန်းများ၏ အဓိက ရည်ရွယ်ချက်ကို ဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်၊ လုပ်ငန်းစဉ်ကို လုပ်ဆောင်သည့်အခါ ကိန်းဂဏန်းများ၏ ခေါင်းစဉ်ကို ဖြစ်စေ ရှင်းလင်းချက်ကို ဖြစ်စေ မတွေ့မီ မဖတ်ရှုမီတွင် ဆောင်ရွက်ရန် လိုအပ်သည်။

**ဘာလုပ်ရမလဲ** – ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ကျောင်းသူ/သားများကို ခေါင်းစဉ် သို့မဟုတ် ရှင်းလင်းချက် စာသားမပါသော အချက်အလက် ကိန်းဂဏန်းများ သီးသန့်ပြပေးပါ။

(ခ) ကျောင်းသူ/သားများက အချက်အလက် ကိန်းဂဏန်းများကိုကြည့်ပြီး အဓိက ရည်ရွယ်ချက်ကို မှန်းဆပြောဆိုရမည်။

*နိုင်ငံအမျိုးမျိုးရဲ့ မွေးဖွားနှုန်းတွေကို ယှဉ်ကြည့်တဲ့ အချက်အလက်တွေလို့ ထင်ပါတယ်။*

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ထိုအချက်အလက် ကိန်းဂဏန်းများကို အဘယ့်ကြောင့် ကောက်ယူခဲ့ရကြောင်း နောက်ခံအကြောင်းအရာကိုပါ မှန်းဆကြည့်ကြရမည်။

# ၅.၂.၆ ကိန်းဂဏန်း အချက်အလက်များကို မှန်းဆခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ကိန်းဂဏန်းများ မည်သို့ ရှိမည်ကို ခန့်မှန်းချက်များ ပြုလုပ်ရန်။
**အခြေအနေ** – အဖွဲ့လိုက် လုပ်ဆောင်ပြီး နောက် တစ်တန်းလုံးအနေနှင့် လုပ်ဆောင်ရမည်။ အချက်အလက်များကို မတွေ့ရသေးမီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်။
**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း။

(က) အချက်အလက် ကိန်းဂဏန်းများကို ကျောင်းသူ/သားများကို ပြသပါ။ ထို့နောက် ကိန်းဂဏန်းများ၏ အတိုင်းအတာ ပမာဏ သတ်မှတ်ချက်များကို လည်း ကျောင်းသူ/သားများ သတိထားမိအောင် ထောက်ပြပါ။

*လူတစ်ထောင်မှာ မွေးဖွားနှုန်း ၀ မှ ၄၅ အထိ*

(ခ) ကျောင်းသူ/သားများက အဖွဲ့လိုက်အနေနှင့် ရရှိသည့် အမည်များနှင့် သက်ဆိုင်ရာ ကိန်းဂဏန်းများကို မှန်းဆရမည်ဖြစ်သည်။ မှန်းဆချက်များကို ပေးထားသည့် ပမာဏ သတ်မှတ်ချက်များ အတွင်းတွင်သာထားရန် ထပ်မံသတိပေးပါ။ ထို့နောက် အဖွဲ့များက အဘယ့်ကြောင့် ထိုပမာဏဖြစ်နိုင်သည်ဟု မှန်းဆခဲ့ကြောင်းကို ရှင်းလင်းတင်ပြရမည်။

(ဂ) တစ်ဖွဲ့ချင်းစီ၏ မှန်းဆချက်များကို သင်ပုန်းပေါ်တွင်ချရေးပါ။ ထို့နောက် အဖွဲ့အားလုံးအတွက် ပျမ်းမျှကိန်းဂဏန်းတစ်ခုရှာပါ။

(ဃ) အဖွဲ့အားလုံး၏ ပျမ်းမျှမှန်းဆချက်နှင့် အချက်အလက်အမှန်တို့ မည်မျှ နီးစပ်ကြောင်းကြည့်ပါ။

## မူကွဲ

ဤလုပ်ငန်းစဉ်ကို အဖွဲ့လိုက် ပြိုင်ဆိုင်ခြင်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်သည်။ ကျောင်းသူ/သားများကို အဖွဲ့ငယ်များ ဖွဲ့ပေးပါ။ ကိန်းဂဏန်း ခန့်မှန်းချက် တစ်ခုစီတွင် အချက်အလက်အမှန်နှင့် အနီးစပ်ဆုံးအဖွဲ့ကို အမှတ်များပေးခြင်းဖြင့် ယှဉ်ပြိုင်ခြင်း ပုံစံတစ်ခုဆောင်ရွက်နိုင် ပါသည်။

# ၅.၂.၇ စစ်တမ်းရလဒ်များကို အဓိပ္ပာယ်ဖော်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စစ်တမ်းရလဒ် ကိန်းဂဏန်းများကို အဓိပ္ပာယ် ဖော်ရမည်။
**အခြေအနေ** – ကျောင်းသူ/သားများက စစ်တမ်းရလဒ် ဇယားကွက်ကို တစ်ပြိုင်တည်း မြင်နိုင်ရန်နှင့် ဆရာ/မကို ကြားနိုင်ရန် လိုအပ်သည်။
**ဘလူးမ်** – သုံးသပ်ဝေဖန်ခြင်း။

(က) အချက်အလက် ကိန်းဂဏန်းများ ဇယားကွက်မှ ရေးသားချက်တစ်ခုခုကို အော်ခေါ်ပေးလိုက်ပါ။ ကိန်းဂဏန်းတစ်ခုခု သို့မဟုတ် နေရာအမည် တစ်ခုခု သို့မဟုတ် ရှင်းလင်းချက်စာသားမှ စကားစု တစ်ခုခု စသည်ဖြင့် ဖြစ်နိုင်ပါသည်။

(ခ) ကျောင်းသူ/သားများက ၎င်းနှင့် စစ်တမ်းရလဒ်နှင့် မည်သို့ ပတ်သက်သည်၊ မည်သည့် အစိတ်အပိုင်း ဖြစ်သည်ကို ပြန်ပြောပြရမည်။




## မူကွဲ

ဤလုပ်ငန်းစဉ်ကို အပြန်အလှန်ပြောဆိုခြင်း မဟုတ်ဘဲ ရေးသားဖြေဆိုခြင်း လုပ်ငန်းစဉ်အဖြစ်လည်း လုပ်ဆောင်နိုင်သည်။ ကျောင်းသူ/သား များကို စစ်တမ်းရလဒ် တင်ပြချက်မှ အချို့အချက်များကို ပေးလိုက်ပြီး ထိုအအချက်များမှာ စစ်တမ်းနှင့် မည်သို့ ပတ်သက်သည် မည်သည့် အဓိပ္ပာယ်ရှိသည်ကို ရှင်းပြသော စာသားများကို ကျောင်းသူ/သားများက ရေးသားကြရမည်။

# ၅.၂.၈ ပျမ်းမျှရှာပါ

(က) ကျောင်းသူ/သားများက စာရင်းမှ ကိန်းဂဏန်းများ အားလုံးကို ချပေါင်းရမည်။

*၄၅+၄၄+၃၉+၃၁+၂၇+၂၅+၁၉+၁၉+၁၇+၁၇+၁၃+၁၂+၁၂+၁၀+၉+၉+၈+၈ = ၄၂၂*

(ခ) စာရင်းမှ အမည်များကို ရေတွက်ကြရမည်။

*၂၀နိုင်ငံ*

(ဂ) ကိန်းဂဏန်း စုစုပေါင်းကို စာရင်းဝင်အမည်အရေအတွက် စုစုပေါင်းနှင့် စားကြရမည်။

*၄၂၂/ ၂၀ = ၂၁.၁*

(ဃ) ထို့နောက် ထိုနောက်ဆုံးရသည့် စားလဒ်သည် မည်သည့် အဓိပ္ပာယ်ရှိသည်ကို ရှင်းလင်းသည့် စာသားများ ရေးသားကြရမည်။

*ဇယားကွက်တွင်ပါသော နိုင်ငံ ၂၀ ၏လူတစ်ထောင်လျှင် မွေးဖွားနှုန်း ပျမ်းမျှမှာ ၂၁.၁ ဖြစ်ပါသည်။*

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက စစ်တမ်းရလဒ်တစ်ခုလုံးမှ ကိန်းဂဏန်းများ၏ ပျမ်းမျှကို တွက်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

# ၅.၂.၉ ရာခိုင်နှုန်းများ တွက်ထုတ်ခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ကိန်းဂဏန်းများမှ ရာခိုင်နှုန်းများကို တွက်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

(က) ကျောင်းသူ/သားများက မိမိတို့ ရာခိုင်နှုန်းတွက်နိုင်မည့် ကိန်းဂဏန်း အချက်အလက်များကို ရှာဖွေကြရမည်။

အမေရိကမှာ နှစ်စဉ် လူ ၁၀၀၀ မှာ ၁၃ ဦး မွေးတယ်။

မြန်မာနိုင်ငံမှာ နှစ်စဉ် လူ ၁၀၀၀ မှာ ၁၉ ဦး မွေးတယ်။ ၆ ယောက် ပိုတာပေ့ါ။

(ခ) ထို့နောက် ရာခိုင်နှုန်းများနှင့် ပြောနိုင်အောင် တွက်ကြရမည်ဖြစ်သည်။ ရာခိုင်နှုန်းတွက်နည်း ၂ မျိုး ပေးထားပါသည်။

၁။ ၁၀၀ ကို တည်ပြီး စုစုပေါင်း အရေအတွက်နှင့် စားပါ။ ထို့နောက် စားလဒ်ကို ရာခိုင်နှုန်းအဖြစ် သိရန်လိုသည့် အရေအတွက်နှင့် မြှောက်ပါ။

(၁၀၀/ ၁၀၀၀) × ၁၃ = ၁.၃ %

၂။ အနည်းကိန်း (ရာခိုင်နှုန်းအဖြစ် သိလိုသည့် အရေအတွက်) ကို တည်ပြီး အများကိန်း (စုစုပေါင်းအရေအတွက်) နှင့် စားပါ။ ရလဒ်ကို ၁၀၀ နှင့် မြှောက်ပါ။

(၁၃/ ၁၀၀၀) × ၁၀၀ = ၁.၃%

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

အဖွဲ့လိုက်အနေနှင့် လုပ်ဆောင်ခိုင်းရန်မှာ ကျောင်းသူ/သားများက ရာခိုင်နှုန်းများ တွက်ထုတ်ပြီး ထိုရာခိုင်နှုန်းများနှင့် အဓိပ္ပာယ်များကို ပိုစတာတစ်ခုစီပေါ်တွင် ရေးသားပြီး နံရံများတွင် ကပ်ကြရမည်။

မြန်မာနိုင်ငံမှ မွေးဖွားနှုန်းမှာ
**၀.၆ %**
အမေရိက မွေးဖွားနှုန်းထက်မြင့်မား

**၄၉ %**
ဖြင့် အာဖရိကမှ နိုင်ဂျာနိုင်ငံက မွေးဖွားနှုန်း အမြင့်ဆုံးနေရာတွင်ရှိ

# ၅.၂.၁၀ စစ်တမ်းရလဒ်များကို အုပ်စုခွဲခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက်များကို ပိုမိုကျယ်ပြန့်စွာ နက်နဲစွာ နားလည်သဘောပေါက်ရေး စူးစမ်းသုတေသနပြုကြရန်။

**အခြေအနေ** – အဖွဲ့လိုက် လုပ်ဆောင်ကြရမည်၊ ကျောင်းသူ/သားများအတွက် သုတေသနပြုရန် အထောက်အကူပြု ရင်းမြစ်များ လိုအပ်သည်။ ဥပမာ – အင်တာနက်၊ ရည်ညွှန်းစာအုပ်များ။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ရရှိထားသော အချက်အလက်များကို အုပ်စုခွဲရန်အတွက် အုပ်စုခေါင်းစဉ် အမည်သတ်မှတ်ချက်များကို ကျောင်းသူ/သားများနှင့်အတူ စဉ်းစားဖော်ထုတ်ပါ။ ပထဝီဝင်အနေအထားအရ၊ အရွယ်အစားအရ၊ တည်နေရာအရ၊ အစိုးရစနစ်အရ စသည်တို့ ဖြစ်နိုင်သည်။

- မွေးဖွားနှုန်း မြင့်မားခြင်း၊ နည်းပါးခြင်း။
- တိုက်၊ တည်နေရာဒေသကြီးများ။
- ဒီမိုကရေစီ အစိုးရနှင့် ဒီမိုကရေစီ မဟုတ်သော အစိုးရစနစ်များ။

(ခ) အဖွဲ့လိုက်အနေနှင့် အချက်အလက်များကို အုပ်စုဖွဲ့ရန် အုပ်စုခေါင်းစဉ်များ ရွေးချယ်ပါ။ ထို့နောက် ထိုခေါင်းစဉ်များအတိုင်း အချက်အလက်များကို အုပ်စုဖွဲ့ကြရမည်။

(ဂ) အဖွဲ့များက မိမိတို့ အုပ်စုဖွဲ့သည့် ပုံစံများအတိုင်းမှ အုပ်စုတစ်စုစီ၏ ပျမ်းမျှများကို တွက်ထုတ်ရေးသားကြရမည်။

**ဒေသအလိုက် မွေးဖွားနှုန်းများ**

| အာဖရိကတိုက် နိုင်ငံများ | | အာရှပစိဖိတ် နိုင်ငံများ | | ဥရောပ နိုင်ငံများ | | မြောက်အမေရိကတိုက် နိုင်ငံများ | |
|---|---|---|---|---|---|---|---|
| နိုင်ဂျာ | ၄၅ | တီမော | ၃၄ | အီတလီ | ၉ | အမေရိက | ၁၃ |
| ယူဂန်ဒါ | ၄၄ | သြစတြေးလျ | ၁၂ | ဂျာမနီ | ၈ | ကနေဒါ | ၁၀ |
| | | ဂျပန် | ၈ | | | | |
| ပျမ်းမျှ | ၄၄.၅ | ပျမ်းမျှ | ၁၈ | ပျမ်းမျှ | ၈.၅ | ပျမ်းမျှ | ၁၁.၅ |


**ကြွယ်ဝမှုအလိုက် မွေးဖွားနှုန်း (တစ်ဦးချင်း ပျမ်းမျှနှစ်စဉ် ဝင်ငွေအလိုက်)**

| တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀၀ အထက် | | တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် ၂၀၀၀၀ ကြား | | တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ နှင့် ၅၀၀၀ ကြား | | တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ အောက် | |
|---|---|---|---|---|---|---|---|
| အမေရိက | ၁၃ | အီရတ် | ၂၇ | တီမော | ၃၄ | အာဖဂန် နစ္စတန် | ၃၉ |
| ဟောင်ကောင် | ၉ | တူရကီ | ၁၇ | ဖိလစ်ပိုင် | ၂၅ | ယီမင် | ၃၁ |
| ဂျပန် | ၈ | တရုတ် | ၁၂ | အင်ဒိုနီးရှား | ၁၇ | လာအို | ၂၅ |
| ပျမ်းမျှ | ၁၀.၃ | ပျမ်းမျှ | ၁၈.၆ | ပျမ်းမျှ | ၈.၃ | ပျမ်းမျှ | ၃၁.၆ |

(ဃ) အဖွဲ့များက မိမိတို့ ဇယားကွက်များကို အတန်းသို့ တင်ပြကြရမည်။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကိန်းဂဏန်းများကို ခွဲခြမ်းစိတ်ဖြာရန် မည်သည့် အုပ်စုဖွဲ့နည်းများက သက်ဆိုင်မှု မရှိနိုင် အသုံးမဝင်နိုင်သည်နှင့် အဘယ့်ကြောင့် ဆိုသည်ကို ဆွေးနွေးနိုင်သည်။






| Government | | | |
|---|---|---|---|
| over 20,000 USD per year | 5,000 – 20,000 per year | 2000 – 5000 USD per year | less than 2000 USD per year |
| United States 13<br>Hong Kong 9<br>Japan 8 | Iraq 27<br>Turkey 17<br>China 12 | Timor-Leste 34<br>Philippines 25<br>Indonesia 17 | Afghanistan 39<br>Yemen 31<br>Laos 25 |
| average: 10.3 | average: 18.6 | average: 8.3 | average: 31.6 |

# ၅.၂.၁၁ ရှေ့ဆက်လေ့လာခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက်များအကြောင်းကို ရှေ့ဆက်လေ့လာခြင်း၊ ပိုမို နက်နဲစွာ လေ့လာခြင်းများ ပြုလုပ်ရန်။

**အခြေအနေ** – ကျောင်းသူ/သားများ အချင်းချင်း မေးမြန်းကြရမည်၊ ထို့နောက် အဖြေရလဒ်များကို အဖွဲ့လိုက် စုစည်းလေ့လာရမည်၊ အဖွဲ့များတွင် ပိုစတာ စာရွက်များနှင့် မာကာ (maker pen) များ လိုအပ်မည်ဖြစ်သည်၊ ဤလုပ်ငန်းစဉ်ကို စစ်တမ်းရလဒ် တစ်စုံတစ်ရာကို ခွဲခြမ်းစိတ်ဖြာအပြီးတွင် လုပ်ဆောင်ရမည်။

**ဘာလူးမ်** – သုံးသပ်ဝေဖန်ခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများကို အောက်ပါ မေးခွန်းများပေးပါ။

- လက်ရှိသင်ခန်းစာ အကြောင်းအရာနဲ့ ပတ်သက်ပြီး ဘာထပ်သိချင်သေးပါသလဲ။
- စစ်တမ်းရလဒ် ကိန်းဂဏန်းတွေမှာ ဘာတွေ ကျန်သေးပါသလဲ။

(ခ) ကျောင်းသူ/သားများက အခြားသူ ၃ ဦးမှ ၅ ဦး အထိ လိုက်လံမေးမြန်းရပါမည်။ ထို့နောက် ၎င်းတို့ အဖြေများကို ရေးမှတ်ထားရမည်။

(ဂ) ထို့နောက် ကျောင်းသူ/သားများက မိမိတို့ ရရှိခဲ့သည့် အဖြေများကို အဖွဲ့လိုက် အနေနှင့် ဝိုင်းဝန်းဆွေးနွေးရမည်။ ထို့နောက် စိတ်ဝင်စားဖွယ်အဖြစ်ဆုံး အဖြေများကို ရွေးချယ်ရမည်။


(ဃ) ရရှိခဲ့သည့် အဖြေများမှ အရာများနှင့် ပတ်သက်ပြီး သတင်းအချက်အလက် မည်သို့ ရှာဖွေနိုင်မည်ဖြစ်ကြောင်း အဖွဲ့လိုက် စဉ်းစားကြရမည် – စစ်တမ်းကောက်ယူခြင်း၊ လေ့လာစောင့်ကြည့်ခြင်း၊ သုတေသနပြုခြင်း စသည်ဖြင့်။ ဖြစ်နိုင်မည်ဆိုပါက အဆိုပါ အချက်အလက်များကို ရရှိနိုင်မည့် နေရာများကိုလည်း သတ်မှတ်ဖော်ပြခိုင်းပါ။ ဥပမာ – ဝက်ဘ်ဆိုက်ဒ်လိပ်စာများ၊ စာအုပ်အမည်များ၊ မီဒီယာရင်းမြစ်များ စသည်တို့ဖြစ်သည်။

| မေးခွန်း | အချက်အလက် ရရှိနိုင်ပုံ |
|---|---|
| လူအများသည် မိမိတို့ ရရှိလိုသည့် မိသားစု အရေအတွက် ရှိထားပါသလား။ | စစ်တမ်းမေးခွန်းလွှာများ အသုံးပြုနိုင်သည်။ မိသားစု အချို့ကို နမူနာအနေနှင့် မိမိတို့ သားသမီး ထပ်လိုချင်ခြင်း ရှိ၊ မရှိ နည်းလျှင်ကောင်းမည်ဟု စဉ်းစားခြင်း ရှိ၊ မရှိ မေးမြန်းနိုင်သည်။ (ပြင်ပသို့ သွားရောက်လုပ်ဆောင်ရန် ခက်ခဲမည်ဖြစ်သည်) |
| အဆိုပါ စစ်တမ်းရလဒ်များတွင် သားဆက်ခြားခြင်းမှာလည်း အရေးပါသည့် အချက်တစ်ခု ဖြစ်ပါသလား။ | အင်တာနက်တွင် သုတေသနပြု ရှာဖွေခြင်းပြုနိုင်သည်။ သားဆက်ခြားခြင်း ကောင်းစွာ ပြုလုပ်နိုင်သည့် နိုင်ငံများတွင် မွေးဖွားနှုန်း လျော့နည်းခြင်း ရှိပါသလား။ http://www.slate.com/articles/news_and_politics/map_of_the_week/2013/05/abortion_and_birth_control_a_global_map.html မှ ရယူပြင်ဆင် ရေးသားထားပါသည်။ |

(င) အဖွဲ့များက မိမိတို့ ရရှိသည့် ရလဒ်များကို အတန်းသို့ ပြန်လည်တင်ပြရမည်။

## မူကွဲ

အဖွဲ့များက မိမိတို့ရရှိသည့် ရလဒ်များကို ဆက်စပ်မှုပြ ကွန်ရက်ပုံ (mind map) များနှင့် ပြန်လည်တင်ပြခိုင်းခြင်း ပြုလုပ်နိုင်သည်။




## လုပ်ငန်းစဉ် နောက်ဆက်တွဲ


ဤသို့သော အချက်အလက်များကို မည်သည့်နေရာများမှ အမှန်တကယ် ရရှိနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပါ။ ဝက်ဘ်ဆိုဒ်များ၊ စာအုပ်များ၊ မီဒီယာရင်းမြစ်များ စသည်ဖြင့် နာမည်အတိအကျတို့ပေါ်လာအောင် ဆွေးနွေးပါ။


အထက်ပါ မေးခွန်းများမှ တစ်ခုကို လုပ်ငန်းစဉ် တစ်ခုအဖြစ် သတ်မှတ်ပေးပါ။ ကျောင်းသူ/သားများက ထိုမေးခွန်းအတွက် အဖြေများကို အိမ်စာအနေနှင့် ရှာဖွေကြရမည်။ တွေ့ရှိခဲ့ရသည့် တွေ့ရှိချက်များကို အတန်းသို့ ပြန်လည်တင်ပြရန်လည်း ရက်သတ်မှတ်ကြရမည်။


# ၅.၃ ဇယားပုံများ၊ ဂရပ်ဖ်ပုံများ

## ဇယားပုံများနှင့် ဂရပ်ဖ်ပုံများ အသုံးချခြင်း

ဇယားပုံများ၊ ဂရပ်ဖ်ပုံများမှာ ကိန်းဂဏန်းများကို ထင်သာမြင်သာရှိရန် ပြနိုင်အောင်သုံးနိုင်သည့် သရုပ်ဖော်ပုံများဖြစ်သည်။ အဆိုပါ သရုပ်ဖော်ချက်များသည် ရှုပ်ထွေးသော ကိန်းဂဏန်းများကို စုစည်းစီစဉ်ပြီး နားလည်ရလွယ်သော ရုပ်ပုံများအဖြစ်သို့ ပြောင်းလဲပေးလိုက်နိုင်သောကြောင့် အသုံးဝင်သောပုံများ ဖြစ်ကြသည်။




ဇယားပုံများ၊ ဂရပ်ဖ်ပုံများကို အမျိုးအစားများစွာ ခွဲခြားနိုင်သည်။ ဤအပိုင်းထဲမှ လုပ်ငန်းစဉ်များတွင် အဆိုပါ သရုပ်ဖော်ပုံများကို အဓိပ္ပာယ်ဖော်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အလားတူ သရုပ်ဖော်ပုံများ ဖန်တီးရေးဆွဲခြင်းများ ပါဝင်မည် ဖြစ်သည်။ အများဆုံးတွေ့ရလေ့ရှိသော ကိန်းဂဏန်း သရုပ်ဖော်ပုံများမှာ –

- **စက်ဝိုင်းစိတ် သရုပ်ဖော်ပုံ** – စက်ဝိုင်းပုံရှိပြီး ရာခိုင်နှုန်း ပြရန်နှင့် အကြောင်းအရာတစ်ခုမှ ပါဝင်သည့် အစိတ်အပိုင်းများကို နှိုင်းယှဉ်သရုပ်ဖော်ရန် အသုံးအဝင်ဆုံး ပုံအမျိုးအစားဖြစ်သည်။ စက်ဝိုင်းစိတ်ပုံတွင် စက်ဝိုင်းတစ်ဝိုင်းလုံးသည် ၁၀၀ ရာခိုင်နှုန်းနှင့် ညီမျှရမည်ဖြစ်သည်။
- **ဂရပ်ဖ်မျဉ်း သရုပ်ဖော်ပုံ** – ဂရပ်ဖ်မျက်နှာပြင်ပေါ်မှ အစက်များကို မျဉ်းကြောင်းတစ်ကြောင်းဖြင့် ချိတ်ဆက်ပြပုံဖြစ်သည်။ အချိန်အတိုင်းအတာ တစ်ခုတွင် ဖြစ်ပေါ်သော အပြောင်းအလဲများကို ပြရာတွင် အသုံးဝင်သည်။
- **နိမ့်မြင့်တိုင်များဖြင့် သရုပ်ဖော်ပုံ** – ဤပုံများသည်လည်း အချိန်အတိုင်းအတာတစ်ခုတွင် ဖြစ်ပေါ်သော အပြောင်းအလဲများကို ပြရာတွင်အသုံးဝင်သည်။ ထို့ပြင် ကိန်းဂဏန်းအချက်အလက်တစ်စုံအတွင်းတွင် နှိုင်းယှဉ်ချက်များ ပြုလုပ်ခြင်းအတွက်လည်း အသုံးဝင်သည်။

တစ်ဖက်ပါ ကိန်းဂဏန်းများကို စာရင်းပုံစံဖြင့် ချရေးပြခြင်းမျိုးလည်းပြုနိုင်သည်။ သို့သော် ဇယားများ ဂရပ်ဖ်ပုံများဖြင့် သရုပ်ဖော်ခြင်းက ကိန်းဂဏန်းများ ဖြစ်ထွန်းပြောင်းလဲသည့် အကွက်ပုံစံများကို ပိုမိုရှင်းလင်းစွာ မြင်ရပြီး ကိန်းဂဏန်းများပေါ် မူတည်ပြီး ခန့်မှန်းချက်များ ထုတ်နိုင်ရေးအတွက် ကျောင်းသူ/သားများကို အထောက်အကူပြုနိုင်သည်။ ကျောင်းသူ/သားများတွင် သတင်းအချက်အလက်များ ကိန်းဂဏန်းများ၏ တူညီမှု၊ ကွဲပြားမှုများကို နှိုင်းယှဉ်ခွဲခြမ်းနိုင်ခြင်း ကျွမ်းကျင်မှု မြင့်တက်လာရန်အတွက် ဆရာ/မများအနေနှင့် ဇယားများ ဂရပ်ဖ်ပုံများကို အသုံးချနိုင်ပေသည်။

ထိုသို့ အသုံးချရာတွင် ကိန်းဂဏန်းအချက်အလက်များကို မည်သို့ အသုံးချထားကြောင်း မည်သို့ စီစဉ်တင်ပြထားကြောင်း ဆွေးနွေးသင့်ပါသည်။ များသောအားဖြင့် အဆိုပါ ကိန်းဂဏန်း သရုပ်ဖော်ချက်များကို လူအများက အထောက်အထား အနေနှင့် အသုံးပြုတတ်ကြရာ ကိန်းဂဏန်း အချက်အလက်များတွင် မည်သည်တို့ကို ထည့်သွင်းထားပြီး မည်သည်တို့ကို ချန်လှပ်ထားကြောင်း မေးမြန်းတတ်ရန် လိုအပ်ပါသည်။

# လူမှုသိပ္ပံသင်ခန်းစာများကို ကိုယ်ရေးပြုခြင်း

## ဇယားပုံများနှင့် ဂရပ်ဖ်ပုံများ

---

လုပ်ငန်းစဉ် ၅.၃.၁ မှ ၅.၃.၃ အထိတွင် ကျောင်းသူ/သားများက မိမိတို့အကြောင်း၊ မိမိတို့ စာသင်ခန်းအကြောင်း၊ ရပ်ရွာအကြောင်း၊ အချက်အလက် ကိန်းဂဏန်းများကို အသုံးပြုပြီး ဇယားပုံများနှင့် ဂရပ်ဖ်ပုံများကို ဖန်တီးရေးဆွဲကြရမည်။ လုပ်ငန်းစဉ် ၅.၃.၄ မှ ၅.၃.၈ အထိတွင် ပြင်ပရင်းမြစ်များမှ ကိန်းဂဏန်းများကို ပြထားသော ဇယားပုံများနှင့် ဂရပ်ဖ်ပုံများကို လေ့လာရမည်ဖြစ်သည်။

## ၅.၃.၁ စာသင်ခန်းမှ ဝိသေသများ ဂရပ်ဖ်ပုံ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ကိန်းဂဏန်းများကို တင်ပြရန် အကောင်းဆုံး နည်းလမ်းကို ရွေးကြရန်။

**အခြေအနေ** – တစ်တန်းလုံးအနေနှင့် လုပ်ဆောင်ရမည်။

**ဘလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများက စာသင်ခန်းထဲမှသူများ အားလုံးပြောတတ်မည့် မိမိတို့ကိုယ်ပိုင် ဝိသေသတစ်မျိုးကို ရွေးချယ်ရမည်။ ဥပမာ – အရပ်အမြင့်၊ သွေးအမျိုးအစား၊ အသက်၊ မွေးရပ်ဒေသ၊ အစရှိသဖြင့်။

(ခ) ထို့နောက် အချက်အလက်များ လိုက်လံကောက်ယူပါ။

(ဂ) ထိုကိန်းဂဏန်းများကို ပြန်လည်တင်ပြရန် မည်သည့် နည်းလမ်းက အကောင်းဆုံး ဖြစ်နိုင်ကြောင်း ဆုံးဖြတ်ပါ။


- နှိုင်းယှဉ်ချက်များ – အကြောင်းအရာ ၂ ခုနှင့်အထက်တို့ကို နှိုင်းယှဉ်ကြည့်ခြင်း၊ နိမ့်မြင့်တိုင်များဖြင့် သရုပ်ဖော်ပုံများမှာ နှိုင်းယှဉ်ချက်များ ပြုလုပ်ရာတွင် အသုံးဝင်သည်။
- အချိန်အလိုက် ပြောင်းလဲမှု – အချိန်အတိုင်းအတာတစ်ခုတွင် အရာတစ်ခုမြင့်တက်လာမှု၊ လျော့နည်းသွားမှုတို့ ဖြစ်ခြင်းကိုပြခြင်း၊ ဂရပ်ဖ်မျဉ်းများမှာ အချိန်အလိုက် ပြောင်းလဲမှုများကို ပြရာတွင် အသုံးဝင်သည်။
- ပါဝင်ဖွဲ့စည်းမှုပြ သရုပ်ဖော်ပုံများ – အကြောင်းအရာတစ်ခုခု၏ ပါဝင်မှုများ ဖွဲ့စည်းပုံများကို ပြခြင်း၊ စက်ဝိုင်းစိတ် သရုပ်ဖော်ပုံများမှာ ပါဝင်ဖွဲ့စည်းပုံများကို ပြသနိုင်ရန်အတွက် အသုံးဝင်သည်။

(ဃ) စာသင်ခန်း တစ်ခန်းလုံးအတွက် ကိန်းဂဏန်းအချက်အလက် သရုပ်ဖော်ပုံတစ်ခု ပြုလုပ်ပါ။

**အထက်တန်းကျောင်း တက်ဖူးသူများ**

| | |
|---|---|
| မြန်မာ အစိုးရကျောင်းများ | ၁၅ |
| ဒုက္ခသည် စခန်းမှ ကျောင်း | ၆ |
| ရွှေ့ပြောင်းနေထိုင်သူများ ကျောင်း | ၃ |
| ထိုင်း အစိုးရကျောင်း | ၁ |
| အထက်တန်းကျောင်း မတက်ဖူး | ၂ |
| အခြား | ၃ |

**လူမှုသိပ္ပံသင်တန်းမှ ကျောင်းသူ/သားများ အထက်တန်းကျောင်းတက်ရောက်မှုပြ စက်ဝိုင်းစိတ် ဂရပ်ဖ်ပုံ**



## ၅.၃.၂ နေ့စဉ် အချက်အလက်များ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အချက်အလက် ကိန်းဂဏန်းများ ကောက်ယူပြီး ရရှိသည့် ကိန်းဂဏန်း အချက်အလက်များကို ဂရပ်ဖ်ပုံများထဲတွင် ထည့်သွင်းရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင် ရမည်။


**ဘလူးမ်** – အသုံးချခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများက မည်သည့် အချက်အလက် အမျိုးအစားများကို နေ့စဉ် ကောက်ယူမည်ဖြစ်ကြောင်း စဉ်းစားရွေးချယ်ရမည်။ ဥပမာ –

- မိုးလေဝသ သို့မဟုတ် အပူချိန်။
- နေထွက် နေဝင်ချိန်။
- နေ့စဉ်လုပ်ငန်းစဉ်များ။
- စာသင်ခန်းတွင်း တက်ရောက်မှု/ ပျက်ကွက်မှုများ။

(ခ) နေ့တိုင်းတွင် ကျောင်းသူ/သားများက တွေ့ရှိချက် ကိန်းဂဏန်းများကို ဂရပ်ဖ်မျဉ်းတစ်ခုအဖြစ် ပြောင်းလဲရေးဆွဲပေးကြရမည်။

ဒီဇင်ဘာ ၂၀၁၄ နေထွက်ချိန်ပြ ဂရပ်ဖ်မျဉ်း



# ၅.၃.၃ ကိန်းဂဏန်း အချက်အလက်များမှ ဂရပ်ဖ်ပုံသို့

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ကိန်းဂဏန်းအချက်အလက်များ တင်ပြရန် ဂရပ်ဖ်ပုံတစ်ခု ပြင်ဆင်ရေးဆွဲရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။


**ပြင်ဆင်မှု** – ဤလုပ်ငန်းစဉ်ကို ကိန်းဂဏန်း အချက်အလက် ကောက်ယူခြင်းလုပ်ငန်းစဉ် တစ်ခု အပြီးတွင် လုပ်ဆောင်သင့်ပါသည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ တီထွင် ဖန်တီးခြင်း။


(က) ကျောင်းသူ/သားများက ကိန်းဂဏန်းအချက်အလက်များ ကောက်ယူပြီးသည့်အခါ (အခန်း ၅.၂ ကို ကြည့်ပါ)၊ ထိုအချက်အလက်များကို တင်ပြရန် အကောင်းဆုံးနည်းလမ်းကို ဆွေးနွေးဆုံးဖြတ်ကြရမည်။

| သားသမီး အရေအတွက် စစ်တမ်း၊ | | |
|---|---|---|
| အသက် | မြို့ပြ အမျိုးသမီးများ | ကျေးလက် အမျိုးသမီးများ |
| ၁၅ – ၂၅ | ၂ | ၃.၅ |
| ၂၅ – ၃၅ | ၂.၂ | ၃.၆ |
| ၃၅ – ၄၅ | ၃.၁ | ၃.၉ |
| ၄၅ – ၅၅ | ၃.၂ | ၄.၅ |
| ၅၅ – ၆၅ | ၃.၄ | ၄.၅ |
| ၆၅+ | ၃.၉ | ၄.၈ |

(ခ) ကိန်းဂဏန်း အချက်အလက်များကို အကောင်းဆုံး သရုပ်ဖော်နိုင်မည့် ဂရပ်ဖ်ပုံ၊ ဇယားပုံများကို ဖန်တီးရေးဆွဲကြရမည်။



## ဥပမာ အချက်အလက်များ





**မှတ်ချက်**

တစ်ဖက်ပါ ဂရပ်ဖ်ကွက်ကို images.google.com (Google Images) တွင် ရရှိခဲ့ခြင်းဖြစ်သည်။

Google Images သည် ဂရပ်ဖ်ပုံ အမျိုးမျိုး၊ ဇယားကွက်နှင့် သရုပ်ဖော်ပုံအမျိုးမျိုးနှင့် အခြားသော ကိန်းဂဏန်း အချက်အလက်များ အားလုံးကို ကောင်းစွာ ရှာဖွေနိုင်သော နေရာတစ်ခု ဖြစ်ပါသည်။

## ဥပမာ အချက်အလက်များ




**မှတ်ချက်**

စာရင်းဇယားနှင့် သက်ဆိုင်သော ကွန်ပျူတာ ပရိုဂရမ်များ (Microsoft Excel အပါအဝင်) တွင် ဇယားကွက်များ အချက်အလက် သရုပ်ဖော်ပုံများ ဖန်တီးနိုင်သည့် ရှင်းလင်းလွယ်ကူသော နည်းလမ်းများ ပါရှိပါသည်။ တစ်ဖက်ပါပုံမှာ အင်တာနက်မှ အချက်အလက် ကိန်းဂဏန်းအချို့ကို Excel အသုံးပြု၍ ပုံဖန်တီးထားခြင်း ဖြစ်သည်။

# ၅.၃.၄ ပုံကပြသော အကြောင်းအရာ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ဂရပ်ဖ်ပုံတစ်ခုဖြစ်စေ ဇယားတစ်ခုဖြစ်စေ အကြောင်းကို သရုပ်ဖော် ပြောဆိုရမည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – သုံးသပ်ဝေဖန်ခြင်း။

(က) ဇယားကွက် သို့မဟုတ် ဂရပ်ဖ်ပုံ၏ ရည်ရွယ်ချက်ကို ကျောင်းသူ/သားများက ဝါကျတစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းဖြင့် သရုပ်ဖော်ရေးသားရမည်။

ဂရပ်ဖ် မျဉ်းက အင်တာနက်သုံးစွဲမှု ရာနှုန်းကို ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ တစ်ကမ္ဘာလုံးအလိုက်မှာ ဘယ်လောက်ရှိသလဲဆိုတာ ပြထားတာပါ။

စက်ဝိုင်းစိတ် သရုပ်ဖော်ပုံက ထိုင်းနိုင်ငံမှာ ရှိတဲ့ ရွှေ့ပြောင်းလုပ်သားတွေရဲ့ အလုပ်အကိုင်အမျိုးမျိုးကို ကဏ္ဍခွဲပြီး ပြထားတာပါ။

(ခ) ကျောင်းသူ/သားများက မိမိတို့ ရေးသားချက်များကို နှိုင်းယှဉ်ကြရမည်။

## မူကွဲ

ဤလုပ်ငန်းစဉ်ကို **ပိရမစ်ပုံစံ** လုပ်ငန်းစဉ်တစ်ခုအဖြစ်လည်း လုပ်ဆောင်နိုင်သည်။ ကျောင်းသူ/သားများက နှစ်ဦးတွဲ ပထမဆုံး ပူးပေါင်းပြီး သရုပ်ဖော်ချက်တစ်ခုကို ဆွေးနွေးပြီး သဘောတူလိုက်ကြရမည်။ ထို့နောက် နှစ်ဦးတွဲ နှစ်တွဲ စုပေါင်းပြီး လေးဦးအနေနှင့် သရုပ်ဖော်ချက်တစ်ခုကို သဘောတူရွေးချယ်ကြရမည်။ ထို့နောက် နှစ်ဖွဲ့ပေါင်း၊ ထို့နောက် တစ်တန်းလုံးအနေနှင့် ပုံသရုပ်ဖော်ချက်တစ်ခုကို ဝိုင်းဝန်းသဘောတူကြရမည်ဖြစ်သည်။

ဤလုပ်ငန်းစဉ်ကို **ထိန်းကျောင်းကန့်သတ်မှု ပိုမိုပေးရန်အတွက်** စာကြောင်းများမှ သင့်တော်ရာရွေးသော လုပ်ငန်းစဉ်မျိုး ပြုလုပ်နိုင်သည်။ သင့်တော်သော သရုပ်ဖော်ချက် စာသားတစ်ကြောင်းနှင့် သင့်တော်ခြင်းမရှိသော စာကြောင်း လေးကြောင်းခန့်ပေးထားကာ ကျောင်းသူ/သားများက မှန်ကန်သော သရုပ်ဖော်ချက် စာသားတစ်ခုကို ရွေးချယ်ပေးရမည်ဖြစ်သည်။

# ၅.၃.၅ ဧယားကွက်နှင့် ဂရပ်ဖ်ပုံများတွင် စာတမ်းထိုးခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ဇယားသရုပ်ဖော်ပုံ တစ်ခုတွင်ပါသော အစိတ်အပိုင်းများကို အမည်တပ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင် ရမည်။


**ပြင်ဆင်မှု** – အချက်အလက်များကို အမည်၊ ခေါင်းစဉ်ထိုးထားခြင်း မရှိသော ဂရပ်ဖ်တစ်ခု ရှာဖွေထားရပါမည်။

**ဘာလုပ်မ်** – ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ကိန်းဂဏန်းများပါသော ဂရပ်ဖ်ပုံတစ်ပုံ စီစဉ်ပါ။ သို့သော် အောက်ပါတို့မှ အချို့ သို့မဟုတ် အားလုံးကို ချန်လုပ်ထားရပါမည်။

- ဂရပ်ဖ်ပုံ၏ ခေါင်းစဉ်၊ အမည်။
- (ဂရပ်ဖ်မျဉ်းများ၊ နိမ့်မြင့်တိုင်များအတွက်) ဒေါင်လိုက်မျဉ်းနှင့် အလျားလိုက် မျဉ်းများ၏ အမည်များ၊ အညွှန်းများ။
- (စက်ဝိုင်းစိတ် ဂရပ်ဖ်ပုံများ) စက်ဝိုင်းစိတ် ကိုယ်စားပြုသော အကြောင်းအရာအမည်များ၊ အညွှန်းများ။
- ကိန်းဂဏန်းများနှင့် ရာခိုင်နှုန်းများ။

(ခ) ကျောင်းသူ/သားများက ဂရပ်ဖ်ပုံတွင် မပါလာသော အမည်များ ခေါင်းစဉ်များကို မှန်းဆကြရမည်။




## မှုကွဲ

ဤလုပ်ငန်းစဉ်ကို **ပိုမို လွယ်ကူစေရန်အတွက်** ကွက်လပ်ဖြည့်စေခြင်းမျိုး လုပ်ဆောင်နိုင်ပါသည်။ သို့မဟုတ် ခေါင်းစဉ်များ၊ အညွှန်းများကို တချို့တစ်ဝက် ပေးထားခြင်း၊ တစ်စိတ်တစ်ပိုင်း ပေးထားခြင်းမျိုး ပြုနိုင်ပါသည်။

ကျောင်းသူ/သားများကို ခေါင်းစဉ်နှင့် အညွှန်းများ ပေးထားပြီး အချက်အလက် ကိန်းဂဏန်းများကို အခြားမှ ရှာဖွေပြီး (စာအုပ်များ၊ အခြား သင်ခန်းစာ၊ မိမိကိုယ်တိုင် လိုက်လံရှာဖွေခြင်း) ဂရပ်ဖ်တစ်ခုအဖြစ် ဆွဲသားစေခြင်းမျိုးလည်း စီစဉ်နိုင်ပါသည်။

# ၅.၃.၆ ကိန်းဂဏန်းများမှ အချက်အလက်များသို့

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ဇယားကွက်များ ဂရပ်ဖ်ပုံများမှ အချက်အလက်များကို ဖော်ထုတ်ရွေးချယ်ရမည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။

(က) ကျောင်းသူ/သားများက ကိန်းဂဏန်းများကို လေ့လာပြီး အချက်အလက်များကို ရှာဖွေဖော်ထုတ်ရမည်။

- အင်တာနက်အသုံးပြုမှုသည် တစ်ကမ္ဘာလုံးတွင် မြင့်တက်လာနေသည်။
- ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများ၏ အင်တာနက် အသုံးပြုသူ အရေအတွက်မှာ ဖွံ့ဖြိုးဆဲ နိုင်ငံများထက် ပိုမိုများပါသည်။
- ကမ္ဘာ့လူဦးရေတစ်ဝက်အောက်သာ အင်တာနက် အသုံးပြုကြသည်။
- ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူဦးရေ သုံးပုံတစ်ပုံအောက်သာ အင်တာနက် အသုံးပြုကြသည်။

- ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းလုပ်သားများ အများစုမှာ ကာယလုပ်အား အလုပ်များတွင်သာ အလုပ်ရကြသည်။ ဥပမာ – ငါးဖမ်းခြင်း၊ လယ်လုပ်ခြင်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းများတွင် ဖြစ်ကြသည်။
- ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းလုပ်သားများကို အလုပ်အကိုင် အပေးနိုင်ဆုံးမှာ စိုက်ပျိုးရေး လုပ်ငန်းများဖြစ်သည်။

(ခ) ကျောင်းသားများက မိမိတို့ ရေးသားထားသည်တို့ကို လဲလှယ်ကြည့်ရှုကြပြီး ရွေးချယ်ထားသည့်အရာတို့မှာ အချက်အလက်အဖြစ် ယူဆနိုင်ခြင်းရှိ၊ မရှိကို စစ်ဆေးကြရမည်။

## မူကွဲ

အဖွဲ့လိုက် ပြိုင်ဆိုင်စဉ်းစားခြင်းမျိုးလည်း ပြုလုပ်နိုင်ပါသည်။ အဖွဲ့လိုက်အနေနှင့် ကျောင်းသူ/သားများက ၅ မိနစ် အတွင်းတွင် ကိန်းဂဏန်းများပေါ် မူတည်ပြီး အချက်အလက်များ တတ်နိုင်သမျှ အများဆုံးရအောင် စဉ်းစားရေးသားရမည်ဖြစ်သည်။ အများဆုံး ရရှိသော အဖွဲ့က အနိုင်ရရှိမည်ဖြစ်သည်။

# ၅.၃.၇ ကိန်းဂဏန်းများ၏ နောက်ကွယ်

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက ဇယား/ ဂရပ်ဖ်ပုံမှ အစိတ်အပိုင်းများကို စဉ်းစားဖော်ထုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – သုံးသပ်ဝေဖန်ခြင်း။

(က) ဇယားပုံ/ ဂရပ်ဖ်ပုံတွင် မည်သည့်အကြောင်းအရာ အချက်အလက်များ ပါကြောင်း ဆွေးနွေးပါ။

(ခ) ဇယားပုံ/ ဂရပ်ဖ်ပုံတွင် မပါလာသော အကြောင်းအရာများကို ကျောင်းသူ/ သားများက စဉ်းစားရေးချကြရမည်။

ဇယားကွက်မှာ အင်တာနက် ကွန်နက်ရှင် ဘယ်လောက်မြန်သလဲဆိုတာ မပါဘူး။ မြန်မာနိုင်ငံမှာ လူတော်တော်များများ အင်တာနက် သုံးကြတယ်။ ဒါပေမယ့် သုံးရတဲ့ အင်တာနက်က အရမ်းအရမ်း နှေးကွေးလွန်းတယ်။

- ရွှေ့ပြောင်းလုပ်သားတွေက ဘယ်နိုင်ငံတွေကနေ ရွှေ့ပြောင်းလာလဲဆိုတာ မပါဘူး။
- ဘယ်မှာ အလုပ်လုပ်ကြတာလဲ။
- ဘယ်လောက် လစာတွေရကြလဲ။
- လုပ်ငန်းခွင်အခြေအနေတွေက ဘယ်လိုရှိလဲ။
- အလားတူ လုပ်ငန်းခွင်တွေမှာ ဒေသခံ ထိုင်းလူမျိုးဘယ်လောက် ဝင်ရောက်လုပ်ကိုင်ကြသလဲ။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ဇယားပုံ/ ဂရပ်ဖ်ပုံတွင် မပါလာသော အကြောင်းအရာများအကြောင်း အချက်အလက်ရရှိအောင် လုပ်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးပါ။ ဖြစ်နိုင်ပါက ထိုအကြောင်းအရာများအတွက် ကိန်းဂဏန်းများ သုတေသနပြု ရှာဖွေခိုင်းပါ။

# ၅.၃.၈ ဂရပ်ဖ်ပုံ အမျိုးအစား ပြောင်းပါ


**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ကိန်းဂဏန်းများ တင်ပြထားပုံကို ပြောင်းလဲရန်။


**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။


**ဘာလုပ်မဲ့** – အသုံးချခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများက ဂရပ်ဖ်ပုံ အမျိုးအစားတစ်မျိုးကို အခြားအမျိုးအစား တစ်မျိုး အဖြစ်သို့ ပြောင်းလဲရေးဆွဲကြရမည်။

(ခ) တစ်တန်းလုံးအနေနှင့် ကိန်းဂဏန်း အချက်အလက် တစ်စုံတည်းကို ဂရပ်ဖ်ပုံ အမျိုးအစား မည်မျှနှင့် စုံလင်အောင် တင်ပြနိုင်ကြောင်းကြည့်ပါ။



# ၅.၄ မြေပုံများ

## မြေပုံများ အသုံးချခြင်း

### (က) မြေပုံ အမျိုးအစားများ

ယနေ့ကမ္ဘာတွင် မြေပုံများကို ကြည့်ရှုနားလည်နိုင်ခြင်းသည် အရေးပါသော စွမ်းရည်တစ်ရပ် ဖြစ်ပါသည်။ မြေပုံ အမျိုးအစားများလည်း အမျိုးမျိုးရှိပါသည်။ အောက်ပါတို့မှာ ကျောင်းသူ/သားများအနေနှင့် နားလည်ရန် လိုအပ်သော အဓိကအမျိုးအစားများ ဖြစ်ကြသည်။




- **နိုင်ငံ မြေပုံများ ။** ။ နိုင်ငံမြေပုံများက မြို့ကြီးများ၊ မြို့နယ်များနှင့် နိုင်ငံနယ်နိမိတ်များကို ပြသသည်။ မှတ်ချက် – အချို့နိုင်ငံ မြေပုံများမှာ သမိုင်းပြ နိုင်ငံမြေပုံများလည်း ဖြစ်နေနိုင်သည်။ သမိုင်းတစ်ချိန်ချိန်က ရှိခဲ့ဖူးသော နိုင်ငံနယ်နိမိတ်များကို ပြခြင်းလည်း ဖြစ်နိုင်သည်။ ရှင်းလင်းချက်များ အညွှန်းများကို ဂရုစိုက်ပြီး ကြည့်ရှုသင့်သည်။ ရံဖန်ရံခါလည်း **လောင်ဂျီတွဒ်**မျဉ်းများနှင့် **လတ္တီတွဒ်**မျဉ်းများလည်း ပါဝင်ပြီး ထိုမျဉ်းများ အသုံးပြုကာ တည်နေရာ အတိအကျ ရှာဖွေခြင်းများ ပြုလုပ်နိုင်သည်။




- **ပထဝီဝင် အနေအထားပြ မြေပုံ ။** ။ဒေသတစ်ခု၏ ထင်ရှားသော ပထဝီဝင် အနေအထားများကို ပြသသည့် မြေပုံဖြစ်သည်။ တောင်များ၊ တောများ၊ မြစ်၊ ကန် စသဖြင့် ပြသသည်။ ရေရှိရာကို အပြာရောင်ဖြင့် အမြဲပြသပြီး တောင်များကို အမြင့်အလိုက် အရောင်ခွဲပြီး ပြသလေ့ရှိသည်။ ဥပမာ – အနိမ့်ပိုင်းများကို အစိမ်းရင့်ဖြင့် ပြသကြပြီး ကုန်းမြင့်များကို လိမ္မော်ရောင်နှင့် အညိုရင့်ရောင်တို့ဖြင့် ပြသလေ့ရှိသည်။ မြေမျက်နှာသွင်ပြင်ပြ မြေပုံများမှာလည်း ပထဝီဝင်အနေအထားပြ မြေပုံတစ်မျိုးပင်ဖြစ်သည်။ ၎င်းတို့က ကွန်တိုမျဉ်းများနှင့် မြေပြင် အနိမ့်အမြင့်ကို ခွဲခြားပြသသည်။





- **လမ်းပြမြေပုံ ။** ။ ဤမြေပုံများက မြို့နယ်များ၊ မြို့ကြီးများ၊ လမ်းသွယ်များနှင့် လမ်းမများကို ပြသသည်။ အခြားသော လူလုပ်တည်ဆောက်မှု ဖြစ်သော တံတားများ၊ လေဆိပ်၊ ရထားလမ်း၊ စသည်တို့ကိုလည်း ပြသသည်။ ထို့ပြင် နယ်စပ်မျဉ်းများ၊ မြစ်၊ ရေကန်နှင့် အခြားထင်ရှားသော ပထဝီ အနေအထားများကိုလည်း ပြသနိုင်သည်။ လမ်းပြမြေပုံများတွင် ဆေးရုံများ၊ သံရုံးများ၊ ဘာသာရေး အဆောက်အအုံများ စသည့် အရေးပါသည့် နေရာများကိုလည်း ပြသထားနိုင်သည်။

- **ရပ်ရွာမြေပုံ ။   ။** ဒေသခံလူထုက ဒေသတွင် အရေးပါသော နေရာများကို ပြသရန်အတွက် ပြုစုရေးဆွဲထားသော မြေပုံများဖြစ်သည်။ များသောအားဖြင့် ရပ်ရွာအတွက် အရေးပါသော နေရာများ ဖြစ်ကြသည့် နေရာများကို မှတ်သားဖော်ပြသည်။ ဥပမာ – အမဲလိုက်ကွင်း၊ ဘာသာရေး နေရာများ၊ လယ်ယာမြေများနှင့် သဘာဝရင်းမြစ်များ ရရှိနိုင်ရာ နေရာများတို့ ဖြစ်ကြသည်။




- **သီးသန့် အကြောင်းအရာ မြေပုံများ ။   ။** လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ သမိုင်းကြောင်း၊ စိုက်ပျိုးရေးစသည့် နယ်ပယ်များမှ သီးသန့်အကြောင်းအရာ တစ်စုံတစ်ခုကို ပြသည့် မြေပုံများဖြစ်သည်။ ဥပမာ – မြေပုံတစ်ခုအတွင်းတွင် နိုင်ငံတစ်နိုင်ငံ၏ လူနေထူထပ်မှု အခြေအနေကို ထည့်သွင်းပြနိုင်သလို၊ မွေးဖွားမှုနှင့် သေဆုံးမှုနှုန်းများကို ပြသနိုင်သည်။ သီးသန့်အကြောင်းအရာ မြေပုံများသည် စစ်တမ်းရလဒ် ကိန်းဂဏန်းများကိုပြသည့် ဇယားကွက်များအတိုင်းပင် အသုံးဝင်သည်။ အချက်အလက်များနှင့် ဒေသအနေအထားများကို မြင်သာအောင် ပုံဖော်ပြသနိုင်ပေသည်။ သီးသန့်အကြောင်းအရာ မြေပုံများအနက် အသုံးများသည့် အမျိုးအစားများမှာ –

  - **ဥတုပြမြေပုံများ ။   ။** ဤမြေပုံများက ရာသီဥတု အခြေနေများနှင့် ပတ်သက်သော အချက်အလက်များကို ပြသသည်။ ဥပမာ – တစ်နှစ်စာ မိုးရေချိန် သို့မဟုတ် တိမ်ထူသည့် ရက်အရေအတွက် စသည်တို့ ဖြစ်သည်။ ဒေသအသီးသီးမှ အပူချိန်အမျိုးမျိုးကို ပြသရန်အတွက် အရောင်အမျိုးမျိုး အသုံးပြုလေ့ ရှိသည်။




  - **စီးပွား/ရင်းမြစ်ပြမြေပုံ ။   ။** ဒေသတစ်ခုရှိ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် သဘာဝရင်းမြစ်များ ရှိရာနေရာများကို ပြသသည့် မြေပုံ ဖြစ်သည်။ အရောင်များ သင်္ကေတများကို အမျိုးမျိုးအသုံးပြုကြသောကြောင့် မြေပုံညွှန်းကို သေချာဖတ်ရှုမှသာ နားလည်နိုင်ပေမည်။






  - **သမိုင်းပြမြေပုံ ။   ။** များသောအားဖြင့် နိုင်ငံမြေပုံများ ဖြစ်ကြပြီး သမိုင်းကြောင်းမှ အချိန် တစ်စိတ် တစ်ဒေသတွင် ရှိခဲ့သော အခြေအနေများကို ပြသသော မြေပုံများ ဖြစ်သည်။


## (ခ) အတိုင်းအတာ အချိုးအစားများနှင့် လောင်ဂျီတွဒ်မျဉ်း လတ္တီတွဒ်မျဉ်းများ

အတိုင်းအတာ အချိုးအစားများနှင့် လောင်ဂျီတွဒ်၊ လတ္တီတွဒ်မျဉ်းများအကြောင်း နိဒါန်းပျိုးခြင်းနှင့် အသုံးပြုနိုင်ရန် လေ့ကျင့်မှုများအတွက် နည်းလမ်းများကို ဆက်လက် ဖတ်ရှုနိုင်ပါသည်။


- **အချိုးအစားများ ။** ။ မြေပုံ အားလုံးနီးပါးတွင် ၎င်းတို့၏ အတိုင်းအတာများ အကြောင်းကို ထည့်သွင်းပေးကြသည်။ ပြင်ပတွင် တည်ရှိသည့် အတိုင်းအတာများထက် အဆပေါင်း မည်မျှ အချိုးအစားကိုက် ချုံ့ထားကြောင်းကို အတိုင်းအတာများ အကြောင်းတွင် ကြည့်နိုင်သည်။ ဥပမာ – မြေပုံတစ်ခု အချိုးအစားမှာ ၁း၂၅၀၀၀ ဖြစ်ပါက မြေပုံပေါ်မှ အတိုင်းအတာတစ်ခု (တစ်လက်မ၊ တစ်စင်တီမီတာ) သည် ပြင်ပတွင် အဆ ၂၅၀၀၀ ရှိမည်ဟု အဓိပ္ပာယ်ရသည်။ မြေပုံတစ်ခု၏ အချိုးအစားသည် လမ်းပြမြေပုံ၊ မြို့မြေပုံ၊ ကမ္ဘာ့တိုက်ကြီးတစ်တိုက်၏ မြေပုံစသည်ဖြင့် မြေပုံအမျိုးအစားနှင့် သုံးစွဲသည့် ရည်ရွယ်ချက်များ အပေါ်တွင် မူတည်မည်။




- **လောင်ဂျီတွဒ်မျဉ်း၊ လတ္တီတွဒ်မျဉ်းများ ။** ။ ဤမျဉ်းနှစ်မျိုးမှာ ကမ္ဘာပေါ်မှ နေရာတိုင်းအတွက် တိကျသော လိပ်စာများအလား အသုံးဝင်သည်။ တည်နေရာတစ်ခုက ကမ္ဘာ့မြောက်ဘက် (သို့မဟုတ် တောင်ဘက်) သို့ မည်မျှ ရောက်သည်၊ အရှေ့ (သို့မဟုတ် အနောက်) သို့ မည်မျှ ရောက်သည်ဟူသည်ကို မှတ်သားပေးနိုင်သည်။ တောင်ဘက် သို့မဟုတ် မြောက်ဘက်သို့ မည်မျှရောက်သည်ကို အီကွေတာမျဉ်းမှ တိုင်းတာကြသည်။ ထို့နောက် အဓိက လောင်ဂျီတွဒ်မျဉ်းဖြစ်သည့် လန်ဒန် ဂရင်းနစ်မျဉ်းမှ အရှေ့ဘက် သို့မဟုတ် အနောက်ဘက်သို့ မည်မျှရောက်ကြောင်း တိုင်းတာသည်။ အချို့မြေပုံများတွင် ဝဲမှယာသို့ ဖြတ်နေသော မျဉ်းများပါသည်။ ၎င်းတို့မှာ လတ္တီတွဒ်မျဉ်းများ ဖြစ်ကြသည်။ ထို့ပြင် အပေါ်မှ အောက်သို့ ဖြတ်ထားသော မျဉ်းများလည်းပါသည်။ ထိုမျဉ်းများမှာမူ လောင်ဂျီတွဒ်မျဉ်းများ ဖြစ်ကြသည်။ နေရာတစ်ခုသည် လောင်ဂျီတွဒ်မည်မျှ လတ္တီတွဒ်မည်မျှဟု ပြောရာတွင် ထိုနေရာသည် တောင်/မြောက်၊ ရှေ့/နောက် မည်သည့် ဒီဂရီများတွင် ရှိနေသည်ဟု ပြောခြင်း ဖြစ်သည်။ ဥပမာ – နယူးယောက်မြို့သည် မြောက်လတ္တီတွဒ် ၄၀.၁ ဒီဂရီနှင့် အနောက် လောင်ဂျီတွဒ် ၇၄ ဒီဂရီတွင် ရှိသည်။



Credit: Illinois State University

# လူမှုသိပ္ပံဘာသာရပ်များကို ကိုယ်ရေးပြုခြင်း

## မြေပုံများ

မိမိ၏ ကျောင်းသူ/သားများက ၎င်းတို့၏ လူမှုသိပ္ပံဘာသာရပ် သင်ခန်းစာများတွင် မြေပုံများကို အသုံးပြုပြီးသည့်နောက် သို့မဟုတ် ထိုသို့ အသုံးမပြုခင်တွင် ကျောင်းသူ/သားများ၏ ကိုယ်ပိုင်ရပ်ရွာ မြေပုံများ ပြုလုပ်စေနိုင်ပါသည်။ (သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေး အကြောင်းအရာ သီးသန့် မြေပုံများပါ အပါအဝင် ပြုလုပ်စေနိုင်ပါသည်။)

ထိုလုပ်ငန်းစဉ်များသည် မိမိကျောင်းသူ/သားများကို သင်ခန်းစာပြင်ပ အကြောင်းအရာများကိုပါ ထည့်သွင်း စဉ်းစား ဆင်ခြင်စေနိုင်ပါသည်။ မြေပုံအသုံးပြုခြင်း ကျွမ်းကျင်မှု၏ အရေးပါမှုကို ဘဝတစ်လျှောက်တွင် နေရာမျိုးစုံ၌ တွေ့ရှိနိုင်သည်။ သို့သော် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ခရီးသွားခြင်းနှင့် သုတေသနပြုခြင်းတို့ ပါဝင်သော လုပ်ငန်းစဉ်များတွင်မူ အထူးသဖြင့် ပိုမိုအရေးပါလာသည်ဟု ပြောနိုင်ပါသည်။

လုပ်ငန်းစဉ် ၅.၄.၁ မှ ၅.၄.၃ အထိတွင် ကျောင်းသူ/သားများသည် မိမိတို့ကိုယ်တိုင် သို့မဟုတ် မိမိတို့ ရပ်ရွာနှင့် ပတ်သက်သော မြေပုံများကို ဖန်တီးရေးဆွဲခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လုပ်ငန်းစဉ် ၅.၄.၄ မှ ၅.၄.၁၁ အထိမှာ ပြင်ပမှ ရရှိသော မြေပုံများကို ကြည့်ရှုဆောင်ရွက်ရမည် ဖြစ်ပါသည်။

# ၅.၄.၁ ရပ်ရွာမြေပုံ ဆွဲခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက ရပ်ရွာ မြေပုံတစ်ခု ရေးဆွဲကြရန်။

**အခြေအနေ** – အဖွဲ့လိုက်လုပ်ဆောင်ရမည်။ ဤလုပ်ငန်းစဉ်ကို သင်ခန်းစာများ တစ်လျှောက် ဆက်တိုက် လုပ်ဆောင်သွားနိုင်သည်။ စာသင်ခန်း ပြင်ပ အချိန်များတွင်ပါ လုပ်ဆောင်ရန် လိုအပ်နိုင်သည်။ လေးဖက်ညီ စတုရန်းပုံ စာရွက်များတွင် မြေပုံ ရေးဆွဲပါက ပို၍ အဆင်ပြေမည် ဖြစ်သည်။

**ဘလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) ရပ်ရွာမှ မည်သည့် အပိုင်းကို မြေပုံ ရေးဆွဲမည်ဖြစ်ကြောင်း ကျောင်းသူ/သားများက သတ်မှတ်ရမည်။

(ခ) အသုံးပြုမည့် သင်္ကေတများ အရောင်များကို ရွေးချယ် သတ်မှတ်ရမည်။ ကျောင်းသူ/သားများနှင့် အတန်းအပေါ် မူတည်ပြီး အချို့အရာများကို ထည့်သွင်းရေးဆွဲရန် လို၊ မလို ဆုံးဖြတ်ကြရမည်။ ဥပမာ –

- အိမ်များကို စတုရန်းကွက်ကလေးများနှင့် သင်္ကေတပြုမည်။
- ဘုရားကျောင်းများအတွက် လက်ဝါးကပ်တိုင်ပုံ။
- စေတီများအတွက် တြိဂံပုံ။
- ဗလီများအတွက် ကြယ် သို့မဟုတ် လခြမ်းပုံ။
- သစ်တောအတွက် အစိမ်းရောင်နှင့် ရေအတွက် အပြာရောင်။
- အိမ်နှင့် အခြား အဆောက်အဦးများအတွက် ခဲရောင်။
- လမ်းများအတွက် မျဉ်းကြောင်းများ။
- ရထားလမ်းအတွက် နှစ်ကြောင်းဆွဲ မျဉ်းများ။

(ဂ) ထို့နောက် မြေပုံကို မည်သည့် အချိုးအစားနှင့် ဆွဲသားမည်ဖြစ်ကြောင်း သတ်မှတ်ရမည်။ (ဥပမာ – ပြင်ပမှ ၂၀ မီတာ အတွက် မြေပုံပေါ်တွင် ၁ စင်တီမီတာ)။ စတုရန်းပုံ စာရွက်ပေါ်တွင် ရေးဆွဲပါက ပိုမို လွယ်ကူမည်ဖြစ်သည်။

(ဃ) ကျောင်းသူ/သားများက အဆိုပါ နေရာသို့ သွားရောက်ပြီး မြေပုံကို တတ်နိုင်သမျှ မှန်ကန်မှုရှိအောင် ဆွဲသားကြရမည်။

(င) အဖွဲ့များက မိမိတို့ မြေပုံများကို စုစည်းကြရမည်။ မြေပုံညွှန်းများတွင် သင်္ကေတများနှင့် အချိုးအစား အတိုင်းအတာများကိုလည်း ထည့်သွင်းဖော်ပြရမည်။

## မူကွဲ

သမိုင်းသင်ခန်းစာများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း သင်ခန်းစာများအတွက် မြေပုံနှစ်ခု ဆွဲသားခိုင်းနိုင်ပါသည်။ တစ်ပုံမှာ လက်ရှိ အခြေအနေများအတွက်ဖြစ်ပြီး အခြားတစ်ပုံမှာ အတိတ်အခြေအနေများဖြင့် သမိုင်းပြမြေပုံ ဖြစ်ရမည်။ ထိုမြေပုံနှစ်ခုကို နှိုင်းယှဉ်ကြည့်ခိုင်းနိုင်သည်။

မိမိရပ်ရွာအတွက် စီမံကိန်းများ ပြုလုပ်ပေးရန် ပြင်ဆင်နေပါကလည်း ထိုလုပ်ငန်းများအတွက် အရေးပါသော မေးခွန်းများကို အဖြေထုတ်ရန်အတွက် ရပ်ရွာမြေပုံများကို ရေးဆွဲနိုင်သည်။ ဥပမာ – အစိမ်းရောင် မြေနေရာကို အလိုအပ်ဆုံးမှာ မည်သူတို့ ဖြစ်သနည်း။ သို့မဟုတ် မိမိတို့ ရပ်ရွာအတွင်းမှ အန္တရာယ်အများဆုံး နေရာများမှာ အဘယ်တို့နည်း။ အဘယ့်ကြောင့် အန္တရာယ်များသနည်း စသည့် မေးခွန်းမျိုးကို ရပ်ရွာမြေပုံများနှင့် ပြသဖြေဆိုနိုင်သည်။

# ၅.၄.၂ ကိုယ်ရေး မြေပုံ


**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက မြေပုံတစ်ခုအပေါ်တွင် ထည့်သွင်းချက်များ ပေါင်းထည့် ရေးသားရန်။

**အခြေအနေ** – ကျောင်းသူ/ သားများတွင် ရပ်ရွာ မြေပုံ သို့မဟုတ် မြို့နယ် မြေပုံမျိုး လိုအပ်သည်။

**ဘလူးမ်** – အသုံးချခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/ သားများတွင် မိမိတို့ရပ်ရွာ၊ မြို့နယ်၊ မြို့ကြီးမြေပုံ လိုအပ်သည်။ ထိုမြေပုံပေါ်တွင် မိမိတို့အတွက် အရေးပါသော နေရာများကို အမှတ်အသား ပြုကြရမည်။

(ခ) မိမိတို့ မြေပုံများပေါ်တွင် ထိုအရေးပါသော နေရာများကို ရေးခြစ်မှတ်သားရမည်။ ထိုနေရာ အဘယ့်ကြောင့် အရေးပါကြောင်းကို ရှင်းလင်းသော ရှင်းလင်းချက်သော်လည်းကောင်း၊ ထိုနေရာများအကြောင်း ရှင်းလင်းပြောပြသော မြေပုံညွှန်းများသော်လည်းကောင်း ရေးသားကြရမည်။



# ၅.၄.၃ သီးသန့် အကြောင်းအရာ မြေပုံတစ်ခု ရေးဆွဲခြင်း


**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက သီးသန့် အကြောင်းအရာ မြေပုံတစ်ခု ရေးဆွဲကြရန်။

**အခြေအနေ** – သင်ခန်းစာပါ နေရာဒေသပါသော မြေပုံလွတ်တစ်ခု လိုအပ်သည်။

**ဘာလုပ်မလဲ** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများ လေ့လာနေသည့် နေရာဒေသတစ်ခု၏ မြေပုံအလွတ်တစ်ခု ရှာဖွေထားပါ သို့မဟုတ် ဆွဲသားပါ။

(ခ) ထိုမြေပုံလွတ်ပေါ်တွင် သက်ဆိုင်ရာ ဝိသေသများ လိုက်လံ ရေးဖြည့်ကြရမည်။ ထိုသို့ ရေးဖြည့်ရာတွင် သင်ခန်းစာ ဖတ်စာပါ အကြောင်းအရာများ၊ ရုပ်ရှင်များ၊ ရုပ်ပုံများ၊ အခြား သုတေသနပြုချက်များ၊ အခြား မြေပုံများ စသည့် ရင်းမြစ်များမှ ရှာဖွေ ကြည့်ရှုနိုင်သည်။




## ဥပမာ အချက်အလက်များ

**မှတ်ချက်**

maps.google.com မှ ရရှိထားသော တစ်ဖက်ပါ လမ်းပြမြေပုံသည် ဖားအံမြို့၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

maps.google.com တွင် တစ်ကမ္ဘာလုံးမှ နေရာစုံ၏ မြေပုံများကို ရရှိနိုင်သည်။ နေရာများ၊ လမ်းများကို ဂြိုဟ်တုမှ ရိုက်ယူထားသော ဓာတ်ပုံများ၊ အများသုံး သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ၊ ယာဉ်လမ်းကြောင်းများ စသည်တို့ကိုလည်း ရရှိနိုင်သည်။



ဥပမာ အချက်အလက်များ

**မှတ်ချက်**

အောက်ပါ မြန်မာနိုင်ငံ မြေပုံသည် မြေပုံ အခမဲ့ ဝေငှသော ဝက်ဘ်ဆိုဒ်တစ်ခုမှ ရရှိထားခြင်းဖြစ်သည်။

ထိုမြေပုံက မြန်မာနိုင်ငံမှ အဓိကမြို့ကြီးများနှင့် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော အခြားနိုင်ငံများမှ အဓိကမြို့ကြီးများကို ပြသထားသည်။ ကမ္ဘာ့မည်သည့် နေရာတွင် ရှိသည်ကို ပြနိုင်ရန်အတွက်လည်း လောင်ဂျီတွဒ်၊ လတ္တီတွဒ်မျဉ်းများ ပါဝင်သည်။ လက်ဝဲဘက် အောက်ထောင့်တွင်လည်း အကွာအဝေး တိုင်းတာနိုင်ရန်အတွက် အချိုးအစားပြအညွှန်းကို မြင်နိုင်ပါသည်။




http://ian.macky.net/pat/index.html



## ဥပမာ အချက်အလက်များ

### မှတ်ချက်

ဤမြေပုံလွတ်ကို wikimedia.org မှ ရယူထားခြင်း ဖြစ်သည်။ နိုင်ငံများ၏ မြေပုံလွတ်များကို အင်တာနက်တွင် လွယ်ကူစွာ ရရှိနိုင်ပါသည်။

ရှာဖွေနိုင်သည့် တစ်နည်းမှာ image.google.com သို့ သွားရောက်ပြီး Blank map Myanmar ဟု ရေးသွင်းရှာဖွေခြင်းမျိုး ဖြစ်သည်။ အခြားနိုင်ငံမြေပုံများကိုလည်း အလားတူ ရှာဖွေနိုင်သည်။ အခြားဝက်ဘ်ဆိုဒ်များတွင်လည်း အခမဲ့ ရယူနိုင်သော မြေပုံလွတ်များကို JPG PNG စသည့် အမျိုးအစားများဖြင့် ရရှိနိုင်ပါသည်။

ထို့ပြင် နိုင်ငံမြေပုံများကို ကျောင်းသူကျောင်းသားများက ဝိသေသများ ရေးသွင်းဖြည့်ကြခြင်းများ ပြုနိုင်သည့် အပြင် စက္ကူပါးထပ်ကာ ကူးဆွဲခြင်းများ ပြုလုပ်ပြီး မြေပုံများ ပွားယူနိုင်ပါသည်။

အောက်ပါ အင်တာနက် ဝက်ဘ်ဆိုဒ်များတွင်လည်း အသုံးဝင်သော မြေပုံများ ရရှိနိုင်ပါသည်။

- eduplace.com/ss/ maps
- worldatlas.com/webimage/testmaps/maps.htm
- geography.about. com/library/blank/blxinex.htm
- freeworldmaps.net

# ၅.၄.၄ မြေပုံ၏ အဓိက ရည်ရွယ်ချက်ရှာပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက မြေပုံတစ်ခုကို သရုပ်ဖော် ပြောဆိုရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။

(က) ကျောင်းသူ/ သားများက မြေပုံတစ်ခု၏ အဓိက ရည်ရွယ်ချက်အကြောင်းကို (ဝါကျ တစ်ကြောင်းသို့ နှစ်ကြောင်းခန့်ဖြင့်) ရေးသား သရုပ်ဖော်ရမည် ဖြစ်သည်။

ဒီမြေပုံက ဖားအံမြို့ရဲ့ လမ်းပြမြေပုံတစ်ခုပါ။ အဓိကလမ်းမကြီးတွေနဲ့ အဓိကနေရာ အချို့ကို ပြထားပါတယ်။ တစ်နေရာကနေ နောက်တစ်နေရာကို ဘယ်လောက်ကွာလဲဆိုတာ ပြောပြနိုင်ပါတယ်။

ဒါက မြန်မာနိုင်ငံမြေပုံတစ်ခုပါ။ အဓိက မြို့ကြီးတွေနဲ့ အခြား ပထဝီဝင် အနေအထားတွေကို ပြထားပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်နိမိတ်တွေ ဘယ်လို ခြားနားထားတယ်ဆိုတာကိုလည်း ပြပါတယ်။

(ခ) ထို့နောက် ကျောင်းသူ/ သားများက မိမိတို့၏ သရုပ်ဖော်ရေးသားချက်များကို နှိုင်းယှဉ် ကြည့်ရှုကြရမည်။

## မှတ်ချက်

ဤလုပ်ငန်းစဉ်ကို **ပိရမစ်**ပုံစံဖြင့်လည်း ဆောင်ရွက်နိုင်သည်။ တစ်ဦးချင်းစီ သရုပ်ဖော် ရေးသားပြီးနောက် နှစ်ဦးတွဲပြီး သရုပ်ဖော်ချက်တစ်ခုကို သဘောတူညီကြရမည်။ ထို့နောက် နှစ်ဦးတွဲ နှစ်တွဲ ပူးပေါင်းကာ လေးဦးတစ်ဖွဲ့အနေနှင့် မိမိတို့၏ သရုပ်ဖော် ရေးသားချက်တစ်ခုကို သဘောတူညီကြရမည်။ ထို့နောက် နှစ်ဖွဲ့ပေါင်းပြီး အလားတူလုပ်ဆောင်ရမည်။ နောက်ဆုံးတွင် တစ်တန်းလုံးအနေနှင့် ဝိုင်းဝန်း သဘောတူသည့် ဖော်ပြချက်တစ်ခု ထွက်လာမည်ဖြစ်သည်။

ဤလုပ်ငန်းစဉ်ကို **ထိန်းကျောင်းကန့်သတ်မှု ပိုမို**ပေးလိုပါက အဖြေမှန် ရွေးခိုင်းသည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်နိုင်သည်။ မြေပုံကို သရုပ်ဖော်ရေးသားချက်အမှန် ၁ ခုကို မမှန်သော ရေးသားဖော်ပြချက်များနှင့်ရောပြီး အဖြေမှန် ရွေးခိုင်းခြင်းမျိုးဖြစ်သည်။

ကျောင်းသူ/ သားများတွင် မြေပုံများပါသော ဖတ်စာအုပ်ရှိပါက စာအုပ်ထဲမှ မြေပုံများမှ အချို့ကို ရွေးထုတ်ခိုင်းပါ။ ထို့နောက် ထိုမြေပုံတစ်ခုစီ အတွက် ရည်ရွယ်ချက်၊ ထိုမြေပုံနှင့် စာသားနှင့် မည်သို့ ဆက်စပ်သည်။ (စာသားကို မည်သို့ ထောက်ပံ့သည်၊ စာသားနှင့် ပတ်သက်သော အချက်အလက်များ ထပ်ပေးသည် စသည်ဖြင့်) ဆိုသည့် အချက်များကို စာရင်းပြုခိုင်းနိုင်သည်။

# ၅.၄.၅ မြေပုံ အသုံးချနည်းများ

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက မြေပုံတစ်ခုကို မည်သို့ အသုံးချနိုင်သည်ကို ရှာဖွေကြရမည်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – မှတ်မိသိရှိခြင်း၊ နားလည် သဘောပေါက်ခြင်း။

(က) မြေပုံ တစ်ခုကို အသုံးပြုနိုင်သည့် နည်းအမျိုးမျိုးကို ကျောင်းသူ/ သားများက ရသမျှ စဉ်းစား စာရင်းပြုရမည်။

(ခ) ထို့နောက် ရရှိလာသည့် စာရင်းကို အခြားအတန်းဖော် သို့မဟုတ် အခြား အဖွဲ့နှင့် တိုက်ဆိုင် နှိုင်းယှဉ်ကြည့်ကြရမည်။

- တစ်နေရာကနေ တစ်နေရာကို ဘယ်လိုသွားရမလဲ သိဖို့
- နေရာ နှစ်ခု ဘယ်လောက်ကွာဝေးလဲ သိဖို့
- နေရာတစ်ခု ဘယ်လမ်းပေါ်မှာရှိလည်း ရှာဖို့
- တစ်နေရာကနေကြည့်ရင် နောက်တစ်နေရာက ဘယ်နားလဲသိဖို့

- မြို့တွေကြားမှ ဘယ်လောက်ကွာလဲ သိရဖို့
- တစ်နေရာက အခြားနေရာရဲ့ ဘယ်ဘက်မှာရှိလဲဆိုတာသိဖို့
- အဓိက မြစ်ကြီးတွေနဲ့ တောင်တွေ ဘယ်နားမှာရှိလဲ သိဖို့
- မြန်မာနိုင်ငံနဲ့ ဘယ်နိုင်ငံတွေ နယ်နိမိတ်ထိစပ်နေလဲ သိဖို့
- မြို့တော်တွေနဲ့ အရေးပါတဲ့ တည်နေရာတွေ ရှာဖွေဖို့

# ၅.၄.၆ ဝိသေသများ ပေါင်းထည့်ခြင်း


**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက မြေပုံတစ်ခုပေါ်တွင် ဝိသေသများ ပေါင်းထည့်ခြင်း၊ နာမည်ထိုးခြင်းများ ပြုလုပ်ရန်။

**အခြေအနေ** – ဝိသေသများကို အမည် အညွှန်းမထိုးထားသော မြေပုံလွတ်တစ်ခု လိုအပ်သည်။ (ဥပမာ – မျဉ်းကြောင်းများဖြင့်သာ ဆွဲသားထားသော မြေပုံလွတ်တစ်ခု)

**ဘလူးမ်** – အသုံးချခြင်း။

(က) ကျောင်းသူ/သားများက မြေပုံတစ်ခုပေါ်တွင် ဝိသေသများ ပေါင်းထည့်ကြရမည်။ ထိုသို့ ထည့်ရာတွင် –

- နောက်ခံ ဗဟုသုတ။
- အခြား မြေပုံများမှ ကိုးကား ကြည့်ရှုခြင်း။
- စာသားတစ်ခုခုမှ ရရှိသော အချက်အလက်တို့ကို အသုံးပြုနိုင်ပါသည်။



# ၅.၄.၇ အရပ်မျက်နှာ ရှာခြင်း

(က) မြေပုံပေါ်မှ နေရာ ၂ ခုကို အော်ခေါ်ပေးပါ။

(ခ) ကျောင်းသူ/သားများက ပထမနေရာသည် ဒုတိယနေရာ၏ မည်သည့် အရပ်မျက်နှာတွင်ရှိကြောင်း ဝိုင်းဝန်း ပြောဆိုရမည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အရပ်ရှစ်မျက်နှာ အညွှန်းကို အသုံးပြုပြီး အရပ်မျက်နှာများ မှန်အောင် ပြောကြရန်။

**အခြေအနေ** – အရပ်ရှစ်မျက်နှာ အညွှန်း ပါသော မြေပုံတစ်ခု လိုအပ်သည်။ တစ်တန်းလုံးက မြေပုံတစ်ခုတည်းကို တစ်ပြိုင်နက် မြင်နိုင်ရန်လိုသည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း။




## မူကွဲ

ဤလုပ်ငန်းစဉ်ကို **ထိန်းကျောင်းကန့်သတ်မှု ပိုပေးရန်အတွက်** မှန်/မှားရွေးသော လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်နိုင်သည်။ ကျောင်းသူ/သားများကို နေရာများ၏ အရပ်မျက်နှာများအကြောင်းပြောသော ဖော်ပြချက်များကိုပေးပြီး ဖော်ပြချက်တစ်ခုချင်းစီမှ အရပ်မျက်နှာများ မှန်/မမှန် စစ်ဆေးပါစေ။

# ၅.၄.၈ ဘယ်လောက်ဝေးသလဲ

(က) ကျောင်းသူ/သားများကို မြေပုံပေါ်မှ အရာများ၏ အကွာအဝေးရှာသော မေးခွန်းများ မေးပါ။

(ခ) မြေပုံမှ အတိုင်းအတာ အချိုးအစားများကို အသုံးပြုပြီး နေရာနှစ်ခုကြားမှ အကွာအဝေးများကို ခန့်မှန်းခိုင်းပါ။ လက်ချောင်းများဖြင့် တိုင်းတာကြည့်ခြင်း၊ ကြိုးစတစ်ခုဖြင့် တိုင်းတာကြည့်ခြင်း၊ အမြင်ဖြင့် မှန်းဆခြင်း စသည်တို့ ပြုလုပ်နိုင်ပါသည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက မြေပုံအချိုးအစား အတိုင်းအတာများကို အသုံးပြုပြီး အကွာအဝေး တိုင်းတာခြင်းများ လုပ်ဆောင်ရန်။

**အခြေအနေ** – အတိုင်းအတာ အချိုးအစား ပါသော မြေပုံတစ်ခု လိုအပ်သည်။

**ပြင်ဆင်မှု** – မြေပုံပေါ်မှ နေရာများ၏ အကွာအဝေးများအကြောင်း မေးထားသော မေးခွန်းများ ရေးသားထားပါ။

**ဘလူးမ်** – အသုံးချခြင်း။

## မူကွဲ

ကျောင်းသူ/သားများကို နိုင်ငံ၏ အကျယ်ဆုံးနေရာတွင် မည်မျှ ကျယ်ကြောင်းနှင့် အလျားအရှည်များ တိုင်းတာခိုင်းနိုင်ပါသည်။ ထို့ပြင် မြေအသွင်အပြင်တစ်ခု၏ အလျားအရှည် မည်မျှရှိကြောင်း။ (ဥပမာ – မြစ်တစ်မြစ်၊ ကမ်းရိုးတန်း) တိုင်းတာခိုင်းနိုင်သည်။

ရန်ကုန်မှ ဒါကာသို့ မည်မျှ ဝေးသနည်း။


*မိုင် ၇၀၀ ခန့်*

အကျယ်ဆုံးနေရာတွင် မြန်မာနိုင်ငံမှာ မည်မျှ ကျယ်သနည်း။

*မိုင် ၅၆၀ ခန့်*

မြန်မာ့ ကမ်းရိုးတန်းမှာ မည်မျှ ရှည်လျားပါသနည်း။

*မိုင်ပေါင်း ၁၀၀၀ ခန့်*







မြစ်နှင့် အထက်တန်းကျောင်းတို့ မည်မျှ ဝေးသနည်း။

*မီတာ ၄၀၀ ခန့်*

သီတာလမ်း မည်မျှ ရှည်ပါသနည်း။

*၁ ကီလိုမီတာခန့်*

ကမ်းနားလမ်းနှင့် မိန်းလမ်းမကြီးထောင့်မှ အထက်တန်းကျောင်းသို့ လမ်းလျှောက်လျှင် မည်မျှ ကြာနိုင်သနည်း။

*၂၀ မိနစ်ခန့်*

# ၅.၄.၉ ကမ္ဘာပေါ်မှာ ဘယ်နေရာ

(က) မြေပုံပေါ်မှ နေရာတစ်ခု အမည်ကို ခေါ်လိုက်ပါ။

(ခ) ကျောင်းသူ/ သားများက ထိုနေရာကို မြေပုံပေါ်တွင် ရှာရမည်။ ထို့နောက် ထိုနေရာက မည်သည့် လောင်ဂျီတွဒ်မျဉ်းနှင့် မည်သည့် လတ္တီတွဒ်မျဉ်းတွင် ရှိကြောင်း ရှာဖွေရမည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်များ အသုံးပြုပြီး နေရာများကို ရှာဖွေရန်။

**အခြေအနေ** – လတ္တီတွဒ်နှင့် လောင်ဂျီတွဒ် မျဉ်းများ ပါသော မြေပုံတစ်ခု လိုအပ်သည်။

**ပြင်ဆင်မှု** – လောင်ဂျီတွဒ်နှင့် လတ္တီတွဒ် မျဉ်းများ မေးရန် မေးခွန်းများ ပြင်ဆင်ထားရမည်။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း။

## မူကွဲ

**ထိန်းကျောင်းကန့်သတ်မှု ပိုမို ပေးနိုင်ရန်အတွက်** မှန်/ မှား ရွေးချယ်ခြင်း လုပ်ငန်းစဉ်တစ်ခုအဖြစ် လုပ်ဆောင်နိုင်သည်။

လမ်းပြမြေပုံများတွင်လည်း အလားတူ ဒေါင်လိုက်နှင့် ကန့်လန့်မျဉ်းများ အသုံးပြုကာ အကွက်အလိုက် ကိုးကားခြင်း ပြုလုပ်နိုင်သည်။

ဤလုပ်ငန်းစဉ်ကို ပြောင်းပြန်လည်း ပြုလုပ်နိုင်သည်။ ကျောင်းသူ/ သားများကို လောင်ဂျီတွဒ်၊ လတ္တီတွဒ် အတိုင်းအတာတွဲများ ပေးလိုက်ပြီး သို့မဟုတ် အကွက်အလိုက် အညွှန်းများပေးပြီး ထိုအညွှန်းက မည်သည့်နေရာဖြစ်ကြောင်း ရှာခိုင်းနိုင်သည်။

နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက် ပြိုင်ဆိုင်မှုတစ်ခုအနေနှင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

ရန်ကုန်

မြောက်ဘက်ကို ၁၇ ဒီဂရီ
အရှေ့ဘက်ကို ၉၅ ဒီဂရီ

# ၅.၄.၁၀ ရတနာသိုက် ရှာဖွေခြင်း

(က) မြေပုံပေါ်တွင် တာထွက်နေရာနှင့် ပန်းတိုင်နေရာ သတ်မှတ်ပါ။ မြို့ကြီးများ မြို့နယ်များ၊ တောင် စသည်တို့ ဖြစ်နိုင်သည်။ ထို့နောက် ကျောင်းသူ/ သားများက တာထွက်မှစပြီး မည်သည့်နေရာသွားရမည်ကို လမ်းညွှန်နိုင်သော သဲလွန်စများဖန်တီးပါ။ သဲလွန်စများမှာ အရပ်မျက်နှာများ၊ အကွာအဝေးများ၊ လောင်ဂျီတွဒ် လတ္တီတွဒ်အတွဲများ၊ သာမန် ပဟေဠိများ စသည်တို့ ရောထွေး ပါဝင်သင့်ပါသည်။

(ခ) ထို့နောက် တာထွက်ကို မှတ်သား ဖော်ပြထားသော မြေပုံတစ်ခုကို အဖွဲ့များ အားပေးပါ။ အဓိပ္ပာယ်ဖော်ရမည့် သဲလွန်စများကိုလည်း ပေးပါ။

(ဂ) သဲလွန်စ လမ်းကြောင်းပေါ်မှ နေရာများ အားလုံးကို မှန်အောင် မှန်းသွားပြီး နောက်ဆုံးပန်းတိုင် 'ရတနာသိုက်' သို့ ရောက်ရှိသည့်အဖွဲ့က အနိုင်ရရှိသည့် အဖွဲ့ ဖြစ်သည်။

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက လောင်ဂျီတွဒ်၊ လတ္တီတွဒ်မျဉ်းများ၊ မြေပုံ အချိုးအစားများ အသုံးပြုပြီး နေရာများကို ရှာဖွေကြရန်။

**အခြေအနေ** – လောင်ဂျီတွဒ်၊ လတ္တီတွဒ်မျဉ်းများ အချိုးအစား အညွှန်းများပါသော မြေပုံ တစ်ခု လိုအပ်သည်။

**ပြင်ဆင်မှု** – ကျောင်းသူ/ သားများအဆင့်ဆင့် လိုက်ရှာနိုင်ရန်အတွက် သဲလွန်စများ ဖန်တီးထားပါ။

**ဘလူးမ်** – နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း။

၁။ ကျောက်ခ် ဈေးရှိသည့် နေရာမှ စပြီး အရှေ့တောင်ဘက်သို့ မိုင်ပေါင်း ၁၁၀ အထိ ကမ်းရိုးတန်းအတိုင်း ရွက်လွှင့်သွားပါ။

၂။ ထိုနေရာမှ အရှေ့ဘက်သို့ ကျော်ကြားသော ဗိုလ်ချုပ်တစ်ဦး မွေးဖွားခဲ့သည့် မြို့ရောက်သည့်အထိ သွားပါ။

၃။ အရှေ့ဘက်သို့ ကွေ့ပြီး မြောက်ဘက်သို့ ၂၀ ဒီဂရီ၊ အရှေ့သို့ ၉၇.၅ ဒီဂရီ အထိ ရောက်အောင်သွားပါ။


၄။ အရှေ့ဘက်သို့ ဦးထပ်လှည့်ပါ။ မြစ်သို့ ရောက်ပြီး တောင်ဘက်သို့ မြစ်အတိုင်း ဆင်းသွားပြီး ပင်လယ်ဘေးမှ မြို့ကြီးသို့သွားပါ။

၅။ ဤနေရာတွင် ပင်လယ်ကူးသင်္ဘောလိုလာမည် ဖြစ်သည်။ အနောက်တောင်ဘက်သို့ ၅၇၀ ကီလိုမီတာခန့် သွားလိုက်လျှင် မြောက် ၁၃.၅ ဒီဂရီနှင့် အရှေ့ ၉၃.၅ ဒီဂရီနေရာသို့ ရောက်လိမ့်မည်။

၆။ ထိုနေရာမှ တောင်စူးစူးသို့ ဝေးနိုင်သမျှ ဝေးဝေး ခြေကျင်သွားပါ။

၇။ လှေငယ်တစ်ခု တည်ဆောက်ပြီး တောင်ဘက်သို့ ရွက်လွှင့်ပါ။ မိုင် ၃၀ ခန့် သွားပြီးလျှင် ကမ်းကပ်လိမ့်မည်။

၈။ ထိုနေရာ၏ လောင်ဂျီတွဒ်နှင့် လတ္တီတွဒ်မျဉ်းမှာ ရတနာသိုက်ရှိသည့် နေရာပင်ဖြစ်သည်။




## မူကွဲ

ကျောင်းသူ/ သားများက မိမိတို့ကိုယ်ပိုင် ရတနာသိုက် လမ်းညွှန်များ ရေးသားကြပြီး အခြားကျောင်းသူ/ သားများကိုပေးကာ ရှာနိုင်၊ မရှာနိုင် စမ်းသပ်ကစားကြည့်နိုင်သည်။

# ၅.၄.၁၁ မြေပုံ၏ နောက်ကွယ်

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက မြေပုံကို ကြည့်ပြီး အချက်အလက်များကို မှန်းဆကြရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) အဖွဲ့လိုက်အနေနှင့် မြေပုံနှင့် ပတ်သက်သော မေးခွန်းများ ရေးသားကြရမည်။ မေးခွန်းများမှာ –

- မြေပုံပေါ်တွင် အဖြေရှိသော။
- တိကျသော အဖြေမှန် မရှိဘဲ မြေပုံကြည့်ပြီး မှန်းဆနိုင်သော မေးခွန်းများ ဖြစ်နိုင်ပါသည်။

(ခ) ထို့နောက် အဖွဲ့များက မိမိတို့ မေးခွန်းများ အချင်းချင်းကို လဲလှယ်ပေးအပ်ပြီး ဖြေဆိုရန် ကြိုးစားကြရမည်။

(ဂ) အချင်းချင်း မေးခွန်းများ ဖြေဆိုထားသော အဖြေများကို စစ်ဆေးကြည့်ကြရမည်။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများစွာအတွက် နိုင်ငံရေးအရ အရေးပါမှု ကြီးမားသည်မှာ အဘယ့်ကြောင့်နည်း။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ အကြားတွင် ရှိသောကြောင့် ဖြစ်သည်။ ထိုနှစ်နိုင်ငံစလုံးမှာ အင်အားကြီးမားကြပြီး ရင်းမြစ်များကို ဈေးပေါစွာ ဝယ်ယူနိုင်ရန် လိုအပ်သော နိုင်ငံများ ဖြစ်ကြသည်။

အမေရိကန်ပြည်ထောင်စုကလည်း တရုတ်၏ အင်အားကို စိုးရိမ်မှု ရှိသောကြောင့် တရုတ်နှင့် ရုရှားတို့၏ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆွေဖွဲ့ထားရန် လိုလားနေသည်။

ဖားအံမြို့ကို သံလွင်မြစ်ပေါ်တွင် အဘယ့်ကြောင့် တည်ခဲ့သနည်း။

သံလွင်မြစ်သည် ကရင်၊ ကယား၊ မွန် ပြည်နယ်တို့အကြား အပြင် တရုတ်နှင့် ထိုင်းနိုင်ငံတို့ ဆီသို့ပါ သွားရောက်နိုင်သော အဓိက သယ်ယူပို့ဆောင်ရေး လမ်းကြောင်း ဖြစ်သောကြောင့် ဖြစ်သည်။

မြစ်ပေါ်တွင် တည်သော မြို့များသည် ကုန်သွယ်ရေကြောင်းကို ရရှိနိုင်သည်သာမက အသုံးဝင်သော ရေအရင်းအမြစ်ကိုလည်း ရရှိနိုင်သောကြောင့် ဖြစ်သည်။

ပြည်မြို့တည်ထောင်သူများသည် အဘယ့်ကြောင့် ထိုနေရာကို ရွေးချယ်ခဲ့သနည်း။

*မြစ်ကြီးတစ်ခုပေါ်တွင် ရှိနေသောကြောင့် ဖြစ်သည်။*

မြစ်နား၊ ပင်လယ်နားတွင် မြို့တည်လျှင် မည်သည့် ကောင်းကျိုးများ ရရှိနိုင်သနည်း။

*မြို့သည် မြစ် သို့မဟုတ် ပင်လယ်နားတွင် ရှိပါက ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နိုင်သည်။*

*တောင်ကမ်းပါးတွင် တည်ရှိပါက ရန်သူများ လာရောက် တိုက်ခိုက်ရန် ခက်ခဲနိုင်သည်။*

*မြစ်ပေါ်တွင် ရှိပါက အခြားမြို့များနှင့် ကုန်သွယ်ရန် ထက်အောက် စုန်ဆန် ရွက်လွှင့်ပြီး သွားလာနိုင်သည်။*

ကမ်းရိုးတန်းနှင့် နီးကပ်သော မြို့များ ရင်ဆိုင်ရမည့် ပြဿနာတို့မှာ အဘယ်တို့နည်း။ မည်သည့် ပြဿနာမှာ အဆိုးဆုံး ဖြစ်မည်နည်း။ အဘယ့်ကြောင့်နည်း။

*ရာသီဥတု ကူးပြောင်းမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်နိုင်သည်။ ထိုသို့ မြင့်တက်ပါက ရေကြီးခြင်း ဖြစ်ပေါ်လာပြီး လူများ သေပျောက်ခြင်း အိုးအိမ် ဆုံးရှုံးခြင်းများ ဖြစ်ပေါ်နိုင်သည်။ အနိမ့်ပိုင်းထဲတွင် ရှိသော မြို့များအနေနှင့် အဆိုးဆုံး ခံစားရမည် ဖြစ်သည်။*



# အခန်း ၆ ပြန်လည်ဆန်းစစ် သုံးသပ်သော လုပ်ငန်းစဉ်များ

**ဤအခန်းတွင် အောက်ပါလုပ်ငန်းစဉ် အမျိုးအစား ၂ ရပ်ကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။**

- အချက်အလက် အကြောင်းအရာများ ကျွမ်းကျင်မှုများကို ပြန်လည်မှတ်မိ ဆန်းစစ်စေသော လုပ်ငန်းစဉ်များ
- အချက်အလက် အကြောင်းအရာများနှင့် လေ့ကျင့်ခဲ့သော ကျွမ်းကျင်မှုများအကြောင်းကို ပြန်လည်သုံးသပ်စေသော လုပ်ငန်းစဉ်များ

ပြန်လည်ဆန်းစစ် သုံးသပ်သော လုပ်ငန်းစဉ်များသည် ကျောင်းသူ/သားများ၏ သင်ယူမှုအရည်အသွေးကို ပိုမို ကောင်းမွန်စေပြီး နက်ရှိုင်းစွာ နားလည်သင်ယူနိုင်အောင် ထောက်ပံ့ပါသည်။

## ပြန်လည်မှတ်မိဆန်းစစ်စေသော လုပ်ငန်းစဉ်များ

သင်ခန်းစာ၏ အဆင့်အမျိုးမျိုးတွင် ပြန်လည်မှတ်မိဆန်းစစ်စေသော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ပါသည်။ သင်ခန်းစာအဆုံးတွင်ဖြစ်စေ၊ သင်ခန်းစာအသစ် မစမီဖြစ်စေ၊ ရက်သတ္တပတ်တစ်ခု အဆုံးတွင်ဖြစ်စေ၊ သင်ရိုးတစ်ခုအပြီးတွင်ဖြစ်စေ၊ စာမေးပွဲတစ်ခု မစမီဖြစ်စေ ဆောင်ရွက်နိုင်သည်။

သင်ခန်းစာတစ်ခုလုံးကို ပြန်လည်မှတ်မိဆန်းစစ်စေရန်၊ ပြန်လည်ဝေဖန်သုံးသပ်စေရန်၊ သင်ခန်းစာထဲမှ လုပ်ငန်းစဉ်တစ်ခုကို သီးသန့်ဝေဖန်သုံးသပ်စေရန် လုပ်ငန်းစဉ်များစွာကို အသုံးပြုနိုင်ပါသည်။ လုပ်ငန်းစဉ်များကို ပြန်လည်မှတ်မိဆန်းစစ်စေရန် နည်းလမ်း ၂ မျိုး အသုံးပြုနိုင်သည်။

၁။ သင်ယူသူများက လုပ်ငန်းစဉ် သို့မဟုတ် လေ့ကျင့်ခန်း ပြီးဆုံးသည့်အခါတွင် ထိုအကြောင်းကို ပြန်လည်တင်ပြခြင်းဖြစ်သည်။ ထိုသို့ ပြန်လည်တင်ပြရန် အသုံးပြုနိုင်သောနည်းလမ်း အဓိက ၂ ခုမှာ ပြောဆိုတင်ပြခြင်းနှင့် ရေးသားတင်ပြခြင်းဖြစ်သည်။ ပြောဆိုတင်ပြခြင်း ဆိုသည်မှာ ကျောင်းသူ/သားများက အကြောင်းအရာတစ်ခုကို ဆွေးနွေးပြောဆိုပြီးသည့်အခါ အဖွဲ့လိုက် တင်ပြချက်တစ်ခု ပြုလုပ်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ရေးသား တင်ပြခြင်းဆိုရာဝယ် စာစီစာကုံးတစ်ခုပုံစံ သို့မဟုတ် မှတ်တမ်းပြန် ရေးပြခြင်းမျိုးလည်း ဖြစ်နိုင်သည်။

၂။ ပြန်လည်မှတ်မိဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ ဖြစ်ကြသော အဖွဲ့လိုက် ပဟေဠိပြိုင်ပွဲ၊ မေးခွန်းလဲပါ။ သို့မဟုတ် အချင်းချင်းသင်ကြားခြင်း၊ စသည့် လုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ဆောင်ရသည့်အခါ မိမိမည်မျှ နားလည်သင်ယူရရှိပြီးဖြစ်ကြောင်း အခြားသူများနှင့် အပြန်အလှန် ပြောပြသိရှိနိုင်သည့် အခွင့်အရေး ရရှိပေသည်။

ဤလုပ်ငန်းစဉ်များသည် မိမိတို့မည်မျှ သင်ယူရရှိပြီးဖြစ်ကြောင်း အတည်ပြုပေးနိုင်သည့်အတွက်ကြောင့် ရှေ့ဆက်သင်ယူလိုစိတ်များ တိုးတက်ဖြစ်ပေါ်စေပါသည်။

## ပြန်လည်သုံးသပ်စေခြင်း လုပ်ငန်းစဉ်များ

ပြန်လည်သုံးသပ်စေခြင်း လုပ်ငန်းစဉ်များသည် သင်ယူသူတစ်ဦးချင်းက မိမိတို့မည်သည်ကို မည်သို့ သင်ယူပြီးဖြစ်ကြောင်း မည်သည့် အကြောင်းအရင်းကြောင့် သင်ယူရခြင်း ဖြစ်ကြောင်းကို စဉ်းစားသုံးသပ်စေရန် ထောက်ပံ့အားပေးနိုင်သည်။ ထိုသို့ ဝေဖန်သုံးသပ်နိုင်ခြင်းသည် ကလည်း ကျောင်းသူ/သားများအတွက် သင်ယူလိုစိတ် ဖြစ်ပေါ်တိုးတက်စေပါသည်။

# ၆.၁ ပြန်လည်မှတ်မိ ဆန်းစစ်ခြင်း

**ဥပမာ စာပိုဒ်**

**မှတ်ချက်**

ဤစာသားကို Wikipedia စာမျက်နှာမှ ကောက်နုတ်ပြန်ဆိုထားခြင်းဖြစ်သည်။ အင်တာနက်အသုံးပြုသူများမှ ရေးသားထားခြင်းဖြစ်သော အများသုံးစွယ်စုံကျမ်းတစ်ခုမှ ရယူထားခြင်းဖြစ်သည်။ wikipaedia စွယ်စုံကျမ်းမှာ အချက်အလက်မျိုးစုံ အဖွင့်များအတွက် စာမျက်နှာပေါင်း ၁၀၀ ၀၀၀ ကျော်ကို ရိုးရှင်းလွယ်ကူသော အင်္ဂလိပ်စာဖြင့် ရေးသားထားပါသည်။

## အာဆီယံ အရှေ့တောင်အာရှနိုင်ငံများ အစည်းအရုံး

၁၉၆၇ ခုနှစ်တွင် မလေးရှား၊ ထိုင်း၊ စင်္ကာပူနှင့် ဖိလစ်ပိုင်တို့က အရှေ့တောင်အာရှနိုင်ငံများ အစည်းအရုံး (အာဆီယံ) ကို တည်ထောင်ခဲ့သည်။ ထိုဖွဲ့စည်းမှု၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံရေးနှင့် စီးပွားရေး ပူးပေါင်းမှုများအတွက်ဖြစ်သည်။

စတင်စဉ်က အာဆီယံအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံ ၅ နိုင်ငံသာ ရှိခဲ့သည်။ ဘရူနိုင်း နိုင်ငံက အာဆီယံကို ၁၉၈၄ ခုနှစ်တွင် ပူးပေါင်းခဲ့သည်။ လာအိုနှင့် မြန်မာက အာဆီယံကို ၁၉၉၇ ခုနှစ်တွင် ပူးပေါင်းပါဝင်ခဲ့သည်။ ကမ္ဘောဒီးယားက ၁၉၉၉ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ အရှေ့တီမောကဲ့သို့သော အခြားနိုင်ငံများလည်း အာဆီယံကို မကြာမီတွင် ပူးပေါင်းပါဝင်တော့မည်ဖြစ်သည်။

အာဆီယံနိုင်ငံများတွင်ရှိသော လူဦးရေမှာ တစ်ကမ္ဘာလုံး၏ ၈ ရာခိုင်နှုန်းဖြစ်သည်။ အာဆီယံနိုင်ငံများတွင် ၂၄၀ သန်းသော မူဆလင်များနေထိုင်သည်။ များသောအားဖြင့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘရူနိုင်းတို့တွင် ဖြစ်သည်။ ၁၇၀ သန်းသော ဗုဒ္ဓဘာသာဝင်များက ထိုင်းနိုင်ငံ၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် စင်္ကာပူနိုင်ငံများတွင် နေထိုင်ကြသည်။

အာဆီယံနိုင်ငံများမှ အဓိက ထုတ်ကုန်များမှာ လျှပ်စစ်ပစ္စည်းများ၊ ရေနံနှင့် သစ်တို့ဖြစ်ကြသည်။

*https://simple.wikipedia.org/wiki/ASEAN မှ ထုတ်နုတ် ပြုပြင် ပြန်ဆိုထားပါသည်။*

# ၆.၁.၁ အကျဉ်းချုပ်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက သင်ခန်းစာမှ သို့မဟုတ် သင်ရိုးမှ အဓိက အကြောင်းအရာ အချက်အလက်များကို ထုတ်နုတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘာလုံးမိ** – နားလည်သဘောပေါက်ခြင်း။

ကျောင်းသူ/သားများက စာသားတစ်ခု၊ သင်ခန်းစာတစ်ခု သို့မဟုတ် သင်ရိုးတစ်ခုကို လေ့လာပြီးသည့်နောက်တွင် အကျဉ်းချုပ်များ ရေးသားရမည်။

ကျောင်းသူ/သားများက အကျဉ်းချုပ် အချက်အလက်များကို စာပိုဒ်များအနေနှင့် သို့မဟုတ် အချက်အလက်စာရင်းပုံစံနှင့် ရေးသားနိုင်သည်။

- အာဆီယံကို ၁၉၆၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။
- ရည်ရွယ်ချက် – နိုင်ငံရေးနှင့် စီးပွားရေး ပူးပေါင်းမှု မြှင့်တင်ရန်။
- အာဆီယံတွင် နိုင်ငံ ၁၀ နိုင်ငံ ပါဝင်သည်။ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်္ကာပူ၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ဗီယက်နမ်၊ လာအို၊ မြန်မာနှင့် ကမ္ဘောဒီးယားတို့ ဖြစ်သည်။
- ကမ္ဘာ့လူဦးရေ၏ ၈ ရာခိုင်နှုန်းမှာ အာဆီယံနိုင်ငံများတွင် နေကြသည်။
- အများစုမှာ မူဆလင်များနှင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။

### လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများက မိမိတို့၏ အကျဉ်းချုပ်များကို အတန်းတစ်တန်းလုံးဆီသို့ဖြစ်စေ၊ အဖွဲ့လိုက်ထံသို့ဖြစ်စေ ပြန်လည် တင်ပြနိုင်သည်။ သို့မဟုတ် အကျဉ်းချုပ်များ ရေးသားပြီး နံရံများပေါ်တွင် ကပ်ထားနိုင်သည်။ ထို့နောက် အကျဉ်းချုပ် ရေးသားရာတွင် အချို့အချက်များကို ထည့်သွင်းထားပြီး အချို့ကို ချန်လှပ်ခဲ့သည်မှာ မည်သည့် အတွက်ကြောင့် ဖြစ်ကြောင်း ရှင်းလင်း တင်ပြနိုင်သည်။

အကောင်းဆုံးအကျဉ်းချုပ်ကို တစ်တန်းလုံးက မဲပေးပြီး ရွေးချယ်နိုင်သည်။

# ၆.၁.၂ အဓိက စာစုများကို အဓိပ္ပာယ်ဖော်ခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက သင်ခန်းစာ အကြောင်းအရာတွင် အသုံးပြုခဲ့သော အဓိကဝေါဟာရများ၊ စကားစုများကို အဓိပ္ပာယ်ဖော်ရမည်ဖြစ်သည်။

**အခြေအနေ** – နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘာလုံးမိ** – နားလည်သဘောပေါက်ခြင်း။

(က) ကျောင်းသူ/သားများက သင်ခန်းစာအကြောင်းအရာအတွက် အရေးပါသော စကားစုများ၊ ဝေါဟာရများမှာ မည်သည်တို့ဖြစ်ကြောင်း ရွေးထုတ်ကာ အဓိပ္ပာယ်ဖော်ရမည်ဖြစ်သည်။

စီးပွားရေးနှင့် နိုင်ငံရေး ပူးပေါင်းမှု

အဓိက ထုတ်ကုန်များ

လျှပ်စစ်ပစ္စည်းများ

ရေနံ

(ခ) အဓိက ဝေါဟာရများ၊ စကားစုများကို ကျောင်းသူ/သားများက မိမိတို့နားလည်သလို အဓိပ္ပာယ်ဖွင့်ဆိုရမည်။

(ဂ) ထို့နောက် ထိုဝေါဟာရများ စကားစုများက သင်ခန်းစာခေါင်းစဉ်နှင့် မည်သို့ ချိတ်ဆက်နေကြောင်းကို ရှင်းလင်းပြောပြရမည်။


စီးပွားရေးနှင့် နိုင်ငံရေး ပူးပေါင်းမှု

နိုင်ငံများ ဒေသကြီးများကို အားလုံးအကျိုးတူ ဖြစ်ထွန်းစေမည့်အရာများကို လုပ်ဆောင်မည်ဟု ဆုံးဖြတ်ပူးတွဲလိုက်ခြင်းကို ဆိုလိုသည်။

အာဆီယံ၏ အဓိကရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများ အားလုံးကြားတွင် စီးပွားရေးနှင့် နိုင်ငံရေးပူးပေါင်းမှု ပြုလုပ်ရန်ဖြစ်သည်။

## မူကွဲ

ကျောင်းသူ/သားများက မိမိတို့ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို စာရွက်အပိုင်းများတွင် ရေးပြီး နံရံပေါ်တွင် ကပ်ထားပါ။ ထို့နောက် အခန်းပတ်လည်သို့ သွားလာပြီး ကပ်ထားသော ဖွင့်ဆိုချက်အမျိုးမျိုးကို ကြည့်ပြီး နှိုင်းယှဉ် တွေးတောကြည့်ရမည်။ ကျောင်းသူ/သား အားလုံးက တူညီသော အဓိကဝေါဟာရများ၊ စကားစုများကို ရွေးချယ်ကြပါသလား။



ထို့နောက် အဖွဲ့လိုက်လုပ်ငန်းအနေနှင့် ခက်ဆစ်အဖွင့်တစ်ခု ပြုစုပါ။ သင်ခန်းစာတစ်ခု၊ နှစ်ခုစာအတွက် ခက်ဆစ်အဖွင့် ပြုစုခြင်းထက် ကျယ်ပြန့်သော ခေါင်းစဉ်အကြောင်းအရာများကို အချိန်ယူသင်ကြားသည့် သင်ခန်းစာ အတွဲလိုက်များအတွက် ခက်ဆစ်အဖွင့်ပြုစုခြင်းက ပိုမိုသင့်တော်သည်။

*အာဆီယံ အဓိက ဝေါဟာရများအတွက် ခက်ဆစ်အဖွင့်*

# ၆.၁.၃ အပြိုင်ပြေးပြီး အဖြေရေးခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက သင်ခန်းစာ ခေါင်းစဉ်အပေါ် မိမိတို့နားလည်မှုကို ပြန်လည်စစ်ဆေးရန်။

**အခြေအနေ** – အဖွဲ့လိုက် လုပ်ဆောင်ရန် လိုအပ်သည်။ အခန်းအဆုံးတွင် သင်ပုန်းထား ရှိမည်။

**ပြင်ဆင်မှု** – သင်ခန်းစာခေါင်းစဉ် အကြောင်းအရာနှင့် ပတ်သက်ပြီး မေးခွန်းများ ရေးသားပြင်ဆင်ထားရမည်။

**ဘလူးမ်** – မှတ်မိသိရှိခြင်း။

(က) သင်ခန်းစာခေါင်းစဉ်နှင့် ပတ်သက်ပြီး ထိန်းကျောင်းကန့်သတ်မှုပေးထားသော မေးခွန်းများ ပြင်ဆင်ထားပါ။ (အဖြေမှန်တစ်ခုတည်းသာရှိသော မေးခွန်းများ ဖြစ်ရမည်။)


(ခ) ကျောင်းသူ/သားများကို အဖွဲ့ ၂ ဖွဲ့မှ ၄ ဖွဲ့အထိ ဖွဲ့ပေးနိုင်သည်။ အဖွဲ့က သင်ပုန်းကို မျက်နှာမူပြီး အခန်းအဆုံးတွင် ရပ်နေရမည်။ အဖွဲ့တိုင်းမှ ပထမဆုံး အဖွဲ့ဝင်ကို မြေဖြူ သို့မဟုတ် မာကာ (marker pen) ပေးပါ။

(ဂ) ထို့နောက် မေးခွန်းကို မေးလိုက်ပါ။ အဖွဲ့ကအဖြေကို စဉ်းစားပြီး ပထမဆုံး အဖွဲ့ဝင်က သင်ပုန်းဆီသို့ ပြေးသွားလျက်အဖြေကို ရေးသားရမည်။ အဖြေမှန်ကို အရင်ဆုံး ရေးသားပြီးသော အဖွဲ့က အမှတ်တစ်မှတ် ရရှိမည်ဖြစ်သည်။

(ဃ) အဖွဲ့ဝင်အားလုံး အဖြေတစ်ခုစီ ဖြေဆိုပြီးသည်အထိ သို့မဟုတ် ပြင်ဆင်ထားသော မေးခွန်းများ ကုန်သည်အထိ ဆက်လက်လုပ်ဆောင်ပါ။

### မူကွဲ

ထိန်းကျောင်းကန့်သတ်မှုနည်းသော မေးခွန်းများ အသုံးပြုပြီး အဖြေမှန်များအနက် မည်သည့်အဖြေ အကောင်းဆုံး ဖြစ်သည်ကို ရွေးချယ်ပါ။




# ၆.၁.၄ ‘၃–၂–၁’

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက သင်ခန်းစာ ခေါင်းစဉ်အကြောင်းကို ရှင်းလင်းတင်ပြခြင်း အကျဉ်းချုပ်ခြင်း ပြုလုပ်ရမည်။

**အခြေအနေ** – ကျောင်းသူ/သားများ အနေနှင့် အတွဲလိုက် လုပ်ဆောင်ရမည်။ ထို့နောက် အတွဲနှစ်ကြိမ် ပြောင်းရမည်။ ဆူဆူညံညံ ဖြစ်ခြင်းရှိမည်။

**ဘလူးမ်** – မှတ်မိသိရှိခြင်း။

(က) ကျောင်းသူ/သားများမှာ ၂ ဦးတွဲအလိုက် ဆောင်ရွက်ရမည်ဖြစ်သည်။ တစ်ဦးက သင်ခန်းစာခေါင်းစဉ် အကြောင်းအရာကို ၃ မိနစ် ပြောဆိုပြီး ဒုတိယတစ်ဦးက နားထောင်ရမည်ဖြစ်သည်။ ပြီးနောက် ဒုတိယတစ်ဦး ပြောဆိုအလှည့်ဖြစ်သည်။

(ခ) ၂ ဦးတွဲအားလုံး အခြားတစ်ဦးနှင့် ပြောင်းလဲတွဲဖက်ပြီး အလှည့်ကျ ထပ်ပြောရမည်။ ဤတစ်ကြိမ်တွင်မူ ၂ မိနစ်သာ ပြောရတော့မည်ဖြစ်သည်။

(ဂ) ထို့နောက် ထပ်မံပြောင်းလဲတွဲပြီး နောက်တစ်ကြိမ် ပြောရမည်။ ဤတစ်ကြိမ်တွင် ၁ မိနစ်သာ ပြောရမည်ဖြစ်သည်။

### မူကွဲ

အချိန်ရှည်ကြာစွာ သင်ကြားထားသော သင်ခန်းစာခေါင်းစဉ် အကြောင်းအရာများအတွက် ၄–၃–၂ ဖြစ်စေ ၅–၃–၁ ဖြစ်စေ ပြုလုပ်နိုင်သည်။ ကျောင်းသူ/သားများက ပထမအကြိမ်တွင် ၄ မိနစ် ထို့နောက် ၃ မိနစ် ထို့နောက် ၂ မိနစ် ပြောရခြင်းမျိုးဖြစ်သည်။ သို့မဟုတ် ၅ မိနစ် ၃ မိနစ် ၁ မိနစ် ပြောဆိုရခြင်းလည်း ပြုလုပ်နိုင်ပါသည်။

# ၆.၁.၅ ပိုစတာ


ကျောင်းသူ/သားများက သင်ခန်းစာခေါင်းစဉ် အကြောင်းအရာအတွက် ပိုစတာ တစ်ခု ရေးဆွဲပြင်ဆင်ရမည်ဖြစ်သည်။ ထိုသို့ ရေးဆွဲခြင်းတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည်။

- ခေါင်းစဉ် သို့မဟုတ် ပုံအမည် သို့မဟုတ် ခေါင်းစည်းမေးခွန်း
- ရုပ်ပုံများ (မဂ္ဂဇင်းများမှ၊ အင်တာနက်မှ ရယူခြင်း သို့မဟုတ် ကျောင်းသူကျောင်းသားများ ကိုယ်တိုင်ရေးဆွဲခြင်း)
- ကာတွန်းများ (ကူးရေးခြင်း သို့မဟုတ် မိမိဘာသာ ရေးဆွဲခြင်း)
- သတင်းစာ ဆောင်းပါးများ
- ခေါင်းစဉ်မှအရေးပါသော အကြောင်းအရာများကို အကျဉ်းချုပ်ထားခြင်းများ

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အဓိက အချက်အလက်များ အကြောင်းကို ပိုစတာတစ်ခု ပြုလုပ်ပြီး တင်ပြရမည်ဖြစ်သည်။

**အခြေအနေ** – တစ်ဦးစီ သို့မဟုတ် နှစ်ဦးတွဲအလိုက် သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ရမည်၊ တစ်ဦးချင်း သို့မဟုတ် တစ်ဖွဲ့ချင်းအတွက် ပိုစတာ စာရွက်ကြီးများ လိုအပ်မည်ဖြစ်ပြီး ဆေးရောင်များ၊ မာကာများနှင့် ပိုစတာပေါ်တင်နိုင်သည့် အခြားအရာများ လိုအပ်မည်။

**ဘလူးမ်** – အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ တီထွင်ဖန်တီးခြင်း။




## လုပ်ငန်းစဉ် နောက်ဆက်တွဲ

ထိုပိုစတာများကို နံရံတွင်ကပ်ပါ။ ထို့နောက် ကျောင်းသူ/သားများက အတန်းပတ်လည်သို့ လျှောက်သွားပြီး ၎င်းတို့ကို ကြည့်ရှုလေ့လာရမည်။ ရေးဆွဲထားသော ပိုစတာများနှင့် ပတ်သက်ပြီး အချင်းချင်း မေးခွန်းများ မေးမြန်းကြရန် တိုက်တွန်းပါ။

# ၆.၁.၆ သင်ခန်းစာတစ်ခု အစီအစဉ်ပြု

**ရည်ရွယ်ချက်** – ကျောင်းသူ/သား များက သင်ခန်းစာ အစီအစဉ်တစ်ခု ရေးဆွဲကြည့်ရန်။

**အခြေအနေ** – ကျောင်းသားများက တစ်ဦးချင်းအလိုက် သို့မဟုတ် အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။

**ဘာလူးမ်** – သုံးသပ်ဝေဖန်ခြင်း၊ တီထွင်ဖန်တီးခြင်း။

(က) ကျောင်းသူ/သားများက မိမိတို့အခြားသူများကို သင်ကြားပေးလိုသော အချက်အလက်များကို ရှာဖွေရမည်။

အာဆီယံ၏နိုင်ငံရေး အခြေအနေ

(ခ) ထို့နောက် မိမိတို့သင်ကြားမည့် သင်ခန်းစာတွင် ထားရှိရမည့် သင်ယူခြင်း ရည်ရွယ်ချက်တစ်ခု သို့မဟုတ် ရည်ရွယ်ချက်များကို သတ်မှတ်ပါ။

သင်ယူသူများက အာဆီယံနိုင်ငံ ၅ နိုင်ငံတွင် အသုံးပြုသော နိုင်ငံရေးစနစ်များကို ရှင်းလင်းပြောပြတတ်စေရန်။

(ဂ) ထို့နောက် စာသားတစ်ခုခုကို သင်ကြားရန် ရွေးချယ်ရမည်။ (စာသားတစ်ခု ဖြစ်နိုင်သည်။ ဟောပြောချက်တစ်ခုဖြစ်စေ၊ မှတ်တမ်းရုပ်ရှင်တစ်ခုဖြစ်စေလည်း ရွေးချယ်နိုင်သည်။

(ဃ) ထို့နောက် သင်ယူသူများက ထိုအချက်အလက်များကို လေ့လာပြီး အသုံးချနိုင်စေရေး လေ့ကျင့်ပေးရန် လုပ်ငန်းစဉ်များ သတ်မှတ်ပေးရမည်။

(င) ထို့နောက် ကျောင်းသူ/သားများက သင်ခန်းစာ အစီအစဉ်ကို ရေးဆွဲကြရမည်ဖြစ်သည်။

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

မိမိတို့အဖွဲ့ ရေးဆွဲထားသော သင်ခန်းစာ လုပ်ငန်းစဉ်ကို အသုံးပြုပြီး တစ်တန်းလုံးကိုဖြစ်စေ၊ အဖွဲ့အချင်းချင်းကိုဖြစ်စေ သင်ကြားပေးရမည်။

# ၆.၁.၇ စကား စစ်ထိုးပွဲ

**ရည်ရွယ်ချက်** – ကျောင်းသူ/ သားများက ရပ်တည်ချက်များ အဆိုများကို တင်သွင်းပြောဆိုခြင်း ငြင်းဆိုပယ်ချခြင်းများ ပြုရမည်။

**အခြေအနေ** – ဤလုပ်ငန်းစဉ်မှာ သင်ခန်းစာ တစ်ခုစာ ဖြစ်နိုင်သလို ကျောင်းသူ/ သားများ ပြင်ဆင်ချိန်ရရန် သင်ခန်းစာ တစ်ခုထက်ပိုပြီး အချိန်ယူခြင်းလည်း ရှိနိုင်သည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ကျောင်းသူ/ သားများကိုဖြစ်စေ ဆရာ/ မ မှ ဖြစ်စေ အကြောင်းအရာတစ်ခုနှင့် ပတ်သက်ပြီး ဆန့်ကျင်ဘက် အဆို ၂ ခု ရွေးချယ်ပါ။ ဥပမာ –

- အရက်ကို ဥပဒေအရ ပိတ်ပင်သင့်သည်နှင့် အရက်ကို တရားဝင် ခွင့်ပြုသင့်သည်။
- နိုင်ငံသားအားလုံးကို ရပ်ရွာဝန်ဆောင်မှုလုပ်ငန်းများ မဖြစ်မနေ ဆောင်ရွက်စေသင့်သည်နှင့် နိုင်ငံသားများကို ရပ်ရွာဝန်ဆောင်မှု လုပ်ငန်းများ မဖြစ်မနေ ဆောင်ရွက်ခိုင်းခြင်း မရှိသင့်ပါ။
- မူလတန်းပညာရေးကို အများစုသုံး ဘာသာစကားဖြင့် သင်ကြားပေးသင့်သည်နှင့် မူလတန်းပညာရေးကို ကျောင်းသူ/ သားများ၏ ကိုယ်ပိုင်ဘာသာစကားများဖြင့်သာ သင်ကြားပေးသင့်သည်။

(ခ) ထို့နောက် အတန်းကို အဖွဲ့ ၂ ဖွဲ့ ခွဲလိုက်ပါ။ အတန်း၏ တစ်ဝက်မှာ ထောက်ခံသည့် အဆို (အဓိက ဆိုလိုရင်းကို ထောက်ခံသည့်အဆို) ဘက်မှ ငြင်းခုံရမည်ဖြစ်ပြီး ကျန်တစ်ဖွဲ့မှာ ဆန့်ကျင်သည့်အဆို (အဓိကဆိုလိုရင်းကို ငြင်းဆိုပယ်ဖျက်သောအဆို) ဘက်မှ ငြင်းခုံရမည်ဖြစ်သည်။

(ဂ) ထောက်ခံသူများနှင့် ဆန့်ကျင်သူများ နှစ်ဖက်လုံးအတွက် ၃ ဦး တစ်ဖွဲ့စီ ဖွဲ့ပေးပါ။ ထို့နောက် အဖွဲ့များသည် မိမိတို့ ငြင်းခုံတင်ပြမည့် ပြောဆိုချက်များကို ပြင်ဆင်ကြရမည်။ မိမိတို့ ပြောဆိုချက်တွင် ထည့်သွင်းရန် အတွေးအယူအဆများ၊ အထောက်အထားများ၊ ဥပမာများကို ပြင်ဆင်ထားရမည်ဖြစ်သည်။ ထို့နောက် အဖွဲ့အတွင်းတွင် မည်သူက ပထမဆုံး ပြောမည်၊ မည်သူက ဒုတိယနှင့် မည်သူက နောက်ဆုံး ပြောမည်ကိုလည်း သတ်မှတ်ပါစေ။

(ဃ) ထောက်ခံသည့် အဆိုဘက်မှ ပထမဆုံး အဖွဲ့ဝင်က စတင်ပြီး ၂ မိနစ်စာ ပြောဆိုရမည်ဖြစ်သည်။ ထို ၂ မိနစ် အပြီးတွင် အဖွဲ့များကို ၁ မိနစ် ၂ မိနစ်ခန့်ပေးပြီး ပြောသွားသည့် အကြောင်းအရာများကို မည်သို့ ပယ်ချမည် ငြင်းဆိုမည် စသည့် အချက်များ ပြင်ဆင်ချိန်ပေးပါ။ အဖွဲ့များကို တစ်ဖက်အဖွဲ့များ ပြောသွားသည့် အကြောင်းအရာများမှ မည်သည့်အချက်များမှာ မှားယွင်းကြောင်း အယူအဆလွဲကြောင်း စသည်ဖြင့် ထောက်ပြ ပြောဆိုရန် အားပေးပါ။

(င) ဆန့်ကျင်သည့်အဖွဲ့မှ ပထမဆုံးအဖွဲ့ဝင်က ၂ မိနစ် ပြောရမည်။ ထိုပြောဆိုချက်တွင် မိမိတို့ ပြင်ဆင်ထားသည့် အချက်များအပြင် တစ်ဖက်အဖွဲ့မှ ပြောသွားသော အချက်များကို ငြင်းဆိုချက်များလည်း ထည့်သွင်း ပြောဆိုနိုင်သည်။ ထို့နောက် အဖွဲ့များက မိမိတို့ ကြားလိုက်သော အချက်များကို မည်သို့ ငြင်းချက်ထုတ်မည်ကို ပြင်ဆင်နိုင်အောင် အချိန် ၁ မိနစ် ၂ မိနစ်ခန့် ပေးပါ။

(စ) အထက်ပါအတိုင်း အဖွဲ့နှစ်ဖက်လုံးမှ ဒုတိယအဖွဲ့ဝင် တတိယအဖွဲ့ဝင်များအတွက် ဆက်လက်ဆောင်ရွက်ပါ။

(ဆ) ထို့နောက် မည်သည့်အဖွဲ့က အကောင်းဆုံး ပြောဆိုတင်ပြချက်ပြနိုင်သည့် အဖွဲ့ဖြစ်ကြောင်း အတန်းကို မဲပေးရွေးချယ်စေပြီး အနိုင်ရသည့် အဖွဲ့အဖြစ် သတ်မှတ်ပေးနိုင်သည်။




## မူကွဲ

စကားစစ်ထိုးပွဲ ပြုလုပ်ရန်အတွက် နည်းလမ်းများစွာ ရှိနိုင်ပါသည်။ အမြင်နှစ်ဖက်တွင် လူအရေအတွက် ပြောင်းလဲခြင်းဖြင့်လည်းကောင်း၊ ဆွေးနွေးချိန် ပြောဆိုချိန်များကို လျှော့ချခြင်းဖြင့်လည်းကောင်း၊ တိုးမြှင့်ခြင်းဖြင့်လည်းကောင်း စသည်ဖြင့် ပြောင်းလဲလုပ်ဆောင်နိုင်သည်။ idebate.org တွင် နည်းလမ်းအကြံဉာဏ်များ ရရှိနိုင်ပါသည်။

# ၆.၂ ပြန်လည်သုံးသပ် ဝေဖန်ခြင်း


ဥပမာ စာပိုဒ်

### ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBO)

ရပ်ရွာအခြေပြု အဖွဲ့အစည်းများ CBO သည် အောက်ခြေအဆင့် အရပ်ဘက်လူမှုအဖွဲ့များ ဖြစ်ကြပြီး အများအားဖြင့် ကျေးလက်ဒေသများကို အခြေခံထားတတ်ကြသည်။

CBO များသည် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးစသော နယ်ပယ်များအတွက် ဝန်ဆောင်မှုများကို ရပ်ရွာများတွင် စုစည်းပေးစွမ်းတတ်ကြသည်။ အသေးစားချေးငွေ ထုတ်ပေးသည့်အဖွဲ့များ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့် ရပ်ရွာဆေးခန်းများသည် CBO များတွင် ပါဝင်ကြသည်။ CBO အများစုမှာ ယုံကြည်မှုအခြေပြု အဖွဲ့အစည်းများ ဖြစ်ကြပြီး၊ ရပ်ရွာအသိုင်းအဝိုင်းများမှ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများအတွက် ထောက်ပံ့ ပံ့ပိုးထားတတ်ကြသည်။

CBO များ၏ အဓိကအားသာချက်တစ်ရပ်မှာ ထိုအဖွဲ့အစည်းတို့၏ လုပ်ငန်းအစီအစဉ်များ ပြင်ဆင်ရေးဆွဲခြင်း၊ ချမှတ်အကောင်အထည်ဖော်ခြင်း တို့တွင် ရပ်ရွာကိုယ်တိုင် တိုက်ရိုက် ပါဝင်နိုင်ကြသည်။ CBO ဝန်ထမ်းများသည် မိမိတို့ လုပ်ကိုင်လျက်ရှိသည့် ရပ်ရွာအသိုင်းအဝိုင်းတို့၏ အခြေအနေများကို ပိုမို နားလည်သိမြင်တတ်ကြသည်။ ထိုသို့ သိမြင်ထားကြခြင်းဖြင့် အသိုင်းအဝိုင်း၏ လိုအပ်ချက်များ၊ လိုလားချက်များနှင့်အညီ CBO တို့မှ အခြားသူများထက် ပိုမိုထိရောက်စွာ ဖော်ဆောင်ပေးနိုင်ကြမည် ဖြစ်ပေသည်။




*Politics: Ideas, Institutes and Actors, Mote Oo Education 2014* မှ ထုတ်နုတ် ပြန်ဆိုထားပါသည်။

**မှတ်ချက်**

မုခ်ဦးပညာရေးအဖွဲ့၏ 'Politics: Ideas, Institutes and Actors, Mote Oo Education 2014' စာအုပ်မှ ဤစာပိုဒ်ကို ထုတ်နုတ် ပြင်ဆင်ပြန်ဆိုထားပါသည်။

info@moteoo.org သို့ ဆက်သွယ်ပြီး ဤစာအုပ်ကို မှာယူရရှိနိုင်ပါသည်။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ နှစ်မျိုးဖြင့် ရရှိနိုင်ပါသည်။

# ၆.၂.၁ သင်ယူရရှိမှုကို သိခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက သင်ခန်းစာအပြီး သို့မဟုတ် သင်ရိုးအပြီးတွင် မိမိတို့ သင်ယူရရှိခဲ့သော အသိများ ကျွမ်းကျင်မှု များကို စာရင်း ပြုစုရန်။

**အခြေအနေ** – တစ်ဦးချင်းစီ ဆောင်ရွက်ရမည့် အလုပ် ဖြစ်သည်။

**ဘလူးမ်** – မှတ်မိသိရှိခြင်း၊ နားလည်သဘောပေါက်ခြင်း။

(က) ကျောင်းသူ/သားများက သင်ခန်းစာ အကြောင်းအရာကို လေ့လာရင်းနှင့် သိရှိလာသည်တို့ကို စာရင်းတစ်ခု ချရေးရမည်။ ထိုစာရင်းတွင် ပါဝင်သင့်သည်များမှာ –

- ခေါင်းစဉ် အကြောင်းအရာများနှင့် ပတ်သက်ပြီး သိရှိမှုများ။
- အကြောင်းအရာကို လေ့လာရင်း အခြား သိရှိလာသည့် အရာများ။

| သင်ခန်းစာခေါင်းစဉ် အကြောင်းအရာနှင့် ပတ်သက်ပြီး | အခြား အကြောင်းအရာများ |
|---|---|
| – လူမှုအဖွဲ့အစည်းတော်များများသည် ကျေးလက်ဒေသတွင်ရှိကြောင်း | – ကုလသမဂ္ဂတွင် အဖွဲ့ဝင် ၁၉၁ နိုင်ငံရှိသည် |
| – မိမိတို့ မြို့နယ်တွင် CBO ၅၀ ခန့် ရှိသည် | – ကုလသမဂ္ဂသည် NGO မဟုတ် |
| – CBO တို့မှာ သေးငယ်ပြီး အောက်ခြေအဆင့်တွင် ရှိသည့် အဖွဲ့များဖြစ်ပြီး NGO များမှာ ပိုမိုကြီးမားသည် | – ဆရာတွင် ကလေး ၃ ယောက် ရှိသည် |
| – CBO များက ရပ်ရွာအကြောင်းကို ပိုမိုသိကြသည် | – ရုရှားနိုင်ငံ၏ မြို့တော်မှာ မော်စကိုဖြစ်သည် |

### လုပ်ငန်းစဉ် နောက်ဆက်တွဲ

ကျောင်းသူ/သားများက အဖွဲ့ဖွဲ့ပြီး မိမိတို့ သင်ယူရရှိခဲ့သည်များကို အဖွဲ့ဝင်အချင်းချင်း နှိုင်းယှဉ်ကြည့်နိုင်သည်။

# ၆.၂.၂ အကြောင်းအရင်း အထပ်ထပ်ရှာခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက သင်ခန်းစာ အကြောင်းအရာကို အဘယ့်ကြောင့် အာရုံစိုက်ရကြောင်း အကြောင်းအရင်းကို စဉ်းစားဝေဖန်ရမည်။

**အခြေအနေ** – နှစ်ဦးတွဲဖြစ်စေ အဖွဲ့လိုက် ဖြစ်စေ လုပ်ဆောင်ပြီး တစ်တန်းလုံး အနေဖြင့် ပြန်လည်စုပေါင်းလာရမည်။

**ဘလူးမ်** – ဝေဖန်သုံးသပ်ခြင်း။

(က) အဖွဲ့လိုက်ဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ ကျောင်းသူ/သားများက သင်ခန်းစာပါ အကြောင်းအရာကို အဘယ့်ကြောင့် သင်ယူရသနည်းဟူသော မေးခွန်းကို အချင်းချင်းမေးမြန်း ဖြေဆိုရမည်။

ငါတို့ CBO တွေ အကြောင်းကို ဘာလို့ သင်ယူရတာလဲ

ဖတ်စာအုပ်ထဲမှာ ပါလို့လေ

(ခ) ကျောင်းသူ/သားများက ထွက်လာသည့်အဖြေကို အဘယ့်ကြောင့် ထိုအဖြေအတိုင်း ဖြစ်ပါသနည်းဟု မေးခွန်း ထပ်ထုတ်ပြီး အဖြေပေးရမည်။

ဘာလို့ ဖတ်စာအုပ်ထဲမှာ ပါရတာလဲ။

ဘာလို့လဲဆိုတော့ နိုင်ငံရေးအကြောင်း
လေ့လာရင် CBO အကြောင်းကို သိထားမှ ဖြစ်မှာမို့ပါ။

(ဂ) ကျောင်းသူ/သားများက ထွက်လာသမျှ အဖြေများကို အဘယ့်ကြောင့် ထိုသို့နည်းဟု မေးခွန်းအထပ်ထပ် ထုတ်နေရာမှ နိဂုံးချုပ်နိုင်သည့်အထိ သို့မဟုတ် အဖြေထပ်ပြီး မစဉ်းစားနိုင်သည့်အထိ ဆက်ရမည်။

| | |
|---|---|
| ဘာကြောင့် CBO အကြောင်း သိထားမှ ဖြစ်မှာလဲ | သူတို့က ရပ်ရွာနဲ့ နိုင်ငံကို ပြောင်းလဲနိုင်လို့ |
| ဘာကြောင့် ပြောင်းလဲနိုင်တာလဲ | လူတွေပူးပေါင်းပြီး ပြောင်းလဲဖို့ ဝိုင်းကြိုးစားတာမို့ ပြောင်းဖို့လွယ်တယ် |
| ဘာကြောင့်လဲ | အပြောင်းအလဲလုပ်တယ်ဆိုတာ အစုအဖွဲ့လိုက်ဆိုရင် ပိုလွယ်လို့ |
| ဘာကြောင့်လဲ... စသည် စသည်ဖြင့် | |

(ဃ) ကျောင်းသူ/သားများ ရရှိခဲ့ကြသည့် အဆုံးသတ်များကို တစ်တန်းလုံးအနေနှင့် ဝိုင်းဝန်းဆွေးနွေးကြရမည်။

# ၆.၂.၃ အကြောင်းအရာမှာ ကိုယ်တိုင်ပါခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက သင်ခန်းစာ အကြောင်းအရာကို မိမိတို့ ကိုယ်တိုင်နှင့် ဆက်စပ် စဉ်းစားရန် (ကိုယ်ရေးပြုရန်)။

**အခြေအနေ** – တစ်ဦးချင်း လုပ်ဆောင်ရမည်။

**ဘလူးမ်** – ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း။

(က) ကျောင်းသူ/သားများက သင်ခန်းစာ အကြောင်းအရာနှင့် ပတ်သက်ပြီး မိမိတို့ အတွေ့အကြုံများအကြောင်း သို့မဟုတ် မိမိတို့ လက်တွေ့ဘဝများနှင့် မည်သို့ ပတ်သက် ဆက်နွယ်သည်ကို ရေးသားရမည်။ ထိုသို့ ရေးသားရာတွင် –

- စာပိုဒ်တစ်ခု။
- စာစီစာကုံးတစ်ပုဒ်။
- အချက်အလက်စာရင်းတစ်ခု စသည့် ပုံစံများနှင့် ရေးသားနိုင်ပါသည်။

– ကျွန်တော်တို့ စာသင်ခန်းကို CBO တစ်ခုက ထောက်ပံ့ပေးထားတာပါ။ ဆရာတွေ ခန့်ထားပေးတယ်၊ ပြီးတော့ သင်တန်းနေရာ ငှားထားပေးပါတယ်။
– အဲ့ဒီ အဖွဲ့က ဘာသာရေးအခြေပြု လူမှုအဖွဲ့အစည်းတစ်ခုပါ (ဟိန္ဒူလူငယ်ကွန်ရက်)
– ကျွန်မက အရင်နှစ်တုန်းက ကျေးရွာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှာ စေတနာ့ဝန်ထမ်း ဝင်လုပ်ဖူးပါတယ်။
– သူတို့တွေမှာ ထောက်ပံ့ငွေ မရှိလို့ ဒုက္ခရောက်ကြသေးတယ်။ ပြီးတော့ လူကြီးတွေလည်း အချင်းချင်း မတည့်ကြဘူး။

(ခ) ထို့နောက် ကျောင်းသူ/သားများက မိမိတို့ ရေးသားထားသည့်အရာများကို အချင်းချင်းလဲလှယ် ကြည့်ရှုဆွေးနွေးနိုင်သည်။

# ၆.၂.၄ သင်ခန်းစာအတိုင်း ပြန်လည်ဖန်တီးခြင်း

**ရည်ရွယ်ချက်** – ကျောင်းသူ/သားများက အဆက်အစပ်ပေါ် အခြေခံပြီး မှန်ကန်သော အချက်အလက်များ ရွေးချယ်ပြရန်။

**အခြေအနေ** – ကျောင်းသူ/သားများက တစ်ဦးချင်းစီဆောင်ရွက်ရမည်၊ ထို့နောက် နှစ်ဦးတွဲ၊ ထို့နောက် အဖွဲ့လိုက် လုပ်ဆောင်ရမည်။ ဤလုပ်ငန်းစဉ်ကို သင်ခန်းစာ တစ်ခုအပြီး သို့မဟုတ် သင်ခန်းစာ အသစ် တစ်ခု မစခင်တွင် လုပ်ဆောင်ရပါမည်။

**ဘလူးမ်** – ခွဲခြမ်း စိတ်ဖြာခြင်း။

(က) ကျောင်းသူ/သား တစ်ဦးချင်းစီက သင်ခန်းစာအတွင်းတွင် မိမိတို့ လုပ်ဆောင်ခဲ့ရသမျှ လုပ်ငန်းစဉ်များကို စာရင်းချရေးရမည်။

(ခ) ထို့နောက် ၂ ဦး ပေါင်းပြီး အချက်အလက်များကို ယှဉ်တွဲကြည့်ခိုင်းပါ။ စာရင်း ၂ခုကို တစ်ခုတည်းဖြစ်အောင်ပေါင်းပါ။

(ဂ) ထို့နောက် ၂ဦးတွဲ ၂တွဲပေါင်းပြီး အဖွဲ့စာရင်းဖြစ်သွားအောင် ပေါင်းရေးပါ။

(ဃ) အဖွဲ့လိုက် ဆွေးနွေးခိုင်းရန်မှာ သင်ခန်းစာ အဆင့်တစ်ဆင့်တိုင်းအတွက် သင်ရခြင်း အကြောင်းအရင်းများကို ဆွေးနွေးခိုင်းပါ။

(င) ထို့နောက် အဖွဲ့များက သင်ခန်းစာအတွက် ဇယားတစ်ခု ပြင်ဆင် ရေးဆွဲရမည်။ ထိုဇယားတွင် သင်ခန်းစာထဲမှ လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ရေးဆွဲထားပြီး အဆင့်တစ်ဆင့်တိုင်းစီ၏ သင်ကြားရခြင်း ရည်ရွယ်ချက်များကို ရေးသားဖော်ပြထားရမည်။

| CBO **အကြောင်း သင်ခန်းစာ ဇွန်လ ၆ ရက်နေ့** | |
|---|---|
| **လုပ်ငန်းစဉ်** | **ရည်ရွယ်ချက်** |
| ကိုယ့်မြို့မှာ ဘယ်လို ရပ်ရွာအခြေပြုအဖွဲ့တွေ ရှိတယ်ဆိုတာ စဉ်းစားရပါတယ်။ | သင်ခန်းစာရဲ့ အဓိကအကြောင်းအရာကို စဉ်းစားစေချင်လို့ပါ။ |
| နိုင်ငံရေး ဖတ်စာအုပ်က စာသားအချို့ကို ဖတ်ခဲ့ရပါတယ်။ | စာပါ အချက်အလက်အသစ်များကို နားလည်သဘောပေါက်စေရန် ဖြစ်ပါတယ်။ |
| စာသားအချို့နဲ့ ပတ်သက်ပြီး မှန်/မှား ရွေးချယ်ခြင်း လေ့ကျင့်ခန်း ပြုလုပ်ပါတယ်။ | အချက်အလက်တွေ အယူအဆတွေကို နားလည်မှု ရှိ၊ မရှိ စစ်ဖို့ပါ။ |
| CBO တွေနဲ့ NGO တွေကြားမှာ ဘယ် အားသာချက် အားနည်းချက်တွေ ရှိလည်းလို့ ယှဉ်ကြည့်ခဲ့ကြပါတယ်။ | CBO တွေနဲ့ NGO တွေရဲ့ အခန်းကဏ္ဍတွေကို တစ်တန်းလုံးအနေနဲ့ ဆွေးနွေးသိရှိကြဖို့ပါ။ |
| နာဂစ် ဆိုင်ကလုန်းမုန်တိုင်း အပြီးမှာ လူတွေအတွက် ရေရအောင် ကြိုးစားခဲ့တဲ့ အဖွဲ့အစည်းတစ်ခုအကြောင်း မှတ်တမ်းရုပ်ရှင်ကားတို တစ်ကား ကြည့်ရပါတယ်။ | CBO တွေရဲ့ လုပ်ငန်းတွေအကြောင်း ပိုမိုသိရှိဖို့ပါ။ |
| အိမ်စာအနေနဲ့ ကျွန်တော်တို့ သိရှိတဲ့ CBO တစ်ခု အကြောင်း ရေးခဲ့ရပါတယ်။ | ကျွန်တော်တို့ရဲ့ လက်တွေ့ဘဝနဲ့ စာပါ အကြောင်းအရာနဲ့ ချိတ်ဆက် နားလည်အောင်လို့ပါ။ |

(စ) အဖွဲ့များက မိမိတို့ ဇယားကွက်များကို နံရံတွင်ကပ်ကြရမည်။ ထို့နောက် အဖွဲ့အချင်းချင်း ဇယားများကို လေ့လာကြပြီး မည်သည့် သင်ခန်းစာအဆင့်များအကြောင်းကို ကွဲပြားစွာ ရေးသားထားကြောင်း ဆွေးနွေးကြရမည်။




# ၆.၂.၅ သင်ခန်းစာကို အကဲဖြတ်ပါ

**ရည်ရွယ်ချက်** – ကျောင်းသူ/သား များက သင်ခန်းစာတစ်ခုကို ဝေဖန် သုံးသပ်အကဲဖြတ်ရန်။

**အခြေအနေ** – တစ်ဦးချင်းစီဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက် ဖြစ်စေ လုပ်ဆောင်ရမည်။

**ဘာလုပ်မလဲ** – ဝေဖန်သုံးသပ်ခြင်း။

(က) ကျောင်းသူ/သားများက သင်ခန်းစာ မည်မျှ အသုံးဝင်ခဲ့ကြောင်းကို စဉ်းစားရမည်။ အောက်ပါတို့ကို ထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။

- အကြောင်းအရာများမှာ အသုံးဝင်ပါသလား။
- တင်ပြပုံ ကောင်းမွန်ပါသလား။
- လုပ်ငန်းစဉ်များကြောင့် ကျောင်းသားများက အကြောင်းအရာသစ်များ၊ ကျွမ်းကျင်မှု အသစ်များကို သိရှိကျွမ်းကျင်လာပါသလား။
- မည်သည့် အပိုင်းများက အဆင်ပြေခဲ့ပါသနည်း။ မည်သည့် အပိုင်းများကို ပြောင်းလဲလိုပါသနည်း။

(ခ) ကျောင်းသူ/သားများက ဤအချက်တို့ကို နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆွေးနွေးကြပြီး သင်ယူမှုမှတ်တမ်း စာအုပ်ထဲတွင် ထည့်ရေးကြရမည်။



## မူကွဲ

သင်ခန်းစာ၏ အချို့အစိတ်အပိုင်းများကို စူးစိုက်စဉ်းစားစေအောင် ပုံစံတစ်ခုပြင်ပေးနိုင်သည်။ ဥပမာ –

- စာပါအကြောင်းအရာ (လွှယ်လွန်းခြင်း၊ ခက်လွန်းခြင်း၊ အသုံးဝင်မှု၊ ဆက်စပ်မှုရှိခြင်း၊ မရှိခြင်း)
- လုပ်ငန်းစဉ်များ (သင်ယူသူများအနေနှင့် အကြောင်းအရာများ၊ ကျွမ်းကျင်မှုများကို လေ့ကျင့်ကျွမ်းကျင်အောင် အထောက်အကူပြုပါသလား)
- သင်ခန်းစာ လုပ်ငန်းစဉ်များ ရှေ့နောက်စီစဉ်ပုံ (လုပ်ငန်းစဉ်များအားလုံးသည် အစီအစဉ်တကျ ရှိနေသည် ထင်ပါသလား)

မိမိကျောင်းသားများမှ ဆရာဖြစ် လေ့ကျင့်နေသူများအတွက်သော်လည်းကောင်း ဆရာဖြစ်ရန် ရည်ရွယ်ထားသူများအတွက်သော်လည်းကောင်း ဤလုပ်ငန်းစဉ်မှာ အထူးသဖြင့် အသုံးဝင်မည် ဖြစ်ပါသည်။

| ၁။ **အလွန် အသုံးဝင်သည်**<br>၂။ **အနည်းငယ် အသုံးဝင်သည်**<br>၃။ **အသုံးမဝင်ပါ** | | | |
|---|---|---|---|
| | ၁ | ၂ | ၃ |
| သင်ခန်းစာမှ အဓိကအကြောင်းအရာ | | | |
| အသုံးပြုသွားသော စာရွက် စာတမ်းများ စသည့်အရာများ | | | |
| အတွေးအိတ်သွန် လုပ်ငန်းစဉ် | | | |
| အချင်းချင်းသင်ကြားခြင်း | | | |
| နားလည်မှု စစ်မေးသော မေးခွန်းများ | | | |
| ဘယ်လို ကောက်ချက်ချမလဲ | | | |
| အချက်အလက်နှင့် အထင်အမြင် | | | |
| ဂရပ်ဖ်ဆွဲပါ | | | |
| စာစီစာကုံး ရေးသားခြင်း | | | |
| အိမ်စာ | | | |

## လုပ်ငန်းစဉ် နောက်ဆက်တွဲ

မိမိသင်ကြားသော သင်ခန်းစာအပေါ် သုံးသပ်ချက်ရယူလိုပါက မိမိကျောင်းသူ/သားများကို အထက်ပါ အကဲဖြတ်ချက်ပေးရန် တောင်းနိုင်သည်။ သို့သော် ကျောင်းသူ/သားများက မိမိကို ပြရမည်ဟု သိထားပါက ဝေဖန်ချက်များ ထည့်ရေးရန် မဝံ့ရဲခြင်း ရှိနိုင်သည်။


# နောက်ဆက်တွဲ
# ဘလူးမ်၏ သင်ယူမှု အဆင့်များ

ဘလူးမ်၏ သင်ယူမှုအဆင့်များသည် ပညာရေးစနစ်တစ်ခုအတွင်းတွင် ရှိနေနိုင်သော သင်ယူမှုရည်ရွယ်ချက်အမျိုးမျိုးကို စီစဉ်ပြထားခြင်း ဖြစ်သည်။ ဘလူးမ်က သင်ယူမှုကို အဆင့် ၆ မျိုးခွဲပြသည်။ မှတ်မိသိရှိရန် သင်ယူမှုမှာ အလွယ်ကူဆုံးဖြစ်သည်။ ထို့နောက် နားလည်သဘောပေါက်ခြင်း လုပ်ငန်းစဉ်များအဆင့်ဖြစ်သည်။ မှတ်မိသိရှိပြီး နားလည်သဘောပေါက်သွားပါက ထိုသိရှိသဘောပေါက်မှုကို လက်တွေ့ဘဝများတွင်လည်း အသုံးချနိုင်လာမည်ဖြစ်သည်။ ထို့ပြင် ထိုသိရှိမှုများကို ခွဲခြမ်းစိတ်ဖြာပြီး ကောင်းဆိုးဝေဖန်ပိုင်းခြားခြင်းလည်း ပြုလုပ်လာနိုင်မည်ဖြစ်သည်။ အချက်အလက်ဟောင်းများကို အသုံးပြုပြီးအသစ်များ တီထွင်ဖန်တီးခြင်းကိုလည်း ပြုနိုင်လာမည်ဖြစ်သည်။

ထိုအဆင့်များအားလုံးမှာ သင်ယူရရှိမှုတွင် အရေးပါကြသည်။ သို့သော် အချို့သော စာသင်ခန်းများတွင် သင်ယူမှုသည် မှတ်မိသိရှိခြင်းနှင့် နားလည်သဘောပေါက်ခြင်းတွင်သာ ရှိနေတတ်သည်။ ဆရာ/မများက မိမိတို့ကျောင်းသူ/သားများကို ကျွမ်းကျင်သော သင်ယူသူများ ဖြစ်လာစေရန် အောက်ပါတို့ကို ပြုလုပ်ပေးရမည်ဖြစ်သည်။

- အခြေခံအဆင့် သင်ယူခြင်းများအပေါ် အခြေတည်ပြီး ပိုမို အဆင့်မြင့်လာစေခြင်း
- ကျောင်းသူ/သားများ သိရှိပြီးဖြစ်သော အကြောင်းအရာတို့အပေါ် အခြေခံပြီး မြှင့်တင်ပေးခြင်း

အဆင့်မြင့် စဉ်းစားတွေးခေါ်ခြင်းများကြောင့် ကျောင်းသူ/သားများသည် မိမိတို့ အသစ်သင်ယူရရှိလာသည့် အရာများနှင့် နဂိုရှိပြီး ဗဟုသုတများကို ချိတ်ဆက်နားလည်ပြီး ပိုမို သဘောပေါက်လာခြင်းများ ဖြစ်လာနိုင်ပါသည်။ ဤစာအုပ်တွင်းမှ လုပ်ငန်းစဉ်များသည် ဖော်ပြပါ သင်ယူခြင်း အဆင့်များအနက် တစ်ဆင့်တည်း မဟုတ်ဘဲ အဆင့်အမျိုးမျိုးကို လေ့ကျင့်နိုင်အောင် ဦးတည်ရေးဆွဲထားပါသည်။



## သင်ယူခြင်း အဆင့်တစ်ဆင့်စီအတွက် ဦးတည်လေ့ကျင့်ထားသော ဥပမာများ

### သိရှိမှတ်သားခြင်း

၂.၁.၁ အတွေးအိတ်သွန်
၂.၂.၁ စကားရပ်များ တွဲစပ်ခြင်း
၂.၃.၁၁ပြေးလွှားခေါ်ပေး စာရေးခြင်း
၅.၁.၄ ဖြစ်စဉ်များ နေရာချခြင်း
၅.၄.၅ မြေပုံ အသုံးချနည်းများ
၆.၁.၃ အပြိုင်ပြေးပြီး အဖြေရေးခြင်း
၆.၂.၁ သင်ယူရရှိမှုကို သိခြင်း

### နားလည်သဘောပေါက်ခြင်း

၂.၁.၅ မေးခွန်းလဲခြင်း
၂.၂.၃ နေ့နံစဉ်
၂.၃.၈ အခန်းပတ်လည်မှ စာများ
၃.၁.၃ မှန်/မှား ရွေးပါ
၄.၃.၇ ဖော်ပြချက်နှင့် ကောက်ချက်
၅.၁.၃ စာသားမှ အချိန်ပြမျဉ်းသို့
၅.၂.၉ ရာခိုင်နှုန်းများ တွက်ထုတ်ခြင်း
၅.၃.၆ ကိန်းဂဏန်းများမှ အချက်အလက်များသို့
၆.၁.၁ အကျဉ်းချုပ်ပါ

### အသုံးချခြင်း

၂.၁.၂ ခေါင်းစဉ်အကြောင်း ဆွေးနွေးပါ
၂.၂.၆ စာထဲမှ မိမိအကြောင်း
၂.၃.၄ ရုပ်ပုံနှင့် စာတွဲစပ်ပါ
၃.၁.၉ အကြောင်းအရာကို ပုံစံပြောင်းခြင်း
၄.၁.၄ ကိုယ်ရေးနှိုင်းယှဉ်ချက်
၅.၁.၂ အချိန်ပြမျဉ်းတစ်ခု ရေးဆွဲခြင်း
၅.၃.၁ စာသင်ခန်းမှ ဝိသေသများ ဂရပ်ဖ်ပုံ
၅.၄.၂ ကိုယ်ရေးမြေပုံ
၆.၂.၃ အကြောင်းအရာမှာ ကိုယ်တိုင်ပါခြင်း

### ခွဲခြမ်းစိတ်ဖြာခြင်း

၂.၁.၄ ကျွန်ုပ်နှင့် -----
၂.၃.၇ စာသားများကို ပြန်ခွဲခြားပါ
၄.၁.၆ ဆက်စပ်မှုပြ စက်ဝိုင်းကွက်များ ဗင်းသရုပ်ဖော်ပုံများ
၄.၂.၄ ကြောင်းကျိုးချိတ်သော ကွင်းဆက်များ
၄.၃.၃ ရည်ရွယ်ချက်ကို မှန်းဆခြင်း
၄.၄.၃ အချက်အလက်မှ အထင်အမြင်သို့
၄.၅.၅ ကောက်ရိုးရုပ်ကို ဖော်ထုတ်ပါ
၅.၂.၆ ကိန်းဂဏန်း အချက်အလက်များကို မှန်းဆခြင်း
၅.၃.၅ ဇယားကွက်နှင့် ဂရပ်ဖ်ပုံများတွင် စာတမ်းထိုးခြင်း
၆.၁.၇ စကားစစ်ထိုးပွဲ
၆.၂.၄ သင်ခန်းစာအတိုင်း ပြန်လည်ဖန်တီးခြင်း

### သုံးသပ်ဝေဖန်ခြင်း

၂.၃.၅ ခေါင်းစဉ်ကောင်း ပိရမစ်
၃.၁.၆ အရေးပါမှု မပါမှု
၄.၂.၂ အကျိုးဆက်ကို ရှာပါ
၄.၃.၆ ကောက်ချက်ချမှု မှန်/မမှန်
၄.၄.၅ အချက်အလက်များကို စစ်ဆေးပါ
၄.၅.၁၀နေ့စဉ် ယုတ္တိအလွဲများ
၅.၁.၇ အရေးအကြီးဆုံး ဖြစ်ရပ်
၅.၂.၇ စစ်တမ်းရလဒ်များကို အဓိပ္ပာယ်ဖော်ပါ
၅.၄.၁၁မြေပုံ၏ နောက်ကွယ်
၆.၁.၆ သင်ခန်းစာတစ်ခု အစီအစဉ်ပြု
၆.၂.၅ သင်ခန်းစာကို အကဲဖြတ်ပါ

### တီထွင်ဖန်တီးခြင်း

၄.၁.၇ ကျပန်း နှိုင်းယှဉ်ချက်
၄.၂.၅ အကျိုးဆက် ရလဒ်များ
၄.၃.၈ အနာဂတ်အတွက် ခန့်မှန်းချက်
၄.၄.၆ တွေးဆချက်ကို စမ်းသပ်ခြင်း
၄.၅.၇ အတန်းဖော်ကို တိုက်ခိုက်ပြောဆိုခြင်း
၅.၁.၁ အချိန်ပြမျဉ်းပေါ်မှ ကိုယ်ရေးရာဇဝင်
၅.၂.၃ မေးခွန်းလွှာများမှ စစ်တမ်းရလဒ်များ
၅.၃.၃ ကိန်းဂဏန်း အချက်အလက်များမှ ဂရပ်ဖ်ပုံသို့
၅.၄.၁ ရုပ်ရှာမြေပုံဆွဲခြင်း
၆.၁.၅ ပိုစတာ

# ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း

မုခ်ဦး ပညာရေးသည် စာအုပ်အစအဆုံးတွင် Creative Common မှ သို့မဟုတ် အများပိုင် ရင်းမြစ်များမှ ရုပ်ပုံများကိုသာ အသုံးပြုပြီး အခြားပုံများမှာ မုခ်ဦးပညာရေးပိုင် ပုံများ ဖြစ်ကြပါသည်။

မူပိုင်ခွင့်မှတ်ပုံတင်ထားသည်ကို အသုံးပြုမှုများအတွက် အတတ်နိုင်ဆုံး မှန်ကန်အောင် အသေးစိတ်အချက်အလက်များ ဖော်ပြ အသိအမှတ်ပြုထားပါသည်။ အောက်ပါစာရင်းတွင်ကြည့်ပါ။ သို့သော် မစုံလင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဤစာအုပ်ကို ခုနှစ်အတော်ကြာ ရေးသားခဲ့ပြီး များစွာသော ရင်းမြစ်များကို အသုံးပြုထားရခြင်းကြောင့်လည်း ဖြစ်ပါသည်။ အကယ်၍ အသုံးပြုမှုတစ်ခုခုအတွက် မှားယွင်းစွာ သို့မဟုတ် မပြည့်မစုံ ဖော်ပြထားခြင်း၊ မှားယွင်းစွာ အသုံးပြုထားခြင်း စသည်တို့ကို တွေ့ရှိပါက မုခ်ဦးပညာရေးသို့ အကြောင်းကြား အသိပေးနိုင်ပါသည်။ ၎င်းတို့ကို အသစ်ထွက်မည့် တည်းဖြတ်မှုများတွင် ထည့်သွင်းပြင်ဆင်မည် ဖြစ်ပါသည်။ မူပိုင်ခွင့် အသုံးပြုမှုများတွင်ပါသည့် အမြင်များ၊ အယူအဆများမှာ မုခ်ဦးပညာရေးကို ကိုယ်စားပြုခြင်း မရှိပါ။

အောက်ပါတို့မှာ ဤစာအုပ်အတွင်း အသုံးပြုခဲ့သည့် ရုပ်ပုံများ ဖြစ်ပါသည်။

| Page | Author(s) | Title/Description | Source | License Type |
|---|---|---|---|---|
| 7 | Doron | Rural landscape, Shan State, Burma. | http://commons.wikimedia.org/wiki/File:ShanFields.jpg | CC Attribution-Share Alike 3.0 Unported |
| 8 | Unknown | Fire suppression training in Myanmar | http://www.fire.uni-freiburg.de/iffn/country/mm/mm_1.htm | Unknown |
| 8 | khaipi | Students in Kalaymyo, Myanmar | http://www.flickr.com/photos/khaipi/2187206321/in/set-72157603696264648/ | CC Attribution 2.0 Generic |
| 16 | Mote Oo | Photo of cover of OUP Geography book | Taken by Mote Oo | Fair Use |
| 19 | EMSL | Hydroelectric Dam | https://www.flickr.com/photos/emsl/4929747640 | CC Attribution-NonCommercial-ShareAlike 2.0 Generic |
| 33 | Unknown | Unknown | Unknown | Unknown |
| 33 | Paul Trafford | A small stack of books for religious studies | https://www.flickr.com/photos/paultraf/2664020734/ | CC Attribution 2.0 Generic |
| 33 | Unknown | Unknown | Unknown | Unknown |
| 53 | Wagaung | Nāga Cheroots girls dancing round a float in 1950s Thingyan, Mandalay, Burma | http://en.wikipedia.org/wiki/File:Old_Myoma_Thingyan.JPG | CC Attribution-ShareAlike 3.0 |
| 53 | Unknown | Unknown | Unknown | Fair Use |
| 54 | Unknown | Unknown | Unknown | Unknown |
| 54 | Oxford University Press | Front cover of “Transportation Then and Now” | elt.oup.com | Fair Use |
| 64 | Unknown | Unknown | Unknown | Unknown |
| 73 | Unknown | Unknown | Unknown | Fair Use |
| 74 | Chris J Dixon | Ratcliffe-on-Soar Power Station, Ratcliffe-on-Soar, Nottinghamshire, England | http://commons.wikimedia.org/wiki/File:Ratcliffe_Power_Station.jpg | CC Attribution-Share Alike 2.0 Generic |
| 84 | Unknown | Unknown | http://proximitydesigns.squarespace.com/ | Unknown |
| 93 | Unknown | Unknown | Unknown | Unknown |
| 93 | Graciela Suzem | bruno mars | https://www.flickr.com/photos/marginalalado/8059100565/ | CC BY-SA 2.0 |
| 94 | Unknown | Unknown | Unknown | Unknown |
| 97 | Dylan Oliphant from LaMarque, U.S.A. | A prison Cell. | http://flickr.com/photos/62706459@N00/7447981 | CC Attribution 2.0 Generic |
| 110 | South Africa The Good News | Nelson Mandela in Johannesburg, Gauteng, on 13 May 2008 | http://commons.wikimedia.org/wiki/File:Nelson_Mandela-2008.jpg | CC Attribution 2.0 Generic |
| 111 | Unknown | Hanging Timeline | http://ingeniousteaching.blogspot.com/ | Unknown |

| | | | | |
|---|---|---|---|---|
| 117 | Unknown | Unknown | http://www.thehindu.com/news/cities/chennai/traffic-survey-conducted-for-elevated-corridor-project/article1771093.ece | Fair Use |
| 117 | Unknown | Unknown | http://www.cravenherald.co.uk/news/9266581.Steeton_housing_development_wins_go_ahead/ | Fair Use |
| 118 | Unknown | Unknown | Unknown | Unknown |
| 139 | Unknown | Unknown | Unknown | Fair Use |
| 139 | freeworldmaps.com | Mongolia physical map | http://www.freeworldmaps.net/asia/mongolia/map.html | Unknown |
| 139 | Unknown | Unknown | Unknown | Fair Use |
| 140 | Unknown | Unknown | http://asiafoundation.org/in-asia/2014/01/29/new-website-brings-public-services-closer-to-mongolias-ger-residents/ | Unknown |
| 140 | Unknown | Climate map of Mongolia | Unknown | Fair Use |
| 140 | Unknown | Thematic map of Mongolia | http://www.photoglobe.info/ebooks/mongolia/cstudies_mongolia_0095b.html | Fair Use |
| 141 | Unknown | Various map scales | Unknown | Fair Use |
| 141 | Unknown | Latitude and Longitude | Illinois State University? | Fair Use |
| 142 | Unknown | Pompano Map | Unknown | Unknown |


## Credit where it's due:

Mote Oo Education would like to thank everyone involved in this project. Without you all, it would never have been possible. Below is a list of those who have worked on this project (in alphabetical order).

**Text:** KT Julian, Matthew Simpson, Sally Kanta

**Translation:** Kaung Hla Zan

**Design, Layout and Illustration:** Kyaw Khin of Puzzlebox Art Studio, Matthew Simpson, May Htut Pan Moe, Nila Win, Yee Yee Thant

**Editing and proofreading:** Kaung Hla Zan, May Htut Pan Moe, Nila Win

**If we have missed anyone from this list, we apologise. Please get in touch, and we will add your name.**

# မုခ်ဦးပညာရေးမှ ရရှိနိုင်သည့် စာအုပ်များ

ဤစာအုပ်ကို အသုံးပြုရာတွင် ကျေနပ်နှစ်သက်မှု ရှိမည်ဟု မျှော်လင့်ပါသည်။ စာအုပ်တွင်းမှ ဥပမာ စာသားများမှာ မိမိတို့ မုခ်ဦး ပညာရေးမှ ထုတ်ဝေထားသော အဖွဲ့ပိုင်စာအုပ်များကို အသုံးပြုထားခြင်း ဖြစ်ပါသည်။ လူမှုသိပ္ပံစာအုပ်များ၊ နိုင်ငံသားပညာရေးနှင့် သင်ကြားရေး လေ့ကျင့်မှုဆိုင်ရာ စာအုပ်များကို မြန်မာဘာသာနှင့်ဖြစ်စေ အင်္ဂလိပ်ဘာသာနှင့်ဖြစ်စေ လေ့လာလိုပါက အောက်ပါစာအုပ်များမှာ စိတ်ဝင်စားဖွယ် ဖြစ်ပါလိမ့်မည်။

### နိုင်ငံရေး အယူအဆများ၊ နိုင်ငံရေးအဆောက်အအုံယန္တရားများနှင့် လှုပ်ရှားဆောင်ရွက်သူများနှင့် တက်ကြွလှုပ်ရှားနိုင်ငံသား

ဤစာအုပ်များမှာ ကျောင်းပြင်ပ ပညာရေး ဆောင်ရွက်သူများ၊ အရွယ်ရောက်ပြီး လေ့လာသူများအတွက် မြန်မာနိုင်ငံအခြေအနေများနှင့် ကိုက်ညီမှုရှိအောင် ရေးဆွဲထားသော စာအုပ်များ ဖြစ်ပါသည်။

ဤစာအုပ်များမှာ တက်ကြွလှုပ်ရှားသော နိုင်ငံသားများ ဖြစ်လာစေရန် လိုအပ်သော ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် တန်ဖိုးများကို လေ့ကျင့်ထောက်ပံ့ပေးရန် ရည်ရွယ်ရေးဆွဲထားသည်။ လေ့ကျင့်ခန်းများ၊ ဖြစ်ရပ်လေ့လာမှုများနှင့် အပြန်အလှန် ပြောဆိုဆောင်ရွက်မှုများ အသုံးပြုပြီး မြန်မာနိုင်ငံနှင့် ကမ္ဘာ့အဝန်းမှ အရေးပါသော နိုင်ငံရေးကိစ္စရပ်များကို ဦးတည် ဆွေးနွေးထားပါသည်။

ဒီမိုကရေစီ စာအုပ်တွဲမှ အမှတ် (၁) သည် ဒီမိုကရေစီ နည်းလမ်းကျသော လူမှုအဖွဲ့အစည်းတစ်ခု အတွင်းတွင်ရှိသော အခြေခံအယူအဆများ အနက်မှ အချို့ကို မိတ်ဆက်တင်ပြထားခြင်း ဖြစ်သည်။ ၂၀၁၅ နှစ်ဝက်ကျော်တွင် တည်းဖြတ်ထုတ်ဝေနိုင်မည်ဟု မုခ်ဦးမှ ရည်မှန်းထားပါသည်။


Peace Education နှင့် ပတ်သက်၍လည်း အသုံးပြုနိုင်စေရန် ရင်းမြစ်များကို အတွဲလိုက်စုစည်း ထုတ်ဝေနိုင်ရန် ပြင်ဆင်နေပါသည်။ ပဋိပက္ခများ ပြေလည်ပြောင်းလဲစေခြင်းနှင့် တစ်ဦးချင်းအလိုက် ရပ်ရွာအလိုက်နှင့် လူ့အဖွဲ့အစည်းအဆင့် ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းအဖြေရှာနိုင်စေရန် ဦးတည်ဆောင်ရွက်ထားသော ရင်းမြစ်များ ဖြစ်ပါသည်။











### တက်ကြွလှုပ်ရှားနိုင်ငံသား ထောက်ကူစာအုပ်

တက်ကြွလှုပ်ရှားနိုင်ငံသား ထောက်ကူစာအုပ်သည် မိတ္တူကူးဆွဲ အသုံးပြုနိုင်သော လုပ်ငန်းစဉ်များ၊ စာသားများနှင့် အခြားရင်းမြစ်များ ပါဝင်ပြီး တက်ကြွလှုပ်ရှားနိုင်ငံသား သင်ရိုးစာအုပ်ကို ဖြည့်စွက်သည့် အနေနှင့် အသုံးပြုနိုင်သကဲ့သို့ ထောက်ကူစာအုပ်သီးသန့်ကိုလည်း အင်္ဂလိပ်စာ၊ နိုင်ငံသားပညာရေးနှင့် လူမှုသိပ္ပံဘာသာရပ်များ သင်ကြားရာတွင် အဆင်သင့်သုံး လုပ်ငန်းစဉ် လေ့ကျင့်ခန်းများ အဖြစ်လည်း အသုံးပြုနိုင်သည်။





## Gender မိတ်ဆက်

ဤစာအုပ်သည် ကျား၊ မရေးရာ ကိစ္စများနှင့် ပတ်သက်ပြီး ကောင်းစွာ မိတ်ဆက်တင်ပြပေးနိုင်သော စာအုပ်တစ်အုပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ အတွေ့များသော ကျား၊ မ ဖြစ်တည်မှုရေးရာ ကိစ္စရပ်များအပြင်၊ ဒေသအလိုက်နှင့် ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များပါ ပါဝင်ထားပါသည်။ ပါဝင်သည့် အခန်းအသီးသီးတို့မှာ မိသားစုနှင့် ရပ်ရွာ၊ အလုပ်၊ ပညာရေး၊ ဘာသာရေးနှင့် ဦးဆောင်မှုတို့ ဖြစ်သည်။ ထို့ပြင် အငြင်းပွားနေသေးသည့် ကိစ္စရပ်အချို့တို့ကိုလည်း ဆွေးနွေးစဉ်းစားနိုင်ရန် တင်ပြထားပါသည်။




### ဗမာ့ သမိုင်း၊ မြန်မာနိုင်ငံ သမိုင်း လေ့လာရန်အတွက် ရင်းမြစ်ပူးတွဲပါသော စုစည်းတင်ဆက်မှု




ဤထုတ်ဝေမှုတွင် မြန်မာနိုင်ငံတည်ရှိရာဒေသ၏ သမိုင်းမျက်နှာစာ အမျိုးမျိုးကို ဝေဖန်ပိုင်းခြားသုံးသပ်လေ့လာနိုင်ရန်နှင့် သမိုင်းလေ့လာနားလည်ခြင်း ကျွမ်းကျင်မှုများ လေ့ကျင့်နိုင်ရန်အတွက် ပြင်ဆင်ထားသော စာအုပ်တစ်စုံ ပါဝင်ပါသည်။ လေ့လာသူများက သမိုင်းကြောင်းတစ်စုံတစ်ခုကို စူးစိုက်စဉ်းစားခြင်း၊ မူလရင်းမြစ်သမိုင်းဝင် စာရွက်စာတမ်းများကို လေ့လာခြင်း၊ အဓိပ္ပာယ်ဖော်ခြင်းများ ပြုလုပ်ကာ ထိုလေ့လာချက်များကြောင့် အတိတ်သမိုင်းကို မည်သို့ နားလည်နိုင်ကြောင်း သုံးသပ်ခြင်းများ ပြုနိုင်ကြမည် ဖြစ်သည်။

### ခေတ်သစ်ဆရာ အတွဲ (၁) သင်ယူခြင်း ဖြစ်ပေါ်လာပုံ




ခေတ်သစ်ဆရာသည် မြန်မာနိုင်ငံမှ ဆရာ/မ များအတွက် မွမ်းမံသင်တန်းတိုများ စုစည်းပေးထားခြင်း ဖြစ်ပါသည်။ မော်ဂျူးတစ်ခုချင်းစီက သင်ကြားရေး၏ အပိုင်းတစ်ပိုင်းစီကို ဦးတည်လေ့ကျင့်ပြီး လေ့ကျင့်ဆဲ ဆရာ/မ တို့ကို တစ်ဆင့်ချင်း လေ့ကျင့်သင်ယူစေခြင်း ဖြစ်ပါသည်။ မော်ဂျူးများကို အသုံးပြုရာတွင် မည်သည့် မော်ဂျူးကိုမဆို ဦးစွာအသုံးပြုနိုင်ပြီး မော်ဂျူးတစ်ခုပြီး တစ်ခု လေ့ကျင့်သင်ကြားနိုင်သကဲ့သို့ မော်ဂျူးတစ်ခုတည်းကိုသာ ရွေးချယ်လေ့ကျင့်စေခြင်းမျိုးလည်း ပြုလုပ်နိုင်ပါသည်။ သင်တန်းလိုအပ်ချက်အရာ လေ့ကျင့်ဆဲ ဆရာ/မ တို့၏ လိုအပ်ချက်အရ လိုသလို ရွေးချယ်ထုတ်နုတ် သင်ကြား လေ့ကျင့်နိုင်ပါသည်။

မော်ဂျူး ၁ သင်ယူသူများ မည်သို့ မည်ပုံနှင့် မည်သည့် အကြောင်းရင်းခံတို့ကြောင့် သင်ယူကြခြင်း ဖြစ်သည်ကို လေ့လာပါသည်။ သင်ယူမှုပုံစံများ၊ ဉာဏ်ရည်ဉာဏ်သွေးအမျိုးမျိုး၊ သင်ယူမှုအတွက် တွန်းအားများနှင့် သင်ယူသူတို့၏ ကိုယ်ပိုင်ဝိသေသ လက္ခဏာရပ်များကို ထည့်သွင်းတင်ပြထားသည်။ ဒုတိယမော်ဂျူးအနေနှင့် ခေတ်သစ်ဆရာ အတွဲ (၂)၊ စာသင်ခန်း စီမံခန့်ခွဲပုံကို ဇွန်လ ၂၀၁၅ တွင် ထွက်ရှိရန် လျာထားပါသည်။

## ထပ်မံ ထွက်ရှိမည့် စာအုပ်

### သုံးသပ်ဝေဖန် စဉ်းစားခြင်း လုပ်ငန်းစဉ်များ

ဤစာအုပ်ကို ထောက်ကူဖြည့်စွက်သော စာအုပ်အနေနှင့် ထွက်ရှိမည် ဖြစ်ပါသည်။ **လူမှုသိပ္ပံသင်ကြားရေး လုပ်ငန်းစဉ်များ** ဟူသည့် ဤစာအုပ်ကို ရည်ညွှန်းပြီး ကိုယ်ရေးပြုထားသော၊ စာဖတ်ရှုမှု အခြေခံထားသော လုပ်ငန်းစဉ်များကို အသုံးပြုကာ သုံးသပ်ဝေဖန်စဉ်းစားခြင်း အခြေခံများကို ရှင်းလင်းပြထားသော ဖွင့်ဆိုသင်ကြားမှုများ ပါဝင်ပါမည်။ အဖြေများလည်း ထည့်သွင်းထားသောကြောင့် စာသင်ခန်းအတွင်းတွင် ဆရာလွတ် အသုံးပြုနိုင်သော စာအုပ်တစ်အုပ်လည်း ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် ဘာသာစကားသင်ကြားရေး လုပ်ငန်းစဉ်များနှင့် သိပ္ပံသင်ကြားခြင်း လုပ်ငန်းစဉ်များတို့ကိုလည်း ထုတ်ဝေရန် လျာထားပါသည်။

**ထပ်မံသိရှိလိုသည်များနှင့် စာအုပ်မှာယူရန်တို့အတွက်** info@moteoo.org **နှင့်** moteooeducation@gmail.com. **တို့ကို ဆက်သွယ်နိုင်ပါသည်။**

# အညွှန်း


၃–၂–၁ ၁၅၉
ကောက်ချက်ချမှု မှန်/မမှန် ၇၉
ကောက်ရိုးရုပ်ကို ဖော်ထုတ်ပါ ၁၀၀
ကတ္တားရှာပါ ၅၆
ကိန်းဂဏန်းများ၏နောက်ကွယ် ၁၃၇
ကိန်းဂဏန်းများမှ အချက်အလက်များသို့ ၁၃၆
ကိန်းဂဏန်း အချက်အလက်များကို မှန်းဆခြင်း ၁၂၃
ကိန်းဂဏန်း အချက်အလက်များမှ ဂရပ်ဖ်ပုံသို့ ၁၃၂
ကမ္ဘာပေါ်မှာ ဘယ်နေရာ ၁၅၂
ကိုယ်ရေးကိုယ်တာ တိုက်ခိုက်ခြင်းများကို ဖော်ထုတ်ပါ ၁၀၂
ကိုယ်ရေး နှိုင်းယှဉ်ချက် ၅၈
ကိုယ်ရေး မြေပုံ ၁၄၃
ကျပန်း နှိုင်းယှဉ်ချက် ၆၁
ကြောင်းကျိုးချိတ်သော ကွင်းဆက်များ ၆၈
ကွက်လပ်ဖြည့်ပါ ၂၉
ကျွန်ုပ်နှင့် – – – ၂၀
ကျွမ်းကျင်သူများ၏ ယုံကြည်စိတ်ချရမှုကို ဆန်းစစ်ခြင်း ၁၀၀
ခေါင်းစဉ်ကောင်း ပိရမစ် ၃၄
ခေါင်းစဉ်ကြည့်၍ ခန့်မှန်းခြင်း ၂၂
ခေါင်းစဉ်အကြောင်း ဆွေးနွေးပါ ၁၈
ဂရပ်ဖ်ပုံ အမျိုးအစား ပြောင်းပါ ၁၃၈
စကား စစ်ထိုးပွဲ ၁၆၂
စကားရပ်များ တွဲစပ်ခြင်း ၂၆
စာထဲမှ မိမိအကြောင်း ၃၀
စာရေးသူ၏ ရှုထောင့်ကို မှန်းဆခြင်း ၇၇
စာသားပဟေဠိ ၅၀
စာသားအမှန် ပြန်စီပါ ၃၂
စာသားများကို ပြန်ခွဲခြားပါ ၃၆
စာသားမှ အချိန်ပြမျဉ်းသို့ ၁၁၁
စာသင်ခန်းမှ ဝိသေသများ ဂရပ်ဖ်ပုံ ၁၃၀
စောင့်ကြည့်လေ့လာခြင်းမှ စစ်တမ်းရလဒ်များ ၁၀၉
စစ်တမ်းတစ်ခုတွင် လူထု နမူနာတစ်ရပ် အသုံးပြုခြင်း ၁၂၁
စစ်တမ်း ရလဒ်များကို အဓိပ္ပာယ်ဖော်ပါ ၁၂၃
စစ်တမ်း ရလဒ်များကို အုပ်စုခွဲခြင်း ၁၂၆
စစ်တမ်း အချက်အလက်များ ကောက်ယူရန် ပြင်ဆင်ခြင်း ၁၀၈
စဉ်းစားပြောပြ ဝေါဟာရ ၂၆
ဆိုလိုရင်းကို ရွေးချယ်ခြင်း ၄၃
ဆိုလိုရင်းမှန် ရွေးချယ်ခြင်း ၂၈
ဆက်စပ်မှုပြ စက်ဝိုင်းကွက်များ ဗင်းသရုပ်ဖော်ပုံများ ၆၀
ဇယားကွက်နှင့် ဂရပ်ဖ်ပုံများတွင် စာတမ်းထိုးခြင်း ၁၃၅
တွေးဆချက်ကို စမ်းသပ်ခြင်း ၉၁
ထောက်ကူပံ့ပိုးသော အချက်အလက်များ ၄၃
နားလည်မှု စစ်မေးသော မေးခွန်းများ ၄၄
နားထောင်ရေးမှတ်ခြင်း ၃၈
နေ့စဉ် ယုတ္တိအလွဲများ ၁၀၅
နေ့စဉ် အချက်အလက်များ ၁၃၁
နေ့နံစဉ် ၂၇
နှိုင်းယှဉ်ချက် ဇယားများ ၅၆
ပိုစတာ ၁၆၀
ပုံကပြသော အကြောင်းအရာ ၁၃၄
ပြေးလွှားခေါ်ပေး စာရေးခြင်း ၃၉
ပြောင်းလဲခြင်း အကြောင်းရင်းများ ၇၁
ပျှမ်းမျှရှာပါ ၁၂၄
ဖော်ပြချက်နှင့် ကောက်ချက် ၈၀
ဖြစ်စဉ်များ နေရာချခြင်း ၁၁၂
ဖြစ်ရပ်များကို ပြောင်းလဲခြင်း သမိုင်းတစ်ခု ပြောင်းလဲဖန်တီးခြင်း ၁၁၆
ဘယ်လောက်ဝေးသလဲ ၁၅၁
မိမိမည်မျှ သိသနည်း ၂၃
မေးခွန်းများနှင့် ဇယားတည်ပါ ၄၈
မေးခွန်းလဲခြင်း ၂၁
မေးခွန်းလွှာများမှ စစ်တမ်းရလဒ်များ ၁၂၀
မှန်/မှား ရွေးပါ ၄၄
မြေပုံ အသုံးချနည်းများ ၁၄၈
မြေပုံ၏နောက်ကွယ် ၁၅၄
မြေပုံ၏ အဓိက ရည်ရွယ်ချက်ရှာပါ ၁၄၈
ယေဘုယျပြုခြင်းကို ဖော်ထုတ်ပါ ၉၈
ရတနာသိုက်ရှာဖွေခြင်း ၁၅၂
ရာခိုင်နှုန်းများ တွက်ထုတ်ခြင်း ၁၂၅
ရောင်စဉ်မျဉ်းများ ၅၈
ရည်ရွယ်ချက်ကို မှန်းဆခြင်း ၇၆
ရုပ်ရွာမြေပုံဆွဲခြင်း ၁၄၂
ရုပ်ပုံထဲမှာ ပြောစရာ ၁၉

ရုပ်ပုံနှင့် စာ တွဲဆက်ပါ ၃၃

ရှိရင်းစွဲဟု ယူဆထားသော ဗဟုသုတများ ၇၅

ရှိရင်းစွဲဟု ယူဆထားသော အထင်အမြင်များ ၇၅

ရှုထောင့်များအကြောင်း ကောက်ချက်ချခြင်း ၇၈

ရွေ့ဆက်လေ့လာခြင်း ၁၂၇

လိုရင်းရှာသော မေးခွန်းများ ၃၈

ဝိသေသများ ပေါင်းထည့်ခြင်း ၁၀၉

ဝေါဟာရကဒ်များ ၃၀

သိလိုရာမေး ၂၄

သီးသန့်အကြောင်းအရာ မြေပုံတစ်ခုရေးဆွဲခြင်း ၁၀၄

သက်သေမှားကို ဖော်ထုတ်ပါ ၁၀၄

သက်သေမှားများ ဖန်တီးခြင်း ၁၀၅

သင်ခန်းစာကို အကဲဖြတ်ပါ ၁၆၇

သင်ခန်းစာတစ်ခု အစီအစဉ်ပြု ၁၆၀

သင်ခန်းစာအတိုင်း ပြန်လည်ဖန်တီးခြင်း ၁၆၆

သင်ပုန်းပေါ်တွင် အချိန်ပြမျဉ်း အပြိုင်ရေးခြင်း ၁၀၃

သင်ယူရရှိမှုကို သိခြင်း ၁၆၄

အကျိုးဆက်ကိုရှာပါ ၆၆

အကျိုးဆက်ရလဒ်များ ၇၀

အကျဉ်းချုပ်များ တွဲစပ်ခြင်း ၃၃

အကျဉ်းချုပ်ပါ ၁၅၇

အကြောင်းအရာကို ပုံစံပြောင်းခြင်း ၄၉

အကြောင်းအရာမှာ ကိုယ်တိုင်ပါခြင်း ၁၆၅

အကြောင်းနှင့် အကျိုးတွဲဆက်ပါ ၆၇

အကြောင်းအရင်း အထပ်ထပ်ရှာခြင်း ၁၆၄

အကြောင်းရင်းခံကိုရှာပါ ၆၅

အခန်းပတ်လည်မှ အချက်အလက်များ၊
ထင်မြင်ယူဆချက်များနှင့် တွေးဆချက်များ ၈၆

အခန်းပတ်လည်မှ စာများ ၃၇

အချက်အလက်မှ အထင်အမြင်သို့ ၈၈

အချက်အလက်များကို စစ်ဆေးပါ ၉၀

အချက်အလက်များကို အမျိုးအစားခွဲပါ ၄၇

အချက်အလက် ရည်ရွယ်ချက် ၁၂၂

အချက်အလက်၊ ထင်မြင်ယူဆချက်နှင့် တွေးဆချက်များကို
ဖော်ထုတ်ပါ ၈၅

အချက်အလက်များကို အစီအစဉ်တကျစီပါ ၄

အချက်အလက်များကို အစီအစဉ်တကျစီပါ ၄၅

အချင်းချင်းပြန်လည် သင်ကြားခြင်း ၃၅

အချိန်ပြမျဉ်းတစ်ခုရေးဆွဲခြင်း ၁၁၁

အချိန်ပြမျဉ်းပေါ်မှ ကိုယ်ရေးရာဇဝင် ၁၀၉

အချိန်ပြမျဉ်းတွင် ထပ်ပေါင်းထည့်ပါ ၁၀၅

အတန်းဖော်ကို တိုက်ခိုက်ပြောဆိုခြင်း ၁၀၃

အတွေးအိတ်သွန် ၁၇

အတိတ် (သို့မဟုတ်) အနာဂတ်အတွက် နှိုင်းယှဉ်ချက်များ ၅၇

အဓိက ဆိုလိုရင်းရှာပါ ၃၂

အဓိက ဝေါဟာရနှင့် အချက်အလက် အထင်အမြင်များ
ရေးခြင်း ၈၉

အဓိက ဝေါဟာရများမှ ခန့်မှန်းခြင်း ၂၃

အဓိက စာစုများကို အဓိပ္ပာယ်ဖော်ခြင်း ၁၅၇

အနာဂတ်အတွက် ခန့်မှန်းချက် ၈၁

အပြိုင်ပြေးပြီး အဖြေရေးခြင်း ၁၅၉

အဖြစ်အပျက်များကို အမျိုးအစားခွဲခြင်း ၁၀၄

အများညီလျှင် အမှန်ထင်သည့် ယုတ္တိလွဲမှုကို ဖော်ထုတ်ပါ ၉၉

အရေးပါမှု မပါမှု ၄၆

အရေးကြီးဆုံး ဖြစ်ရပ် ၁၀၄

အရပ်မျက်နှာရှာခြင်း ၁၅၀

သြဇာရှိသူ အကူယူသည့် ယုတ္တိလွဲမှုကို ဖော်ထုတ်ပါ ၉၉